www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၉၁၀၅၀၄ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၆၄၃၀၅၀၆ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | ဦးစိန်ဝင်း (စိန်ရတနာပုံနှိပ်တိုက်)<br>အမှတ် ၂၁၊ ၁၆၂ လမ်း၊<br>တာမွေမြို့နယ်။ |
| ထုတ်ဝေသူ | - | ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)<br>ရေနံ့သာကျေးရွာ၊ ပုလဲမြို့သစ် (၃)၊ |
| မျက်နှာဖုံးဒီဇိုင်း | - | မြင့်မောင်ကျော် |
| ထုတ်ဝေကာလ | - | ဇွန်လ၊ ၂၀၀၅ (တတိယအကြိမ်) |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၁၀၀ ကျပ် |


ယင်းလူ

# ဘာမှမတတ်နိုင်ဘူး-


Ngartoisarpay▲ Yangon
721345, 559773


www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုကို ရေးနေစဉ် နာမည်ခေါင်းစဉ် စဉ်းစားသည်။ သုံးလေးခု တွေးမိသည်။ တစ်ခုမှ မကြိုက်။ တစ်ရက်တွင် လက်ဖက်ရည်ဆိုင်ထိုင်ရင်း စိုင်းထီးဆိုင်၏ 'မေမြို့မိုး' သီချင်းကို ကြားရသည်။ သီချင်းထဲမှ တစ်ပုဒ်. . .

"ရင်နာရှုံ့ကလွဲပြီးတော့
ဘာမှ မတတ်နိုင်ဘူး
ခွင့်လွှတ်လိုက်ရပြီ
စွန့်လွှတ်လိုက်ရပြီ
လက်လျှော့လိုက်ရပြီ
ဟို. . . မေမြို့မိုး
အစိုးမရတော့ပြီ. . ."

ကျွန်တော် အလွန်ကြိုက်သွားသည်။ ကျွန်တော့်ဝတ္ထုနှင့်လည်း လိုက်ဖက်သည်။ ထို့ကြောင့် ဤဝတ္ထုကို 'ဘာမှ မတတ်နိုင်ဘူး'ဟု ခေါင်းစဉ် တပ်လိုက်ပါသည်။ ယင်းအတွက် တေးရေးသူ ဆရာ စိုင်းခမ်းလိတ်နှင့် တေးဆိုသူ ဆရာ စိုင်းထီးဆိုင်တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

မင်းလူ



သူသည် ဆေးထိုးအပ်၏ ပြွန်ခေါင်းအတွင်းသို့ နိုင်လွန်ကြိုးစကလေးကို ထိုးထည့်၍ ဟိုဘက်ဒီဘက် ပွတ်ဆွဲနေသည်။ ထိုအပြုအမူသည် လိုအပ်၍ လုပ်နေခြင်းဟု ဆိုနိုင်သလို မလိုအပ်ဘဲ စိတ်ကူးတည့်ရာ ပြုလုပ်နေခြင်းဟုလည်း ဆိုနိုင်သည်။ စတိုးဆိုင်မှ အရောင်းစျေးသည်တစ်ယောက်သည် ဝယ်ယူ မလာသည့်အချိန်မှာ မှန်ဗီရိုကို အဝတ်စတစ်ခုနှင့် တိုက်နေတတ်သည့် သဘောမျိုးလည်း ဖြစ်ချင်ဖြစ်မည်။

အမှန်အားဖြင့် ဆေးထိုးအပ်တစ်ချောင်းသည် တော်ရုံတန်ရုံနှင့် ပျက်စီးလေ့မရှိ။ သံမဏိဖြင့် ပြုလုပ်ထားသောကြောင့် သံချေးလည်း မတတ်နိုင်။ လူ့အသားကိုသာ ထိုးသွင်းရခြင်းဖြစ်၍ နှစ်အတော်ကြာသည်အထိ တုံးသွားတာမျိုးလည်း မဖြစ်တတ်။ အပ်၏ ပြွန်ခေါင်းပိတ်ဆို့သွားတာမျိုးလည်း ဖြစ်ခဲ့လှသည်။ ဖြစ်အောင် ဖြစ်ခဲ တစ်ခါတလေကျမှသာ သွေးခဲကလေး ဆို့နေတာမျိုး၊ အသားမျှင်ကလေး ပိတ်နေတာမျိုး ရှိကောင်းရှိတတ်သည်။ ထိုအခါကျမှသာ အပ်ကို ရေနွေးထဲ စိမ်ထား

www.burmeseclassic.com



ပြီး ဆေးထိုးပိုက်ထဲ ရေနွေးထည့်၍ မှုတ်ထုတ်လိုက်လျှင် ပွန်ခေါင်းပြန်ပွင့်သွားတတ်စမြဲ။

ဘာပဲဖြစ်ဖြစ် လူတို့မှာ ဘာမျှလုပ်စရာမရှိဘဲ ပျင်းနေသည့်အခါ၊ တစ်ခုခုကို စောင့်ဆိုင်းနေရသည့်အခါ စိတ်ကူးတည့်ရာ လုပ်မိတတ်ကြသည်။ တချို့က ပိုက်ဆံအကြွေနှစ်စေ့ဖြင့် မုတ်ဆိတ်မွေး နုတ်နေတတ်သည်။ တချို့က လေချွန်ပြီး ဒူးတန့်နှံ့နေတတ်သည်။ တချို့က မျက်တောင်စင်းကာ ငိုက်မျဉ်းနေတတ်သည်။ တချို့ကျတော့ စက္ကူစကိုလိပ်ပြီး နားထဲထည့် ကလိနေတတ်၏။ သူလည်း ဒီသဘောမျိုး ဖြစ်တန်ရာသည်။

သူကတော့ ဆေးခန်းမှာထိုင်ရင်း လူနာအလာကို စောင့်နေခြင်း ဖြစ်လေ၏။ ဒီနေ့ လူနာပါးသည်။ ပါးဆို ဆေးခန်းစဖွင့်တာ နာရီဝက်လောက် ရှိသည်ထိ တစ်ယောက်မှ မလာသေး။ ဒီနေ့ လူနာပါးသည်ဆိုသဖြင့် တခြားနေ့တွေကတော့ အုံ့ခဲနေတာပဲဟု မဆိုလို။ နေ့တိုင်းပင် လူနာက ပါးပါသည်။

သူ ဆေးခန်းဖွင့်ထားသည့် ရပ်ကွက်သည် ဆင်းရဲသား အများစု နေထိုင်ကြသော ရပ်ကွက်ဖြစ်၏။ တော်ရုံတန် ဖျားတာ၊ နာစေး၊ ချောင်းဆိုးတာလောက်နှင့် ဆေးခန်းလာတတ်ကြသူများ မဟုတ်ကြ။ ကြုံတုန်း အပျင်းပြေ အကြောဆေး တစ်လုံးလောက် သွင်းလိုက်ဦးမှပဲဆိုသော လူမျိုးဆိုတာ ဝေလာဝေး။

ဒီလိုလူနာ အလာနည်းသော၊ လာလျှင်လည်း ဆေးဖိုးဝါးခများများ မတတ်နိုင်သော ရပ်ကွက်မျိုးမှာမှ ဘာလို့ဆေးခန်းလာဖွင့်ရသလဲ။ အခြေအနေက ဒီလောက်ပဲ ပေးလို့ပေါ့။ သူသည်လည်း အပြင်ဆေးခန်းထိုင်သော တခြား ဆရာဝန်တွေလို ရွှေဘုံသာလမ်းက ဆေးခန်းကြီးတွေ ထိုင်ချင်တာပါပဲ။ သို့ရာတွင် သူ့ကို ဆမန်ပါတ်ရစ ဆရာဝန်ပေါက်စလေးတစ်ယောက်အနေဖြင့် အနားတောင် မသီနိုင်။



ရန်ကုန်မြို့တွင်းရှိ အခြား အချက်အချာကျသော နေရာတွေမှာလည်း သူ့ထက်ဦးသည့် နောင်တော်ဆရာဝန်ကြီးတွေ၊ အစ်မတော် ဆရာဝန်ကြီးတွေက နေရာဦးထားခဲ့ကြပြီးပြီ။ ဆေးခန်းဖွင့် အလုပ်လုပ်လို့ ကောင်းသည်ဆိုသော ခရမ်း၊ သုံးခွ၊ တွံတေး၊ ကွမ်းခြံကုန်းလို နေရာမှာတော့ နေရာလပ်မရှိတော့။ လူနေဇိမ်ခြေ ပေါ်ပေါက်လာသည့်အခါတိုင်း လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်နှင့် ဆေးကုခန်းတို့သည် တစ်ပြိုင်တည်း ပေါ်ထွန်းလာစမြဲပင်။ ဆံပင်ညှပ်ဆိုင်ကတောင် နောက်ကျနေလိမ့်ဦးမည်။

ပြီးတော့ ခုချိန်မှာ မြေနေရာက ရှားပါးလာသည်။ အထူးသဖြင့် စိတ်ချရသည့် မြေနေရာရှားသည်။ ထို့ကြောင့် မြေငှားခ၊ အခန်းငှားခ ဈေးကြီးလာသည်။ ရပ်ကွက်ကောင်းကောင်း အချက်အချာကျကျဆိုရင် ဆေးခန်းတစ်ခန်းစာ ကျဉ်းကျဉ်းကလေးကိုပင် စပေါ် နှစ်သောင်း၊ သုံးသောင်း တောင်းတတ်သည်။

သူက ဒီလောက်မတတ်နိုင်။ ထို့ကြောင့် သူတတ်နိုင်သည့် ဒီနေရာမှာ လာဖွင့်ရခြင်းဖြစ်၏။ ဒါတောင် ကံကောင်းလို့ရခြင်းဟု ဆိုနိုင်သည်။ သူ့ကို ခင်နေသော အစ်ကိုကြီး ဆရာဝန်တစ်ယောက်က အလုပ်ရပြီး နယ်ပြောင်းသဖြင့် ဒီနေရာကို လွှဲပေးခဲ့ခြင်းပင်။

"သိပ် စားသာမယ်တော့ မထင်နဲ့နော်၊ ဒါပေမယ့် သူ့နေရာနဲ့သူ မှန်မှန်လေးတော့ ရနေမှာပဲ။ မင်းတို့လို လူသစ်ကလေးတွေနဲ့ အံကိုက်တယ်ကွ။ ဒီမှာ မြို့ဘက် ဆေးခန်းမရှိဘူး မဟုတ်လား"

ဟု ထိုအစ်ကိုကြီးက ပြောသည်။

ဒီနေရာလေးက ရန်ကုန် ဆင်ခြေဖုံးရှိ ဆင်းရဲသားရပ်ကွက်လေး ဖြစ်၏။ ကျုံးကျော်လည်း မဟုတ်။ ကွက်သစ်လည်း မဟုတ်။ ဂရန်ပိုင်လည်း မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က နိုင်ငံခြားသားပိုင်မြေ ဖြစ်၏။ ပိုင်ရှင်က နိုင်ငံခြားပြန်သောအခါ ကိုယ်စားလှယ် လွှဲထားခဲ့သူက ဂရုတစိုက်မစောင့်ရှောက်နိုင်သဖြင့် လူအချို့ဝင်နေရာက တစ်စတစ်စ ရပ်ကွက်တစ်ခု ဖြစ်လာခဲ့ခြင်း •ဖြစ်၏။

လက်လုပ်လက်စား များသည်။ အငယ်စား ဝန်ထမ်းအနည်းငယ်နှင့် စက်ရုံအလုပ်သမားအချို့ရှိသည်။ စရိုက်ကြမ်းသည်ဟူ၍လည်း ဆိုနိုင်သည်။ ဖော်ရွေပွင့်လင်းသည်ဟူ၍လည်း ပြောနိုင်သည်။

ငွေကြေးချို့တဲ့သူများဖြစ်သောကြောင့် ကျန်းမာရေးကို ပဓာနမကျအိုင်အဖြစ် သဘောမထားနိုင်။ စားဝတ်နေရေးကိုသာ ဦးစားပေး ရုန်းကန်လှုပ်ရှားနေကြရသည်။တော်ရုံရောဂါဘယများသည် ပြေးရင်းလွှားရင်းကပင် အလိုလို ပျောက်ကုန်ကြသည်။ နည်းနည်းပိုဆိုးလာလျှင် ကွမ်းယာဆိုင်က ဆေးတစ်ခုခု ဝယ်သောက်လိုက်သည်။ ဒါမှ မရဘူးဆိုတော့မှ ဆေးခန်းကို ရောက်လာတတ်ကြသည်။

နောက်ပြီးတော့ ဆေးခန်းဆိုသည်မှာ လက်ဖက်ရည်ဆိုင်လို မဟုတ်။ လက်ဖက်ရည်ဆိုင်အသစ်ဖွင့်လျှင် ဖွင့်ဖွင့်ချင်းနေ့မှာပင် မြည်းစမ်းသောက်ကြည့်သူတို့နှင့် စည်ကားနေတတ်သည်။ နောက်ပိုင်းကျမှ လက်ဖက်ရည်ကောင်း မကောင်းအပေါ် မူတည်၍ လူကျတာ ပါးတာဖြစ်တတ်၏။

ဆေးခန်းကျတော့ ဒီလိုမဟုတ်။ ဖွင့်ဖွင့်ချင်း လူနာတွေက ဆရာဝန်နှင့် စိမ်းနေသဖြင့် ချက်ချင်းမလာ။ အခြေအနေကို အကဲခတ်ကြသည်။ ဒီဆရာဝန် သဘောကောင်းရဲ့လား၊ ဆေးဖိုးသက်သာရဲ့လား၊ သူကုရင် ချက်ချင်းပျောက်ရဲ့လား စသည်ဖြင့် စနည်းနာပြီးမှ လာတတ်ကြသည်။

ဒီတော့ ဖွင့်တာ နှစ်ပတ်လောက်သာရှိသေးသော သူ့ဆေးခန်းမှာ လူနာပါးတာ မဆန်းလှ။ လူနာအလာကို စောင့်ရတာလောက် အူကြောင်ကြောင် နိုင်တာ



လည်းမရှိ။ လူနာ လာပါစေ၊ မြန်မြန်လာပါစေဟု ဆုတောင်းလို့ သင့်တော်သည် မဟုတ်။ လူတစ်ယောက်ယောက် ဖျားနာစေလိုသောဆန္ဒ ဆရာဝန်မှာ မရှိကောင်း။

တကယ်တော့ လူနာမျှော်သည်ဆိုသော စကားလုံးကြီးကိုက သိပ်မဟန်လှချေ။ ပြီးတော့ ဆရာဝန်တစ်ယောက်အနေနှင့် ခုလို အပြင်ခန်းမှာ ထွက်ထိုင်မနေသင့်။ စမ်းသပ်ခန်းထဲမှာပဲ နေရမည်။ လူနာဝင်လာသည့်အခါ စားပွဲမှာ ထိုင်ရင်းဘယ့်နှယ့်. . . နေမကောင်းလို့ လာတာကို ဝမ်းသာအားရ နှုတ်ဆက်လို့ ဘယ်ဖြစ်ပါ့မလဲ။ လူနာကို ဖောက်သည်တစ်ယောက်လို မဆက်ဆံမိဖို့ သတိပြုရမည်။

"နောက်လည်း လာအားပေးပါနော်"

လို့ ပြောကြည့်ပါလား။ ဆွဲမထိုးသွားလျှင် ကံကောင်း။

ဒီနေရာမှာ လူနာကိုဆက်ဆံပုံ နှစ်မျိုးရှိသည်။ တစ်ဦးနှင့်တစ်ဦး မတူကြ။ တချို့က အာဝဇ္ဇန်းရွှင်သည်။

ဟော. . လာ၊ ဘာဖြစ်လာပြန်ပြီလဲ။ ဖျားတယ် ဟုတ်လား၊ မှန်း. . . အဲ. . . ဟုတ်ပါရဲ့၊ ကိုယ်ပူနေတယ်။ ကဲ. . . အိပ်လိုက်ဦး၊ စမ်းကြည့်ရအောင်၊ အဖျားတိုင်းကြည့်မယ်၊ အသက်ပြင်းပြင်း ရှူပါဦး၊ ဟုတ်ပြီ၊ အင်း. . . . ကောင်းပါတယ်။ အသေးအဖွဲပါ။ ဆေးလေးတစ်လုံးလောက် ထိုးလိုက်၊ ဆေးသောက်လိုက်ရင် ပျောက်သွားမှာ၊ အဖျားကတော့ တစ်ရာနှစ်ရှိတယ်။ ကိစ္စမရှိဘူး ကောင်းသွားမှာပါ။ တွေ့တော့ လူပျိုကြီး လွှမ်းဖျားလွှမ်းနာ ကျပြီထင်တယ်၊ ပြောစမ်း အပျိုကြီးက ဘာပြောလွှတ်လိုက်လို့လဲ။ ဆရာဝန်က ဖျားတာပဲ ကုနိုင်မှာ၊ နှလုံးသားကိစ္စတော့ ကိုယ့်ဘာသာကုရမှာနော့။

ဒီလိုဆရာဝန်မျိုးကို လူနာအများစုက သဘောကျကြသည်။ ဆရာဝန်က သဘောကောင်းတယ်၊ ပျော်တတ်တယ်။ လူနာဆိုတာ ဇောပူပန်ခံစားနေရလို့ စိတ်

www.burmeseclassic.com

www.burmeseclassic.com



မချမ်းမသာ ဖြစ်နေရတာ မဟုတ်လား။ ဆရာဝန်ရဲ့ အာဝဇ္ဇန်းရွှင်ရွှင်ကို ကြားရတော့ စိတ်လက်ကြည်သာပြီး ပေါ့ပါးလန်းဆန်းသွားတယ်။ ဆရာဝန်က "ကောင်းသွားမှာပါ" လို့ ပြောလိုက်တာနဲ့ တကယ်ကောင်းသွားသလိုပဲ။

တချို့ ဆရာဝန်ကျတော့ တစ်မျိုး။ လူနာကို အသေးစိတ် မေးမြန်းသည်။ လူနာပြောသမျှ စိတ်ရှည်လက်ရှည် နားထောင်သည်။ နားထောင်ရင်းကလည်း မျက်နှာအမူအရာ အမျိုးမျိုး ပြောင်းလဲသည်။ လူနာက ဗိုက်အောင့်တယ်ပြောလျှင် မျက်နှာကို ရှုံ့မဲ့ပြ၊ ခေါင်းကိုက်တယ်ဆိုလျှင် မျက်မှောင်ကုပ်ပြီး နဖူးကြော ရှုံ့ပြ၊ မောတယ်ဆရာဆိုလျှင် ပါးစပ်ဟပြ. . . စသည်ဖြင့် လူနာခံစားနေရသည့် ဝေဒနာကို သူကိုယ်တိုင် ခံစားနေရသလို အမူအရာမျိုး ပြသည်။

ထိုအခါ လူနာက ဆရာဝန်သည် မိမိမှာ ခံစားနေရသည့် ရောဂါကို ကောင်းကောင်း ကိုယ်ချင်းစာတတ်သည်၊ ဒါဆိုလျှင် ဆေးချက်မိအောင် ပေးနိုင်ပြီ၊ ရောဂါ အမြန်ပျောက်ဖို့ စိတ်ချသွားရပြီဟု ထင်တတ်ကြသည်။

သူကတော့ အာဝဇ္ဇန်းရွှင်သူ တစ်ယောက်တည်းမဟုတ်။ အလိုက်အထိုက်လည်း ကြည့်ကောင်းအောင် မပြောတတ်။ ဟိတ်နှင့်ဟန်နှင့်လည်း မနေတတ်။ ဟန်အမူအရာလည်း မလုပ်တတ်။

လူနာတစ်ယောက်ကလျှင် ဘာဖြစ်သလဲမေး။ စမ်းသပ်ကြည့်ပြီးလျှင် ဘာရောဂါဖြစ်မလဲ ခွဲခြား၊ ဘာဆေးပေးလျှင် သင့်တော်သလဲ စဉ်းစားနေရတာနှင့် အလ္လာပ သလ္လာပပြောဖို့ သတိတောင် မရ။

သူ့မှာ အတော် ကသိကလောက်နိုင်သော စိတ်အစွဲအလမ်းတစ်ခု ရှိနေသည်။ လူနာတစ်ယောက်ကို မြင်လျှင် ထိုသူ ရောဂါဖြစ်ရခြင်းသည် မိမိမှာ တာဝန်မကင်းဘူးဟု ထင်နေမိတတ်ခြင်းပင် ဖြစ်၏။ တကယ်တော့ ဘာမှမဆိုင်။ ဒီလို မဆိုင်မှန်းလည်း သိသိကြီးနှင့် ထိုအစွဲကို ဖျောက်လို့မရ။



သူသည် ဆေးထိုးအပ်ကို ပလတ်စတင်ဘူးထဲ အံကျအောင် ပြန်ထည့်ပြီး နောက်တစ်ချောင်း ထုတ်ယူမည်ပြုပြီးမှ မယူတော့ဘဲ ဘူးကို ပိတ်လိုက်သည်။

တစ်ယောက်တည်း ထိုင်နေရသဖြင့် ပျင်းလာသည်။ စာအုပ်ကလေး တစ်အုပ်လောက် ဖတ်ရလျှင်ကောင်းမည်။ ဆေးခန်းဖွင့်စတုန်းကတော့ အငှားဆိုင်က စာအုပ်တစ်အုပ်တလေ ဆွဲလာတတ်သေးသည်။ နေ့စဉ်နေ့တိုင်း စာအုပ်ငှား ဖတ်ဖို့တော့ မဖြစ်နိုင်။ စာအုပ်ငှားခက တစ်ကျပ်ခွဲ နှစ်ကျပ်။ ဒီလောက်ငွေကို နေ့ ဥဉ်ရက်ဆက် မသုံးနိုင်။

ဆေးခန်းနံရံမှာ ကပ်ထားသော ပိုစတာတွေကို လျှောက်ကြည့်သည်။ ကျန်းမာရေးဌာနမှ ထုတ်ဝေသော ပိုစတာများ ဖြစ်၏။ အသည်းရောင် အသားဝါ ရောဂါမဖြစ်အောင် ဘာလုပ်ပါ၊ ဘာရှောင်ပါ။ ကလေးများ ကာကွယ်ဆေး ထိုးကြပါ။ မိခင်လောင်းများ အာဟာရဖြစ်အောင် ဘာတွေစားပါ။ ငှက်ဖျားရောဂါသည် စမ်းရေကြောင့် ဖြစ်ခြင်းမဟုတ်။ အနော့ဖလိခြင်ကိုက်သောကြောင့် ဖြစ်သည်. . . စသည်ဖြင့်။

စမ်းသပ်ခန်းထဲ ဝင်သည့်အပေါက်၏ ညာဘက်ကပ်လျက် နံရံတွင် သူ့နာမည် ဆိုင်းဘုတ်ရှိ၏။ ကျွန်းသစ်သားပြားကို ပေါ်လစ်သုတ်ပြီး ဆေးဖြူဖြင့် ရေးထားသည်။

ဒေါက်တာ တိုးဝင်း၊ အမ်ဘီဘီအက်စ်၊ ရန်ကုန်။

တစ်ခါ တစ်ခါကျလျှင် ထိုနာမည်သည် သူနှင့်ဘာမှမဆိုင်သလိုလို သူ့ နာမည် မဟုတ်သလိုလို ခံစားရသည်။

ဒေါက်တာ တိုးဝင်းတဲ့၊ သူ့အဘွားက သူ့အကြောင်း ညည်းသည့်တွေကို ပြော ပြသည့်အခါ ဒေါက်တာ မောင်တိုးဝင်းဟု မြေးဖြစ်သူ၏ဂုဏ်ကိုလည်း ပေါ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေကျပုံစံလည်း ဝင်အောင် ဒေါက်တာရော မောင်ပါ ရှေ့ကတပ်ခေါ်သည်ကို သတိရပြီး ပြုံးလိုက်မိ၏။

"ဆရာ... ဆရာ"

ခေါ်သံကြားသဖြင့် ဆတ်ခနဲ ဖြစ်သွား၏။ တစ်ယောက်တည်း ပြုံးနေတာမြင်ပြီး ဒီဆရာဝန် စိတ်မနှံ့ဘူးထင်တယ်ဟု တွေးမလားမသိဘူးဟု စိုးရိမ်လိုက်မိသေးသည်။ အသက်နှစ်ဆယ်ကျော်ကျော်လောက်ရှိမည့် လူငယ်တစ်ယောက် ဆေးခန်းဝမှာ ရပ်နေသည်။ လူနာပုံမျိုးတော့ မဟုတ်။ နေမကောင်းဖြစ်နေပုံလည်း မပေါ်။ အသားညိုညို၊ အံရပ်ပျပ်ပျပ်၊ ကြံ့ခိုင်တောင့်တင်းသည့် ကိုယ်ခန္ဓာကို သတိပြုမိရင်း....

"ဘာကိစ္စများပါလိမ့်"

ဟု မေးလိုက်သည်။ လူငယ်က...

"လူနာက မထနိုင်လို့ပါဆရာ၊ အိမ်ကို လိုက်ကြည့်ပေးနိုင်မလား"

သူ စဉ်းစားသည်။ အိမ်လိုက်သွားလျှင် နာရီဝက်လောက်တော့ ကြာနိုင်သည်။ ဆေးခန်းကို ပိတ်သွားရမည်။ ဒီကြားထဲမှာ ဆေးခန်းကို လူနာလာလျှင် လွဲမည်။ ပင့်တဲ့ဆီကို မလိုက်လို့လည်း မဖြစ်။ ဆရာဝန်ဆိုသည်မှာ လူနာကို ငြင်းပိုင်ခွင့်မရှိချေ။ ဆေးခန်းပိတ်ချိန်ကျမှ ပင့်တဲ့အိမ်ကို လိုက်လျှင်ကော...

"ဆေးခန်းပိတ်မှ... အဲ... လူနာက ဘာဖြစ်တာလဲ"

"အစကတော့ ဝမ်းကိုက်တာပဲ၊ ခုတော့ ဝမ်းလျှောတယ်လို့ ပြောတယ်"

ပြောတယ်ဆိုသောစကားကြောင့် လူနာရှင် မဟုတ်နိုင်။ အိမ်နီးချင်း ဖြစ်နိုင်၏။

"တော်တော်များသလား၊ ဘယ်နှစ်ခါလောက် ရှိပြီလဲ"

BURMESE CLASSIC .com



"ဘယ်သိမလဲဗျ၊ ဝမ်းလျှောပါတယ်ဆိုမှပဲ"

လူငယ်က ခပ်ဆတ်ဆတ်ပြောလိုက်၏။ စိတ်တိုတတ်ဟန် တူသည်။ ပြောပြီးမှ သူ့အမူအရာ ရိုင်းသွားသည်ကို သတိရသွားပုံဖြင့်...

"ဒီလိုပါဆရာ ဖြစ်တာက ရွှေရွှေတိုအဘွားပါ။ ကျွန်တော့်ကို ဆရာဝန် ခေါ်ခိုင်းလို့"

အခု လိုက်သွားဖို့ ဆုံးဖြတ်လိုက်၏။ ဝမ်းနှင့် ပတ်သက်သော ဆေးတွေ အိတ်ထဲ ထည့်သည်။ အိမ်ရှင်ကို အကြောင်းကြားသည်။ ကလေးတစ်ယောက်လောက် ဆေးခန်းမှာ ထိုင်စောင့်ပေးဖို့၊ လူနာလာလျှင် ခဏစောင့်နိုင်းဖို့ မှာရသည်။

"ကဲ... လာ သွားကြစို့၊ အတော်လှမ်းသလား"

"နည်းနည်းတော့ ရပ်ကွက်ထဲ ဝင်ရမယ်"

ရပ်ကွက်အတွင်းပိုင်း သူ မရောက်ဖူးသေး။ ကိုယ်ဆေးခန်းဖွင့်သည့် ရပ်ကွက်ထဲကို ရောက်ဖူးဖို့ လိုတာနဲ့ အတော်ပဲဟု သူတွေးသည်။ ကောင်လေးသည် ဆရာဝန် ပင့်ဖူးဟန်မတူ။ ထိုကြောင့်ပင် ဆေးအိတ်ကို ကူဆွဲပေးဖို့ နားမလည်ခြင်းဖြစ်လိမ့်မည်။ ဒေါက်တာတိုးဝင်းသည် သူ့ဆေးအိတ်ကို သူ့ဘာသာပင် ဆွဲလာခဲ့ရသည်။ တချို့ဆရာဝန်ဆိုလျှင်တော့ နည်းနည်း အောင့်သက်သက်ဖြစ်လိမ့်မည်။ သူကတော့ ဘယ်လိုမှ သဘောမထား။ အိမ်ကနေ ဆေးခန်းထိ ဘတ်စ်ကားနှစ်ဆင့် စီးပြီးတောင် ကိုယ့်ဘာသာ သယ်လာသေးတာပဲ။

ရပ်ကွက်ထဲဝင်သည့် ပင်မလမ်းကတော့ မဆိုးလှ။ မိုးရွာထားသဖြင့် [illegible]တွေ ရှိနေသော်လည်း ကွေ့ရှောင်သွားလို့ရသည်။ လမ်းမီးလည်း ရှိသည်။ အတွင်းပိုင်းကျတော့ လမ်းကကျဉ်းသွားပြီး လမ်းမြှောင်ကလေးများအဖြစ် ခွဲထွက်သွား၏။ လမ်းမီးကလည်း ဆက်လိုက်မလာတော့။ သို့ရာတွင် ကောင်းကင်မှာ မိုးသားတွေ

www.burmeseclassic.com

www.burmeseclassic.com



လွှင့်ဆဲ့ကုန်ပြီ သကလည်း ထွက်လာပြီးဖြစ်၍ လမ်းကိုတော့ မြင်သာသေးသည်။

ရပ်ကွက်ထဲ ဝင်ကာစတုန်းက အချို့အိမ်များ လျှပ်စစ်မီးထွန်းထားတာ မြင် ရသေးသည်။ အတွင်းပိုင်းမှာတော့ ဓာတ်တိုင်လည်း မရှိသဖြင့် လျှပ်စစ်လည်း မ တော့။ အချို့အိမ်များမှ ဒီဇယ်မီးခွက်ဖြစ်ဟန်တူသော အလင်းရောင် မှိန်ပျပျကို တွေ့ရသည်။ များသောအားဖြင့်ကတော့ မီးခွက်တွေ မှိတ်ထားကြပြီ။ စောစောအိ ကုန်ကြတာလား။ ဒီဇယ်ဖိုး ချွေတာသည့်အနေဖြင့် မီးခွက်မှုတ်ပြီး မှောင်ထဲမှာ ထိုင်နေကြတာလား မသိရ။

အလင်းရောင်ဆိုတာ ဘာလုပ်ဖို့လဲ။ စာဖတ်ဖို့ ဒါမှမဟုတ် အလုပ်တစ်ခု လုပ်တဲ့အခါ မြင်သာထင်သာရှိဖို့။ ဒါပဲ မဟုတ်လား။ ဒါတွေ လုပ်စရာမရှိတဲ့အခါ အလင်းရောင် ဘာလိုမှာလဲ။ အသက်သိပ်မကြီးသေးပေမယ့် အမယ်ကြီးအိုပုံ ပေါက်နေတဲ့ မိန်းမရဲ့မျက်နှာကို တစိမ့်စိမ့်ကြည့်စရာအကြောင်းလည်း မရှိဘူးလေ။

“ဒီဘက်ချိုးရမယ် ဆရာ”

ကောင်လေးက ဦးဆောင်၍ ညာဘက်ချိုးသွားသည်။ ခနောခနဲ့ ပြုလုပ်ထား သော သစ်သားတံတားလေးပေါ် တက်လျှောက်ရသည်။ ထိုရပ်ကွက်မှာ စနစ်တကျ ကွက်ချထားခြင်း မဟုတ်သဖြင့် ရေထုတ်မြောင်းများမရှိ။ မိုးရေများမှာ စီးချင်သလို စီးဝင်ပြီး အနိမ့်ပိုင်းကျသည့်နေရာမှာ စုပြုံအိုင်ဖွဲ့နေသည်။ ကိုယ့်အိမ်ထဲ ရေမဝင် အောင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကာကွယ်ကြသည်။ တချို့ကျတော့လည်း အိမ်ကို ခြေတံရှည်ဆောက်ထားသဖြင့် ရေပေါ်အိမ်များ ဖြစ်နေ၏။ လမ်းအစား သစ်သား တံတားရှည်ပေါ်မှ ဖြတ်သန်းသွားလာကြသည်။ မိမိတို့အိမ်နှင့် သစ်သားတံတား ရှည်ကို ဝါးတံတားကလေးများဖြင့် ဆက်သွယ်ထားကြသည်။ ကြည့်ရတာ တစ်မျိုး တော့ အမြင်ဆန်းသည်။ လရောင်ကြောင့် တံတားအောက်ရှိ ရေပြင်သည် တလက်



လက် တောက်နေ၏။ ကြည့်နူးစရာလိုလို ဘာလိုလို။ အီတလီနိုင်ငံရှိ ကမ္ဘာကျော် ဗင်းနစ်မြို့သည်လည်း ဒီလိုပဲနေမှာပဲဟုတွေးရင်း လျှောက်လာခဲ့ရာ. . .

ညာစာက်ခြေထောက်သည် အမှာခံတစ်ခုခုကို မနင်းမိဘဲ လေကိုသာ နင်း မိ၏။ ဟန်ချက်ပျက်ပြီး ယိုင်သွား၏။ ကောင်လေးက ‘ဟာ’. . . ဆိုပြီး သူ့လက် မောင်းကို ဖမ်းကိုင်လိုက်သဖြင့် လဲကျမသွားခြင်း ဖြစ်၏။ ခြေထောက်ကတော့ ကျွံကျသွားပြီး ညို့သကျည်းလောက်ထိ ရေထဲ နစ်သွားသည်။ ပျော့စိစိ အရာများ ကို နင်းမိ၏။ ရေအောက်က ရွှံ့နွံများထဲသို့ ခြေမျက်စိထိ နစ်ဝင်သွားသည်။

စိတ်ကူးယဉ်ပြီး လျှောက်လာသဖြင့် တံတားတွင် သစ်သားတစ်ချောင်းကျိုး ပြီး အပေါက်ဖြစ်နေသည်ကို မမြင်မိဘဲ ခြေကျွံကျသွားခြင်းပင်။

သူက ခြေထောက်ကို ရွှံ့ထဲမှ ဆွဲနုတ်ရင်း. . .

“မှောင်နေတော့ မမြင်မိဘူးဗျာ”

ဟု ရှက်ကိုးရှက်ကန်း ပြောလိုက်၏။ ကောင်လေးကတော့ သူ့လက်မောင်း ကို ကိုင်ပြီး တွဲထားရင်းက. . .

“ကန်တော့ ဆရာ၊ ကန်တော့”

ဟု ပျာပျာသလဲ တောင်းပန်နေသည်။ အမှန်တော့ သူနှင့် ဘာမှမဆိုင်။ တံတားက သစ်သားတစ်ချောင်းကျိုးနေတာ သူ့တာဝန်လည်း မဟုတ်။ ဆေးခန်း မှာတုန်းက ခပ်ဆတ်ဆတ်ပြောခဲ့မိသဖြင့် အားနာနေဟာလည်း ဖြစ်ချင်ဖြစ်မည်။ သို့တည်းမဟုတ် ခုလိုအချိန်ကျမှ ခုလို ချောင်ကြိုချောင်ကြားထိ လိုက်လာသည့် အတွက် လေးစားစိတ် ဖြစ်ပေါ်လာလို့လား။ တံတားမခိုင်သည့်အတွက် ရပ်ကွက် ကိုယ်စား တောင်းပန်ချင်လို့လား မသိ။

ဒေါက်တာ တိုးဝင်းကတော့. . .

www.burmeseclassic.com

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

ဟု ပြောလိုက်ရသော်လည်း ညဘက်ခြေမျက်စိထိ ရွှံ့တွေနှင့် လူးကုန်ပြီး အသိအကောက် ဖြစ်နေသည်။ ဒီနေ့ကျမှ ကတ္တီပါသဲကြိုးဖိနပ်ကို စီးလာခဲ့မိ၏။ ပုံဆောင်ခဲကျောက်တစ် ဖိနပ်။

"ဆရာ ခဏလေးနော်"

ဟု ကောင်လေးကပြောပြီး အိမ်တစ်အိမ်ထဲ စွတ်ခနဲ ဝင်သွား၏။ ချက်ချင်းပင် ဖလားနှင့် ရေတစ်ခွက်ခပ်ပြီး ပြန်ထွက်လာသည်။

"ခြေထောက်ဆေးလိုက်ဦး ဆရာ"

"ဟာ. . . နေပါစေ ရပါတယ်"

ဟု သူပြန်ပြောစဉ်မှာပင် ကောင်လေးက ခြေထောက်ပေါ် ရေလောင်း ပေးသည်။ ရေခွက်ပြန်ထားပြီးနောက် ဆက်လျှောက်လာကြသည်။ ဖိနပ်ရေမ အောင် တစ်လမ်းလုံး ဂရုစိုက် ရှောင်ကွင်းလာသဖြင့် ဘယ်ဘက်ဖိနပ်ကတော့ အတော်အတန် ခြောက်သွေ့နေသည်။ ညာဘက်ခြေထောက်နှင့် ဖိနပ်က ရေစက်လက်ဖြစ်နေပြန်သဖြင့် လမ်းလျှောက်ရတာ အဆင်မချောလှ. ရေစိုနေသည့် ဖိနပ်က တဇိဇိမြည်နေသည်။ ထိုအသံကိုကြားတိုင်း ကောင်လေးက လှည့်လှည့် ကြည့်သည်။ ထို့ကြောင့် ဒေါက်တာတိုးဝင်းသည် ဖိနပ်သံမထွက်အောင် ခြေဖော့ နင်းနေရ၏။

"ရောက်ပါပြီ ဆရာ"

ကောင်လေးက ပြောပြီး ဝါးလုံးလေးငါးလုံးပူး၍ ထိုးထားသော တံတား အတိုင်း အိမ်တစ်အိမ်ထဲသို့ ဝင်သွားသည်။ ဒေါက်တာတိုးဝင်းလည်း နောက်က လိုက်သွားသည်။



"ပါလာခဲ့သလား"

မိန်းကလေးတစ်ယောက်အသံကို ကြားရသည်။

"ပါတယ်"

ဟု ကောင်လေးက ပြန်ပြောရင်း လမ်းဖယ်ပေး၍. . .

"ဝင်ပါဆရာ"

တစ်ဆက်တည်း ပြောသည်။ သူ အိမ်ထဲသို့ ဝင်လိုက်သည်။ အိမ်ခန်းကလေး က ကျဉ်းကျဉ်းလေး ဖြစ်၏။ တဲကလေးတစ်လုံး၏ တစ်ခြမ်းပင် ဖြစ်လေသည်။

မှိုင်းခိုးတွေက တလူလူတက်နေသော ဒီဇယ်မီးခွက်၏ အလင်းရောင် မှုန်မှုန် တွင် မိန်းမကြီးနှစ်ယောက်၊ မိန်းကလေးတစ်ယောက်နှင့်အတူ လူနာကို မြင်ရ၏။ အသက်အတော်ကြီးသော အဘွားအိုတစ်ဦးပင် ဖြစ်၏။ အသက်ဘယ်လောက်ဟု ၍တော့ ခန့်မှန်းဖို့ မလွယ်ချေ။ သူက အဘွားကြီးဘေးမှာ ဝင်ထိုင်လိုက်၏။ စောစော က တွေ့သော မိန်းကလေးက လူနာ၏ အခြားတစ်ဘက်မှာ ဝင်ထိုင်သည်။

"ဟဲ့. . . ရွှေရွှေ ဆရာ့ကို ဖျာကလေးဘာလေး ခင်းပေးမှပေါ့"

ဟု မိန်းမကြီးတစ်ယောက် လှမ်းပြောသည်။ မိန်းကလေးမျက်နှာက ရှက်နှ အားနာဟန် ဖြစ်၏။

"ဖျာက. . . ဖျာက. . ဒီတစ်ချပ်တည်း"

"ရပါတယ်၊ မလိုပါဘူး"

ဟု ဒေါက်တာတိုးဝင်းက ဝင်ပြောပြီး. . .

"ဘာဖြစ်တာလဲ၊ ပြောပါဦး"

တစ်ဆက်တည်း အဘွားကြီးကို ကြည့်သည်။ လူနာသည် အသော် ပိန်ချုံး နေ၏။ ပါးရိုးတွေ ငေါထွက်ပြီး မျက်တွင်းက ဟောက်ပက်ဖြစ်နေသည်။ အတန်ငယ် မောပန်းနေဟန်လည်း ရှိ၏။

www.burmeseclassic.com



ရွှေရွှေဆိုသော ကောင်မလေးက. . .

"ဝမ်းကိုက်ပြီး ဝမ်းလျှောတာပါ ဆရာ"

လူနာ၏ လက်ဖျံနေရာကို ဖိကိုင်ကြည့်ရင်း. . .

"ဝမ်းကိုက်ပြီး အရင်ပေါ့၊ နောက်တော့မှ ဝမ်းလျှောတာ၊ ဒီလိုလား"

ရွှေရွှေက ခေါင်းညိတ်ပြသည်။ လူနာ၏အသားသည် ပျော့အိနေသည်။ လူ့အသားကို ကိုင်ရသလို မဟုတ်ဘဲ သရက်သီးမှည့်တစ်လုံးကို နှိပ်ကြည့်ရသလို ပင်။ လူနာဝဲမှ ချဉ်စုတ်စုတ် အနံ့အသက်များ ရရှိနေ၏။

"ဝမ်းကိုက်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်ပတ်လောက် ရှိပါပြီ"

ဟု လူနာက ဝင်ပြောသည်။ စဖြစ်ကတည်းက ဘာလို့ဆေးခန်းလာမပြသလဲ ဟု မေးမနေတော့ပါ။

"ဝမ်းကိုက်တုန်းက သွားတဲ့ဝမ်းက ဘယ်လိုနေသလဲ၊ အနံ့အသက် ဆိုး သလား"

"သိပ်မဆိုးပါဘူး"

"ဝမ်းထဲမှ ချွဲတွေပါသလား"

"ဒါတော့ သတိမထားမိ. . ."

"မြူမြူအဖတ်တွေလို ဟာမျိုးလေ"

"ဟာ. . . ဟုတ်တယ်ဆရာ၊ ဆေးကုလားမလို အဖတ်တွေ ပါလာတာ ကျွန်မမြင်လိုက်တယ်"

ဟု မိန်းမကြီးတစ်ယောက် ဝင်ပြောပြန်သည်။ ဥပမာ ပေးပုံကို သဘောကျ၍ ပြုံးမိမလို ဖြစ်သွားရသေးသည်။

BURMESE CLASSIC .com



"ဝမ်းတစ်ခါသွားဖို့ အရမ်းညှစ်. . . အဲ. . . အရမ်းအားစိုက်ရတယ် ဟုတ်လား"

သူက ထိုမေးခွန်းကို ရွှေရွှေအား မေးလိုက်မိခြင်းဖြစ်၏။ မီးခွက်ရောင် မှိန်မှိန်မို့ ရွှေရွှေမျက်နှာ ရဲခနဲ ဖြစ်သွားမသွား မသိရသော်လည်း ရှက်သွားမှန်းတော့ သိသာသည်။

ဒေါက်တာတိုးဝင်းလည်း အားနာသွားစဉ်မှာ. .

"ဟုတ်. . ဟုတ်ကဲ့ပါ ဆရာ"

ဟု လူနာက ဝင်ပြောလိုက်သဖြင့် ထိုကိစ္စအဆင်ပြေသွားသည်။

သွေးပေါင်ချိန်တိုင်းသည်။ သွေးဖိအား နည်းနည်းကျနေ၏။ အဖျားသွေး တော့မရှိ။ လူနာဖြစ်နေသည်မှာ ခုတလော ဖြစ်ပွားနေသည့် ဝမ်းကိုက်ရောဂါတစ် မျိုးဖြစ်၏။ သို့ရာတွင် ထိုဝမ်းကိုက်ရောဂါ လက္ခဏာတွင် ဝမ်းလျှောခြင်း ဆက်ဖြစ် ရဲ အလားအလာ မရှိလှ။

"ဝမ်းလျှောတာ ဒီနေ့မှလား"

"မနေ့က စဖြစ်တာပါ"

ရေမသန့်လို့၊ ဒါမှမဟုတ် အစားမှားလို့ ဖြစ်နိုင်သည်။ ဝမ်းကိုက်ရောဂါ အတွက် စိတ်ကူးတည့်ရာ ဆေးမြီးတိုများဖြင့် ကုသောကြောင့်လည်း ဖြစ်နိုင်၏။

"ဝမ်းကိုက်တော့ ဘာဆေးသောက်လဲ"

"ထားဝယ်မှိုင်းရွက် သုပ်စားတယ်"

မဆိုးလှ။ ထားဝယ်မှိုင်းရွက်သည် ဝမ်းကိုက်ရောဂါအချို့ကို ပျောက်ကင်းစေ သည်ဟု ဆေးသုတေသနဌာနက ထောက်ခံထားသည်။ ယခု ဝမ်းကိုက်ရောဂါမျိုး ကိုတော့ ပျောက်မပျောက် မပြောနိုင်သေး။

www.burmeseclassic.com

www.burmeseclassic.com



"ထားဝယ်မှိုင်းစားတော့ သက်သာလား"

"နည်းနည်းတော့ သက်သာပါတယ်၊ သိပ်တော့ မသိသာလှပါဘူး"

"မြန်မာဆေးတွေ ဘာတွေကော"

"သွေးဆေးတော့ သောက်ပါတယ်"

သွေးဆေး ပြဿနာမရှိဟု သူတွက်သည်။

"ဝမ်းမလျှောခင် အစားမှားတာများ ရှိလား၊ ချဉ်ဖတ်တို့ ဘာတို့လို"

"အဲဒါတွေတော့ မစားပါဘူး၊ ဝမ်းကိုက်ရင် မုန့်ဟင်းခါးနဲ့ ဘဲဥ အဝစားရတယ်ဆိုလို့"

မုန့်ဟင်းခါးကြောင့် ဝမ်းလျှောတာထက် မုန့်ဖက်မသန့် ဖြစ်ဖို့များသည်။

"ရှောက်သီး ထည့်ဘေးသလား"

"ဟုတ်ကဲ့၊ ရှောက်သီးစပ်စပ်နဲ့ စားရတယ်ဆိုလို့"

"အော်. . ဒါကြောင့်ကိုး"

ရောဂါကို သူ ခန့်မှန်းနိုင်ပြီ။ ဆေးပေးဖို့ စဉ်းစားရန်သာ ရှိ၏။ ခု ဖြစ်နေသည့် ဝမ်းကိုက်ရောဂါအတွက် အသင့်တော်ဆုံးမှာ ဂျင်တာမိုင်စင်ပင် ဖြစ်၏။ စားဆေးကတော့ ဖက်ဆီဂျင်နှင့် အမ်ပီစီလင် ပေးရမည်။

သို့ရာတွင် အခက်အခဲတစ်ခု ရှိနေ၏။ ဂျင်တာမိုင်စင် ထိုးဆေးမှာ ဂျာမဏီကလာသည့် အောရီဂျင်နယ်ဆိုလျှင် တစ်လုံးရှစ်ဆယ်လောက်ကျသည်။ သူ့ဆီမှာလည်း အခု ပါမလာခဲ့။ ပါလျှင်တောင် လူနာရှင်က တတ်နိုင်မည်မဟုတ်၊ ဖက်ဆီဂျင်ကလည်း တစ်ပြားကို ရှစ်ကျပ်လောက်ကျမည်။ အမ်ပီစီလင်က တစ်တောင့်နှစ်ကျပ်ခွဲ။ လူနာက သွေးပေါ်အားကျပြီး အားနည်းနေသဖြင့် ဒရစ်တင်သင့်သည်။ ဂလူးကို့စ်ပုလင်းကြီးတစ်လုံးလောက် သွင်းနိုင်လျှင် ကောင်းမည်။ ဒါက တစ်ပုလင်းခြောက်ဆယ်လောက်ကျမည်။ အားလုံးပေါင်းလိုက်လျှင်. . .။



ပေါင်းမနေနဲ့တော့။ သူတို့ တတ်နိုင်မှာ မဟုတ်တာ သေချာသည်။ တတ်နိုင်သလောက် ပေးဆိုတာမျိုး လုပ်လို့လည်း မဖြစ်။ သူသည် ဒီလောက်ငွေကို စိုက်ထုတ်နိုင်စွမ်း ရှိသူမဟုတ်။ အကြွေးဆိုလျှင်ကော. . .။ မဖြစ်ပါဘူး။ ဒီအကြွေးကို သူတို့ ဘယ်လောက်မှ ဆပ်နိုင်မှာမဟုတ်။

ဒီတော့. . . ဆေးတွေ တစ်မျိုးပြောင်း။

တရုတ် ဂါရာမိုင်စင် ထိုးမည်။ မက်ထရိုနှင့် ဝမ်းပိတ်ဆေး တွဲပေးမည်။ အမ်ပီစီလင်က အချို့လူများကို ဝမ်းသက်စေတတ်သည်။ ဒီတော့ မပေးနဲ့ဦး။ ဝမ်းလျှောတာရပ်ဖို့ အရင်လုပ်။ နောက်မှ လိုအပ်လျှင်ပေး။ ကလိုရင်ဖင်နီကောတော့ ပေးရမည်။ ဂလူကို့စ်အကြောဆေးတစ်လုံး ထိုးပေးမည်။ ခါတ်ဆားရည် တိုက်မည်။ အားဆေးတချို့ ပေးခဲ့မည်။

ဒါဆိုလျှင် ငွေအများကြီး လျော့သွားနိုင်သည်။ ဒါတောင် ဆင်းရဲသားတို့အဖို့တော့ သက်သာလှသည်ဟု မဆိုနိုင်။ အင်း. . . ဆရာဝန်ဆိုတာ အနာနဲ့ဆေး တည့်အောင်ပေးရုံနှင့်မပြီး။ လူနာ၏ စီးပွားရေးအခြေအနေကိုပါ ထည့်တွက်တတ်ရမည်။ ဆေးကုခလည်း သက်သာ၊ ရောဂါလည်း သက်သာအောင် ချင့်ချိန်သော ပညာလည်း တတ်ရသေးတာပါကလားဟု အရေးထဲမှ သူတွေးနေသေးသည်။

ထိုးဆေး၊ ဆေးပေး လိုအပ်တာညွှန်ကြားပြီးနောက် သူ့ပစ္စည်းတွေကို ဆေးအိတ်ထဲ ပြန်ထည့်သည်။ ခေါင်းပြန်မော့လိုက်သောအခါ သူ့ကို မရဲတရဲ ကြည့်နေသော ရွှေရွှေကို တွေ့ရ၏။

"ဘယ်လောက်ကျပါသလဲ ဆရာ"

ဟု ခပ်တိုးတိုး မေး၏။ ဒီမေးခွန်းမျိုးကို ကြိမ်ဖန်များစွာ ကြားဖူးခဲ့ပြီဖြစ်သည့်တိုင် အမေးခံရသည့်အခါတိုင်း ကသိကအောက် ခံစားရမြဲ ဖြစ်၏။ ထို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကြည့်ပေးပါဗျာဟု ပြောလို့လည်းမဖြစ်။ ကျသင့်ငွေကို ပြောသည့်အခါ များတယ် နည်းနည်းလျှော့ဟု ဈေးဆစ်လို့လည်း မရ။ တစ်ခွန်းဈေး ဖြစ်၏။

ထိုအခိုက်အတန့်သည် ဆရာဝန်အတွက် မျက်နှာပူရသလို လူနာရှင်အတွက်လည်း ရင်အတုန်ရဆုံး အခါသမယပေတည်း။ ဆရာဝန်ပါးစပ်မှ ထွက်လာမည့် ဈေးနှုန်းကို တရားသူကြီးပါးစပ်မှ ထွက်လာမည့် အမိန့်ချမှတ်ချက်လို ရင်တလှပ်လှပ် စောင့်စားရလိမ့်မှာ အမှန်ပင်။

ခုန ဆေးပစ္စည်းတွေသိမ်းရင်း စိတ်ထဲက တွက်ကြည့်ခဲ့ပြီးပြီ။ ဆေးဖိုးချည်းပဲ သုံးဆယ့်ခုနစ်ကျပ်လောက် ကျသည်။ ဒီငွေဆိုလျှင် သူတို့နှစ်ရက်လောက် ထမင်းစားရမှာပဲဟု ဖြတ်တွေးမိပြန်သည်။ မလျှော့တတ်၊ ဈေးရောင်းလို့သာ ရှိတယ်၊ မလျှော့တတ် ဆေးကုရယ်လို့ မရှိဘူးဟု စိတ်ကို တင်းပြီးနောက်. . .

“သုံးဆယ်နဲ့. . . အဲ. . . သုံးဆယ်ပဲ ထားပါတော့”

ဟု ပြောဖြစ်သွားလေ၏။

ရွှေရွှေက လူနာ၏ ခေါင်းအုံးအောက်က ပလပ်စတစ်အိတ်တစ်ခုထဲမှ ငွေစက္ကူများကို ထုတ်လိုက်သည်။ ပြီးတော့ ရေတွက်ပြီး သူ့ကိုပေးသည်။ ငွေ အနည်းငယ်မျှသာ ကျန်နေခဲ့ကြောင်း တွေ့ရ၏။ ဆယ်တန်နှစ်ရွက်၊ ငါးကျပ်တန်တစ်ရွက်နှင့် ကျပ်တန်များ။ ဆယ်တန်တစ်ရွက်တွင် အုန်းသီးဖတ်ကလေး တစ်ဖတ်တောင် ကပ်နေလိုက်သေး။

* * * * *



BURMESE CLASSIC .com

ဒီနေ့ ဆေးထုတ်ရသည်။ ဆရာဝန်တွေကို ကုန်သွယ်ရေးမှ ဆေးထုတ်ပေး လေ့ရှိ၏။ အရင်က မှန်မှန်ရသည်။ ခုနောက်ပိုင်း သိပ်မမှန်ချင်တော့။ ရသည့်ဆေး ကလည်း နည်းလာသည်။ ဒီနေ့ ငါးဆယ့်ကိုးကျပ်ဖိုးပဲ ရသည်။ ဆေးခန်းအတွက် အသုံးဝင်သည့် ဆေးမျိုးလည်း သိပ်မပါလှ။ နိုင်ငံခြားဖြစ် ရှားပါးဆေးတစ်မျိုးပါ သသဖြင့် နည်းနည်းတော်သေးသည်။ ကုန်သွယ်ရေးဈေး နှစ်ဆယ့်သုံးကျပ်တော့ ကျော်၊ အပြင်ပေါက်ဈေး တစ်ရာ့ငါးဆယ်လောက်ရှိသည်။

အစက စိတ်ကူးတုန်းက ဆေးထုတ်ပြီးလျှင် မင်္ဂလာဈေးသွားမည်။ ဈေး ကောင်းရမည့်ဆေးတွေ သွင်းခဲ့မည်။ ဆေးခန်းအတွက် တရုတ်ဆေး အိန္ဒိယဆေး ချို့ ပြန်ဝယ်မည်။ ခုတော့ ရသည့်ဆေးက နည်းသဖြင့် မသွားတော့ဟု စိတ်ကူး လိုက်သည်။ စိတ်မကောင်းစရာတစ်ခုကတော့ နောက်လတွေဆိုလျှင် ကုန်သွယ် ရေးက ဆေးထုတ်ပေးချင်မှ ပေးတော့မည်ဆိုသော သတင်းကြောင့်ပင်ဖြစ်၏။ ဒါဆို လျှင် သူတို့အတွက် ဝင်ငွေထိခိုက်ရပေဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ခုလို ဆေးထုတ်သည့်ရက်မျိုးမှာ ဆေးရုံကျောင်းတုန်းက သူငယ်ချင်းတွေ ဆုံတတ်သည်။ ဆေးထုတ်ပြီးလျှင် တချို့က မင်္ဂလာဈေးသွား၊ တချို့က ရုပ်ရှင်ကြည့်၊ တချို့ကတော့ ယမကာဆိုင်သို့ ချီတက်ကြသည်။ တချို့ကျတော့ လည်း ကျောင်းတုန်းက ဝါသနာလေးတွေ မဖျောက်နိုင်သေးဘဲ ဖဲဝိုင်းကလေးဘာ လေး ကျိတ်လုပ်ကြသည်။

သူတို့အုပ်စုကတော့ ဆေးထုတ်ပြီးလျှင် ရေကျော် မောင်အေးကဖီးမှာ ဆုံကြသည်။ ပြီးတော့မှ တစ်နေရာရာ သွားချင်သွား၊ အစီအစဉ် တစ်ခုခု လုပ်ချင်လုပ်၊ ဒါမှမဟုတ် လက်ဖက်ရည်ဆိုင်မှာပဲ တမေ့တမောလုပ်ပြီး စကားပြောကြသည်။

ဒီနေ့ သူနှင့် ရွှေထွန်းအောင်တို့ ဆေးဆိုင်မှာ ဆုံသည်။ ဆေးထုတ်ပြီးနောက် လမ်းငါးဆယ်ထဲ ဖြတ်ပြီး ရေကျော်ဘက် လာခဲ့ကြ၏။

လက်ဖက်ရည်ဆိုင်မှာ ကျော်ဇောနှင့် ဆန်နီကျော်စိုးတို့ ရောက်နှင့်နေကြပြီ။

"အေးဖေ မပါဘူးလားကွ"

ဟု ဆန်နီကျော်စိုးက မေးသည်။

"ထုံးစံအတိုင်းပေါ့ကွာ၊ မနေ့ညက ဖဲဝိုင်းသွားထိုင်သလား မသိဘူး၊ ငါတို့ ခဏစောင့်နေသေးတယ်။ လာမှာပါကွ၊ ဒီကောင်ဆေးမထုတ်ဘဲ မနေပါဘူး။ ပိုက်ဆံ အမြဲလိုနေတဲ့ကောင်ပဲ"

ရွှေထွန်းအောင်က ပြောပြီး ဝင်ထိုင်သည်။

"ညက ဖဲနိုင်ရင်တော့ လာချင်မှ လာမှာ"

ဟု တိုးဝင်းက ဝင်ပြောသည်။

သူတို့ထဲတွင် အေးဖေက တစ်မျိုးတစ်ဘာသာ ဖြစ်နေ၏။ သူငယ်ချင်းငါးယောက်အုပ်စုတွင် သူတို့လေးယောက်က လူအေးတွေ။ အရက်မသောက်၊ ဖဲမရိုက်၊ ရည်းစားမရှိ။



အေးဖေကတော့ သုံးမျိုးစလုံးနှင့် မကင်း။ အရက်လည်း နည်းနည်းပါးပါး သောက်သည်။ ရည်းစားလည်း နှစ်ယောက်သုံးယောက် ထားဖူးသည်။ ဖဲကတော့ …သူ့အနှစ်သက်ဆုံးအရာပင် ဖြစ်၏။

တကယ်တော့လည်း ဆေးကျောင်းသားတစ်ရာမှာ နှစ်ဆယ်လောက်က …ရိုက်တတ်ကြသည်။ ကျောင်းကပြီးလို့ ဆရာဝန်ဖြစ်တော့မှပင် အချိန်မရတော့သော …ကြောင့် စွန့်လွှတ်လိုက်ကြရခြင်း ဖြစ်၏။

ဆေးကျောင်းသားဆိုသည်မှာ စာအုပ်နှင့်မျက်နှာ မခွာတမ်း ကျက်မှတ်နေကြ …သည်။ စာသင်ချိန်တွေမှာလည်း ဂရုမစိုက်လို့မရ။ စာမေးပွဲငယ်တွေက တစ်ပတ် …တစ်ခါလောက် ရှိနေတတ်သည်။ ဒီတော့ အမြဲလိုလို စိတ်ပန်းလူပန်း ဖြစ်နေကြရ …၏။ စိတ်ဖြေရာအတွက် ကိုယ်သန်ရာသန်ရာ ရှာကြရသည်။

တချို့က ရုပ်ရှင်ကြည့်။ တချို့က အရက်ကလေးဘာလေး သောက်သည်။ …တချို့ကျတော့ ဖဲရိုက်သည်။ ဖဲရိုက်ခြင်းသည် အာရုံအလွန်စူးစိုက်ရသောကြောင့် …စားနေစဉ်အတွင်းမှာ တခြားဟာတွေ အကုန်မေ့နေတတ်သည်။

"မင်းတို့ စဉ်းစားကြည့်ပေါ့ကွာ၊ ငါတို့မှာ အမြဲလိုလို ခေါင်းထဲမှာ ကျောင်းစာ…တွေ ထည့်ထားရတာ၊ ဖဲရိုက်တဲ့အချိန်ကလေးပဲ ဒါကို မေ့ထားနိုင်တာ မဟုတ်လား"

ဟု အေးဖေက ပြောတတ်သည်။ မင်းကတော့ သူများထက် လွန်ပါတယ်ကွာ …ဟု သူငယ်ချင်းတွေက ဆိုသည်။ ဟုတ်တော့ဟုတ်သည်။ အေးဖေက ဆေးတစ်မှာ …က်ရုံနှင့် အားမရ။ ရန်ကုန်တက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ဆေးနှစ် စသည်တို့၏ …အဆောင်တွေမှာပါ ချိန်းပွဲသွားရိုက်တတ်သည်။ တစ်ခါတလေ ထမင်းမေ့ ဟင်း… …လေးအပေါ့သွားဖို့တောင် မေ့ပြီး တစ်နေ့လုံးတစ်ညလုံး ဆက်ရိုက်တတ်သည်။ …ပြီးလျှင် အကြောတွေဆိုင်းပြီး ကွေးထားသောဒူး ဆန့်လို့မရဘဲ အကျိုးထဲက လေး…က်ထောက် ထွက်လာရတာမျိုးတောင် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတွေ အလစ်ဝင်ဖမ်းလို့ ခွေးပြေးဝက်ပြေး ပြေးခဲ့ရတာလည်း အကြိမ် ကြိမ်။ တစ်ခါကတော့ လက်ပူးလက်ကြပ်မိခဲ့ရာ ကံကောင်းလို့ ကျောင်းထုတ်မခံ ဖြင်း ဖြစ်၏။ အခန်းပိုင်ရှင် အကြံတစ်ချက်ကောင်းသွားတာကြောင့်သာ လွတ်ခဲ့ ခြင်းပင်။ ဆရာတွေ အခန်းပြင်က တံခါးလာခေါက်သောအခါ အားလုံး ပြူးပြူးပျာ ပျာ ဖြစ်ကုန်သည်။ ထိုအချိန်မှာ အခန်းပိုင်ရှင်က အကြံတစ်ခုရသည်။ ငွေစက္ကူတွေ အမြန်သိမ်းသည်။ ပြီးတော့ သွားတိုက်ဆေးတွေ ညှစ်ထုတ်ပြီး ကစားနေသူများ၏ လက်ဖျံပေါ်မှာ လိုက်သုတ်သည်။ တံခါးဖွင့်ပေး၍ ဆရာတွေ ဝင်လာသောအခါ ကျွန်တော်တို့ ထုံးတို့တမ်း အပျော်ကစားတာပါဟု ပြောသည်။ ဆရာတွေမှာသိသ် ကြီးနှင့် မပြောသာတော့ဘဲ အပျော်ပဲဖြစ်ဖြစ် မကစားရဘူးဟူ၍သာ သတိပေး လိုက်ရလေသည်။

အေးဖေသည် သူများတကာလို ဆေးခန်းမဖွင့်ဘဲ ကြုံသလို ကုသည်။ သူ ရပ်ကွက်ထဲက လူတွေကတော့ အိမ်ကိုလာကြသည်။ သူကလည်း အိမ်မှာဆေးခန်း ထိုင်သလို ပုံမှန်တာမဟုတ်။ စိတ်ကူးတည့်ရာ လျှောက်သွားနေတတ်သည်။ သူ့ပုံ မှန်အလုပ်ကတော့ သူငယ်ချင်းအပေါင်းအသင်းများ အရေးပေါ် ကိစ္စကြောင့် ဆေး ခန်းပိတ်ထားရမည့်အခြေအနေမျိုး ကြုံလာလျှင် သူက အစားဝင်ထိုင်ပေးသည်။ ဒီလိုနှင့် သူသည် ဆေးခန်းတစ်ခု မဖွင့်တော့ဘဲ သူများဆေးခန်းတွေမှာ လိုက်အစား ဝင်ပေးရင်း ဆေးကုနေတော့သည်။ သူကလည်း အငြိမ်နေတတ်သူ မဟုတ်သဖြင့် ဒီလိုနေရတာကိုပဲ ပျော်သည်။

သူက ခပ်ရွှတ်ရွှတ်ကောင် ဖြစ်၏။ တစ်ခါတလေ နားကြပ်တို့ သွေးပေါင်ချိန် တိုင်း ကိရိယာတို့ကို ဖဲဝိုင်းမှာ ပေါင်ချင်ပေါင်ခဲ့သည်။ သူ့နောက်ဆုံး ရည်းစားနှင့် ကွဲခဲ့ရတာလည်း ဒီကိစ္စပဲ ဖြစ်၏။ ကောင်မလေးကလည်း သူ့လို ဆရာဝန်ပေါက်စ



င် ဖြစ်သည်။ အေးဖေနားကြပ်ပေါင်ထားသဖြင့် ကောင်မလေး နားကြပ်အပိုတစ်ခု ငှားသည်။ ထိုနားကြပ်ကိုလည်း ဝိုင်းတစ်ခုမှာ ပေါင်လိုက်မိသည်။ ဒါကို ကောင် လေးသိသွားသဖြင့် စိတ်ဆိုးပြီး အေးဖေကို အဆက်ဖြတ်လိုက်သည်။

ဒီလိုကောင်မျိုးက တိုးဝင်တို့လို ခပ်အေးအေးသမားတွေနှင့် ပေါင်းမိတာ ဆုံးတော့ ထူးဆန်းသည်။ တစ်ခုတော့ရှိ၏။ အေးဖေက ကိန်းကြီးခန်းကြီးနိုင်သူတွေ နှင့် အကြောမတည့်။ ကျောင်းမှာတုန်းကလည်း ငွေကြေးချမ်းသာသောကြောင့် သည်းကောင်း၊ မိဘအရှိန်အဝါကြောင့်လည်းကောင်း ဆေးကျောင်းတက်ခွင့်ရခဲ့ပြီး သူတို့ကိုယ်သူတို့ ပါရဂူကြီးတွေဂိုက်ဖမ်းနေသူတွေကို အေးဖေက သိပ်အမြင်ကတ် သည်။

အေးဖေသည် ရွှတ်တတ်ပေတတ်သော်လည်း ပေါင်းလို့သင်းလို့ ကောင်းသည် သူတို့အုပ်စုထဲမှာ အေးဖေပါလာသဖြင့် စိုစိုပြည်ပြည်ရှိလာသည်။ အေးဖေကလည်း ကောင်တွေ လူရိုးလူအေးတွေပဲဆိုပြီး တစ်ခါတစ်ခါ အနိုင်ကျင့်တာကလွဲရင် သူတို့ အပေါ် သံယောဇဉ် ရှိသည်။

"ဟော. . . ဟိုကောင်လာပြီ"

တိုးဝင်းက ခပ်သုတ်သုတ်လျှောက်လာသော အေးဖေကို မြင်သဖြင့် ပြော လိုက်၏။

"ဟေ့ကောင်၊ ဒေါက်တာ ကြေးစည်"

"ဘာလဲကွ၊ ဒေါက်တာ ပေါက်တူး"

ဆန်နီကျော်စိုးက လှမ်းနောက်သည်ကို ပြန်နောက်ရင်း အေးဖေဝင်ထိုင်သည် တစ်ဆက်တည်း. . .

"လက်ဖက်ရည် ချိုကျဲဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု မှာသည်။ လက်ကလည်း စမူဆာတစ်ခုကို လှမ်းကိုင်ပြီးသား ဖြစ်၏။ သူသည် အဝတ်အစားကို ဘယ်တော့မှ သပ်သပ်ရပ်ရပ် ဝတ်လေ့မရှိ။ ဒီနေ့တော့ ပိုတောင်ဆိုးနေသည်။ ရှပ်အင်္ကျီအဖြူမှာ ညစ်ပေနေသည်။ ပုဆိုးက တွန့်ကြေနေပြီ။ ဆံပင်စုတ်ဖွား၊ မျက်နှာက ချောင်ကျနေသည်။

"မင်း မျက်နှာသစ်လာရဲ့လား"

ဟု ရွှေထွန်းအောင်က မေးသည်။ စမူဆာကို ပါးစပ်ထဲ အပြည့်အသိပ်ထည့် ဝါးနေရသဖြင့် ပါးစပ်မှ မဖြေဘဲ ခေါင်းညိတ်ပြသည်။ ပြီးမှ သူ့ကိုယ်သူ မလုံဘဲ မျက်စိကို လက်နှင့်ပွတ်၍ မျက်ချေးစမ်းနေသည်။

"မင်းပုံစံကြည့်ရတာ ညက တစ်ညလုံးဝိုင်းမှာ ထိုင်ကစားပြီးမှ ထလာတာနဲ့ တူတယ်"

ဆန်နီကျော်စိုးက မေးရာ အေးဖေက ရေနွေးကြမ်းတစ်ကျိုက်သောက်ချပြီးမှ ဖြေသည်။

"ဝိုင်းက ထလာတာ မဟုတ်ဘူးကွ၊ ရဲစခန်းက လာခဲ့တာ"

"ဘာ. . . မင်း ဖဲဝိုင်းဖမ်းတဲ့အထဲ ပါသွားလို့လား"

"မဟုတ်ဘူးကွ၊ နေဦးကွာ. . ပြောရမှာ အရှည်ကြီး၊ လက်ဖက်ရည် သောက်လိုက်ဦးမယ်"

လက်ဖက်ရည်ကို တစ်ဝက်လောက် ကုန်အောင်မော့ချပြီးမှ ဆက်ပြောသည်။

"ဒီလိုကွာ၊ လွန်ခဲ့တဲ့ သုံးရက်လောက်က ဒလဘက်ကမ်းမှာ မဲနီရည် သွားသောက်ရင်း ဆိုင်မှာ လူတစ်ယောက်နဲ့ ခင်သွားတယ်။ သူက သူတို့ရွာကို လိုက်ခဲ့ပါလားလို့ ခေါ်တယ်။ ခုချိန်ဆို ရွာမှ ဆေးကုလို့ကောင်းတယ်ဆိုပဲကွ။ ငါ့မှာလည်း ဘာပစ္စည်း ကိရိယာမှ မပါဘူး၊ ဒါနဲ့ ငါလည်း စမ်းကြည့်ဦးမှပဲဆိုပြီး ဒလမှာရှိတဲ့ ဆေးခန်းတစ်ခုကနေ ပလတ်စတစ်ဆေးထိုးပိုက်တွေဝယ်ပြီး လိုက်သွားတယ်"



"မင်းကတော့ ဖြစ်ရမယ်"

"အမယ်၊ ဟိုမှာ မဆိုးဘူးကွ။ အားဆေးထိုးချင်တဲ့လူ၊ အကြောဆေး ထိုးချင်တဲ့လူ၊ အကြောဆေး သွင်းချင်တဲ့လူတွေ အများသား"

"သူတို့က အားနည်းနေကြလို့လား"

"မဟုတ်ဘူးကွ၊ သူတို့ဆီမှာ ထုံးစံပဲ၊ စပါးရောင်းပြီးလို့ ငွေပေါ်လာပြီဆိုရင် အားဆေးထိုးကြတာပဲ"

"အားဆေးကတော့ ထားပါတော့လေ၊ အိုင်ဗီကတော့ မလိုအပ်ဘဲ မထိုးသင့်ဘူး"

တိုးဝင်းက ဝင်ပြောသည်။

"ငါလည်း ပြောတာပဲကွ၊ အကြောဆေးဆိုတာ မစားနိုင်မသောက်နိုင် ဖြစ်ပြီး အားနည်းနေတဲ့လူမှ သွင်းရတာ၊ ဆေးသွင်းတာထက် အာဟာရဖြစ်အောင် စားတာက ပိုပြီး အကျိုးရှိတယ်လို့ ပြောတာပဲ။ တချို့ဆို သန်သန်မာမာ တောင့်တောင့်တင်းတင်းတွေကွ၊ ဒါပေမယ့် ပြောလို့မရဘူး၊ ပိုက်ဆံရှိတုန်း ကြုံကြိုက်တုန်း သွင်းထားရတာပဲတဲ့"

"မင်း စိုပြည်လာတာပေါ့"

"အဲဒီ ကိစ္စက စတာပဲလေ၊ ငါက အကြောဆေးတစ်လုံးအတွက် ငါးကျပ်လောက်ကျန်ရင် တော်ပြီဆိုပြီး အစိတ်လောက်ယူတယ်။ အဲဒီမှာ ငါ့ကို မသက်ဖြစ်လာကြတာပဲ။ အရင်က လာနေတဲ့ ဆရာဝန်က ငါးဆယ်လောက် ... ကိုး။ ငါက ယူတာနည်းနေတော့ ဆေးအတုတွေမို့လို့လား၊ ဘာလား ... ပေါ့။ တစ်ရက်နှစ်ရက်နေတော့ ရွာကလူကြီးတွေက ငါ့ ... ကြည့်ချင်တယ်ဖြစ်ရော၊ငါကလည်း ဘယ်ပါမလဲကွ။ နောက်ပြီး ငါ့ပုံစံ...

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့သိတဲ့အတိုင်း ခပ်စုတ်စုတ်၊ ဆေးထိုးအပ်တွေကလည်း တစ်ခါသုံး ပလတ်စတစ်ပိုက်တွေကိုး၊ ဗီမှာတင် ငါ့ကို ဒေါက်တာရမ်းကုဆိုပြီး ရဲစခန်းပို့တော့တာပဲ"

"ကောင်းတယ်၊ မှတ်ကရော"

"စခန်းမှူးက နည်းနည်းနားလည်မှုရှိလို့ တော်သေးတာပေါ့ကွာ၊ ဆရာဝန်အစစ်ဖြစ်နေရင် အားနာစရာဖြစ်မယ်ဆိုပြီး ငါ့ကို အချုပ်ခန်းထဲတော့ မထည့်ဘူး၊ ဘာဝန်မှူးရုံးခန်းထဲမှာ ပက်လက်ကုလားထိုင်တစ်လုံးနဲ့ အိပ်နိုင်းတယ်"

"နောက်တော့ ဘယ်လို လွတ်လာသလဲ"

"မနက်ကျတော့မှ သတိရတာကွ၊ အရှေ့ပိုင်းဆေးရုံမှာ ဆရာဦးသန်းထွတ်ရှိတယ်လေ၊ အဲဒါနဲ့ ဆရာ့ကို ဖုန်းဆက်ခေါ်၊ ဆရာက ဟိုဘက်ကမ်းက ကူးလာပြီး ငါ့ကို ဆရာဝန်ပါပဲလို့ အာမခံလို့ လွှတ်ပေးလိုက်တာ"

အေးဖေတို့ ဝိုင်းဟားကြသည်။ ရွှေထွန်းအောင်က. . .

"မင်းကို ဒေါက်တာရမ်းကုလို့ထင်တာ တော်သေးတာပေါ့၊ အမှန်က နွားသူခိုးလို့ ထင်ရမှာ"

အေးဖေက ရွှေထွန်းအောင်ကို ဆဲလိုက်ပြီး. . .

"ဆေးထုတ်တဲ့စာအုပ် မပါလို့ ဆေးတောင် မထုတ်ရသေးဘူး၊ ဘာတွေပေးလဲကွ"

ဆိုပြီး တိုးဝင်း၏ အိတ်ကို ဖြကြည့်သည်။

"ဟင်. . . နည်းနည်းလေးပါလား"

"ဒါတောင် နောက်တစ်ခါပေးဖို့ မသေချာတော့ဘူးလို့ ပြောလိုက်တယ်"

"ဒွတ်တဲ့မှပဲ၊ ဆေးကုစားဖို့ မကောင်းတော့ဘူး၊ ဖဲဝိုင်ခံတာကမှ စားသာဦးမယ်၊ ဒါနဲ့ မင်းဆေးခန်း ဘယ်လိုနေလဲကွ"



ဘာမှမတတ်နိုင်ဘူး

အေးဖေက တိုးဝင်းကို မေးသည်။

"ဖွင့်ကာစတုန်းကလောက် မဆိုးတော့ပါဘူး၊ အခု ကိုယ်အတွက် နည်းနည်းပါးပါး ကျန်လာပြီ"

"အေးပေ၊ လက်ထောက်ဆရာဝန် တစ်ရာ့ငါးဆယ်ခေါ်မယ်တဲ့၊ မင်း ဖြေမှာလား"

ဆန်နီကျော်စိုးက မေးသည်။ အေးဖေက ခေါင်းခါသည်။

"မဖြေဘူး၊ ဂျူတီနဲ့လုပ်ရတဲ့ အလုပ်မျိုး ငါနဲ့ မဖြစ်ပါဘူး၊ ပုံမှန်ထိုင်ရမှာမို့လို့ ဆေးခန်းတောင် မဖွင့်တာ ကြည့်ပါလား"

"ငါတို့သုံးယောက်တော့ ဖြေမယ်ကွ၊ တစ်သက်လုံး ဂျီပီဘဝနဲ့ နေမသွားနိုင်ဘူး၊ အလုပ်ထဲဝင်မှ ပညာလည်း တိုးမယ်။ နောက်ထပ် ဘွဲ့လွန်လေး ဘာလေးလည်း တက်ချင်တယ်"

"ကောင်းပါတယ်၊ မင်းတို့လို စိတ်ဓာတ်မျိုးနဲ့ စပယ်ရှယ်လစ်ဖြစ်ရင် လူနာ အတွက် ကောင်းတာပေါ့၊ မင်းတို့ထဲက တစ်ယောက်ယောက် ဆီးနဲ့ကျောက်ကပ် စပယ်ရှယ်လစ်ဖြစ်အောင် လုပ်ကြစမ်းပါ"

"ဘာဖြစ်လို့လဲ"

"ငါက အညောင်းထိုင်တဲ့ကောင်ဆိုတော့ ကြီးလာရင် ဆီးရောဂါဖြစ်မှာ သေချာတယ်၊ ငါ့ကို ကုဖို့ပေါ့"

ရွှေထွန်းအောင်က နာရီကြည့်ပြီး. . .

"ငါသွားတော့မယ်ကွာ၊ အိမ်မှာ အလုပ်တွေ ရှိသေးတယ်"

"နေပါဦးဟာ၊ ဘယ်လိုဖြစ်တာလဲ"

"ဒီကောင်က ပုံနှိပ်ဆရာဝန်လေ"

www.burmeseclassic.com

www.burmeseclassic.com



ဆန်နီကျော်စိုးက ပြောသည်။ ရွှေထွန်းအောင်တို့ အဖေက ပုံနှိပ်စက်လုပ်ငန်းလုပ်သည်။ ရွှေထွန်းအောင် ဆရာဝန်ဖြစ်ခါစမှာပင် သူ့အဖေဆုံးသည်။ အကြီးဆုံးလည်း ဖြစ်၊ တစ်ဦးတည်းသော သားယောကျ်ားလေးလည်း ဖြစ်သဖြင့် ပုံနှိပ်လုပ်ငန်းကို သူပဲ ဦးစီးလုပ်ကိုင်ရတော့သည်။ ဆေးခန်းက တစ်ဖက်၊ ပုံနှိပ်တိုက်က တစ်ဖက် သူ အလုပ်ရှုပ်ရပုံကို ပြောပြသည်။

"စာပြင်ဆရာ မလာတဲ့နေ့ဆိုရင် ဆေးခန်းထိုင်ရင်း လူနာတွေကြည့်ရင်းနဲ့ စာပြင်ရတယ်ကွ၊ ဒီကောင် တစ်ခါတစ်ခါ ပုံနှိပ်လုပ်ငန်းသုံး ဝေါဟာရနဲ့ ဆေးဝေါဟာရ ယောင်မှားပြီး ပြောမိတတ်သေးတယ်၊ လူနာတစ်ယောက်ကို ခင်ဗျား တက်ထရာဝမ်းကိုစ်သောက်ရမယ်လို့ ပြောရမယ့်အစား တက်ထရာတစ်ဖောင် သောက်ရမယ်ပြောမိတာမျိုး၊ စာပြင်တဲ့ ပရုဖ်စာရွက်ပေါ်မှာ ဝမ်းဘီဒီရိုက်ပါလို့ရေးမိလို့ စက်ဆရာက ငါ့ကို ဟားတာမျိုးပေါ့ကွာ"

သူငယ်ချင်းတွေ ရယ်နေတုန်း ရွှေထွန်းအောင်က ခဲစာလုံးဝင်ဝယ်သွားရဦးမယ်ကွာဆိုပြီး လက်ဆွဲအိတ်ကလေးဆွဲ၍ ထရပ်လိုက်သည်။

"လက်ဖက်ရည်ဖိုး ငါရှင်းသွားမယ်"

ဟုပြော၍ ကောင်တာဆီသွားပြီး ငွေရှင်းသွားသည်။ သူ ထွက်သွားသည်ကို ကြည့်၍ ဆန်နီကျော်စိုးက. . .

"ဒီကောင် ဆရာဝန်သာလုပ်နေတာ စိတ်က ဘုန်းကြီးစိတ်ကွ၊ ပုံနှိပ်စက်က ဝင်ငွေရှိနေလို့ ခံသာတာ၊ သူ ဆေးကုပုံနဲ့သာ လုပ်စားရရင် မွဲမယ်၊ သုံးတော့ ဆေးအကောင်းစားတွေ၊ ပိုက်ဆံကျတော့ လျှော့ယူတတ်တယ်"

"ကျောင်းတုန်းကတည်းက ဒီအတိုင်းပဲလေ၊ သက်သတ်လွတ်စားတာတို့ ဥပုသ်စောင့်တာတို့ လုပ်တတ်တာပဲ၊ တစ်ခါတုန်းကလေကွာ ဥပုသ်ယူလာတဲ့နေ့ကျမှ ဖားခွဲရလို့ ဒီကောင် ခွကျခဲ့သေးတာကော"



"တကယ်တော့ ဒီကောင်ဆေးကျောင်းတက်ဖို့ မကောင်းဘူး၊ စက်မှုတက္ကသိုလ် (နည်းပညာတက္ကသိုလ်)တက်ဖို့ ကောင်းတယ်၊ ဒါဆို ပုံနှိပ်စက်လုပ်ငန်းနဲ့ အံကိုက်. . ."

"ဆရာဝန်နဲ့ အင်ဂျင်နီယာ ဘာကွာသလဲ"

အေးဖေက ဖြတ်မေးသည်။ သူ့ဘာသာပဲ ဖြေသည်။

"အမှတ်တစ်မှတ်ပဲ ကွာတယ်ကွ၊ မဟုတ်ဘူးလား၊ ငါတို့ ဆယ်တန်းအောင်တဲ့နှစ်က ဆေးတက္ကသိုလ် သတ်မှတ်တဲ့ အနိမ့်ဆုံးအမှတ်က လေးရာ့သုံးဆယ်ရှစ်မှတ်၊ လေးရာသုံးဆယ့်ခုနစ်မှတ်ရတဲ့လူဆိုရင် စက်မှုတက္ကသိုလ် ရောက်သွားရော၊ အမှတ်ကလေး တစ်မှတ်ကွာတာနဲ့ပဲ ဆရာဝန်နဲ့အင်ဂျင်နီယာရယ်လို့ ကွဲပြားခြားနားသွားရတယ်။ အဲဒီအမှတ်တစ်မှတ်ဟာ မြန်မာစာဖြေရင်း ခက်ဆစ်အဓိပ္ပာယ်တစ်လုံး မှားသွားလို့ လျှော့သွားတာလည်း ဖြစ်နိုင်တယ်။ ဓာတုဗေဒမှ တကော်တာတစ်ခု မေ့ကျန်ခဲ့လို့လည်း ဖြစ်နိုင်တယ်။ သင်္ချာမှာ အနုတ်လက္ခဏာလေး မထည့်မိလို့ အမှတ်လျှော့ခံရတာလည်း ဖြစ်နိုင်တယ်။ ကဲ အဲဒါတွေနဲ့ ဆရာဝန်နဲ့ ဘာဆိုင်သလဲ"

"တကယ်တော့ ဆရာဝန်ဆိုတာလည်း ဇီဝအင်ဂျင်နီယာပါပဲကွာ၊ တို့ သုံးနေတဲ့ ဆေးဝါးတွေဟာ ဓာတုပစ္စည်းတွေပဲကွ၊ ဓာတ်ရောင်ခြည်ကုထုံးဆိုတာကလည်း ရူပဗေဒပညာပဲ မဟုတ်လား၊ အရိုးအထူးကုဆေးရုံမှာဆိုရင် တကယ့်အင်ဂျင်နီယာလုပ်ငန်းမျိုးတွေ လုပ်နေရတာပဲလေ၊ အရိုးကိုဖြတ်၊ ဆက်၊ အစားထိုး စသည်ဖြင့် လုပ်နေကြတာ၊ တူတွေ၊ လွှတွေ၊ ပလာယာတွေ ကိုင်နေကြတာ မဟုတ်လား"

ဟု ဆန်နီကျော်စိုးက ဝင်ပြောသည်။ တိုးဝင်းကတော့. . .

"အမှတ်တစ်မှတ်လျှော့သွားလို့ ဆေးတက္ကသိုလ်နဲ့ လွဲသွားရတယ်ဆိုတဲ့ အဖြစ်မျိုးတွေ နေ့စဉ်နဲ့အမျှ ဖြစ်ပျက်နေတာပါပဲကွာ၊ လူတစ်ယောက်က ထိုအခ်

www.burmeseclassic.com

www.burmeseclassic.com



စောင်ထိုးတယ်၊ သိန်းဆုကြီးပေါက်တဲ့နံပါတ်နဲ့ တစ်လုံးပဲ လွဲသွားတယ်။ အဲဒါ သူ ညံ့လို့လား၊ ကံတရားလို့ပဲ ပြောရမှာပဲ။ ဆေးရုံတွေမှာကော ကံကောင်းလို့ အသက် ချမ်းသာရာ ရသွားတဲ့လူတွေ၊ ကံဆိုးလို့ မသေသင့်ဘဲ သေရတဲ့လူတွေ ရှိနေတာပဲ။ ငါကိုယ်ငါလည်း ကံကောင်းလို့ ဆရာဝန်ဖြစ်လာတာလား၊ ကံဆိုးလို့ ဆရာဝန်ဖြစ် လာတာလားလို့ ခဏခဏ တွေးမိတယ်။ ခုနေပြောသလို ကံဆိုးလို့ ကံဆိုးလို့ အမှတ် တစ်မှတ်လျော့ပြီး ဆရာဝန်လိုင်းနဲ့ လွဲသွားရတဲ့ အင်ဂျင်နီယာဖြစ်သွားပြီး နိုင်ငံခြား သင်္ဘောလိုက်ခွင့်ရသွားတယ်။ ပြီးတော့ တစ်ခေါက်တစ်ခေါက် လေးငါးသိန်းနီးပါး သောက် ပြန်ပါလာတယ်။ အဲဒါကော ဘယ်လိုပြောမလဲ၊ ဆရာဝန်အလုပ်ကို လုံးဝ ဝါသနာမပါဘဲ မိဘကို မလွန်ဆန်နိုင်လို့ ဆေးကျောင်းရောက်လာတဲ့ ကောင်က လည်း သူ့ကိုယ်သူ ကံဆိုးလှချည်ရဲ့လို့ ထင်မှာပဲ မဟုတ်လား"

* * * * *



ဒေါက်တာတိုးဝင်းသည် နည်းနည်းစိတ်ကူးယဉ်တတ်သော ဆရာဝန်များ နည်းတူ ဆေးခန်းဖွင့်လျှင် ဘယ်လိုနည်းပေးမလဲဟု ကျောင်းသားဘဝကတည်းက စဉ်းစားထားခဲ့သည်။

ပထမဆုံးစဉ်းစားသည့် နာမည်များထဲတွင် 'အာရောဂျ'ဆိုသော နာမည်က ထိပ်ဆုံးမှာပါသည်။ သို့ရာတွင် ဒီလိုနာမည်မျိုးကို သူ့ထက်ဦးသော စေ့ာင်တော် ဆရာဝန်တွေက မှည့်ပြီးကြပြီ။ သူနှင့် ညီအစ်ကိုလို ခင်နေသော ဒေါက်တာ ဦးငွေ စိုးဆိုလျှင် ရန်ကင်းမှာ 'အာရောဂျ' ဆေးကုခန်းဆိုပြီး ဖွင့်နေတာ ဆယ်နှစ်ကျော တော့။

နောက်တစ်ခုက 'ကုသဆေးခန်း'ဆိုသော အမည်။ လူတွေက ဆေးဝါးကုသ တာကို သဘောမပေါက်ဘဲ ပပဝတီနှင့်တွဲသည့် မင်းကုသဟု သဘောပေါက်သွား လျှင် ခက်မည်။ ဒါမျိုးဖြစ်ခဲ့ဖူးသည်။ သူ့ သူငယ်ချင်းတစ်ယောက် နယ်မြို့လေး တစ်မြို့မှာ ဆေးခန်းဖွင့်တော့ 'ဓေဒင်'ဆေးခန်းဟု နာမည်လှလှလေး ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဆိုလိုတာက ဧဒင်ဥယျာဉ်။ ဟိုက လူအများစုက ဧဒင်ဥယျာဉ်တွေ ဘာတွေ မသိ။ ဒါဆရာဝန်ရဲ့ နာမည်ဖြစ်မှာပဲဆိုပြီး ဒေါက်တာဦးဧဒင်ဟူ၍ နာမည်ကြီးခဲ့ဖူးသည်။

ဆေးခန်း နာမည်ပေးပုံက နည်းနည်းတော့ ဂရုစိုက်ရသည်။ မေတ္တာ၊ စေတနာ စသော နာမည်ရိုးရိုးလေးတွေပဲ ကောင်းသည်။ မီးအိမ်ရှင်ဆိုသော နာမည်ကို လည်း သူ စဉ်းစားကြည့်ခဲ့ဖူးသည်။ ဒဏ်ရာရနေသူများကို မီးအိမ်ကလေးတစ်လုံး ကိုင်၍ လိုက်လံပြုစုခဲ့သော ကမ္ဘာကျော်ဖေလော်ရင့်နိုက်တင်ဂေးကို ဂုဏ်ပြုသည် သဘော။ သို့ရာတွင် နိုက်တင်ဂေးကို လူတိုင်းသိကြသည်မဟုတ်။ တော်ကြာ မီး အိမ်ရှင်ဆိုတော့ လျှပ်စစ်မီးမရှိလို့ မီးခွက်မီးအိမ်နဲ့ကုတဲ့ ဆရာဝန်ပဲဟု ထင်မှာစိုး သေးသည်။

နောက်တော့ အရိုးဆုံး၊ အရှင်းဆုံး၊ အလွယ်ကူဆုံး၊ အကောင်းဆုံးဆေးခန်း နာမည်ကို စဉ်းစားမိသည်။ ဒေါက်တာတိုးဝင်း ဆေးခန်းဟူ၍တည်း။ ဒါလည်း အခက်အခဲတစ်ခုတော့ ရှိ၏။ ဆရာဝန်တွေမှာ စောင့်ထိန်းရသည့် စည်းကမ်းတစ်ခု ကြောင့် ဖြစ်သည်။ ဆရာဝန်များသည် မိမိကိုယ်ကို ကြော်ငြာခွင့် မရှိခြင်းပင်။ ဆိုင်း ဘုတ်ဆိုတာကလည်း ကြော်ငြာတစ်မျိုးပဲ မဟုတ်လား။

ဆေးဝါးကုသခြင်းမှာ ကျန်းမာရေးလုပ်ငန်း ဖြစ်၏။ စီးပွားရေးသက်သက် မဟုတ်။ ထို့ကြောင့် ဆရာဝန်တစ်ယောက်အနေနှင့် လူနာတို့အား မိမိနှင့်ကုသ ပါရန် စည်းရုံးဆွဲဆောင်ခြင်း မပြုသင့်။ တကယ်လို့သာ ဒါမျိုး လုပ်ခွင့်ပြုလိုက်လျှင် သတင်းစာတွေထဲမှာ ဆရာဝန်ကြော်ငြာတွေနှင့်သာ ပြည့်ကုန်ပေလိမ့်မည်။

"ဆရာနဲ့တွေ့လျှင် ဇီဝကနဲ့တွေ့တာထက် စိတ်ချရတယ်"

"သေမင်းတောင် လက်ဖျားခါလောက်တဲ့ ဒေါက်တာ ဘယ်သူဘယ်ဝါ"



စသော စာသားမျိုးတွေ ဖြစ်လာနိုင်သည်။ ရုပ်မြင်သံကြားကြော်ငြာကဏ္ဍ မှာလည်း အမျိုးသမီးဆရာဝန်တွေ ဖက်ရှင်ပုံဆန်းမျိုးစုံဝတ်ပြီး သီချင်းတွေ ဘာ တွေ ဆိုချင်ဆိုကြလိမ့်မည်။ ဒါမျိုး တားမြစ်ထားတာပဲ ကောင်းပါတယ်လေ။

ဒီလို တွေးမိတော့ ဆေးခန်းကို သူ့နာမည်တပ်ဖို့ကိစ္စ ဖျက်လိုက်ရသည်။ ညီမလေးနာမည်တပ်တာ ကောင်းပါတယ်ဟု ဆုံးဖြတ်လိုက်၏။

တကယ်တမ်းကျတော့ ဆေးခန်းနာမည်ကို သူ့စိတ်ကြိုက် မှည့်ခွင့်မရခဲ့။ ရှိပြီးသား ဆေးခန်းတစ်ခုကို လက်လွှဲယူလိုက်ရသောကြောင့်ပင် ဖြစ်၏။ မူလပေး ထားခဲ့သည့် နာမည်ကလည်း မဆိုးလှပါ။ သစ္စာရိပ်ဆေးခန်းတဲ့။ ထို့ကြောင့် နာမည် မပြောင်းတော့ဘဲ ဆက်ဖွင့်ခဲ့သည်။

* * *

ဒီနေ့ ဆေးခန်းကို ပထမဆုံးရောက်လာသူက ကလေးလူနာတစ်ဦး ဖြစ်၏။ ကလေးက ဗိုက်နာသဖြင့် အော်ငိုနေသည်။ သူက စမ်းသပ်နေရင်း ကလေးအမေကို မေးနေသည်။ ကလေးအမေမှာ မနေ့ညက ဝမ်းကိုက်ဝမ်းလျှောသည့် အဘွားကြီး အိမ်မှာ တွေ့ခဲ့ရသော မိန်းမကြီး ဖြစ်၏။

ဗိုက်နာပုံက အမြဲတမ်း နာနေသလား။ ဘယ်နေရာက နာသလဲ။ နာသည့် နေရာ အပြောင်းအလဲ ရှိသလား။ တစ်ချက်ဘစ်ချက် အပ်နဲ့ထိုးလိုက်သလို စူးခနဲ နာသလား။ မိန်းမကြီးက ရေရေရာရာ မဖြေနိုင်။ ကလေးက လေးနှစ် ငါးနှစ်သား လောက်တော့ ရှိမည်။ မေးလျှင်ဖြေနိုင်လောက်သည့် အရွယ်ပင်။ သို့ရာတွင် မေး ခွန်းတွေကို မဖြေဘဲ နာတယ်၊ ဗိုက်နာတယ်ဟူ၍သာ အော်ငိုရင်း ထိုးနေခြင်းပင် ဖြစ်၏။

စမ်းသပ်ကြည့်ရသလောက်တော့ သံကောင်တွေ ထိုးနေခြင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သံရှိတိုင်း ဗိုက်နာတိုင်း အပေါ့ပေါ့စလို သံချဆေးပေးလို့ မဖြစ်။ ကလေးဆေးရုံမှာ အလုပ်သင်ဆရာဝန်အဖြစ် နေခဲ့တုန်းက အတွေ့အကြုံရှိဖူးသည်။

တစ်ညတွင် အသည်းအသန်ဗိုက်နာဖေသာ ကလေးလူနာတစ်ယောက် ရောက်လာသည်။ ဆေးခန်းတစ်ခုမှ အတွေ့အကြုံနည်းသေးသော ဆရာဝန်တစ်ယောက် သံချဆေးကျွေးရာမှ ပြဿနာတက်လာခြင်း ဖြစ်၏။ အမှန်တော့ ကလေးက အူခေါက်နေခြင်းဖြစ်သည်။ ဒီကြားထဲ သံချဆေးနှင့် ဝမ်းနုတ်ဆေးကြောင့် အူတွေက ပုံမှန်ထက် ပိုလှုပ်ရှားသည်။ အူကြောင်းပိတ်နေသဖြင့် ထွက်ပေါက်မရှိဘဲ ရောင်ရမ်းပြီး အရေးပေါ် အခြေအနေရောက်ရသည်။ ချက်ချင်း ခွဲစိတ်ကုသရသည်။ ခေါက်နေသည့် အူ၏အထက်ပိုင်းမှာ အစာဟောင်းများနှင့် ပြည့်သိပ်ဖောင်းကားပြီး ပေါက်ထွက်လုဆဲဆဲ လက်မတင်လေး ကယ်ဆယ်နိုင်ခဲ့သည်။ ကလေးဆေးရုံကြီးမှ ဆရာဝန်များ၏ အတွေ့အကြုံရင့်ကျက်မှု ကျွမ်းကျင်မှုကြောင့် အသက်ချမ်းသာရာ ရခဲ့ခြင်း ဖြစ်သည်။

ခုလည်း သံချဖို့ကို အလောတကြီးမလုပ်ဘဲ ဗိုက်နာသက်သာစေသည့် ဆေးများ ပေးလိုက်သည်။ နောက်တစ်နေ့ ဗိုက်နာသက်သာပြီဆိုမှ သံချပေးမည်ဖြစ်ကြောင်း ပြောရသည်။ ဗိုက်ကိုနှိပ်နယ်ပြီး မပြုဖို့ မှာသည်။

"ဟိုလေ... လည်ပင်းနဲ့ ရင်ဘတ်ကို ထုံးတားလို့ရမလား ဆရာ"

"ဗျာ... ထုံး ဟုတ်လား"

"ဟုတ်... သံကောင်တွေ အထက်ဆန်မတက်အောင်"

ခုမှ သဘောပေါက်သည်။ သူတို့ ငယ်ငယ်ကလည်း သံချဆေးသောက်ပြီးလျှင် လူကြီးတွေက လည်ပင်းနှင့် ရင်ဘတ်ကို ထုံးနှင့်တားပေးတာ သတိရသည်။ အန္တရာယ်ဖြစ်စရာ မရှိသဖြင့်...



"ရပါတယ်၊ လုပ်ပါ"

ပြောရင်း မနေ့ညက လူနာအဘွားကြီးကို သတိရလိုက်သဖြင့်...

"မနေ့ညက ဝမ်းလျှောတဲ့ အမေကြီး ဘယ်လိုနေသေးလဲ"

ဟု မေးလိုက်သည်။

"ဝမ်းလျှောတာတော့ သက်သာသွားပြီလို့ ရွှေရွှေနဲ့တွေ့တော့ ပြောသွားကြတယ်။ ဒါပေမယ့် မောမောနေတယ် ဆိုလားပဲ"

အားနည်းနေတယ် ထင်တယ်။ တစ်ခေါက်လောက်တော့ သွားကြည့်ဖို့ကောင်းတယ်။ သို့ရာတွင် မပင့်မခေါ်ဘဲ သွားလျှင် ဒီဆရာဝန် ဗိုက်ဆာလို့ချင်လို့ နသားပါယား လာကုတာပဲ ထင်သွားလိမ့်မည်။ သို့နှင့် ဓာတ်ဆားတစ်ထုပ်ပေးလိုက်သည်။ ဗိုက်ဆံပေးရန် မလိုကြောင်းလည်း ပြောလိုက်ရ၏။

အမှန်တော့ ဒီဓာတ်ဆားထုပ်ကလေးတွေကို ဆေးရုံတိုင်း၊ ကျန်းမာရေးဌာနတိုင်းက အခမဲ့ ဝေငှပေးခြင်းဖြစ်၏။ ခုပေးလိုက်သည့် ဓာတ်ဆားထုပ်ကတော့ မင်္ဂလာဈေးမှာ ဆယ်ထုပ် တစ်ဆယ့်လေးကျပ်ဈေးဖြင့် ဝယ်ထားရခြင်း ဖြစ်လေ၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ကုနေသောလူနာ သေဆုံးသွားခြင်းသည် ဆရာဝန်တစ်ဦးအဖို့ အဆိုးဆုံး သတင်းပင် ဖြစ်၏။ ခုလည်း ဒီလိုသတင်းကို ကြားခဲ့ရလေပြီ။ ဆေးရုံတွေမှာ အလုပ်သင် ဆရာဝန်အဖြစ် ဆင်းခဲ့တုန်းက လူတွေတွေ ဖိတ်စဉ်ခဲ့တာ ကြုံဖူးသည်။ သို့ရာတွင် ဟိုစဉ်က မိမိမှာ တိုက်ရိုက်တာဝန်မရှိ။ ခုဟာကတော့ သူကိုယ်တိုင် ကုသခဲ့သည့် လူနာဖြစ်၏။ ပြီးတော့ သူ့ဆရာဝန်သက်တမ်းတွင် ပထမဆုံး လက်သွတ်ဆုံးရှုံးရသော လူနာဟူ၍လည်း ဆိုနိုင်သည်။

ဟိုတစ်ညက အိမ်ကိုလိုက်ကုပေးသော အဘွားကြီး ဆုံးသွားခြင်းပင် ဖြစ်၏။ ထိုသတင်းကို ကြားကြားချင်း မေ့ဆေးပေး ကိရိယာနှင့် မျက်နှာကို ဖုံးအုပ်ခြင်းခံလိုက်ရသလို မိုက်ခနဲ ဖြစ်သွားရသည်။

လူတစ်ယောက် သေဆုံးသွားသည်။ ဆရာဝန်အလုပ်ကိုလုပ်လျှင် ဒါမျိုး ကြုံကိုကြုံရမည် ဖြစ်၏။ ကျုပ်ဆရာဝန်သက်တမ်းတစ်လျှောက်မှာ ကုခဲ့သမျှ လူနာတစ်ယောက်မှ မသေဖူးဘူးဗျဟု ဆရာဝန်တစ်ယောက်က ပြောလာခဲ့လျှင် ထိုသူသည် သွားဘက်ဆိုင်ရာ ဆရာဝန်သာ ဖြစ်ပါလိမ့်မည်။



သူကတော့ ထိုအဘွားကြီးသည် မသေသင့်ဘဲ သေရခြင်းများ ဖြစ်နေဟု စိတ်နောင့်စနင်း ဖြစ်နေ၏။ ဝမ်းကိုက်ဝမ်းလျှောတာလေးလေးလောက်နှင့် သေရသလား၊ သူကုတာ ဘာများ မှားသွားသလဲဟု ဆန်းစစ်ကြည့်သည်။ ဘာမှ မမှား။ ဆေးပေးပုံ မှန်ကန်သည်။

သို့ဖြစ်လျှင် လူနာက အသက်ကြီးလွန်းသောကြောင့် ဒါလောက် [illegible]ကို မခံနိုင်ဘဲ ဆုံးပါးသွားရခြင်းသာ ဖြစ်ရမည်။ ဒါမှမဟုတ် ရောဂါဒဏ်ကို မခံနိုင်လောက်အောင် အားနည်းနေလို့. . .။ ဒါပဲဖြစ်ရမည်။

ဒါဆိုရင်. . . သူကုစဉ်တုန်းက ဂလူးကို့စ်ပုလင်းကြီး တစ်လုံးသွင်းလျှင် ကောင်းမည်ဟု စဉ်းစားခဲ့သည်။ ပြီးတော့မှ တစ်ပုလင်း ခြောက်ဆယ်[illegible] မှာ သူတို့တတ်နိုင်မှာ မဟုတ်ဘူးဟု တွေးပြီး အကြောဆေး ပုလင်းက[illegible] သာ သွင်းပေးခဲ့သည်။ အကယ်၍ ပုလင်းကြီးသွင်းခဲ့လျှင် ရောဂါပိုး၍ ခံ[illegible] ပြီး ခုလို သေချင်မှသေမည်။ ဟိုနေ့ကတည်းက ဘာပဲဖြစ်ဖြစ် ပုလင်းကြီးသွင်းပေးခဲ့ရ ကောင်းသား။ မတတ်နိုင်သေးလျှင် အကြွေးပေါ့။ နောက်မပေးနိုင်တော့ ကော. . .။ [illegible]ဖြစ်သလဲ မိမိမှာ ခြောက်ဆယ်ဆုံးမည်။ ဒါပဲ။ ဒီထက်မပို။ ခုတော့ ငွေခြောက်[illegible]မတတ်နိုင်၍ လူတစ်ယောက် သေဆုံးခဲ့ရခြင်းများ ဖြစ်နေ[illegible]

သူတို့မှ ငွေမရှိမှန်း ဟိုနေ့က[illegible] သိခဲ့ပြီးသား။ ထို့ကြောင့် နောက်တစ်နေ့မှာ လာမခေါ်နိုင်တာကို မပင့်မဖိတ်လို့ မသွားဘူးဟု ဆရာဝန်မာနနှင့် နေခဲ့မိသည်။ တစ်ခေါက်လောက် သွား[illegible]. . .။

ဒ်ကိစ္စတော်တော်ခက်သည်။ ဆရာဝန်ဆိုသည်မှာ အလကားကုပေးချင်[illegible]တောင် လူနာက သဘောတူခွင့်ပြုမှ ကုခွင့်ရှိသည်။ ကြွက်နို့သတ်တဲ့[illegible] ဟိုအစ်ကိုကြီး ကြွက်နို့သတ်မလား၊ လုံးဝမနာမကျင်ဘဲ အမြစ်ပါ[illegible] ရမယ်' ဆိုတာမျိုး လုပ်မရ။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် မိမိမှာ တာဝန်မကင်းဘူးဆိုသော အစွဲအလမ်းက ပျောက်ပျက်မသွားခဲ့။

သို့နှင့် နောက်တစ်နေ့တွင် စောစောလာပြီး ဆေးခန်းမဖွင့်ခင် အသုဘအိမ်သို့ သတင်းမေးရန် ထွက်လာခဲ့သည်။ တစ်ခေါက်ရောက်ခဲ့ဖူးသော်လည်း လမ်းကို ကောင်းကောင်း မမှတ်မိ။ သို့တိုင်အောင် အခက်အခဲမရှိ။ အသုဘအိမ် ဘယ်မှာလဲ မေးရုံဖြင့် အိမ်တိုင်ရာရောက် လိုက်ပို့ကြသည်။

အိမ်ရှေ့မှာ ထုတ်ထားသော ခေါင်းကိုမြင်လိုက်သောအခါ သူ့ခြေလှမ်း အနည်းငယ် တုံ့သွား၏။ မိမိကုသခဲ့ဖူးသော လူနာပါလား။ အမောဖောက်နေသော အဘွားကြီး၏ မျက်နှာကို မြင်ယောင်လာသည်။

အသုဘအိမ်မှာ လူသိပ်မများလှ။ များလို့လည်း မဖြစ်။ အိမ်ခန်းက ကျဉ်းကျဉ်းလေး။ အိမ်ရှေ့ကွက်လပ်မှာ ကနဖွင်းလေးတစ်ခုကို အဖြစ်သဘော ထိုးထားသည်။ ငှားရမ်းထားဟန်တူသော ကုလားထိုင် အနည်းငယ်ချထားသည်။

သူဝင်သွားသောအခါ သူ့ကို မှတ်မိသူအချို့က ပျာပျာသလဲ ဆီးကြိုပြီး အိမ်ရှေ့ကုလားထိုင်တစ်လုံးမှာ နေရာပေးသည်။

ထိုအခိုက်တွင် ဟိုနေ့က ခန်းကောင်းထိုးသော ကလေးလူနာ၏အမေ ထွက်လာသည်။ မိန်းမကြီးသည် ဒေါက်တာတိုးဝင်းကို မြင်သောအခါ အံ့ဩသလို တစ်ချက်ကြည့်လိုက်ပြီးနောက် ရုတ်တရက် အော်ကြီးဟစ်ကျယ် ငိုချလိုက်လေတော့သည်။

"အမယ်လေး လေး အဘွားခေါ်မယ်မျှင်ရဲ့၊ အဘွားကိုကုဘဲ့ ဒေါက်တာ လာပြီလေ၊ ထကြည့်ပါဦးတော့"

ဒေါက်တာတိုးဝင်းသည် သေအေးစက်တပ်ထားသော ရုပ်ရှင်ရုံထဲကနေ အပြင်ကို ရုတ်တရက် ထွက်လိုက်ရသလို ရှိန်းခနဲ ဖြစ်သွား၏။ လူတွေက သူ့ကို



ဝိုင်းကြည့်ကြသည်။ သူလည်း ဘာလုပ်ရမှန်းမသိဘဲ ကြောင်တောင်တောင် ပြန်ကြည့်နေမိ၏။

"ဒေါက်တာ ပေးခဲ့တဲ့ ဓာတ်ဆားရည်လေးတောင် ကုန်အောင် သောက်မသွားရရှာပါလား အဘွားရေ၊ အဘွားရဲ့"

လာမိတာ မှားပြီ၊ ငါကိုယ်က အသုံးမကျတာပဲဟု သူ့ကိုယ်သူ အပြစ်တင်၏။ ကိုယ်ကုထားတဲ့ လူနာရဲ့ အသုဘကို လာတဲ့ဆရာဝန်လောက် မျက်နှာပြော တာ လောကမှာ ရှိသေးရဲ့လား။ တကယ်တော့ ဒါက ရှာပနအခမ်းအနားတစ် မဟုတ်ဘူး၊ ငါ့ကို ပြစ်တင်ရှုတ်ချတဲ့ပွဲပဲ။ ဒီလိုပွဲမျိုးကိုမှ ကိုယ်တိုင်ကိုယ်ကျ တ ရောက်ချီးမြှင့်နေမိပါရောလား။

ငိုနေသော မိန်းမကြီးကို သူ့ယောက်ျားဖြစ်ဟန်တူသော လူတစ်ယောက် ဆွဲခေါ်သွားသည်။ ထို့နောက် ရွှေရွှေသည် ရေနွေးကြမ်း ဇန်းကလေးကို ကိုင် ထွက်လာ၏။

"ရေနွေးသောက်ပါဦး ဆရာ"

ဟုပြောရင်း ဝင်ထိုင်သည်။ ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးသည်။ ဒေါက် တိုးဝင်းသည် ဘာစကားက စပြောရမှန်းမသိ။ ခုလို အသုဘတစ်ခုမှာ စိတ်သက် ရာရကြောင်း အားပေးစကားမျိုးလည်း သူမပြောတတ်။ သင်္ချိုင်းရဆိုတာ ဒီလိုပဲ ဘယ်သူမှ လွန်ဆန်နိုင်တာ မဟုတ်ဘူး မဟုတ်လားဟု ပြောရမလား။ ဘာရော နဲ့ ဆုံးတာလဲဟု မေးလို့လည်း မဖြစ်။ နောက်ဆုံးတော့. .

"ဘယ်လိုဖြစ်သွားတာလဲ"

ဟူ၍ပင် ပါးစပ်က ထွက်သွား၏။ ပြောပြီးမှ ဘာဖြစ်ရမှာ ကြောင့် လို့များ ပြန်ပြောမလားဟု စိုးရိမ်သွားမိသေးသည်။ ရွှေရွှေ. . .

www.burmeseclassic.com

www.burmeseclassic.com



"မီးစာကုန် ဆီခန်းပေါ့ ဆရာရယ်၊ အသက်ကြီးလွန်းတော့လည်း တော်ရုံ ရောဂါဒဏ်ကို မခံနိုင်ဘူး ထင်ပါရဲ့"

ရွှေရွှေသည် အဘွားဖြစ်သူ ဆုံးသည့်အတွက် အတော်ယူကျုံးမရဖြစ်ဟန် ရှိသော်လည်း တည်တည်ငြိမ်ငြိမ် ပြောဆိုနိုင်သည်။ သူ့စိတ်ကို သူ ထိန်းထားဟန် တူ၏။ ပင်ပန်းသည့်ဒဏ်ကြောင့် မျက်တွင်းကလေးကျပြီး အသားအရေ ဖျော့တော့ နေသည်။ သူ့နှုတ်ခမ်းအရောင်၊ မျက်လုံးအရောင်ကို တဒင်္ဂကြည့်ရုံဖြင့် အားနည်း နေမှန်း ဆရာဝန်မျက်စိဖြင့် သိလိုက်၏။ ဒီတစ်ခါတော့ ဘာဘာညာညာ စဉ်းစား မနေတော့ဘဲ. . .

"ကျန်းမာရေးလည်း ဂရုစိုက်ပေါ့။ အားနည်းနေတယ်ထင်တယ် အကူအညီ လိုရင် ဆေးခန်းလာခဲ့ပေါ့"

ဟု ပြောလိုက်သည်။ ထိုစဉ်တွင် စောစောက အော်ငိုနေသော မိန်းမကြီး ပြန်ရောက်လာပြန်သည်။ ငိုဦးမလား မသိဘူးဆိုပြီး လန့်သွားမိ၏။ ဒီတစ်ခါကော့ မငိုတော့ဘဲ. . .

"ဟဲ့. . . ရွှေရွှေ၊ ဆရာ့ကို လက်ဖက်ရည် ဝယ်တိုက်လိုက်ဦးလေ"

"ဟာ နေပါစေ အဒေါ်၊ မဟုတ်တာပဲ ကျွန်တော် အချိန်မရတော့ဘူး၊ ဆေး ခန်းဖွင့်ရဦးမယ် ကဲ. . ."

အခွင့်အရေးရခိုက် တစ်ခါတည်း လစ်ထွက်ဖို့ ပြင်ရသည်။ အိတ်ထဲ မှာ အသင့်ပါလာသော ငွေသုံးဆယ်ပါသည့် စာအိတ်ကို ထုတ်၍ ရွှေရွှေကို ကမ်း လိုက်ရင်း. . .

"ဘယ်လိုမှတော့ သဘောမထားပါနဲ့၊ ကျွန်တော် တတ်အားသလောက် ကူ တာပါ"



ရွှေရွှေက နေပါစေဟု အသံတိမ်တိမ်ဖြင့် ပြောသည်။ အငိုသန်သော မိန်းမ ကြီးက. . .

"ဟဲ့. . . ဘယ်ဟုတ်မလဲ၊ ဒါမျိုး မငြင်းကောင်းဘူး"

ဆိုမှ မငံ့မရဲ လှမ်းယူသည်။ ထွက်လာပြီး လမ်းပေါ်အရောက်တွင် ဟိုညက သူ့ကို လာပင့်သော လူငယ်နှင့်ဆုံသည်။ လူငယ်က အသုဘအိမ်မှာသုံးဖို့ ရေထမ်း လာခြင်း ဖြစ်၏။ ခေါက်တာတိုးဝင်းက ပြုံး၍ နှုတ်ဆက်သော်လည်း သူက ပြန်မပြုံး ဘဲ ခပ်စိမ်းစိမ်းသာ ကြည့်သွားသည်။

ဆေးခန်းသို့ ပြန်လျှောက်လာရင်း သူ စဉ်းစားနေသည်။ ဆေးခန်းဖွင့်လို့ နှစ် ပတ်တောင် မပြည့်သေး။ လူနာတစ်ယောက် ဖိတ်စဉ်သွားခဲ့ပြီ။ ပြီးတော့လည်း အသုဘကို အရှက်မရှိတဲ့မျက်နှာနဲ့ လိုက်လာသေးသည်။ ဒီရပ်ကွက်မှာ ဆေးခန်း ဆက်ဖွင့်လို့ ကောင်းပါဦးတော့မလား။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



'ဘို့ အသင်လောက။

လူ့ဘဝတွင် ထင်မှတ်ထားသည့် အရာတို့သည် ဖြစ်မလာဘဲ မထင်မှတ်သည့် အရာတို့ကား ဖြစ်တတ်ကြောင်း ကျွန်ုပ်ကောင်းကောင်းကြီး သိခဲ့ပါပြီ အသင် လောက'

ဟူ၍ ဖာတစ်လုံးခေါင်းကျားဇာတ်ကားထဲကလို အော်လိုက်ချင်တော့သည်။ အကြောင်းမှာ ဒေါ်မယ်မျှင် ကွယ်လွန်သွားခြင်းနှင့်ပတ်သက်၍ ဘယ်သူကမှ သူ့ကို အပြစ်မပြောကြသောကြောင့်ပင် ဖြစ်၏။

သူကသာ သူ့ကိုယ်သူ လိပ်ပြာမသန့်ဖြစ်နေသည်။ ရပ်ကွက်ထဲကလူတွေက တော့ ဘယ်လိုမှ သဘောမထားကြ။ သူ့ဘာသာ သေနေ့စေ့လို့ သေတာပဲဟူ၍သာ အောက်မေ့ကြသည်။

မြန်မာလူမျိုးအများစုသည် လူနာတစ်ယောက် သေဆုံးသွားလျှင် သေနေ့စေ့ လို့ ဒါမှမဟုတ် ကံမကောင်းအကြောင်းမလှလို့ဟူ၍သာ သဘောပိုက်တတ်ကြသည်။



ဆရာဝန်ကုသပုံ မဟုတ်လို့လား၊ ရောဂါကို လွဲမှားစွာ ကောက်ချက်ချလို့လား စသည် ဖြင့် မဆန်းစစ်ကြချေ။

အနောက်နိုင်ငံတွေမှာဆိုလျှင်တော့ လွဲမှားစွာ ကုသမိတာမျိုး မဆိုထားနှင့် ဆေးတစ်မျိုးကို ပေးသင့်ပါလျက် မပေးမိလို့ လူနာ နစ်နာရလျှင်ပင် ခွင့်မလွှတ်ကြ၊ သေဆုံးတာ မဟုတ်သေး၊ လူနာမှာ တစ်ခုခုထိခိုက်နစ်နာရလျှင်ပင် ဆရာဝန်ကို တရားစွဲပြီး လျော်ကြေးသန်းနှင့်ချီတောင်းတတ်ကြသည်။ အင်း. . . ဒီတစ်ချက်တ တော့ မြန်မာပြည်မှာ ဆရာဝန်ဖြစ်ရတာ ကံကောင်းတဲ့ အချက်တစ်ချက်ပဲ။

ဒီရပ်ကွက်မှာ အခုဖြစ်ခဲ့တဲ့ ကိစ္စကိုပဲကြည့်၊ သူ့ကို အပြစ်မပြောကြသည့် အပြင် ဒေါ်မယ်မျှင် သေဆုံးခဲ့ပြီးနောက်မှာ သူ့ဆေးခန်းမှာ လူနာတွေ ပိုများလာ သည်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာ နောက်မှ သိရ၏။

အငိုသန်သော ဒေါ်ငွေယုံဆိုသည့် မိန်းမကြီးကြောင့်ပင် ဖြစ်လေ၏။ ဒေါ်ငွေ ယုံက ဤသို့ သတင်းဖြန့်သည်။

"ဒီဆရာဝန်လေးလောက် လူနာကို ဂရုစိုက်တာ တစ်ခါမှ မကြုံဖူးပါဘူး ကြည့်လေ လူနာကို ဆေးကုရုံတင်မကဘူး၊ မသေပြီးတဲ့အထိတောင် ဂရုစိုက်သေး တယ်၊ အသုဘကို ကိုယ်တိုင်လာ သတင်းမေးတဲ့အပြင် အကူငွေလည်း သုံးဆယ်ကြီး များတောင် ထည့်သွားသေးတယ်"

ဟူသတည်း။

ဒေါ်ငွေယုံသည် ဒေါက်တာတိုးဝင်း၏ ကြော်ငြာကိုယ်စားလှယ် ဖြစ်လာသည် တစ်ယောက်ယောက် နေမကောင်းတာတွေ့လျှင်. . .

"ဟဲ့. . . နေမကောင်းရင် ဆရာဝန်လေးဆီသွား၊ သိပ်ဆေးလိုက်တဲ့ဆရာဝန် ပါဘား အငယ်ဆုံးကောင် သန့်ထိုးဟုန်းက ကြည့်ပါလား။ အငယ် သူ့ကုပုံက

www.burmeseclassic.com

www.burmeseclassic.com



သိပ်သေချာတယ်နော်၊ သန်တစ်ကောင်မှ မလွတ်စေရအောင် ပထမနေ့မှာ သန်ကောင်တွေမူးပြီး မလှုပ်နိုင်တဲ့ဆေး တိုက်တယ်၊ နောက်နေ့မှ အပိုင်သန်ချတာ ဘာပြောကောင်းမလဲအော. . . . သန်ကောင်တွေဆိုတာ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် အကုန်ကျတာပဲ"

ဆိုပြီး ဆေးခန်းကို တွန်းပို့တတ်၏။ တချို့လူနာတွေကို သူကိုယ်တိုင် ခေါ်လာသည်။ လမ်းကြုံသည့်အခါလည်း ဆေးခန်းကို ဝင်ဝင်လာတတ်၏။ ရပ်ကွက်ထဲက လူတွေအကြောင်းကိုလည်း သူပြောပြသဖြင့် သိရသည်။

ရွှေရွှေအကြောင်းကိုလည်း ဒေါ်ငွေယုံပင် ပြောပြခဲ့သည်။

ရွှေရွှေတို့ မြေးအဘွားနှစ်ယောက်တည်း ရှိသည်။ ဆေးလိပ်ခုံမှာ အလုပ်လုပ်ကြသည်။ ဒေါ်မယ်မျှင်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်လောက်ကတည်းက ဆေးလိပ်လိပ်လာခဲ့သူ ဖြစ်၏။ ဒီအလုပ်နှင့်ပင် မိဘမဲ့မြေးကလေးကို ကျွေးမွေး ပညာသင်ပေးခဲ့ခြင်း ဖြစ်၏။

ရွှေရွှေက ရှစ်တန်းအထိ နေဖူးသည်။ သူသည် တက္ကသိုလ်တက်ဖို့လည်း ရည်မှန်းချက်မရှိ။ ပညာနှင့် လုပ်ကိုင်စားဖို့လည်း စိတ်မကူး။ သူ့အဘွား၏ လက်ငုတ် အလုပ်ဖြစ်သော ဆေးလိပ်သမအဖြစ် လုပ်ကိုင်ဖို့သာ ရည်ရွယ်ချက်ရှိ၏။ ဆေးလိပ်သမတစ်ယောက်အဖို့ ဘာပညာအရည်အချင်းမှ မလိုအပ်ချေ။ ယုတ်စွအဆုံး ဆေးလိပ်ပတ်ပေါ်မှ စာကိုတောင် ဖတ်တတ်ဖို့မလို။ အဘွားက စာလေးတတ်တော့ အောက်မကျဘူးပေါ့အေဆိုပြီး သင်ခိုင်းခဲ့ခြင်း ဖြစ်၏။

ရှစ်တန်း ပထမအစမ်း စာမေးပွဲမှာ ရွှေရွှေသုံးဘာသာကျသည်။ ကျောင်းက မိဘအုပ်ထိန်းသူလာတွေ့ပါ။ ရွှေရွှေ၏ ပညာရေးအတွက် ဆွေးနွေးလိုသည်ဟု ဆိုသည်။ ဒေါ်မယ်မျှင် သွားမတွေ့ရဲ။ ကျောင်းအုပ်ဆရာကြီးနှင့် တွေ့ရ စကားပြောရ



မှာ ကြောက်သည်။ ထို့ကြောင့် မသွားဘဲနေသည်။ ကျောင်းက ထပ်ခေါ်သည်။ သူကြီးမင်း၏ သမီး မရွှေရွှေ၏ ပညာရေးအတွက် တွေ့ဆုံဆွေးနွေးလိုပါသဖြင့် မျက်မကွက် ကြွရောက်ပါရန်'ဆိုသော စာက ရောက်လာပြန်သည်။ လူကြီးမင်း ဆိုသော စကားအသုံးအနှုန်းကို ဒေါ်မယ်မျှင် ပို၍ လန့်ဖျပ်စေသည်။ ဆွေးနွေးရအောင်လည်း ဘာမှ နားလည်မှာမဟုတ်။

"ရှုပ်ပါတယ်အေရယ်၊ ဒီလောက်တတ်ရင် တော်ရောပေါ့"

ဟုဆိုလာသည်။ ရွှေရွှေကလည်း ကျောင်းပိတ်ရက်တွေမှာ အဘွားနှင့် ဆေးလိပ်ခုံလိုက်သွားပြီး အလိပ်သင်နေတာ အတော်တောင် ဟုတ်နေပြီ။ ဆေးလိပ်ခုံမှာ ဆေးလိပ်သမတွေနှင့် ရုပ်ရှင်ကားအကြောင်းပြောရင်း သတင်းစုံ အဖျင်းစုံ နားထောင်ရင်း ဆေးလိပ်လိပ်ရတာ သိပ်ပျော်ဖို့ကောင်းသည်။ ထို့ကြောင့် ရွှေရွှေသည် ကျောင်းဆက်မတက်တော့ဘဲ ဆေးလိပ်လောကထဲသို့ ခြေစုံပစ် ဝင်လိုက်လေတော့သည်။

ဒေါ်မယ်မျှင် ဆုံးသွားသည့်အတွက် ရွှေရွှေစားဝတ်နေရေးအတွက် သိပ်ပူစရာ မရှိလှ။ သူတစ်ဝမ်းတစ်ခါးအတွက် ဆေးလိပ်လိပ်သည့် အလုပ်ဖြင့် ဖူလုံစေနိုင်သည်။ တစ်ခုပဲရှိ၏။ အဘွားမရှိတော့သဖြင့် သူတစ်ယောက်တည်း နေရသည်ကိစ္စ ဖြစ်သည်။ အပျိုအရွယ် မိန်းကလေးတစ်ယောက်တည်းနေဖို့ မသင့်တော်။

တစ်ခုတော်သွားသည်။ ဟိုဘက်ကပ်လျက် အခန်းမှာ ဒေါ်ငွေယုံတို့နေသည်။ ဒေါ်ငွေယုံ သမီးအကြီးဆုံးလေးက တစ်ဆယ့်တစ်နှစ်၊ တစ်ဆယ့်နှစ်နှစ်ရှိပြီ။ ညညဆို သူကလေးက ရွှေရွှေနှင့် လာအိပ်ပေးသည်။

ဒေါ်မယ်မျှင်ဆုံးသည့်အတွက် စိတ်ထိခိုက်တာရော ပင်ပန်းတာရော ပေါင်းပြီး ရွှေရွှေအတော်အားနည်းသွားသည်။ ရက်လည်သည့် ညနေက မူးလဲမလိုတောင် ဖြစ်သွားရ၏။ ထို့ကြောင့် ဒေါ်ငွေယုံက ဆေးခန်းကို ခေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတိုးဝင်းသည် ဒေါ်မယ်မျှင်နှင့်ပတ်သက်၍ ပေးဆပ်ရန် ရှိနေသည် ဟူသော အစွဲဖြင့် ရွှေရွှေ့ကို ဂရုတစိုက် ကုသပေးလိုက်၏။ မိုရီယာမင် အကြေ ဆေး၊ ဘီဆစ်၊ ဖျူရာမင်၊ မာလ်တီဗိုက်တာမင် စသည်ဖြင့် အတော် အကုန်အက ခံလိုက်သည်။ ဆေးဖိုးမယူတော့ဟု စိတ်ကူးသော်လည်း မိန်းမပျိုလေးမို့ မယူဘူး ဆိုတာမျိုး ဖြစ်မှာစိုး၍ စတိသဘောသာ ယူလိုက်သည်။

ရွှေရွှေက သူ့ကို ကျေးဇူးတင်သည့်အကြည့် လေးစားသည့်အကြည့်ဖြင့် ပြုံး၍ နှုတ်ဆက်သွားသည်။ ရွှေရွှေသည် ကြည့်လို့ကောင်းသော ရုပ်ရည်ရှိသည်။ သူ သတိပြုမိ၏။

* * * * *

ာမှမတတ်နိုင်ဘူး

အိမ်ပြန်ရောက်တော့ ညဆယ်နာရီ ထိုးခါနီးပြီ။ ဇဆေးခန်း ကိုးနာရီပိတ်ပြီး ာ:နှစ်ဆင့်စီး ပြန်ရတာကြောင့် ဖြစ်၏။ ညနေ ငါးနာရီလောက်က ထမင်းစား ွားခဲ့သည်။ ဒီအချိန်ကျမှ ပြန်လာရတော့ သူ တော်တော်ဆာဇနပြီ။ လမ်းမှာ ာက်ဖက်ရည်ဝင်သောက်မည် စိတ်ကူးသေးသည်။ လက်ဖက်ရည်တစ်ခွက်နှင့် မုန့် ာစ်ခုဆိုလျှင် လေးကျပ်လောက်ကုန်မှာကို နှမြောပြီး အိမ်ရောက်မှ ထမင်းစားမယ် ု စိတ်ကူးလာခဲ့၏။

အခန်းထဲဝင် ဆေးအိတ်ကို စားပွဲပေါ်တင်ပြီးတောက် အဝတ်အစားတောင် လဲသေးဘဲ မီးဖိုခန်းဘက် ထွက်လာခဲ့သည်။ ထမင်းစားပွဲမှာ အစ်မထိုင်နေသည်။ ူသား အကြီးကောင်ကို ထမင်းခွံ့ကျွေးနေ၏။ တိုးဝင်းက. . .

"အတော်ပဲ၊ ကျွန်တော့်ကို ထမင်းသုပ်ပေးစမ်းပါ အစ်မ"

ဟု ပြောလိုက်သည်။ အစ်မက. . .

"ဟယ်. . . အဲဒါမှ ဒုက္ခပဲ"

"ထမင်းမရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူ ထောင်းခနဲ ဒေါသဖြစ်သွား၏။ သို့ရာတွင် မျက်စိမျက်နှာပျက်နေသော အစ်မက ဘာမှမပြောချင်စိတ်မရှိ။ ထိုစဉ် အိမ်သာမှ ထွက်လာသော အမေ ဘာဖြစ်တာလဲဟု မေးသည်။ အစ်မက လေသံပျော့ပျော့ဖြင့်. . .

"ဒီကောင်လေး ထမင်းစားချင်တယ်ဆိုပြီး တကျီကျီလုပ်နေလို့ ကျွေးလိုက်တ အဲဒါ အခု မောင်တိုးဝင်စားဖို့ မကျန်လို့ အမေ"

အမေ့မျက်နှာ တင်းသွားသည်။

"ခက်တာပဲ၊ ညည်းတို့ကလည်း နည်းနည်းတော့ အလိုက်သိဖို့ကောင်းတ တစ်အိမ်လုံးစားဖို့ ရှာရဖွေရတဲ့လူက မောမောပန်းပန်းနဲ့ ပြန်လာလို့မှ စား မကျန်ဘူးဆိုတော့. . ."

အစ်မမျက်နှာမှာ ငိုတော့မလို အရိပ်အယောင်ဖြစ်လာ၏။ ထို့ကြော တိုးဝင်းက. . .

"တော်ပါတော့ အမေရာ၊ စားရတဲ့ကလေး မျိုမကျဖြစ်နေပါဦးမယ်"

ဟု ဝင်ပြောရသည်။ အမေက. . .

"ကဲ. . . ထမင်းတစ်လုံး ထပ်ချက်လိုက်"

"နေပါစေတော့ အမေ၊ ကျွန်တော် မစားတော့ဘူး"

ဟုပြောပြီး ရေတစ်ခွက်ခပ်သောက်၍ သူ့အခန်းဆီ ပြန်လာခဲ့သည်။ ဒီအချိ ကျမှ လက်ဖက်ရည်ဆိုင်လည်း ဖွင့်တော့မည်မဟုတ်။ အိပ်လိုက်တာပဲ ကောင်းမည်

အဝတ်အစားလဲနေတုန်း အစ်မသား အကြီးကောင် အော်ငိုသံကြားရသည် ကြောက်ပါပြီအမေရဲ့ နောက်မပူဆာတော့ပါဘူးဟု ငိုရင်း ပြောသည်။ အစ်မသည် ကလေးကို မဲပြီးရိုက်နေပြီဖြစ်၏။ ထိုအခါကျမှ တိုးဝင်း ပိုဒေါသဖြစ်လာသည် သက်သက်မဲ့ ကလေးကို။ သူ အခန်းထဲက ပြန်ထွက်မည်အပြု အဖေ့အသံကြားရ



"ဟဲ့. . . သမီးရဲ့ ကလေးက ဘာသိတာမှတ်လို့၊ ကလေးဆိုတာ ဆာရင်ဆာ တယ်ပြောမှာပဲ၊ ဒါ ရိုက်စရာလား။ အေး. . . အေး. . ., သားကြီးရယ် တိတ်ပါကွာ ဘိုးဘိုးဆီ လာနော်"

သူ ပြန်လှည့်ပြီး အိပ်ရာပေါ် လှဲချလိုက်၏။ အိပ်လို့တော့ မပျော်။ ဗိုက်ဆာ နေသောကြောင့်လည်း ဖြစ်၏။ သူတို့မိသားစုအကြောင်း တွေးလိုက်မိသောကြောင့် လည်း ဖြစ်၏။

တကယ်တော့ အစ်မ၏ဘဝသည် သနားစရာပင်။ သမီးအကြီးဆုံးဖြစ်၍ အားလုံးပေါ် အနစ်နာခံရသည်။ အမေ၏ တင်းကြပ်သော ချုပ်ကိုင်မှုအောက်မှာ နေခဲ့ရသည်။ အစ်မက ဉာဏ်မကောင်းသဖြင့် ဆယ်တန်းတောင် မအောင်ခဲ့။ အမေ့ကို ကြောက်ရသဖြင့် ရည်းစားတွေ ဘာတွေလည်း မထားရဲခဲ့။

အရွယ်ရောက်တော့ အမေသဘောတူစီစဉ်သည့် လူကို လက်ထပ်ခဲ့ရသည်။ ထိုသူသည် လုပ်ငန်းရှင်တစ်ယောက်ဖြစ်၍ အဆောက်အအုံရနိုင်မည်ဟု အမေမျှော် လင့်ခဲ့သည်။ အစပိုင်းမှာတော့ အမေ့တွက်ကိန်း မှန်သည်။ ကလေးနှစ်ယောက် ရပြီးနောက်တွင် ထိုသူက အစ်မအပေါ် ကြင်နာခြင်းမရှိတော့။ အပြင်မှာရှုပ်ပေပြီး အစ်မကို နှိပ်စက်ကလူပြုလာသည်။ ကြာတော့ အစ်မသည် ဒဏ်မခံနိုင်တော့ဘဲ ကလေးနှစ်ယောက်ကို ခေါ်၍ ထွက်လာခဲ့သည်။ ဒီလိုနှင့် မိဘအိမ်ကို ပြန်ရောက် လာသည်။

အစ်မမှာ အလုပ်အကိုင်မရှိသဖြင့် ဝင်ငွေလည်း မရှိ။ ထို့ကြောင့် သူတို့သား အမိသုံးယောက် စားဝတ်နေရေးကို အိမ်ကပဲ တာဝန်ယူရသည်။

အစ်မအနေဖြင့် ကိုယ့်မိဘအိမ် ကိုယ်နေခြင်း ဖြစ်သော်လည်း မိဘလုပ်စာ စားရခြင်းမဟုတ်။ မောင်ဖြစ်သူအပေါ် မှီခိုနေရခြင်း ဖြစ်သည့်အပြင် သူ့မှာက

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်ပါ အဆစ်ပါလာသဖြင့် အနေရခက်နေသည်။ သူ့အိမ်ထောင်ရေး အဆင်မပြေဖြစ်ခဲ့ရသည့် ဓာတ်ခံကလည်း ရှိနေသဖြင့် အလိုလိုနေရင်း သိမ်ငယ်စိတ်ဝင်နေသည်။

သူ့သားအကြီးကောင်ကို မြေးဦးမို့ အဘိုးဖြစ်သူက အလွန်ချစ်သည်။ အငယ်မလေးကိုလည်း အဘွားဖြစ်သူက အသည်းစွဲဖြစ်၏။ ဦးလေးတွေ အဒေါ်တွေကလည်း ကလေးတွေကို ချစ်ကြသည်။ သို့တိုင်အောင် အစ်မအဖို့ ဒီအိမ်မှာ မျက်နှာငယ်ရသည်ဟု အစွဲအလမ်း ဖြစ်နေလေသည်။

တိုးဝင်းကတော့ အစ်မကို သနားသည်။ အစ်မမှာ ဘာအပြစ်မှလည်း မရှိခဲ့။ ဟိုယောကျ်ားကလည်း သူကြိုက်လို့ ယူခဲ့ခြင်းမဟုတ်။ အမေပေးစားလို့ ယူခဲ့ရခြင်းဖြစ်၏။ တကယ်တမ်း အပြစ်တင်ချင်လျှင် အမေ့ကိုသာ အပြစ်တင်ဖို့ ရှိတော့သည်။ အမေသည် သူ့အမှားကို ဝန်မခံချင်လို့ အစ်မအပေါ် ခပ်နှိမ်နှိမ် ဆက်ဆံနေသလားဟု တစ်ခါတစ်ခါ တွေးမိ၏။

သူတို့မှာ ညီအစ်ကို မောင်နှမ ငါးယောက်ရှိ၏။ အကြီးဆုံးက ခင်ခင်ငြိမ်း၊ ပြီးတော့ တိုးဝင်း၊ သူ့အောက်က တိုးမင်း၊ နောက် မြင့်မြင့်ငြိမ်း၊ အငယ်ဆုံးက တိုးလင်း။

တိုးမင်းက ဘွဲ့ရပြီးပြီ။ သိပ္ပံဘွဲ့ဖြစ်၏။ မြင့်မြင့်ငြိမ်းက သမိုင်းအဓိက ဒုတိယနှစ်။ တိုးလင်းက ဆယ်တန်း။

အားလုံးထဲက တိုးဝင်းက အရေးပေးအခံရဆုံးဖြစ်၏။ မိဘများ၏ အချစ်ဆုံးသားဖြစ်သောကြောင့်တော့ မဟုတ်။ ယောကျ်ားလေးထဲမှာ အကြီးဆုံးဖြစ်ခြင်းနှင့် လောလောဆယ် မိသားစုအတွက် ဝင်ငွေအများဆုံး ရှာပေးနိုင်ခြင်းတို့ကြောင့်သာ ဖြစ်၏။



တစ်ပြိုင်နက်တည်းတွင် သူ့ပညာရေးအတွက် အိမ်မှထောက်ပံ့ငွေ အများဆုံး သုံးစွဲခဲ့ရသဖြင့် အိမ်ကိုတစ်လှည့်တစ်ပြန်ထောက်ပံ့ရန် တာဝန်အရှိဆုံးလူလည်း ဖြစ်နေသည်။ ဆေးကျောင်းမှာ ခုနစ်နှစ်ခန့်နေရပြီး စရိတ်စကလည်း အလွန်ကြီးသည်။ သူ့ပညာရေးအတွက် အိမ်မှာ ဆောင်ထားသမျှ အတော်များများ ထုတ်သုံးလိုက်ရကြောင်း အမေက မကြာခဏပြောလေ့ရှိသည်။ တစ်နည်းအားဖြင့် သူ့မှာ အိမ်ကို ထောက်ပံ့ဖို့ တာဝန်ရှိကြောင်း သတိပေးခြင်း ဖြစ်၏။

သူ ဆရာဝန်ဖြစ်သည့်အချိန်နှင့် သူ့အဖေ အငြိမ်းစားယူသည့်အချိန် တိုက်ဆိုင်လာကြသည်။ အဖေသည် လခထောင်ကျော်စား အရာရှိကြီးတစ်ဦး ဖြစ်ခဲ့သော်လည်း အပိုဝင်ငွေမရှိခဲ့သောကြောင့် မချမ်းသာခဲ့။ အငြိမ်းစားလစာက သုံးရာကျော် လေးရာနီးပါးသာရသည်။ ဒီတော့ တိုးဝင်း၏ဝင်ငွေသာလျှင် အားကိုးစရာ ဖြစ်နေ၏။

သူ အတွေးကောင်းနေသဖြင့် ခြင်ထောင်မချမိသေး။ ခြင်တွေ တစီစီ ဆိုင်းလာပြီး လက်ဖျံကို ဆစ်ခနဲအကိုက်ခံရမှ ခြင်ထောင်ထချရသည်။ ထိုအချိန်တွင် အခန်းဝမှာ အဖေ လာရပ်သည်။

"သား. . . အိပ်ပြီလား"

ဟု မေးသည်။

"အိပ်တော့မလို့ အဖေ"

ဆိုပြီး ခြင်ထောင်ကိုမ၍ အပြင်ထွက်သည်၊ အဖေ့လက်ထဲမှာ ပဲမုန့်ဝိုင်းလေး တစ်ခု။

"သားဆာရင် မုန့်စားပါလား"

သူ စိတ်မကောင်း ဖြစ်သွား၏။ အဖေက ညည ဆာတတ်သဖြင့် မုန့်ကလေး ပါကလေး ဝယ်ထားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဆာပါဘူး၊ အဖေပဲ စားပါ"

ဟုပြောပြီး အတင်းကျွေးမည်စိုး၍ ခြင်ထောင်ထဲ ပြန်ဝင်လိုက်သည်။ အဖေ ထွက်သွားတော့မှ မီးထပိတ်ပြီး အိပ်ရာထဲ ပြန်ဝင်လှဲသည်။ အဖေ့အကြောင်း တွေးမိပြန်သဖြင့် အိပ်မပျော်ဘဲ ဖြစ်ရပြန်၏။

အဖေသည် မိသားစုအပေါ် အမေ့ဩဇာသည်သာ အိမ်မှာ ပဓာနကျသည်။ အဖေသည် ပျော့်လည်းပျော့်တတ်သည်။ သားသမီးတွေကို သူငယ်ချင်းပေါင်း ပေါင်းတတ်သဖြင့် အဖေ့ကို မကြောက်ကြ။ အမေ့ကိုတော့ အဖေအပါအဝင် အားလုံးက လေးစားကြောက်ရွံ့ကြရသည်။

အဖေသည် အငြိမ်းစား ယူပြီးသည့်နောက်တွင် စိတ်နည်းနည်းကျသွားသည်။ အရင်ကလောက် မရွှင်တော့။ မိသားစုကို သူ မလုပ်ကျွေးနိုင်တော့ဘူးဟူသော အသိက သူ့ကိုအားငယ်စေဟန် တူသည်။ အမေက အိမ်၏ အရေးကိစ္စတို့အတွက် တိုင်ပင်ရန်၊ အဆုံးအဖြတ်ချနိုင်းရန် အဖေ့အစား တိုးဝင်းကို တစ်စတစ်စ ပို၍ နေရာပေးလာသည့်အခါ အဖေက မကျေမနပ်မဖြစ်ဘဲ ကြည်ကြည်ဖြူဖြူ ရှိသော်လည်း တိုးဝင်းကတော့ အဖေ့ကို အားနာမိ၏။

* * * * *



ဆေးခန်းရောက်တော့ လူနာနှစ်ယောက် စောင့်နေတာ တွေ့ရသည်။ နောက် ...း လူနာအတော်လိုက်လာသည်။ ရပ်ကွက်က သူ့ရုပ်ဆွေ့နုပ်မျိုး ဆရာဝန်အဖြစ် ...သိအမှတ်ပြုခဲ့ပြီဖြစ်သောကြောင့် အခြေအနေကောင်းလာခြင်း ဖြစ်၏။

လူနာနှစ်ယောက် ကုပေးလိုက်ပြီး နောက်ထပ် လူနာမလာခင် ဆေးလက် ...ျန်တွေကို ပြန်စစ်သည်။ ထပ်ဝယ်ဖြည့်ဖို့ ဆေးတွေ မှတ်သည်။ ထိုအတွင်း မိုး ...နည်းငယ် ရွာလာသည်။ ဒါဆို လူနာတွေ လာကြဦးမှာ မဟုတ်သေး၊ လူနာစောင့် ...သည့် ခုံတန်းရှည်လေးမှာ ထိုင်ရင်း အပြင်ကို ငေးကြည့်နေလိုက်သည်။

ဆေးခန်းကို ထွက်လာခါနီး အစ်မပြောလိုက်သည့် စကားကို သတိရ၏။ ...အစ်မကို ငွေငါးရာလောက်ချေးပါဟု ဆိုသည်။ ဘာလုပ်ဖို့လဲ မေးတော့. . .

"အရောင်းအဝယ်လေး ဘာလေး လုပ်မလားလို့ အလေးထားဆိုင်မှာမယ့် ...အတူတူ"

"ဘာရောင်းမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုပေါ့၊ တရုတ်ထည်လေးတွေ ယူပြီး လပေးလိုက်ရောင်းမ... စိတ်ကူးတယ်"

"အစ်မက အရောင်းအဝယ် လုပ်တတ်လို့လား"

"ဒီလိုပဲ စမ်းကြည့်ရမှာပေါ့ဟာ"

"အေးအေးပဲနေပါ အစ်မရယ်၊ ကိုယ်မကျွမ်းကျင်ဘဲနဲ့ အရင်းကလေး... ပါသွားဦးမယ်။ နောက်ပြီး လောလောဆယ်မှာလည်း ကျွန်တော့်မှာ အဲဒီလော... ပွဲမပေးနိုင်သေးဘူး ဆေးခန်းအတွက် ဆေးတွေ ဝယ်ဖြည့်ရဦးမယ်"

ဟု သူပြောခဲ့သည်။ အစ်မသည် ဘာအလုပ်မှ မရှိဘဲ မောင်ဖြစ်သူ... လုပ်စာကို မှီခိုနေရတာကြာတော့ အားနာလာဟန် တူသည်။ အစ်မ အလုပ်တစ်ခု... လုပ်မယ်ဆိုတာ သိပ်တော့ မဆိုးလှ။ အိမ်အတွက် ဝင်ငွေပိုလာနိုင်သည်။ အစ်... ဘက်က ကြည့်[illegible]လည်း ဟုတ်သည်။ နောင်နှစ်ဆိုလျှင် သူ့သားအကြီးကော... ကျောင်းထားရတော့မည်။ သူ့ယောက်ျားဆီကလည်း ကလေးတွေအတွက် အထော... အပံ့ဟူ၍ ဖြစ်ဖြစ်မြောက်မြောက် မရ။ မုန့်ဖိုး သာသာလောက်သာ ရှိမည်။ သူကလေး... တွေကို သူ့ဝင်ငွေနှင့် ကျွေးမွေးပြုစုလိုခြင်းမှာ သဘာဝကျသည်။

တိုးဝင်း စိတ်ကူးတစ်ခုရ၏။ အစ်မ စက်ချုပ်တတ်သည်။ အပ်ချုပ်စက်... တစ်လုံးလောက် ဝယ်ပေးထားလျှင် အလုပ်ဖြစ်နိုင်သည်။ အိမ်ရှေ့မှာ အပ်ချုပ်ဆိုင်... ကလေး ဖွင့်ချင်ဖွင့်၊ လောလောဆယ် အပ်ထည်တွေ ယူချုပ်လို့လည်း ရသည်။ နှစ်လသုံးလအတွင်းတော့ ဒီစိတ်ကူးကို အကောင်အထည် မဖော်နိုင်သေး။

ခုအခါ သူ့ဆေးခန်းမှာ လူနာအလာများသဖြင့် ဝင်ငွေတိုးလာတာတော့ မှန်... သည်။ ထို့အတူ ကုန်ပေါက်တွေကလည်း တိုးလာသည်။ အပ်ချုပ်စက်ဝယ်ဖို့ ကိစ္စ... အမေကို တိုင်ပင်ကြည့်လျှင် ကောင်းမလား၊ အမေက ကြံတတ် ဖန်တတ်သည်။ ချေးတန်ချေး၊ လှည့်တန်လှည့် လုပ်တတ်သည်။

ဒါလည်း မဖြစ်သေးပါဘူး။ ငွေလှည့်မည်ဆိုလျှင် ဒေါ်ဒေါ်မြင့်တို့ဆီပဲ ...မသွားမှာပဲ။ သူတို့နှင့် သိပ်မပတ်သက်စေချင်တော့။ ဒါတောင် သူတို့ဆီက ...မလှည့်သုံးထားသည့်ငွေ ...တော်များများ ရှိနေသေးသည်။

မိုးဖွဲဖွဲကြားမှာ ထီးစုတ်ကလေးဆောင်း၍လာသော ဒေါ်ငွေယုံကို မြင်သဖြင့် ...တွေးစ ပြတ်သွားသည်။ ဆက်တွေးစရာမလိုတော့သောကြောင့်လည်း စိတ်သက် ...ရာ ရလိုက်သလို ဖြစ်သွား၏။

ဒေါ်ငွေယုံက ထီးကို ရေစစ်အောင် အပေါက်ဝနားမှာ ထောင်ထားခဲ့ပြီး ...ဆေးခန်းပေါ် တက်လာ၏။ သူက ဒီလိုပဲ ကြုံလျှင် ဝင်လာတတ်သည်။ ပြီးတော့ ...ကွက်ထဲက အကြောင်းတွေ ပြောချင်ပြောသည်။ ဒါမှမဟုတ် သူ့ယောက်ျား ...ပြားကြီး ခြေထောက်တွေကိုက်နေတာ ဘာလုပ်ရမလဲဆိုတာမျိုး၊ အငယ်ကောင် ...လေး ဝမ်းချုပ်နေလို့ဆရာ ဘာဆေးတိုက်ရင် ကောင်းမလဲဆိုတာမျိုး မေးတတ်သည်။

ဒေါ်ငွေယုံ၏ ယောက်ျားက 'နောင်နောင်'သည် ဖြစ်၏။ ငှက်ပျောသီး၊ ရှောက်ချို... ...၊ ဆီးယိုတို့ကို မောင်းကလေးထုပြီး တွန်းလှည်းနှင့် လိုက်ရောင်းခြင်း ဖြစ်သည်။ ...ဒေါ်ငွေယုံကတော့ အိမ်မှာ ဟင်းရောင်းသည်။ ဟင်းဆိုသော်လည်း ကြက်သား ...ဝက်သား စသည်တို့မဟုတ်။ ပဲကုလားဟင်း၊ ချဉ်ပေါင်ကြော်၊ ငရုတ်သီးထောင်း ...ကြော်၊ အာပြခြောက်ကြော် စသည်တို့သာ ဖြစ်၏။ ရပ်ကွက်ထဲမှ လူတွေက ...တစ်ကျပ်ဖိုး နှစ်ကျပ်ဖိုး လာဝယ်ကြသည်။ သူ့ဟင်းဆိုင်ကလည်း ရောင်းကောင်း ...သည်။ ထို့ကြောင့် သူတို့မှာ သားသမီးလေးယောက်ရှိသည့်တိုင် ကသီလင်တ မဖြစ်... ...အကြီးသုံးယောက်ကို ကျောင်းထားနိုင်သည်။

"ဘာဖြစ်လာပြန်လို့လဲ"

ဟု ဒေါက်တာတိုးဝင်းက ဆီးကြိုနှုတ်ဆက်သည်။ ဒေါ်ငွေယုံက လေချဉ် ...တစ်ချက် အော့ခနဲ ဆန်ထုတ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟိုဒင်း. . . သားအိမ် အချဉ်ပေါက်တယ် ထင်ပါရဲ့ ဆရာရယ်"

"ဟာဗျာ ပေါက်ပေါက်ရှာရှာ၊ သားအိမ် အချဉ်ပေါက်တယ်ရယ်လို့၊ အစာ အိမ် အချဉ်ပေါက်တယ်ပဲ ကြားဖူးပါတယ်"

"အဲ. . . အဲ. . . ဟုတ်ပါရဲ့၊ အစာအိမ် အစာအိမ်၊ လေချဉ်တွေ အရမ်း တက်ပြီး ဗိုက်ထဲမှာလည်း မအီမသာနဲ့"

"ကဲ. . . စမ်းကြည့်ရအောင်"

ဒေါက်တာ တိုးဝင်းက ဒေါ်ငွေယုံကို ခုတင်ပေါ် လှဲခိုင်းပြီး ဗိုက်ကို စမ်းကြည့် သည်။

"သိပ်မဟုတ်ပါဘူး၊ အစာမကြေတာပါ။ ဆေးသောက်လိုက်ရင် ပျောက်သွား မှာပါ"

ဒေါက်တာတိုးဝင်းသည် သောက်ဆေးကွေ ပလတ်စတင်အိတ်ကလေးထဲ ထည့်ရင်း ရွှေရွှေကို သတိရလိုက်မိ၏။ ဒေါ်ငွေယုံအား ရွှေရွှေအကြောင်း မေးရမှာ နှုတ်မရဲသလို ဖြစ်နေသည်။ ဘာဆိုင်လို့လဲ။ ကိုယ့်လူနာ တစ်ယောက်အကြောင်း မေးတာပဲဟု တွေးပြီး. . .

"ဟိုမိန်းကလေး နေကောင်းရဲ့လား"

"ရွှေရွှေလား"

ဟု ဒေါ်ငွေယုံက ချက်ချင်းပြန်မေးသဖြင့် ဒေါက်တာတိုးဝင်း တွန့်ခနဲ ဖြစ် သွား၏။ ရွှေရွှေအပေါ် သူ ဂရုတစိုက်ရှိမိတာကို ဒေါ်ငွေယုံ သိနေသလား။ ဗို. . . ကိုယ့်ဘာသာကိုယ်တောင် မသိသေးဘဲနဲ့များ။ မဟုတ်တာ။

"အင်း. . ဟုတ်တယ်"

"ဒီကောင်မလေးအကြောင်းတော့ မပြောချင်ပါဘူး။ ကံဆိုးမသွားရာ မိုး လိုက်လို့ရွာ ဆိုသလိုပါပဲ"



"ဟင် ဘာဖြစ်ပြန်ပြီလဲ"

သူ တကယ်စိုးရိမ်စွာ မေးသည်။

"သူ အလုပ် လုပ်နေတဲ့ ဆေးလိပ်ခုံက ပိတ်လိုက်ရပြီလေ၊ သူလည်း အလုပ် မရှိတော့ဘူးပေါ့"

"ဒါဖြင့် သူ ဘာဆက်လုပ်မလဲ"

"လောလောဆယ်တော့ အလုပ်မရှိသေးဘူး၊ တခြားဆေးလိပ်ခုံတွေလည်း လူမလိုဘူး၊ ကျွန်မက ပြောပါတယ်၊ မပူပါနဲ့၊ ညည်းတစ်ယောက်တော့ ငါ ထမင်း ကျွေးပါ့မယ်လို့။ ဒါပေမယ့် ကောင်မလေးက မာနခဲလေး၊ သူ့ရှိတာလေးနဲ့ ခြစ်ခြုတ် စားနေတယ်။ ပြီးတော့ ဆန်ကွဲလိုက်ဝယ်ပြီး ပြန်သွင်းတဲ့ အလုပ်လုပ်မယ်လို့ ပြော တယ်"

ခုတလော ဆန်ကွဲလိုက်ဝယ်သည့် သူတွေ သူတွေ့ဖူးသည်။ အိတ်ကလေး တွေ ထမ်းပြီး "ဆန်ကွဲဝယ်တယ်၊ ဆန်ကွဲ" ဟု လိုက်အော်ကြသည်။ နေပူမရှောင် မိုးရွာမရှောင် သွားကြတာ အတော်ပင်ပန်းကြလိမ့်မည်။ ပြီးတော့ ရောင်းရသည့် အလုပ်ထက် ဝယ်ရသည့်အလုပ်က ပိုပင်ပန်းသည်။ ရောင်းတာက ဖြည်းဖြည်းချင်း ပစ္စည်းတွေ လျော့လျော့ကုန်သဖြင့် သက်သာလာသည်။ ဝယ်ရတာက တစ်စ တစ်စ ပစ္စည်း ပိုများလာသဖြင့် ပိုပိုလေးလာရ၏။

ရွှေရွှေမှာ ဆေးလိပ်သမကလေး ဖြစ်သဖြင့် အညောင်းထိုင်ရတာလွဲလျှင် ကြမ်းကြမ်းတမ်းတမ်း အလုပ်လုပ်ဖူးချင်မှ လုပ်ဖူးမည်။ နေပူကျဲကျဲထဲလည်း လျှောက် သွားဖို့ သင့်တော်သောသူ မဟုတ်။ သူ့အသားမှာ ဝါညက်ညက် ဖြစ်ပြီး ရင်ညီ ကလေးကလည်း သန့်သန့်ပြန့်ပြန့်။ ဒီလိုမိန်းကလေးမျိုးက ဆန်ကွဲဝယ်တယ်ဟု လိုက်အော်ရလျှင် ဘယ်လောက်များ ရှက်လိုက်ရာမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတိုးဝင်းအဖို့ ရုတ်တရက် ပေါ်ပေါက်လာသည့် စိတ်ကူး အစ အစဉ်ကို ချက်ချင်းဖွင့်ပြောလိုက်ခြင်းသည် ဒီတစ်ခါ ပထမဆုံးအကြိမ်ပင် ဖြစ်၏။

"ကျွန်တော့်ဆေးခန်းမှာ ကူဖို့ လူတစ်ယောက်လောက်ငှားရင် ကောင်းမလား စဉ်းစားနေတယ်၊ လူနာက နည်းနည်းများလာတော့ ကျွန်တော်တစ်ယောက်တည်း မနိုင်ဘူးလေ"

"ဒါဆို အတော်ပဲဆရာ"

"သူက ဆေးတွေ ဘာတွေ ပေးတတ်ပါ့မလား"

ပြောပြီးမှ စကားလောကြီးသွားကြောင်း သတိပြုမိ၏။ သူ့စိတ်ထဲက ရွှေရွှေကို အလုပ်ပေးချင်နေသော ဆန္ဒရှိနေတာ မှန်သည်။ သို့ရာတွင် ရွှေရွှေဟု မပြောရသေး။ ဒေါ်ငွေယုံကလည်း ဒါဆို အတော်ပဲဟူ၍သာ ဆိုရသေးသည်။ ရွှေရွှေကို ခန့်ပါလားဟု ပြောတာ မဟုတ်သေး။ သူကသာ သတိထား စဉ်းစားနေသည်။ ဒေါ်ငွေယုံကတော့ ဒီလောက်ထိ မတွေးမိ။ ရွှေရွှေအလုပ်ရမည် ဆိုသဖြင့် ဝမ်းသာမိခြင်းသာ ရှိ၏။ ထို့ကြောင့်. . .

"ဘာဖြစ်လို့ မတတ်ရမှာလဲ၊ ရွှေရွှေက ရှစ်တန်းထိ ကျောင်းနေဖူးတာပဲ၊ နောက်ပြီး ရွှေရွှေက ဉာဏ်ကောင်းတယ်၊ သင်ပေးပြပေးရင် ခဏနဲ့ တတ်မှာပဲ"

အသုံးများသည် ဆေးတွေကို ပုလင်းမှာ မြန်မာလိုရေးပြီး ကပ်ပေးထားလျှင် ရနိုင်တာပဲဟု သူတွေးလိုက်ပြီး. . .

"အင်းလေ၊ စမ်းကြည့်သေးတာပေါ့"

ဟု ပြောလိုက်၏။

"ဒါဆို ကျွန်မ ခုပြေးခေါ်လိုက်ရမလား"

"နေပါဦးလေ၊ သူ လုပ်ချင်သလား မေးကြည့်ပါဦး။ လုပ်ချင်တယ်ဆို နက်ဖြန် လာပါစေပေါ့။ ဒါနဲ့ သူ့ကို လခ ဘယ်လောက်ပေးရမှာလဲ"



"ဆရာ ကြည့်ပေးပေါ့၊ ဘယ်လောက်ဖြစ်ဖြစ် သူ လုပ်မှာပါပဲ"

ဒေါ်ငွေယုံက သေချာပေါက် ပြောနေ၏။ အဲ. . . ဒေါက်တာတိုးဝင်းကလည်း သေချာပေါက် တွက်ထားတာပါပဲ။

* * *

ဆေးခန်းကအပြန် ဘတ်စ်ကားပေါ်ကျမှ ပြန်စဉ်းစားကြည့်သည်။ ငါ ပြောခဲ့တာ ဟုတ်မှဟုတ်ရဲ့လား။ ဆေးလိပ်သမလေးတစ်ယောက်ကို ဆေးခန်းအကူအဖြစ်ခန့်တာ သင့်တော်ပါ့မလား။ ရွှေရွှေကကော လုပ်မှလုပ်တတ်ပါ့မလား။

နောက်ပြီး. . . သူ့အိမ်မှာ အားနေတဲ့လူတွေ ရှိနေတာပဲ။ ဥပမာ အစ်မဖြစ်ဖြစ်၊ တိုးမင်းဖြစ်ဖြစ်၊ တိုးမင်းကတော့ လုပ်မှာမဟုတ်။ သူ့ကျူရှင်ပြတဲ့ အလုပ်ကလည်း ရှိသေးတယ်။ အစ်မကျတော့လည်း သူကလေးနှစ်ကောင် ထားခဲ့ပြီး လိုက်လာလို့ မဖြစ်။ ရတယ်ထားဦး၊ လမ်းစရိတ်ကပဲ မနည်းကုန်မည်။ အလာမှာ ကားနှစ်ဆင့်စီးရသဖြင့် နှစ်ကျပ်ကုန်မည်။ အပြန်ကျတော့ အောက်ဆိုက်ကားဖြစ်၍ နှစ်ဆကုန်မည်။ လေးကျပ်။ အားလုံးပေါင်း ခြောက်ကျပ်။ ဒီတော့ တစ်လ တစ်ရာ့ရှစ်ဆယ်။

ဘာထူးသေးလဲ။ ရွှေရွှေကို တစ်လ တစ်ရာ့ရှစ်ဆယ်နဲ့ ငှားလျှင်. . . အို. . . နှစ်ရာပဲ ထားပါတော့။

သူသည် ရွှေရွှေကို အလုပ်ခန့်တာ အလွန်သင့်လျော်သော အစီအစဉ် ဖြစ်သည်ဟု သူ့ဘာသာသူ ဆုံးဖြတ်လိုက်လေ၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ရွှေရွှေသည် ဝမ်းသာရမလား၊ အံ့သြရမလား စဉ်းစားမရအောင် ဖြစ်နေ၏။ ဒေါက်တာတိုးဝင်း၏ ဆေးခန်းမှာ အလုပ်လုပ်ရလိမ့်မည်ဟု ဘယ်တုန်းကမှ စိတ်မကူးမိခဲ့။ ဒေါ်ငွေယုံ လာပြောစက ယုံတောင်မယုံ။ ဒီအဘွားကြီး ပေါက်ကရတွေ လာပြောနေသလား ထင်မိသေး၏။ ဒေါ်ငွေယုံ၏ ဝမ်းသာအားရ အမူအရာကြောင့် မငံ့မရဲ ယုံလိုက်ရသည်။

"ဒါပေမယ့် ဖြစ်မယ်မထင်ပါဘူး၊ ကျွန်မ ဆေးဆိုလို့ ဆေးလိပ်ပဲသိတာ"

"အိုအေ ဘာလို့မဖြစ်ရမှာလဲ၊ ဆရာက သင်ပေးပြပေးမှာပေါ့။ ညည်းက ရှစ်တန်းထိတောင် သင်ဖူးတဲ့ဥစ္စာ၊ ခဏနဲ့ တတ်မှာပါ"

သူ ရှစ်တန်းထိသင်ဖူးတာ မှန်သည်။ နှစ်တွေကြာလာတော့ စာတွေလည်း မေ့ကုန်ပြီ။ အင်္ဂလိပ်စာဆိုလျှင် မိုင်နိမ်းအစ်ရွှေရွှေဆိုတာကလွဲလျှင် ဘာမှသတိမရတော့။

ဘာပဲဖြစ်ဖြစ် ဒီအလုပ်ကိုငြင်းဖို့ မသင့်တော်တာ အမှန်ပင်။ သူ့လို ဆေးလိပ်သမလေးတစ်ယောက်၊ အင်. . . . ခုလို ဆေးလိပ်သမအဖြစ်ကတောင် ပြုတ်ခဲ့ပြီး



ကွဲလိုက်ဝယ်သည့်အလုပ် လုပ်ရအုံးဆဲဆဲ လူတစ်ယောက်အဖို့ အတော် အဆင့် သည့် အလုပ်တစ်ခုပင် ဖြစ်လေ၏။ ဒေါ်ငွေယုံပြောသလို ကုသိုလ်ကံထူးလို့ပဲ ပါတော့။ လခကတော့ ဘယ်လောက်ရမလဲ မသိ။ ဆန်ကွဲလိုက်ဝယ်တဲ့ လူတွေ တော့ တစ်နေ့တစ်ဆယ့်ငါးကျပ်၊ နှစ်ဆယ်ကျန်သည်။ တစ်ခါ ဆန်အကြေများ ည့် အပတ်ဆိုလျှင် အစိတ်သုံးဆယ်လောက်တောင် ရတတ်သည်ဟု ကြားဖူး၏။ လောက်တော့ ဆရာဝန်ဆီက ရမည်မထင်။ အင်းလေ ညပိုင်းခဏလေး လုပ်ရတာ တော့ အေးအေးဆေးဆေး သက်သက်သာသာ သိက္ခာရှိရှိလုပ်ရတာပဲ။ ဘယ် ာက်ရရပေါ့။ မစားလောက်ရင်လည်း နေ့ဘက် တခြားတစ်ခုခုလုပ်လို့ရသေး သပဲဟု တွေးသည်။

တစ်ခုတော့ အခက်အခဲရှိ၏။ သူ့မှာ အဝတ်အစားသစ်သစ်လွင်လွင် တစ် ည်မှ မရှိခြင်းပင်ဖြစ်၏။ ဆေးခန်းကိုလာမည့် လူနာများမှာ ရပ်ကွက်ထဲကပင် ၍ သူ့အကြောင်းသိပြီးသား လူတွေချည်း။ အဝတ်အစား ကောင်းကောင်း ကောင်းကောင်း ရွှေရွှေက ရွှေရွှေပဲ။ သို့တိုင်အောင် သူ့နေရာနှင့်သူ သပ်သပ်ရပ် ်တော့ ဖြစ်စေချင်သည်။

သူ့မှာရှိသည့် အဝတ်အစားတွေထဲက အလတ်ဆုံးတွေကို ရွေးချယ်ကြည့်နေ န်း တစ်စုံတစ်ယောက် အိမ်ထဲဝင်လာသဖြင့် ကြမ်းခင်းကိုနင်းသံ တကျွိကျွိ ကြား ၏။ လှည့်ကြည့်လိုက်တော့ အောင်မောင်း ဖြစ်နေ၏။

"ဟဲ့. . . မပြောမဆို ဘာဖြစ်လို့ စွတ်ဝင်လာရတာလဲ"

ရွှေရွှေက ဆီး၍ပြောသည်။ အောင်မောင်းက. . .

"အမယ်၊ နင့်အိမ်ခန်းထဲ ငါဝင်တာများ အဆန်းလုပ်လို့"

"ဆန်းတာပေါ့၊ အရင်က အဘွားရှိတယ်၊ အခု ငါတစ်ယောက်တည်းနေ

www.burmeseclassic.com

www.burmeseclassic.com



တာ။ မိန်းကလေးတစ်ယောက်တည်း ရှိတဲ့အိမ်ကို ခုလို မပြောမဆို ဝင်မလာသ
ဘူးပေါ့ဟ"

"နင်နဲ့ငါနဲ့အကြောင်း တစ်ရပ်ကွက်လုံး သိပြီးသားပါ။ ခုလည်း ငါဝင်လ
တာကို ဟိုဘက်ခန်းက ဒေါ်ငွေယုံ သမီးလေးက မြင်ပါတယ်။ ငါ့ကိုတောင် ရယ်
သေးတယ်"

"ဘာပဲဖြစ်ဖြစ် နင်နဲ့ငါနဲ့ ဘာမှမဟုတ်ဘူး၊ နောက်ကို လာချင်ရင် အိမ်ေ
ကနေ အရင်အော်ခေါ်ပြီးမှ လာ"

ပြောပြောဆို ရွှေရွှေက အိမ်ရှေ့အပေါက်ဝနားရှိ အပြင်က မြင်နိုင်သည
နေရာမှာ သွားထိုင်သည်။ အောင်မောင်းက ထိုင်ရာကမထဘဲ ဖင်ကိုရွှေ့ပြီး နေ
ပြောင်းလိုက်သည်။

"အေးပေါ့ဟာ၊ အလိုလိုကမှ မာနကြီးရတဲ့ကြားထဲ အခုတော့ နင်က သွေ
နားထင်ရောက်နေပြီ ဟုတ်လား"

"ဘာ၊ ငါက ဘာလို သွေးနားထင်ရောက်ရမှာလဲ"

"နင် ဟိုဆရာဝန်ဆီမှာ အလုပ်လုပ်မလို့ဆို"

"ဟုတ်တယ်"

"ဒါကြောင့် နင် သွေးကြီးမွေးကြီး နိုင်နေတာကိုး"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ နင် ငါ့ကို ပြောပုံဆိုပုံ မတူသလိုမတန်သလိုနဲ့။ နင်က
အထက်တန်းကို မှန်းချင်နေတာလား"

ရွှေရွှေ မျက်မှောင်ကုတ်သွားသည်။ အောင်မောင်း ဘာကိုဆိုလိုသလဲဟ
အလျှင်အမြန်တွေးသည်။ အောင်မောင်းကပဲ အဖြေထုတ်ပေးလိုက်သည်။



"ဟို ဆရာဝန်က နင့်ကို ဘာလို့ အလုပ်ခန့်သလဲ နင်စဉ်းစားမိရဲ့လား။ နင်က
သလို့ပေါ့၊ တခြားလူတွေ တစ်ပုံတစ်ပင်ကြီး ရှိလျက်သားနဲ့ နင်ကိုမှ ရွေးခန့်တာ
နိုးဘူး"

"ဟယ် မဟုတ်တာ၊ ဆရာက ဒီလိုစိတ်ထားမျိုး မရှိပါဘူး။ နောက်ပြီး ဖြစ်
ိုင်မဖြစ်နိုင် နင်ပဲ စဉ်းစားကြည့်ပါဦး၊ ငါ့လို ဆေးလိပ်သမ လူထွက်တစ်ယောက်
ကို သူ့လို ဆရာဝန်က စိတ်ကူးထဲတောင် ထည့်ပါမလားဟ"

"ငါ အဲဒါစိုးရိမ်တာပေါ့၊ သူက နင့်ကို အတည်ကြံတာဆိုရင် ငါကျေနပ်ပါ
တယ်ဟာ။ နင်ကောင်းစားမယ်ဆိုရင် ငါ အနစ်နာခံနိုင်ပါတယ်၊ အကယ်လို့
ကြောရရုံကြံတာဆိုရင်တော့. . ."

"တော်စမ်းပါ အောင်မောင်းရယ်၊ စိတ်ကူးတည့်ရာတွေ ပြောမနေစမ်းပါနဲ့
နင်ပြောပုံက လူတစ်ဖက်သားကို မယုံသင်္ကာဖြစ်ရာ ကျပါတယ်"

"နင်က နင့်ဆရာဝန်ကို ယိုလို့နာတာလား"

"နင် ဘယ်လိုပြောလိုက်တာလဲ။ နင့်စကားက ဘယ်အဓိပ္ပာယ်ရောက်သွား
သလဲ စဉ်းစားမိရဲ့လား"

"စဉ်းစားမိရဲ့ ဘယ်ကမလဲ၊ ဟိုဘက်တောင် လွန်သွားသေးတယ်။ နင့်ကိုယ်
ဦးက အဲဒီမှာ လုပ်ချင်နေတာ မဟုတ်လား"

ရွှေရွှေ စိတ်ဆိုးသွားသည်။

"အေး. . . ဟုတ်တယ်၊ လုပ်ချင်တယ်၊ အဲဒီဆေးခန်းမှာဆိုရင် သက်သက်
သာသာ ကြွေနွေရရလုပ်ရမယ်။ ကဲ. . . ငါက ဆေးခန်းမလုပ်ဘူးဆိုပါတော့
ဘယ်သူကျွေးထားမလဲ၊ နင် ကျွေးနိုင်လို့လား"

အောင်မောင်း၏ ပြောဆိုကွက်ကို ချက်ကောင်းထိသွား၏။ အသားမှာ
ညိုညိုဖြစ်၍ ရဲခနဲ ဖြစ်မသွားဘဲ မည်းခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြော်… ငါက အလုပ်အကိုင် အတည်တကျမရှိတဲ့ကောင်မို့ နင်က ခါးချတ်ချင်ပြီပေါ့လေ။ အေးပေါ့… အားကိုးကလည်း ရှိနေပြီကိုး။ ဟုတ်လား မိရွှေ"

"နင် သိပ်မိုက်ရိုင်းတဲ့ကောင်ပဲ။ ဒီလိုအောက်တန်းကျတဲ့ စကားတွေ ပြောနေရင်တော့ ငါ တစ်သက် စိတ်ကူးထဲ မထည့်နိုင်ဘူး"

"အေး… ငါသိပါတယ်၊ နင် ဒီလိုပဲပြောမယ်ဆိုတာ သိပါတယ်။ ကိုယ်မဟုတ်တာကို မှန်းချင်တဲ့မိန်းမ၊ တစ်နေ့ဒုက္ခတွေ့တော့မှ မှတ်မယ်"

"အောင်မောင်း နင် ငါ့အိမ်က ထွက်သွား၊ နင့်မျက်နှာ ငါမကြည့်ချင်ဘူး"

"သွားမှာပါ၊ နောက်ကို နင် ငါ့မျက်နှာ မြင်ချင်လို့ မြင်ရမယ်မမှတ်နဲ့ အလကား ကြီးကျယ်နေတဲ့ မိန်းမ"

အောင်မောင်း ဝုန်းခနဲ ထရပ်သည်။

"နင် ငါ့မျက်နှာကို သေသေချာချာ ကြည့်ထားလိုက်။ အောင်မောင်း ဘာကောင်လဲဆိုတာ တစ်နေ့ "သိရလိမ့်မယ်"

ဟုပြောပြီး ထွက်သွားသည်။ ခြေသံပြင်းလွန်းသဖြင့် အိမ်ကလေး သိမ့်သိမ့် ခါသွား၏။ ရွှေရွှေသည် စိတ်ဆိုးလက်စနှင့် 'သွား… သွား' ဟု လှမ်းအော်လိုက်သည်။ အောင်မောင်းက လေးငါးဆယ်လှမ်း လျှောက်မိပြီးမှ ဖျတ်ခနဲ ပြန်လှည့်လာသည်။

"ဒီမှာ မိရွှေ၊ နင့်ဆီက ငါ ချေးထားတဲ့ ပိုက်ဆံတစ်ဆယ်ကို ပြန်မဆပ်ဘူးလို့များတော့ မထင်လိုက်နဲ့"

ဟုပြောပြီးမှ ပြန်ထွက်သွားသည်။ ရွှေရွှေမှာ စိတ်ဆိုးနေသည့်ကြားထဲကပင် ရယ်ချင်သွားမိသည်။ သြော်… အောင်မောင်း၊ နင့်ကြောင့် ခက်သေးတယ်ဟု စိတ်ထဲက ညည်းလိုက်သည်။



အောင်မောင်းနှင့်ရွှေရွှေတို့သည် ဒီရပ်ကွက်ထဲမှာ အတူကြီးပြင်းလာခဲ့သော သူငယ်ချင်းများ ဖြစ်၏။ သူတို့နှစ်ယောက်မှာ ငယ်ငယ်က အကြောမတည့်ကြ။ အောင်မောင်းက အသက်တစ်နှစ်ကြီးသဖြင့် ကျောင်းနေခါစတွင် သူက တစ်တန်းကြီးသည်။ နောက်စာမေးပွဲတွေ ကျသဖြင့် ရွှေရွှေက ကျော်တက်သွားသည်။ ရွှေရွှေ ရှစ်တန်းတွင် ကျောင်းထွက်သောအခါ အောင်မောင်းက ခြောက်တန်းပဲ ရှိသေးသည်။ လူကောင်က ကြီးနေပြီဖြစ်သဖြင့် ရှက်တယ်ဆိုပြီး ကျောင်းထွက်လိုက်သည်။

သူတို့ တစ်ယောက်နှင့်တစ်ယောက် မျက်နှာကြောမတည့်တာကိုက ရပ်ကွက်ထဲက လူများအဖို့ စိတ်ဝင်စားစရာ ဖြစ်နေသည်။ ထို့ကြောင့် သူတို့နှစ်ယောက်ကို ဝိုင်းစကြသည်။ အရွယ်ရောက်လာကြသောအခါ ဘေးလူတွေက စိုင်းစကြသည့် အပြင် ရွှေရွှေက လှသဖြင့် အောင်မောင်း ကြိုက်သွားသည်။ ရွှေရွှေကလည်း အောင်မောင်းအပေါ် သံယောဇဉ်ရှိသည်။ သို့ရာတွင် အောင်မောင်းကို ချစ်ပါသည် ဟူ၍တော့ ဘယ်တော့မှ ဝန်မခံခဲ့ချေ။

အောင်မောင်းအနေနှင့် ရွှေရွှေတို့အိမ်ကို ဝင်ထွက်သွားလာခွင့် ရရှိထားခြင်း၊ ရွှေရွှေက သူ့ကို သံယောဇဉ်ရှိကြောင်း အရိပ်လက္ခဏာများပြခြင်းတို့ကို ကြည့်၍ ရပ်ကွက်ထဲရှိ လူများက သူတို့နှစ်ယောက် ကြိုက်နေကြပြီ၊ တစ်နေ့နေ့ ယူကြလိမ့်မည် ဟု လက်ခံယုံကြည်ထားကြသည်။ အောင်မောင်းကလည်း ထိုအတိုင်းပင် သဘော ပိုက်ထားလိုက်၏။ ထို့ကြောင့် သူတို့နှစ်ယောက်မှာ အလိုလိုနေရင်း သမီးရည်းစား တွေ ဖြစ်ခဲ့ကြလေသည်။

အောင်မောင်းမှာ မိဘမရှိတော့၊ အစ်အေအိမ်မှာ ကပ်နေသည်။ ယောက်ဖ လုပ်သူက ပန်းရန်ဆရာ ဖြစ်၏။ ကျောင်းထွက်ပြီးခါစတုန်းကတော့ ယောက်ဖနှင့် အတူ ပန်းရန်လိုက်လုပ်ဖူးသည်။ နောက်တော့ ပန်းရန်အလုပ်မှာ ပျင်းစရာကောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုပြီး မလုပ်တော့။ ယောက်ဖက သဘောကောင်းသဖြင့် ဘာမှတော့ မပြော။ အစ်မကတော့ တစ်ခါတစ်ခါ ဆူဆူပူပူလုပ်တတ်သော်လည်း ကျေးတော့ ကျေးဇူးတင်သည်။

ထို့ကြောင့် အောင်မောင်းတစ်ယောက် လတ်လျားလတ်လျား လုပ်ချင်သည်။ သူ သုံးဖို့စွဲဖို့ ရန်ပုံလောက် ကြုံရာကျရာ အလုပ်ကလေးတွေ လျှောက်လုပ်တတ်သည်။ ဒါကိုရွှေရွှေက သဘောမကျ။ အလုပ်တစ်ခုခု တည်တည်တံ့တံ့လုပ်ဖို့ အမြဲပြောသည်။ အောင်မောင်းကလည်း ဟိုဟာလုပ်ဖို့ စိတ်ကူးထားသည်။ ဒီဟာလုပ်ဖို့ စီစဉ်ထားတယ် စသည်ဖြင့် ဆင်ခြေပေးတတ်သည်။ ခုနောက်ဆုံးတော့ ကားစပယ်ယာလုပ်ဖို့ ကြိုးစားနေသည်ဆို၏။

အောင်မောင်းသည် ကားသိပ်မောင်းချင်နေသူဖြစ်သဖြင့် စပယ်ယာအဖြစ်မှ ဒရိုင်ဘာအဆင့်ထိ တက်လှမ်းမည်ဟု မကြာခဏပြောတတ်သည်။ ခုချိန်မှာတော့ စပယ်ယာလက်ထောက် (သူတို့အခေါ် ဘော်ဒါ)အဆင့်သာ ရှိသေးသည်။ ဘာပဲဖြစ်ဖြစ် ဒီအလုပ်မှာတော့ မြဲလိမ့်မည်ဟု မျှော်လင့်ရသည်။

အောင်မောင်းသည် ရွှေရွှေလောက် ရင့်ကျက်ခြင်းမရှိ။ တစ်ခါတစ်ခါ ကလေးဆန်သည်။ တစ်ဇွတ်ထိုး လုပ်ချင်သည်။ တစ်ခါတစ်လေကျတော့လည်း အားငယ်တတ်သည်။ ရွှေရွှေက ထိန်းတန်ထိန်း၊ ချော့တန်ချော့၊ ငေါက်တန်ငေါက် လုပ်ရသည်။ ရွှေရွှေထက် အသက်တစ်နှစ်ကြီးသော်လည်း မောင်ငယ်တစ်ယောက်လို ဖြစ်နေ၏။ ရွှေရွှေကိုတော့ သူ သိပ်ချစ်သည်။ တစ်ခါတစ်ရံ ဆိုးဆိုးပေပေနေတတ်သော်လည်း ရွှေရွှေစိတ်ဆိုးမှာကျတော့ ကြောက်တတ်၏။

ဒေါ်ဒေါ်က ပြောချင်တာတွေ စွတ်ပြောသွားသော်လည်း အောင်မောင်းဘာကယ်စိတ်ဆိုးခြင်း မဟုတ်ကြောင်း ရွှေရွှေသိ၏။ ရုတ်တရက် ဒေါသဖြစ်ပြီး ရှူး



ရှူးရှဲရှဲလုပ်တတ်သော်လည်း နောက်ကျတော့ ဟီးဟီးဟဲဟဲနှင့် ရောက်ချင်ရောက်လာတတ်လေသည်။ ခုနကိစ္စအတွက် ရွှေရွှေ အောင်မောင်းကို ခဏသာ စိတ်ဆိုးမိသည်။ သူ ရွှေရွှေကို သိပ်ချစ်လွန်းလို့ သဝန်တိုမိတာပဲ မဟုတ်လား။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတိုးဝင်းသည် နည်းနည်းနောက်ကျနေသဖြင့် ခပ်သွက်သွက် လျှောက်လာခဲ့သည်။ လူနာနှစ်ယောက်သုံးယောက်လောက်တော့ ရောက်နေနိုင် သည်။ သိပ်တော့ ကိစ္စမရှိ။ ရွှေရွှေက ခပ်စောစောလာပြီး ဆေးခန်းဖွင့်ထားနှင့်မှာ သေချာသည်။ ဖျားနာသည့် လူနာပါလာလျှင် ကိုယ်ပူချိန်တိုင်းထားနှင့်လိမ့်မည်။ ခေါင်းမထူနိုင်အောင် ဖြစ်နေသူကို ရှူဆေးကလေး ပေးထားလိမ့်မည်။

ရွှေရွှေက အတော်အားကိုးရသည်။ အစက ဒီလောက်လာလိမ့်မည် မထင်။ ဒေါ်ငွေယုံကို စကားလွန်မိခြင်းနှင့် ရွှေရွှေအပေါ် ကရုဏာသက်မိခြင်းတို့ကြောင့် သာ အလုပ်ခန့်လိုက်ရသည်။ ဖြစ်ဖြစ်မြောက်မြောက် အကူအညီရလိမ့်မည်ဟု မမျှော်လင့်ခဲ့။ တစ်လနှစ်လရာ ထွက်သွားတာပဲ အဖတ်တင်မယ်ဆိုပြီး နှမြောသလိုလို တောင် ဖြစ်မိသေး၏။

တကယ်တမ်းကျတော့ ရွှေရွှေသည် ဉာဏ်ကောင်းသူ ဖြစ်သည်။ အကင်း သည်းပါးသည်။ တတ်လည်း တတ်လွယ်သည်။ ဆေးပုလင်းတွေကို မြန်မာလို ရေး



၍ ကပ်ပေးထားသည်။ ဆေးကတ်တွေကျတော့ အသုံးများတာတွေကို စက္ကူဘူး တစ်ခုနှင့်ထည့်ပြီး စာကပ်ပေးထားလိုက်၏။ အသုံးနည်းတာတွေ ဒေါက်တာတိုးဝင်း ဆီမှာပဲ ထားသည်။

စမ်းသပ် ဆေးထိုးစရာရှိ ထိုးပြီး သောက်ဆေးအတွက် ဆေးစာရေးပေးရာ မှာတော့ နည်းနည်း ကသိကအောက်နိုင်သည်။ ဒေါက်တာတိုးဝင်းသည် ဆေးစာ တွေ အင်္ဂလိပ်လို ရေးနေကျဖြစ်၏။ ရွှေရွှေဖတ်တတ်အောင် မြန်မာလို ရေးရသော အခါ လက်က သိပ်မသွက်ချင်။

ပြီးတော့ လူနာတွေ ဆေးယူဖို့ စာရွက်ကိုင်ပြီး အထွက်မှာ ဆေးစာကို ဖတ် ကြည့်မှာ သေချာသည်။ မြန်မာလိုရေးထားတော့ အထင်သေးကောင်းသေးမည်။ ပြီးတော့ ဘာဆေးတွေပေးတယ်ဆိုတာ သိနိုင်သည်။ ဟင် . . . ဒီဆေးတွေလောက် ကတော့ ကွမ်းယာဆိုင်မှာ ဝယ်သောက်လည်းရတာပဲဟု အချို့တွေးမည်။

ထို့ကြောင့် တစ်မျိုး စီစဉ်ရသည်။ အသုံးများသည့် ဆေးအမျိုးနှစ်ဆယ် လောက်ကို အင်္ဂလိပ်လိုပဲ ရေးပြီး ရွှေရွှေကို ကျက်ခိုင်းလိုက်၏။ နောက်တစ်နေ့ကျ တော့ ရွှေရွှေက ဆေးအားလုံးကို စာလုံးပေါင်းရော အသံထွက်ပါ ရွတ်ပြသည်။ အသံထွက် နည်းနည်းလွဲတာလောက်ပဲ ရှိသည်။ အကုန်မှန်သည်။

အသံထွက်ကတော့ သိပ်ပြဿနာမရှိ ဆရာဝန်တွေတောင် တစ်ယောက်နှင့် တစ်ယောက် အသံထွက်မတူကြ။ ဆီးဆေးကို အချို့က လာဆစ်ခ်ေါပြီး အချို့က လေဆစ်ခ်ေါကြသည်။ ပါရဂူဆရာဝန်ကြီးတွေမှာလည်း အမေရိကန်ပြန်က အသံ ထွက်တစ်မျိုး၊ အင်္ဂလန်ပြန်က အသံထွက်တစ်မျိုး ဖြစ်တတ်သေးတာပဲ။

ရွှေရွှေကို လခပေးရသဖြင့် သူ့မှာ ဝင်ငွေသိပ်လျော့သွားမှာ မဟုတ်ကြောင်း လည်း ကြံ့ပြီး တွက်ကြည့်လို့ရသည်။ အရင်တုန်းက ဆေးကုခကို သူ့ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ မကြာခဏဆိုသလို ဆေးဖိုးကို လျှော့ယူမိတတ်၏။ တစ်ဆယ့်တစ်ကျ ကျလျှင် တစ်ဆယ်ပဲပေးပါဟု ပြောထွက်သွားသည်။

ရွှေရွှေကတော့ ဆေးကုခကို အတိအကျတွက်ပြီး တောင်းသည်။ တစ်ခါ တစ်ခါ ပြားစွန်းတွေပါ ထည့်တောင်းသဖြင့် ပြားစွန်းနေလျှင် ထည့်မတွက်ပါနဲ့ မှာထားရသည်။ သို့တိုင်အောင် ရွှေရွှေက များရာဘက်ကို ယူသည်။ တစ်မ ပြားသုံးဆယ်လောက်စွန်းလျှင် လျှော့ပေးသည်။ သုံးမတ်လောက် စွန်းသွားလျှင်တော့ တစ်ကျပ်ပြည့်အောင် တိုးယူလိုက်သည်။ ငွေကြေးချို့တဲ့သူတွေကျလျှင် ဆေးဖိုး လျှော့ယူပါဟု သူက ပြောတော့ ရွှေရွှေက. . .

"ကျွန်မတို့ ရပ်ကွက်မှာ အားလုံးလိုလို ချို့တဲ့ကြတာချည်းပဲ ဆရာရဲ့၊ အဲ လိုသာ လိုက်လျှော့နေရရင် ဆေးခန်းပိတ်ပစ်ရမှာပဲ"

ရွှေရွှေရှိနေသဖြင့် ဆေးလက်လီရောင်းရတာကလည်း ပိုထွက်လာသေးသည်။ သူ့ဘာသာ ရှိနေတုန်းကတော့ ဆေးတစ်လုံးချင်း နှစ်လုံးချင်း လာဝယ်တာကို ရောင်း ဖို့ အလွန်ဝန်လေးသည်။

ဆရာဝန်တစ်ယောက်လုံး ရှိနေပါလျက်နှင့် တစ်ချက်ကလေးတောင် စမ်းသပ် ခွင့်မရဘဲ ဆေးချည်းသက်သက် ရောင်းလိုက်ရတာ အလွန်သိက္ခာကျသည်ဟု ထင် သည်။ ဘာဆေးတစ်လုံးလောက်ပေးပါဆရာဟု လာဝယ်တိုင်း အစော်ကားခံရတာ ပဲဟု တွေးပြီး ခံပြင်းမိသည်။

တစ်ခါတစ်ခါကျတော့ ဖျားချင်သလိုလိုရှိလို့ ဘာဆေးသောက်ရင်ကောင်းမလဲ ဟု လာမေးတတ်သေးသည်။

"လာ စမ်းကြည့်ရအောင်"

ဆိုပြီး စမ်းသပ်ခန်းထဲ ခေါ်လျှင် တွန့်သွားတတ်သည်။ အစမ်းသပ်ခံလိုက်လျှင် ပိုက်ဆံပိုပေးရမည်ဟု တွက်ကြခြင်း ဖြစ်၏။



"ဟိုဒင်းလေ. . . ဆေးပဲ ဝယ်ချင်တာပါ"

ဟု အားနာသလို မျက်နှာ၊ ရှက်သလိုလိုပုံစံဖြင့် ပြောကြသည်။

"မစမ်းသပ်ဘဲနဲ့ ဘာဖြစ်မှန်း ဘယ်သိမလဲ၊ ဖျားတယ်ဆိုတိုင်း ရမ်းသန်းပြီး ဆေးပေးလို့ရတာ မဟုတ်ဘူး"

ဟု သူက ခပ်ထန်ထန်ပြောမိသည်။ ထိုအခါကျတော့မှ ဟုတ်ကဲ့ ဒါဆိုလည်း စမ်းကြည့်ပေးပါဟု ပြောမည်ထင်လျှင် မှားမည်။

"ဒီလိုဆိုရင်လည်း နေပါစေတော့"

ဆိုပြီး ခပ်ကုပ်ကုပ် ပြန်သွားတာမျိုးသာ ကြုံတွေ့ရ၏။

ဘာဖြစ်မှန်း သေသေချာချာ မသိဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် ဆေးဝယ် သောက်ခြင်းသည် နည်းလမ်း မှန်ကန်ခြင်း မရှိ။ ဖျားလျှင် အပူကျဆေးသောက် ချောင်းဆိုးလျှင် ချောင်းဆိုးပျောက်ဆေးသောက် ပြီးရောဟု ထင်ကြသည်။

ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းတို့သည် ရောဂါမဟုတ်။ ရောဂါ၏ လက္ခဏာသာ ဖြစ်၏။ လက္ခဏာကို ကုလို့မရ။ ရောဂါကို ကုမှရသည်။ ချောင်းဆိုးသည် ဆိုရာတွင် အဆုတ်ပွလို့လား၊ လေပြွန်ရောင်လို့လား၊ တီဘီကြောင့်လား ဆိုတာ ကွဲပြားနေသေး သည်။ မူလဇစ်မြစ်ရောဂါကို ရှာဖွေပြီးကုမှ ရှင်းရှင်းပျောက်မည်။

ဆေးတွေကလည်း သောက်ချင်းတိုင်း သောက်လို့ဖြစ်သည်မဟုတ်၊ တချို့ ဆေးတွေက တစ်လုံးနှစ်လုံးသောက်လို့မရ။ ဆေးပတ်လည်အောင် သောက်ရသည်။ သို့မဟုတ်လျှင် ရောဂါပိုးတွေ ဆေးယဉ်သွားသဖြင့် နောက်တစ်ခါဖြစ်လျှင် ဒီဆေးနှင့် မတိုးတော့။ အက်စပရင်ပါသော ဆေးများကို အစာအိမ်ရောဂါရှိသူ၊ သွေးဥ တုပ်ကွေးဖြစ်နေသူ ကလေးများ ကို မတိုက်ရ။ အက်စပရင်က သွေးကျဲစေသဖြင့် ကိုယ်တွင်းသွေးယိုမှု ဖြစ်နိုင်၏။ ပန်းနာရင်ကျပ်ပျောက်ဆေးအချို့သည် နှလုံးခုန်

www.burmeseclassic.com

www.burmeseclassic.com



ကို မြင့်မားစေနိုင်သည်။ ချောင်းဆိုးပျောက်ဆေး အများစုတွင် ကိုဒင်းပါသဖြင့် အာရုံကြောတွေ လေးလံပြီး အိပ်ချင်လာတတ်သည်။ ကားမောင်းနေသူတွေ၊ စက်ကိရိယာနှင့် အလုပ်လုပ်နေသူတွေ အလုပ်ချိန်တွင်းမှာ မသောက်သင့်။

သို့ရာတွင် ဒါတွေကို ဆေးလာဝယ်သူတိုင်းအား တစ်ယောက်ချင်း ရှင်းပြလို့ ဖြစ်သည်မဟုတ်။ ဒီလိုရှင်းပြပြီး သေသေချာချာ စမ်းသပ်ဖို့ပြောလျှင် တချို့က စမ်းသပ်ခလိုချင်လို့ဟု ထင်ကြပေဦးမည်။

ဒီတော့ ဆေးမရောင်းတာပဲ ကောင်းတယ်ဟု သူက သဘောထားသည်။ ဒီလို သူက မရောင်းတော့ကော လူနာတွေက စနစ်တကျ စမ်းသပ်ပြီးမှ ဆေးသောက်ဖို့ နားလည်သွားကြရောလား ဆိုတော့လည်း မဟုတ်။ ဆေးခန်းမှာ ဝယ်လို့မရလျှင် ကွမ်းယာဆိုင်မှာ အလွယ်တကူလိုက်ဝယ်ကြမည်ပင် ဖြစ်၏။

တချို့ကွမ်းယာဆိုင်တွေများ ဆေးခန်းလောက်နီးနီး ဆေးတွေ စုံလင်လှသည်။ တစ်ခါတလေ ဝယ်သူက ခါးကိုက်လို့ဗျာ၊ ဘာသောက်ရင်ကောင်းမလဲမေးပြီး ဝယ်ကြသည်။ ကွမ်းယာဆိုင်က သင့်တော်ရာဆေးကို ဒါသောက်လိုက်ဆိုပြီး ပေးလိုက်၏။ တချို့ဆိုင်ဆိုလျှင် ဆေးဝယ်သူ၏ ရောဂါရာဇဝင်တွေဘာတွေ မေးပြီး ဟိုဆေးနဲ့ဒီဆေး တွဲသောက်ဟု အကြံဉာဏ်တောင် ပေးလိုက်သေးသည်။

ကွမ်းယာဆိုင်က ဆေးပါတွဲရောင်းသဖြင့် ကိုယ်ကလည်း အားကျမခံ ဆေးခန်းမှာ ကွမ်းယာပါ တွဲရောင်းလို့ဖြစ်သည်မဟုတ်။ နောက်ဆုံးတော့ ကွမ်းယာဆိုင်တောင် ဆေးရောင်းသေးတာပဲ ဆေးခန်းမှာ ဆေးရောင်းတာ တရားပါတယ်ဟူ၍သာ ကိုယ့်ဘာသာ ဆင်ခြေတက်ပြီး ရွှေရွှေအား ရောင်းမိန့်ပေးလိုက်ရတော့သည်။

တချို့ကိစ္စတွေကျတော့ ဒီရပ်ကွက်က လူတွေနှင့် ရွှေရွှေဟန်ကျနေသည်။ ရပ်ကွက်ထဲက လူတွေက တချို့ဆေးတွေကို မူလနာမည်မသိ။ သူတို့ အသိအမှတ်ပြုထားသည့် သင်္ကေတနှင့်သာ ပြောဝယ်ကြသည်။



တစ်ရက်မှာ ကလေးမလေးတစ်ယောက် ဆေးလာဝယ်သည်။

"နှစ်ပြားဆေးပေးပါ"

ဟု ဆို၏။ ဒေါက်တာ တိုးဝင်းစိတ်ထဲမှာ နှစ်ပြားဆေး ဆိုပါလား။ မြန်မာဆေး ...များ မှားသလား။ ငါးပါးဆေးတို့ ဘာတို့တော့ ကြားဖူးတယ်။ ရွှေရွှေ ဘာလုပ် ...လဲဆိုပြီး မသိမသာ ကြည့်နေ၏။ သူ့ဟာနဲ့သူတော့ ဟုတ်လို့ပဲ။ ရွှေရွှေက ...ဒယားမှလာသော ပါရစီတမောပေးလိုက်သည်။ အင်း. . . ဟုတ်ပါ့။ ယိုးဒယား ...ရာစီတမောမှာ အဝါတစ်ရစ် အပြာတစ်ရစ်ဖြစ်သဖြင့် ရုတ်တရက်ကြည့်လျှင် ...ဆေးနှစ်ပြားထပ်ထားသလို ဖြစ်နေတာကိုး။ ဒီလိုပဲ ပင်ဇစ်အားဆေးပုလင်းမှာ ...သီးအန်ပုံတွေပါသဖြင့် သစ်သီးစုံ ခေါ်ကြသည်။ ဒါတွေကို ရွှေရွှေက သိနေ...ဖြင့် အဆင်ပြေသည်။

ရွှေရွှေကို အလုပ်ခန့်လိုက်ခြင်းအားဖြင့် သူ့အတွက် အကူအညီရသည့်ပြင် ...ငွေကြေးအားဖြင့်လည်း အရှုံးမရှိ။ ရွှေရွှေကြောင့် ပိုဝင်သည့်ငွေက ရွှေရွှေကို ပေးရ...သည့်လခထက်တောင် ပိုများချင်သေးသည်။ ထို့ကြောင့် တွက်ခြေကိုက်သည်။

ဒါ့အပြင်. . .။

အင်း. . . ရွှေရွှေနှင့်ပတ်သက်၍ တွေးတောမိသည့်အခါတိုင်း ဒါ့အပြင်ဆို...သည့် နေရာအရောက်တွင် ရပ်တန့်ပြီး အတွေးကို ဖြတ်ပစ်လိုက်မိစမြဲပင် ဖြစ်၏။

သူ အတွေးစပြတ်သည့်အချိန်နှင့် ရှေ့လျှောက်လာနေသော လူတစ်ယောက် ...အနားရောက်တာနှင့် အံကိုက်ဖြစ်သွား၏။ အောင်မောင်းပင် ဖြစ်သည်။ အောင်...မောင်းကို သူ မျက်မှန်းတန်းမိနေသဖြင့် ပြုံးပြနှုတ်ဆက်မည် စိတ်ကူးသေး...ပြုံးပြဖို့ မီမှာမဟုတ်တော့။ မြင်လိုက်သည့်အချိန်တွင် အောင်မောင်းက ...ဖြတ်ကျော်လုလု ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းသည် လူချင်း ဘေးချင်းယှဉ်မိချိန်မှာပင် ဒေါက်တာတိုးဝင်းကို ပခုံးစောင်းနှင့် တိုက်ပစ်လိုက်၏။ ရုတ်တရက် မမျှော်လင့်ဘဲ ဖြစ်သွားသဖြင့် ဒေါက်တာတိုးဝင်း ဟန်ချက်ပျက်ပြီး ယိုင်ထွက်သွားသည်။ ဟပ်ထိုး ဟပ်ထိုး ဖြစ်သွားပြီးမှ လဲမကျအောင် မနည်းထိန်းလိုက်ရသည်။ ဟန်နိုင်ပြီဆိုမှ အောင်အောင်းကို တစ်ချက်လှည့်ကြည့်သည်။ အောင်မောင်းက သူ့ကို ခပ်တည်တည် ကြည့်နေ၏။ ဒေါက်တာတိုးဝင်းက. . .

"အေးဗျာ၊ ကျွန်တော်ကလည်း ငေးငေးငိုက်ငိုက် လျှောက်လာတော့. . ."

ဟုပြောရင်း စကားလက်စမသတ်ဘဲ ဆက်ထွက်သွားသည်။ အောင်မောင်း ခပ်ကြောင်ကြောင်ရပ်ရင်း ကျန်ခဲ့၏။

ဒေါက်တာတိုးဝင်း စိတ်ထဲမှာ နည်းနည်းမတင်မကျ ဖြစ်သွားသည်။ အောင်မောင်းသည် သူ့ကို မတော်တဆ ဝင်တိုက်မိတာ မဖြစ်နိုင်။ တစ်ယောက်နှင့်တစ်ယောက် မမြင်နိုင်လောက်အောင် ကျယ်သည်။ ပြီးတော့ အောင်မောင်း၏ မျက်နှာထားမှာ အားနာဟန်မျိုးမဟုတ်။ မိုက်ကြည့် ကြည့်သလိုတောင် ထင်ရသည်။ ဒီတော့ သူ တမင်ဝင်တိုက်တာပဲ ဖြစ်ရမည်။ ဘာကြောင့်လဲ။

တချို့လူငယ်တွေဟာ ဒီလိုပဲ အကြောင်းမဲ့ ရန်လိုတတ်သော စိတ်မျိုးရှိကြသည်ဟု သူကိုယ်သူတော့ လူကြီးဖြစ်နေသလိုလို အထင်ဖြင့်တွေးသည်။ တချို့ကျတော့ ပညာတစ်ပိုင်းတစ်စသာ သင်ခဲ့ရသဖြင့် ပညာတတ်ဆိုရင် ဝန်တိုစိတ်ဖြင့် မုန်းတီးတတ်ကြသည်။ အောင်မောင်းသည် ဒီသဘောပဲ ဖြစ်လိမ့်မည်ဟု တွက်လိုက်သည်။

သူ့အနေနှင့် အောင်မောင်းလိုလူမျိုးနှင့် ပြဿနာမဖြစ်ချင်။ အဖက်မတန်လို့ဟု ထင်သောကြောင့်တော့ မဟုတ်။ ကြောက်လို့ဟူ၍လည်း ဝန်မခံချင်။ ဒီရပ်



ကွက်မှာ ဆေးခန်းဖွင့်နေသူတစ်ယောက်အဖို့ ရပ်ကွက်သားတစ်ယောက်ယောက်နှင့်မပြေမလည် မဖြစ်သင့်။ ပြီးတော့ သူက ဆရာဝန်တစ်ယောက်သာ ဖြစ်၏။ ဆရာဝန်သည် လူအားလုံးနှင့် သင့်မြတ်ရသည်။ ရန်သူအပေါ် တော် ခွင့်လွှတ်နိုင်စွမ်း ရှိရမည်။ ဤသို့တွေးလိုက်သောအခါ စိတ်သက်သာရာ ရသွား၏။

* * * * *

အောင်မောင်းသည် အတော်မခံချိ မခံသာ ဖြစ်နေ၏။ ဆရာဝန်ဆိုသည့်ကောင်ကို သူမုန်းသည်။ ထိုသူသည် ပြဿနာကောင်ကြီး ဖြစ်၏။ သူနှင့် ရွှေရွှေတို့ကြားမှာ ခလောက်ဆန်ဖို့ ရောက်လာသူ။ နောက်ပြီး ရိုးလည်း မရိုးသား။ ဆေးခန်းမှာ အလုပ်ခန့်စရာလူ ဒီလောက်ရှားသလား။ ရွှေရွှေ့ကိုမှ ရွေးခန့်ရသလား။ ရွှေရွှေက ဆေးအကြောင်း ဘာသိလို့လဲ။ ဖြစ်နိုင်စရာ တခြားတွေးစရာ မလို။ ဒီဆရာဝန် ရွှေရွှေ့ကို ကြိုက်နေပြီ။ သို့ပေမယ့် ဒီလောက် အဆင့်အတန်းချင်း ကွာနေသဖြင့် အတည်ကြံတာတော့ မဖြစ်နိုင်။ ကြောရရုံကြံတာပဲ ဖြစ်ရမည်။ ဆရာဝန်ဆိုတော့ ဆေးဝါးတွေနှင့် လုပ်ချင်လုပ်မည်။ ရွှေရွှေ့ကို အိပ်ဆေးညာတိုက်ပြီး. . .။

ဒီလိုစဉ်းစားသည့်အခါတိုင်း သူ ခေါင်းနပန်းကြီးသွားတတ်၏။ မဖြစ်ဘူး မဖြစ်ဘူးဟု ကယောင်ကတမ်းတောင် ရေရွတ်လိုက်သေးသည်။ ဒီတော့ ဆရာဝန်ကောင်ကို မှတ်လောက်သားလောက်အောင် ဆုံးမပေးရမည်။ ဆရာဝန်နှင့် ဆုံလျှင် ပခုံးချင်း ဝင်တိုက်ပစ်လိုက်မည်။ ဟိုက လူတစ်လုံး မမြင်ဘူးလားဟု ပြောလာလျှင် မမြင်လို့ တိုက်တာပေါ့ကွ၊ မကျေနပ်ဘူးလား မေးမည်။ မကျေနပ်ဘူးဆိုလျှင် မကျေနပ်ရင် ချတယ်ကွာဆိုပြီး ပိတ်ထိုးပစ်လိုက်မည်။ လဲကျသွားတော့မှ ပက်ပက်စက်စက် ပြောလိုက်မည်ဟု စိတ်ကူးခဲ့သည်။

တကယ်တမ်းကျတော့ သည်လိုမဟုတ်။ သူက ပခုံးနှင့် တိုက်တာ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



အရှိန်မပြင်းပါဘဲလျက် ဟပ်ထိုး ဟပ်ထိုး ဖြစ်သွား၏။ အလကားကောင်၊ ဆရာ
ဆိုပြီး အားလည်း မရှိဘူး။ ပြီးတော့ သူကပဲ တောင်းပန်သလိုလို ဘာလိုလို၊ လေ
ကလေးနှင့် ပြောသွားသေးသည်။ စာမှ မဟုတ်ဘူး၊ ကြောက်လို့ လစ်ပြေး
ဖြစ်ရမည်။ အလကား ဆရာဝန်ဆိုပြီး သတ္တိလည်း မရှိဘူး။ သူများ အသားနာအော
တော့ အပ်နဲ့ထိုးတတ်တယ်၊ သူ့ အသားနာမှာကျတော့ ကြောက်လိုက်တာ။

ရွှေရွှေကိုလည်း မကျေနပ်။ အလကားမိန်းမ၊ သူ့ကိုယ်သူ ဘာထင်နေသ
မသိ၊ အတန်းလေးတစ်တန်းနှစ်တန်းလောက် ပိုသင်ခဲ့ဖူးတာနဲ့များ လူကို မတူသ
မတန်သလို ဆက်ဆံချင်သည်။ ဘဝင်လည်း မြင့်နေသည်။ မှန်းတာတောင် မတ
မရာ ဆရာဝန်မှ တက်မှန်းချင်သည်။ လူကိုပြောလိုက်တာလည်း ရင့်ရင့်သီးသ
နင့်မျက်နှာ ငါမကြည့်ချင်ဘူးတဲ့။ ရပါတယ်၊ ဒီကလည်း ကြည့်ချင်လှချည်ရဲ့
တော်မှပါဆိုပြီး ဝေါနဲ့ လာပင့်တောင် မလိုက်သေးဘူး။ အောင်မောင်းဘာ
ဘယ်လဲဆိုတာ တစ်နေ့သိရမယ်။ အဲဒီအခါမှ ဒင်းပါးကို ဘယ်ပြန်ညာပြန် ရိုက
ပစ်လိုက်မယ်။

သို့ရာတွင် ရွှေရွှေ့ကို သူက ပါးရိုက်နေပုံ စိတ်ကူးကြည့်သောအခါ လ
မြှောက်၍ ရွယ်သည့်အဆင့်တောင် မရောက်နိုင်ကြောင်း တွေ့ရ၏။ ရွှေရွှေ့
လက်များနှင့်တောင် မထိရက်။ တကယ်တမ်းကျတော့ ရွှေရွှေ့ကို သူဖြုသည်။ ရွှေ
ရွှေက အရာရာမှာ သူ့ထက်သာနေတာကို ဝန်ခံရမည်။ ငါကိုယ်က ဘာ
ဒီလောက်ညံ့သလဲဟု သူ့ကိုယ်သူ လှည့်မဲပြန်သည်။

သူ စိတ်ညစ်သည်။ စိတ်ညစ်လို့ ဂစ်တာတီးရအောင်လည်း သူ့မှာ ဂစ်တာ
မရှိ၊ တီးလည်း မတီးတတ်။ အရက်သောက်လို့လည်း မဖြစ်။ သူက အရက်သော
လျှင် သွေးဆိုးသည်။ တစ်ခါကလည်း အရက်တွေသောက်ပြီး ရပ်ကွက်ထဲ



လျှောက်ရမ်းမိသဖြင့် ကံကောင်းလို့ အချုပ်ထဲ မရောက်ခြင်း ဖြစ်၏။ ဟုတ်ပြီ
အရက်သောက်မှ မူးတာမဟုတ်။ အရက်လိုပဲ မူးတာတွေ ရှိနေတာပဲလေ။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

အောင်မောင်း ပျောက်ချက်သားကောင်းတာ ဆယ်ရက်လောက် ရှိပြီ။ အ
ကသည်း ခုလို ရွှေရွှေနှင့် ကတောက်ကဆဖြစ်ပြီးလျှင် သူမလာဘဲ နေတတ်သည်
သို့ရာတွင် သုံးလေးရက်ထက် ပိုကြာအောင် မနေနိုင်။ တစ်ခုမဟုတ် တစ်
အကြောင်းရှာပြီး ရောက်လာတတ်သည်။

ဒီတစ်ခါတော့ ထူးခြားသည်။ ဒီလောက်ကြာအောင် ရှောင်နေသဖြင့် တေ
တော်စိတ်ဆိုးသွားပုံရသည်ဟု တွက်နိုင်သည်။ ရွှေနရွှေစိုးရိမ်မိတာက အောင်မော
သူ့ကို အဆက်ဖြတ်သွားမှာကို မဟုတ်။ မပြတ်နိုင်မှန်း ကောင်းကောင်းသိသည်
တွေ့တရာတွေ လျှောက်လုပ်မှာပဲ ပူရ၏။ အောင်မောင်းက ယုံရတာ မဟုတ်
စိတ်မထင်လျှင် မစဉ်းစားမဆင်ခြင်ဘဲ လုပ်တတ်သည်။

ခေါ်ငွေယုံယောက်ျား ကိုပြားကြီးကတော့ ပြောသည်။ **အောင်မောင်း** က
စိတ်မှာ တွေ့ခဲ့သည်တဲ့။ ညကျတော့လည်း လာထိုးသည့် ကားပေါ်မှာ စောင့်အိ
သည်တဲ့။ ဒီကြားထဲမှာ အိမ်ကို တစ်ခေါက်ပဲပြန်လာသတဲ့။ အောင်မောင်းသည်



...တ်စ်ကားလိုင်းမှာ အကူစပယ်ယာအဖြစ် ဝင်လုပ်နေပုံရ၏။ ဒါဆိုလျှင်တော့
...း နည်းစိတ်အေးရပြီ။

လူနာတွေကို အဖျားတိုင်းစရာရှိ တိုင်း၊ ဆေးပေးစရာရှိ ပေး၊ ပိုက်ဆံယူ
...က်ဆံအမ်းလုပ်ရင်း အချိန်ကုန်မှန်းမသိ ကုန်သွားသည်။ ဆေးခန်းမှာ အလုပ်လုပ်
...ာ အဆင်ပြေသည်။ မလုပ်ခင်ကတော့ အတော်ခက်လိမ့်မည် ထင်သည်။
...ကယ်တမ်းကျတော့ လွယ်လွယ်လေး။ ဆေးတွေ မှတ်မိဖို့သာ အဓိကဖြစ်၏။
...ဆေးလိပ်လိပ်သင်ရတာလောက်တောင် မခက်ချေ။ ပြဒါးတိုင်နှင့်အဖျားတိုင်းတာ
...ရင် တစ်ရက်တည်းနှင့် တတ်သွားသည်။ ဆေးလိပ်ထိပ်ဖူးချိုးတတ်ဖို့ကို တစ်ပတ်
...လောက် သင်ခဲ့ရ၏။ ဆေးခန်းမှာ ညနေ ငါးနာရီခွဲကနေ ရှစ်နာရီခွဲ ကိုးနာရီ
...လောက်အထိ လုပ်ရုံနှင့် တစ်လ ငွေနှစ်ရာရသဖြင့် လုပ်ပေါ်သည်။ ဆရာကလည်း
...သဘောကောင်းသည်။

လူနာလည်း ကုန်သလောက်ရှိပြီ။ ဆေးခန်းပိတ်ချိန်လည်း နီးပြီဖြစ်၍ စာရင်း
...တွေ ပေါင်းပြီး ရငွေနှင့် တိုက်ကြည့်သည်။ ပြားခြောက်ဆယ်ပိုသည်။ ပြန်စဉ်းစား
...း အမိုင်နီတစ်လုံး ရောင်းလိုက်တာ စာရင်း မသွင်းရသေးကြောင်း သတိရသဖြင့်
...ည့်လိုက်သည်။ ဆေးပုလင်းတွေ ဗီရိုထဲထည့် သော့ခတ်နေတုန်း အစ်မ၊ အစ်မ
...ု ခေါ်သံကြားရသည်။ လှည့်ကြည့်လိုက်တော့ ခေါ်ငွေယုံ၏ သားအကြီး ဗိုဒေ
...ဆေးခန်းထဲသို့ သုတ်သီးသုတ်ပျာ ဝင်လာသည်။

"ဟဲ့. . . ဘာဖြစ်လို့လဲ"

"ဟို. . . ကိုအောင်မောင်း၊ ကိုအောင်မောင်း"

"ဟင်. . . အောင်မောင်း ဘာဖြစ်. . ."

"မူးနေလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"အဲဒါ အစ်မကို ခေါ်ခိုင်းလို့"

အောင်မောင်း အရက်တွေသောက်ပြီး လျှောက်ရမ်းနေပြန်ပြီ ထင်သည်။ ရှုတ်စရာတွေ ဖြစ်ဦးတော့မှာပဲ။ သောက်လို့မဖြစ်ဘူးဆိုတာ သိလျက်သားနဲ့။ စိတ်နည်းနည်းတိုသွားသဖြင့် ဖြစ်ချင်တာ ဖြစ်ပါစေ၊ အချုပ်ခံရမှ မှတ်မယ် မသွားဘူးဟု တွေးလိုက်ပြီးမှ ဟိုတစ်ခါတုန်းကလည်း ဘယ်သူထိန်းလို့မှ မရ။ ရွှေရွှေကိုယ်တိုင်သွားပြီး နင် ဘယ်လိုဖြစ်နေတာလဲ မရှက်ဘူးလား၊ မရှက်ဘူးလား၊ သွား ပြန်အိပ်ချေတော့ဟု ပြောမှ နင့်စကားမို့လို့ ငါ နားထောင်တာဆိုပြီး ကိစ္စအေးသွားခဲ့ဖူးသည်။ အဲဒါကို သတိရသဖြင့်. . .

"ခဏနေဦး"

စမ်းသပ်ခန်းထဲ ဝင်လာခဲ့ပြီး ဒေါက်တာတိုးဝင်းဆီမှာ ခွင့်တောင်းသည်။

"ဆရာ ကျွန်မ အရေးကြီးလို့ ပြန်ချင်တယ်၊ ဒီမှာ စာရင်းစာအုပ်နဲ့ပိုက်ဆံနဲ့"

"ဘာဖြစ်လို့လဲ"

ရွှေရွှေ့ အမူအရာကို အကဲခတ်မိသဖြင့် ဒေါက်တာတိုးဝင်း မေးသည်။ အောင်မောင်းအကြောင်း ပြောမပြချင်။ ထို့ကြောင့်. . .

"ဟိုဥစ္စာ ဆရာ၊ ဒေါ်ငွေယုံ'

"ဒေါ်ငွေယုံ ဘာဖြစ်လို့လဲ"

"အဲ. . . ဘာမှမဖြစ်ပါဘူး၊ ကိုပြားကြီးပါ"

ရွှေရွှေ ဘာဆက်ပြောရမှန်း မသိ။ ဒေါက်တာတိုးဝင်းသည် စောစောက မူးနေလို့ဆိုသော စကားကို နားစွန်းနားဖျား ကြားလိုက်မိသည်။ ကိုပြားကြီး အရက်တွေမူးပြီး ဒေါ်ငွေယုံနဲ့ ပြဿနာတက်နေလို့ လာခေါ်တာဖြစ်မှာပဲဟု တွေးမိသဖြင့် ဆက်မမေးတော့ဘဲ. . .



"ကဲ. . . ကဲ သွားတော့၊ ဆေးခန်းကို ဆရာပိတ်လိုက်မယ်"

ဟု ပြောမှ ရွှေရွှေစိတ်သက်သာရာ ရသွား၏။

"ဟဲ့ ဖိုးဂျေ၊ သူ့ဒီးခု ဘယ်မှာလဲ"

"ကြက်ကွင်းမှာ"

ခပ်သုတ်သုတ်လျှောက်ရင်း ဖိုးဂျေကို မေးကြည့်ရသည်။

"မူးပြီး လျှောက်ရမ်းနေတာပေါ့၊ သီချင်းတွေ အော်ဆိုနေသေးလား"

"ဟင့်အင်း၊ ငုတ်တုတ်ကြီးဗျ"

"ဘာ. . . ငုတ်တုတ်ကြီး"

"ဟုတ်တယ် အစ်မရဲ့၊ ငုတ်တုတ်ကြီးထိုင်ပြီး မူးတယ်၊ မူးတယ်နဲ့ အော်နေတာပဲ"

မူးနေပေမယ့် လျှောက်မရမ်းဘူးဆိုတော့ နည်းနည်းထူးခြားသည်။ သိပ်အမူးလွန်သွားလို့များလား မသိ။

"သူ့နားမှာ ဘယ်သူရှိလဲ"

"ကိုခင်အောင် ရှိတယ်"

ဟုတ်ပြီ၊ ဒီသေနာကောင်ကြီး မြှောက်ပေးတာပဲ ဖြစ်ရမယ်ဟု တွေးသည်။ ကိုခင်အောင်က ဆိုက်ကားဆရာ ဖြစ်၏။ အရက်ကြိုက်တတ်သည်။ ဟိုတစ်ခါ အောင်မောင်း အရက်မူးတုန်းကလည်း သူပဲ တိုက်လွှတ်လိုက်တာ ဖြစ်၏။

ဟိုအရင်က ကြက်တိုက်ကြသော မြေပြောင်ပြောင် ကွက်လပ်ကလေးကို ခုထိ ကြက်ကွင်းဟု ခေါ်နေကြတုန်းပင် ဖြစ်၏။ ဝါးရုံတစ်ရုံဘေးက ကျွေ့ဝင်လိုက်သောအခါ ဖိုးဂျေပြောသည့်အတိုင်း ခေါင်းငိုက်စိုက်ကျ၍ ဆောင့်ကြောင့်ကြီးထိုင်နေသော အောင်မောင်းက တအင်းအင်း ညည်းညူနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေကြတာလဲ"

ဘေးမှာ ရပ်လျက် ရွှေရွှေမေးသည်။ အောင်မောင်းမှာ ရွှေရွှေအသံ ကြားသဖြင့် တစ်ချက် ဆတ်ခနဲ ဖြစ်သွားသော်လည်း ချက်ချင်း စကားမပြန်နိုင်။ ကိုခင်အောင်က ဖြေသည်။

"မူးနေလို့"

"ဟင်း. . ."

ရွှေရွှေက ကိုခင်အောင်ကို စေ့စေ့ကြည့်၍ ဟင်းခနဲ လုပ်လိုက်သဖြင့် ကိုခင်အောင် ပျာပျာသလဲ ရှင်းသည်။

"ငါနဲ့ ဘာမှမဆိုင်ဘူးနော် ရွှေရွှေ ပြီးတော့ ဒီကောင်မူးတာက အရက်သောက်လို့ မူးတာ မဟုတ်ဘူး"

"ဆေးမူးတာ"

"ဘာ ဆေး၊ တော်တော်ကောင်းတဲ့ကောင်ပဲ၊ နင်. . ."

"ဆေးဆိုတာ ဒီလိုပါ၊ ကွမ်းယာထဲမှာ မြန်မာဆေး၊ အိန္ဒိယဆေးတွေ ထည့်စားလို့ အလေ့အကျင့်မရှိတော့ မူးတာပေါ့"

"နင်က ဘာလို့ ကွမ်းစားရတာလဲ၊ စားတတ်တာလည်း မဟုတ်ဘဲနဲ့"

အောင်မောင်းသည် ခေါင်းငိုက်စိုက်ကျလျက်က. . .

"ငါ သိပ်စိတ်ညစ်လို့ပါဟာ"

"စိတ်ညစ်တာနဲ့ ကွမ်းစားရသလား၊ ဘာဆိုင်လို့လဲ"

"ငါမှ အရက်သောက်လို့ မဖြစ်ဘဲဟာ"

အောင်မောင်းသည် စကားကိုတောင် အနိုင်နိုင် ပြန်ပြောနေရသည်။ အာတွေ လျှာတွေလည်း လေးနေသည်။ တစ်ကိုယ်လုံး အေးစက်ပြီး ချွေးစေးတွေလည်း



ပြန်နေသည်။ မြန်မာဆေးရွက်ကြီးနှင့် အိန္ဒိယဆေးတို့မှာ ဒီလောက်မူးလိမ့်မည်ဟု သူ မထင်ခဲ့။ ကွမ်းမူးတာက အရက်မူးတာနှင့်မတူ။ တော်တော်ခံရခက်သည်။ ခေါင်းကို လုံးလုံးမထူနိုင်။ ငယ်ထိပ်ကို တူနှင့် တစ်ချက်ပြီးတစ်ချက် ဆက်တိုက်ထုနေသလိုပင်။ ဒီကြားထဲ ရွှေရွှေက ဖေးဖေးမမ မပြောဘဲ စွတ်ဟောက်နေသဖြင့် စိတ်မာတ်ပါကျပြီး အော်ငိုချင်စိတ် ပေါက်လာ၏။ သို့ရာတွင် အော်နိုင်လောက်သည့် အင်အားမရှိ။

"ဘယ်လို လုပ်ကြမလဲ"

ဟု ကိုခင်အောင်က မေးသည်။ ရွှေရွှေက. . .

"ဘာလုပ်လို့ရမလဲ၊ သူ့ဘာသာ သူခံပေါ့"

"ရွှေရွှေရာ ငါ့ကို ကယ်ပါဦး၊ ငါ သေတော့မယ်"

ဟု အောင်မောင်းက အသံကို ညှစ်ထုတ်ပြီး ပြောသည်။

"ဟုတ်သားပဲဟာ၊ နင်ကလည်း ဒုက္ခရောက်နေတဲ့ လူကို ဖိပြောနေတယ်"

ကိုခင်အောင်က ဝင်ပြော၏။ ရွှေရွှေသည် တစ်ဘက်က ဒေါသဖြစ်နေသော်လည်း တစ်ဘက်က အောင်မောင်းခံနေရတာ ကြည့်ပြီး သနားမိပြန်သည်။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတာလည်း သူသိသည်။ ဘာလုပ်ရကောင်းမလဲ စဉ်းစားကြည့်၏။ ဆေးခန်းကအဆွက် ရှုဆေးယူခဲ့ရကောင်းသားဟု တွေးမိသည်။ ဆေးခန်းသော့ အပိုတစ်ချောင်းတော့ သူ့လက်ထဲမှာ ရှိ၏။ မူးနေသည့် လူနာတွေကို ဆရာက ဘီဆစ်ဆေး ပေးတတ်ကြောင်းလည်း သတိရ၏။ ကွမ်းမူးတာကျတော့ တိုက်လို့ရသလား၊ မရဘူးလား မသိ။

တစ်ခု သွားသတိရသည်။ အဘွားဆေးတောင်းထဲမှာ ကေရာင့်ခြင်မိရှိသည်။ အမူးအမော်အတွက် ပထမတန်းပေါ့ဟု အဘွားက ပြောဖူးသည့်သို့ဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ကိုခင်အောင် ခဏစောင့်နေပေးပါ၊ ကျွန်မအိမ်မှာ ကေရာင်မြစ် သွေး ယူလာခဲ့မယ်၊ ဖိုးဂျေ ငါနဲ့လိုက်ခဲ့"

ဟု ပြော၍ ခပ်သုတ်သုတ် ထွက်လာသည်။ အောင်မောင်းက. .

"ရွှေရွှေ မြန်မြန်လာနော်၊ ငါ စောင့်နေမယ်"

ဟု မနိုင့်တနိုင် လှမ်းပြောသေးသည်။ ရွှေရွှေသည် စိုးရိမ်နေသည့်ကြား ရယ်ချင်သွားသည်။

* * *

ထုံးစံအတိုင်း နောက်နေ့ကျတော့ အိမ်ကို အောင်မောင်းရောက်လာသည်။ ရွှေရွှေဆီကိုတော့ တိုက်ရိုက်မလာရဲ။ ဒေါ်ငွေယုံတို့အိမ်ကိုသာ အရင်ဝင်သည်။ ရွှေရွှေ့အခန်းဘက်ကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားတာ ဝါးကွက်တွေကြား ရွှေရွှေ လှမ်းမြင်လိုက်ရ၏။

ဖိုးဂျေက ပြောပြပြီးဖြစ်သဖြင့် မနေ့ညက အောင်မောင်းဖြစ်နေပုံကို ဒေါ်ငွေ ယုံတို့ သိပြီးနေပြီ။

"ဟဲ့. . . အောင်မောင်း၊ မနေ့ညက နင်တော်တော် နေသာထိုင်သာမရှိသွား တယ်ဆို"

ဒေါ်ငွေယုံက ဆီးမေးသဖြင့်. . .

"ဟာ. . . ဒေါ်ငွေယုံကလည်း"

ကိုပြားကြီးသည် ဈေးရောင်းထွက်ဖို့ ပြင်ဆင်နေရင်း လှမ်းနောက်သည်။

"အောင်မောင်းတို့ကတော့ စံပါပဲကွာ၊ စိတ်ညစ်လို့ အရက်ကိုသောက်တယ်ဆို တာသာ ကြားဖူးပါတယ်၊ မင်းလက်ထက်ကျမှ စိတ်ညစ်လို့ ကွမ်းကိုစားတယ်ရယ် လို့ ဖြစ်ရလေကွာ"



"ဟာဗျာ. . . တော်ကြစမ်းပါ၊ အလိုလိုမှ ကိုက ပြောချင်နေရတဲ့အထဲမှာ"

ရွှေရွှေသည် ဒီဘက်ခန်းမှ အတိုင်းသားကြားနေရ၏။ ကျိတ်ပြီး ရယ်မိသည်။ ဖိုးဂျေက. . .

"အစ်ကိုအောင်မောင်း မူးတာ ရယ်စရာကြီး"

ဟု ပြောသဖြင့် အောင်မောင်းက. . .

"အေးပေးလေး၊ မင်းလျှောက်ပြောလို့ လူတွေ အကုန်သိကုန်တာ"

"အံမယ်၊ ကျွန်တော်ပဲ အစ်မရွှေကို ပြေးခေါ်ပေးရတာ၊ အစ်မရွှေက ဆေးတိုက်လို့ အစ်ကို သက်သာသွားတာ မဟုတ်လား"

"ဆေးတိုက်တာနဲ့ အဆူခံရတာနဲ့ မကာမိပါဘူးကွာ"

ရွှေရွှေ ခစ်ခနဲတောင် အသံထွက်အောင် ရယ်မိသည်။ ခဏကြာတော့ ခြေသံပြင်းပြင်းကြောင့် ကြမ်းတွေ တကျွိကျွိမြည်ပြီး အိမ်ကလေးတစ်ချက်တစ်ချက် သိမ့်ခနဲ ဖြစ်သွားသဖြင့် အောင်မောင်း ဒေါ်ငွေယုံတို့အခန်းမှ ထွက်လာကြောင်း သိလိုက်၏။ ဒီလို ခြေနင်းကြမ်းပုံမှာ အောင်မောင်းတစ်ယောက်သာ ရှိ၏။ အောင် မောင်းသည် ဒီဘက်ခန်းကို တိုက်ရိုက် ကူးမလာခဲ့သေး။ ဟိုဘက်ခန်းနှင့် တိုက်ရိုက် ဆက်နေသော ရေကပြင်မှာ ဟိုယောင်ယောင် ဒီယောင်ယောင် လုပ်နေသည်။ နောက်တော့ တရွှေရွှေ ရေစည်ပိုင်းပြတ်ကို ငုံ့ကြည့်ပြီး. . .

"ဟာ. . . ရေလည်း မရှိပါလား"

ရေပုံးနှင့် ထမ်းပိုးဆွဲပြီး ထွက်သွားသည်။ ခဏကြာတော့ ရေတစ်ထမ်း ထမ်းပြီး စည်ပိုင်းထဲ ထည့်သည်။ ဒုတိယတစ်ခေါက် ထွက်သွားပြန်သည်။ ... ထမ်းထည့်ပြီးတော့ ရွှေရွှေ သနားသွားသဖြင့်. . .

"တော်တော့၊ ငနေက သိပ်ပြင်းခံနပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ အောင်မောင်းက ဟဲဟဲဆို သွားကြီးဖြဲပြီး အိမ်ခါးပန်းမှာ ခင်ထိုင်သည်။ ရွှေရွှေက မျက်နှာကို တည်ထားဆဲဖြစ်၏။ အောင်မောင်းမှာ ဘာပြောရမှန်း မသိသဖြင့် ဟဲဟဲဟု ထပ်ရယ်နေပြန်သည်။ ထိုအခါကျမှ ရွှေရွှေလည်း မနေနိုင်တော့ဘဲ ရယ်မိ၏။ ခုမှပင် အောင်မောင်း နေသာထိုင်သာ ရှိသွားသည်။

"နင် ညတုန်းက ဘာအရူးထတာလဲ"

ဟု ရွှေရွှေက မေးသည်။ အောင်မောင်း နည်းနည်းအောင့်သက်သက် ဖြစ်သွား၏။ သူကတော့ အချစ်အတွက် ခံစားချက်ပြင်းပြလွန်းသဖြင့် ကွမ်းစားမိခြင်းသာ ဖြစ်သည်။ ဒါကို အရူးထတာဟု ရွှေရွှေက ပြောနေသည်။ အင်း. . . ဟုတ်တော့လည်း ဟုတ်တာပဲ။ အရက်သောက်တာဆိုလျှင် ထားတော့။ ခုတော့ ကွမ်းစားပြီး အသည်းကို ကွမ်းတံတွေးနှင့် စိမ်သလို ဖြစ်သွားပြီ။ ဘာပဲဖြစ်ဖြစ် သူခံစားနေရတာကို ရင်ဖွင့်ပေတော့မည်။

"ငါ သိပ်စိတ်ညစ်လို့ပါဟာ၊ အရူးထတာ မဟုတ်ပါဘူး"

"ဘာစိတ်ညစ်စရာ ရှိလို့လဲ"

"နင် သိပါတယ်၊ ငါ့မှာ ဘယ်လောက်စိုးရိမ်သောက ရောက်ရသလဲ"

"နင့်ဘာသာ အတွေးတွေခေါင်ပြီး စိုးရိမ်နေတာပဲ၊ တကယ်ဆိုရင် နင် ခုလို ငါ့အပေါ် မယုံသင်္ကာဖြစ်နေတာကိုက ငါဟာ သစ္စာမရှိတဲ့လူလို့ ပြောရာကျတယ်"

"ငါ နင့်ကို မယုံလို့တော့ မဟုတ်ပါဘူး၊ ငါလေ ငါ. . . နင်နဲ့ ကွဲသွားမှာကို ကြောက်လွန်းလို့ပါ"

ဒီလိုကျတော့လည်း အောင်မောင်းပုံစံက သနားစရာ။ ကျော်သူ့ အိုက်တင်မျိုး။ ကျော်သူလိုတော့ မချောဘူးပေါ့။ အောင်မောင်းသည် နေပူထဲမှာ ရေထမ်းထားရသဖြင့် တစ်ကိုယ်လုံး ချွေးတွေရွှဲနေသည်။ ပခုံးပေါ်မှာ တင်ထားသော



တရုတ်တီရှပ်ကို ပြန်မဝတ်သေးချေ။ သူ့ကိုယ်လုံးကိုယ်ပေါက်မှာ သိပ်ကြည့်ကောင်းလှသည် မဟုတ်။ ပိန်လှသည် မဟုတ်သော်လည်း ရင်အုပ်က ပြားချပ်ချပ်ဖြစ်နေ၏။ ညှပ်ရိုးနှစ်ခုက ဗီပုံသဏ္ဌာန် အထင်းသား မြင်နေရသည်။

"နင် ရေသောက်မလား"

ရွှေရွှေက မေးသည်။ အောင်မောင်းက အေး. . ဟု ပြောသဖြင့် ရွှေရွှေ ရေတစ်ခွက် ခပ်ပေးသည်။ အောင်မောင်းက တစ်မော့တည်း ကုန်အောင်သောက်ပြီးနောက် သူ့ဘာသာ ရေခွက်ပြန်ထားရင်း တစ်ခွက်ထပ်သောက်သည်။ ရေသောက်လိုက်သဖြင့် ချွေးတွေ ပိုထွက်လာသည်။ အောင်မောင်းက ရင်ဘတ်နှင့် လက်မောင်းမှာ သီးနေသော ချွေးတွေကို လက်နှင့်သပ်ချသည်။ မျက်နှာကိုတော့ ဘီရှပ်နှင့်သုတ်လိုက်၏။ ထို့နောက် ပုဆိုးကြားမှ လိပ်ထည့်ထားသော ဆယ်တန်တစ်ရွက်ကိုထုတ်၍. . .

"ရော့. . . နင့်ဆီက ငါ ချေးထားတဲ့ ပိုက်ဆံတစ်ဆယ်"

"အောင်မယ်. . . နင်က ငါ့ကို မှီနေ့က ကြွေးဝါးသွားတဲ့အတိုင်း ပြန်ပေးတာပေါ့လေ"

"မဟုတ်ပါဘူးဟာ၊ နင်မှာလည်း သိပ်ရှိတာမှ မဟုတ်ဘဲ၊ ရော့. . . ယူပါ"

ရွှေရွှေက လှမ်းယူလိုက်သည်။ ဆယ်တန်မှာ သိပ်နွမ်းသေးသော်လည်း ချွေးတွေ ရွှဲစိုနေသဖြင့် ပျော့ဖပ်ဖပ် ဖြစ်နေ၏။

"နောက်ဆိုရင် ငါရှာလို့ရသမျှ နင့်လက်ထဲ အကုန်အပ်ရတော့မှာ ပျော်လားဟ"

"အမယ်"

ရွှေရွှေ ရှက်သွားသည်။ ဆယ်တန်ကို အကြောင်းမဲ့သက်သက် ပြန်ကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ယူကြရအောင်ဟာ"

အောင်မောင်းက ရုတ်တရက် ပြောသည်။ ရွှေရွှေက ဘာရယ်ဟူ၍မေးသည်။

"ဟုတ်တယ်၊ နင်လည်း တစ်ယောက်တည်း နေရတာပဲ၊ ဘာထူးတော့လို့လဲ"

"မဖြစ်သေးပါဘူး၊ နင့်မှာ အလုပ်အကိုင်မှ အတည်တကျ မရှိသေးဘဲ"

"နင်ကလည်း ဒါပဲပြောနေတာပဲ၊ အခုလည်း ငါ ကားလိုက်နေတာပဲ မဟုတ်လား"

"ဒါက အမြဲတမ်း အတည်မှ မဟုတ်ဘဲ"

"မကြာခင် ငါ စပယ်ယာလိုင်စင်ရတော့မှာပါဟာ၊ အဲဒါဆို ပါမစ်နင့်ဖြစ်ဖို့နီးစပ်ပြီပဲ"

"အေးလေ၊ အလုပ်အကိုင် အတည်တကျဖြစ်အောင်လုပ်လို့ ငါပြောထားပြီးပြီပဲ၊ ဘာထပ်ပြောစရာ လိုတော့လဲ"

"အေးပါဟာ၊ ငါ ကြိုးစားပါ့မယ်"

ဆယ်တန်မှာ စိုနစ်နေသော ချွေးတွေခြောက်လုသွားပြီ။ အောင်မောင်းကိုယ်ပေါ်က ချွေးတွေကတော့ မတိတ်သေး။

* * * * *



သမဝါယမဆေးခန်းတစ်ခုမှာ မနက်ပိုင်းထိုင်ဖို့ ဆရာဝန်လိုသည်ဟု သတင်းကြားသဖြင့် သွားတွေ့သည်။ မနက်ကိုးနာရီမှ ဆယ့်နှစ်နာရီထိထိုင်ရမည်။ တစ်လလေးရာ ပုံသေပေးမည်ဟု အမှုဆောင်လူကြီးများက ပြောသည်။

လခက နည်းသည်ဟု ဆိုရမည်။ သူတို့ဘက်ကလည်း ခုမှ မနက်ပိုင်း စမ်းသပ်ဖွင့်ရခြင်း ဖြစ်၏။ မနက်ဆိုတော့ လူနာလည်း နည်းလိမ့်မည်။ လခများများပေးနိုင်လည်း တိုးဝင်းလိုလူမျိုးကို ခန့်မည်မဟုတ်။ လုပ်သက်ရင့် ဆရာဝန်တွေအတွက်သာ ဖြစ်သွားလိမ့်မည်။ တိုးဝင်းဘက်က အဆင်ပြေတာကတော့ အိမ်နှင့်ဆေးခန်း သိပ်မဝေးခြင်းဖြစ်၏။ နောက်ပြီး သူကလည်း ငွေလိုနေသည်။

သူ ဆေးခန်းက လူနာများသဖြင့် ဝင်ငွေပိုလာသော်လည်း တက်လာသည့်ကုန်ဈေးနှုန်းနှင့် တွက်လိုက်လျှင် ဘာမှမထူး။ အိမ်မှာ စားအိုးကလည်း ကြီးသည်။ တခြား ကုန်ကျစရာတွေကလည်း များသည်။ သူ့ဝင်ငွေက လစဉ်ပုံမှန်သုံးစွဲနေရုံမျှသာ လုံလောက်သည်။ အခါအားလျော်စွာ ကုန်ကျရသည့် သာရေး နာရေး

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ၊ အဝတ်အစားဖိုး၊ အိမ်ကို မွမ်းမံပြုပြင်ရသည့် ကိစ္စများနှင့် အခြားအရေးပေါ်ကိစ္စများဖြစ်လာလျှင် သုံးဖို့စွဲဖို့ အပိုအလျှံ ဆောင်မထားနိုင်။ ထိုအခါမျိုးတွင် ချေးငှားရတာမျိုး ဖြစ်တတ်၏။ အစ်မအတွက် အပ်ချုပ်စက်ကလေး တစ်လုံးတောင် ခုထိ ဝယ်မပေးနိုင်သေး။

တိုးလင်းနှင့် မြင့်မြင့်ငြိမ်းတို့ကလည်း အငယ်တွေပီပီ ပူဆာချင်တာလေးတွေ ရှိသည်။ တိုးလင်းက သူ့မှာ အနွေးထည်ကောင်းကောင်း မရှိတော့သဖြင့် ဂျင်းဂျက်ကက်လိုချင်သည်ဟု ဆိုသည်။ မြင့်မြင့်ငြိမ်းက လက်ပက်နာရီကလေးတစ်လုံး လိုချင်နေသည်။

အမေကလည်း တစ်မျိုး။ အိမ်က ရေတွင်းမှာ ရေစုပ်စက်ကလေးတစ်လုံး တပ်ချင်သည်ဟု ဆို၏။ အိမ်မှာ သောက်သုံးရေကို ရေတွင်းမှပင် ခပ်ကြရသည်။ အဖေတို့ အမေတို့ ရေချိုးဖို့နှင့် ဆေးဖို့ကြောဖို့အတွက် အငယ်တွေကို တာဝန်ပေးထားသည်။ တိုးမင်းက သိပ်မခပ်ချင်။ သူက ကျူရှင်ဆရာဆိုသောဂုဏ်ပုဒ်ကို ထိခိုက်မည်စိုးသောကြောင့်လား မသိ။ အငယ်ကောင် တိုးလင်းကတော့ ခပ်ပေးလေ့ရှိ၏။ သို့ရာတွင် သူကလည်း လမ်းများသူဖြစ်၍ ဖမ်းရခက်သည်။ ရေကိစ္စနှင့် ပတ်သက်၍ မကြာခဏ ဆူရပူရတာတွေ ရှိ၏။ တိုးဝင်းသည် အစ်ကိုကြီးလည်း ဖြစ်၊ ဆရာဝန်လည်း ဖြစ်၊ ငွေရှာရသူလည်း ဖြစ်သဖြင့် အမေက ရေကို ကိုယ်တိုင်ခပ်မချိုးစေချင်။ ညီတွေက ခပ်ပေးစေချင်သည်။

တိုးလင်းက ကြုံလျှင် စိတ်လိုလက်ရ ခပ်ပေးတတ်သော်လည်း တိုးမင်းကတော့ အမေနိုင်းလို့သာ ခပ်ရသည်။ သိပ်မကြည်လင်လှ။ သူကလည်း ဘွဲ့ရကျူရှင်ဆရာပဲ။ ဆရာဝန်ဖို့ ရေခပ်ဖို့ လက်ခံချင်ပုံ မရပေ။ တိုးဝင်းကလည်း ခပ်ခိုင်းလေ့မရှိ။ သူ့ဘာသာပဲ ခပ်ချိုးသည်။



အဖေသည် အလကားနေမည့်တူတူ အိမ်ရှေ့ကွက်လပ်မှာ သီးပင်စားပင်ကလေး စိုက်မည်ဟု စိတ်ကူးသည်ဟု ပြော၏။ ကိုယ်တိုင်ရေခပ်ပြီး လောင်းရလျှင်တော့ အိပ်မသက်သာ။ ရေစုပ်စက်ကလေးရှိလျှင် ပိုက်ပျော့နှင့် သွယ်ပြီး လောင်းလို့ရသည်။ ရေပန်း ကရားတွေနှင့်ပဲ လောင်းရဦးတော့ စည်ပိုင်းထဲက အဆင်သင့်ခပ်လောင်းရလျှင် သက်သာသည်။

နွေပေါက်လာလျှင် အိမ်ကို ရေနံသုတ်ရမည်။ ဝင်းထရံတွေက ဆွေးမြေ့ပျက်စီးနေပြီ။ မီးဖိုဆောင်ပြင်စရာ နည်းနည်းရှိသည် စသည်ဖြင့် ကုန်ပေါက်တွေကစောင့်နေသဖြင့် သမဆေးခန်းကအလုပ်ကို လုပ်ဖို့ ဆုံးဖြတ်လိုက်၏။

* * *

အိမ်ဝင်းထောင့်ကို ရောက်သည့်အချိန်မှာပင် အိမ်ရှေ့မှာ ရပ်ထားသော ဖင်မလိယာကားကို မြင်ရ၏။ ဒေါ်ဒေါ်မြင့်တို့ ရောက်နေပြီထင်သည်။ အကြွေးများလာတောင်းတာလား။ မဖြစ်နိုင်။ ဒေါ်ဒေါ်မြင့်တို့သည် အကြွေးကို ပြန်မပေးမချင်းဘယ်တော့မှ တောင်းတတ်သူမဟုတ်။ အမေကလည်း အကြွေးကို မတောင်းဘဲဘယ်တော့မှ ပြန်ဆပ်တတ်သူ မဟုတ်သဖြင့် ဟန်ကိုက်နေကြသည်။ ထိုအချက်ကပင် တိုးဝင်းအတွက် စိတ်မသက်မသာ ဖြစ်စေသည်။

အိမ်ထဲဝင်လိုက်တော့ ဒေါ်ဒေါ်မြင့်တို့ကို မတွေ့ရ။ ခရိုင်ဘာကြီးကိုသာ တွေ့သည်။ အမေက. . .

"သားရေ. . . မမြင့် နည်းနည်းနေမကောင်းလို့တဲ့ အဲဒါ သားကို လာခေါ်တာ၊ လိုက်သွားပြီး ကြည့်ပေးလိုက်ပါကွယ်"

ငြင်းဆန်ခွင့်မရှိ။ လိုက်သွားရမည်မှန်းသိလျက် နည်းနည်း . . . လိုက်တန့်လုပ်ချင်စိတ် ပေါ်လာသဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းသွားဖို့ အချိန်နီးနေပြီ အမေ"

ဟု ခပ်အင်အင် ပြောလိုက်သည်။

"အေး. . . ဟုတ်တယ်၊ ဟိုကအပြန် တစ်ခါတည်း ဆေးခန်းကို ကား

လိုက်ပို့ပေးမယ်"

ထမင်းလည်း မစားရသေးဘူးဟု ပြောမည်ကြံတုန်း. . .

"ထမင်းလည်း ဟိုမှာပဲ စားပါတဲ့၊ မင်းကို ထမင်းမကျွေးရတာလည်း ကြာ

လို့ ပြောခိုင်းလိုက်တယ်"

အမေက ဦးအောင် ပြောသည်။ တိုးဝင်းက ဒရိုင်ဘာကြီးကို. . .

"ခဏနော် ဦးလေး၊ ရေချိုးလိုက်ဦးမယ်"

ဟု ပြောပြီး သူ့အခန်းဘက် ထွက်လာခဲ့သည်။ ရေလဲလုံချည်ယူပြီး ပြန်ထွက်

အလာတွင် မြင့်မြင့်ငြိမ်းက ပြောင်ချော်ချော် မျက်နှာပေးဖြင့်. . .

"ကြိမ်စကြာနဲ့ ရိုက်ခေါ်တော့လည်း တို့အစ်ကို ဘယ်ငြင်းနိုင်မလဲနော်"

ဟု ပြောသဖြင့် 'နင်စကားက ဘာစကားလဲ'ဟု ခပ်ထန်ထန်ပြန်ပြောလိုက်

သည်။ မြင့်မြင့်ငြိမ်းက သူ မာန်တာကို ဂရုမစိုက်ဘဲ. . .

"အစ်ကိုကလည်း သိပ်အိုက်တင်ခံမနေစမ်းပါနဲ့၊ ကိုယ့်ဘက်က နာစရာ မရှိ

ပါဘူး"

"တော်စမ်းဟာ ငါ့ဝိတ်ထိုးမိမယ်"

ဟု ပြောပြီး ရေတွင်းဘက် ထွက်လာခဲ့သည်။ ဒီတော့လည်း စကားကွင်း မလွတ်

သေး။ အငယ်ကောင် တိုးလင်းက ပြေးလာပြီး. . .

"ကျွန်တော် ရေဆွဲပေးမယ်"

ရေစည်ထဲကို ရေဖြည့်ရင်း တိုးလင်းက စပြန်သည်။



"အစ်ကို ချမ်းသာသွားရင်း ကျွန်တော့်ကို ဆိုင်ကယ်တစ်စင်းလောက်တော့

ဝယ်ပေးနော်"

"ဟာ. . . ဒီကောင် ဘာတွေလာပြောနေတာလဲ၊ ငါလုပ်လိုက်ရ သေတော့

မယ်"

"ဪ. . . စေတနာထားတယ်လား၊ စိတ်ဓာတ်လေးတွေ သိရတာပေါ့ခေ"

"သွားစမ်းကွာ၊ မင်းခပ်ပေးတဲ့ရေ မချိုးတော့ဘူး။ ငါ့ဘာသာ ဆွဲမယ်"

"ဒါဆိုလည်း ပြိုင်စက်ဘီးတစ်စင်းလောက်ပဲ ဂယ်ပေးပါတော့"

တိုးလင်းကို ဖက်ပြိုင်ပြောနေလျှင် သူပဲ အရှုံးဖြစ်မည်။ ထို့ကြောင့် ရေကိုသာ

အမြန်ချိုးရသည်။

ဒီနေ့ကတော့ သူ အလူးအလဲ ခံရသည့်နေ့ပင် ဖြစ်၏။ ရေချိုးအဝတ်အစား

လဲပြီး ပြန်ထွက်လာသောအခါ ဒရိုင်ဘာကြီးက ကားနားမှာ အဆင်သင့် စောင့်နေ

သည်။ ကားနားရောက်လျှင် ဒရိုင်ဘာကြီးက တံခါးကို ဖွင့်ပေး၏။ ကိုယ့်ဦးလေး

အရွယ် လူတစ်ယောက် ခုလို ကားတံခါးဖွင့်ပေးရခြင်းမျိုးကို သူမလိုလား။ ကိုယ့်

ကားလည်း မဟုတ်။ ကိုယ်ကလည်း ဘာမှမဟုတ်။ သို့ရာတွင် ခုမှတော့ တံခါးပြန်

ပိတ်နိုင်းပြီး ကိုယ့်ဘာသာ ကိုယ်ပြန်ဖွင့်လို့ ဖြစ်တော့မည်မဟုတ်။

တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ချင်တော့ အပြင်မှ ပြန်လာသော တိုးမင်းက ထိုမြင်

ကွင်းကို ပက်ပင်းကြီးတွေ့သွား၏။ တိုးမင်းက ပြုံးပြီး ခေါင်းတစ်ချက် ဆတ်ပြသွား

သည်။ ဒီနေ့အဖို့ တိုးမင်း၏ ထိုအပြုံးတစ်ချက်သည် အခံရအခက်ဆုံးပင်။

တိုးမင်းသည် စကားများများ ပြောလေ့မရှိ။ ပြောလျှင်လည်း ထိ. . .

ပြောတတ်သည်။ သူ့စိတ်ထဲ မတွေ့တာရှိလျှင် ခုလိုပြုံး၍ ခေါင်းတစ်ချက် ဆတ်ပြ

လိုက်တတ်သည်။ အမေ့ကို မလွန်ဆန်နိုင်သောကြောင့်လည်း ကောင်း၊ အခြားသော

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြောင်းတွေကြောင့်လည်းကောင်း ဒေါ်ဒေါ်မြင့်တို့ မိသားစုနှင့် ဆက်စပ်ပတ်သက်နေရခြင်းကို တိုးမင်းက မနှစ်မြို့။ အစ်ကိုဖြစ်သူ၏ ပြတ်ပြတ်သားသား မရှိမှုကို ဝေဖန်လိုဟန်တူသည်။ နှုတ်ကတော့ ဘာမှမပြော။ အမူအရာနှင့် ပြတတ်သည်။

မင်းနားမလည်တာတွေ အများကြီးရှိပါသေးတယ်ကွာဟု စိတ်ထဲက ပြန်ပြောသည်။ ဒီလိုတော့မှပဲ ကားပေါ်မှာ ရဲရဲဖင်ချထိုင်နိုင်တော့သည်။

ဒေါ်ဒေါ်မြင့်တို့ အိမ်ရှေ့မှာ ကားရပ်ရပ်ချင်း သူ့ဘာသာ အလျင်အမြန် ကားတံခါးဖွင့်လိုက်သည်။ ဒီလိုကျပြန်တော့လည်း ဆေးအိတ်က ဒရိုင်ဘာကြီးလက်ထဲ ပါသွားပြန်၏။

"ရပါတယ် ဦးလေးရယ်၊ ကျွန်တော့်ဘာသာ ကိုင်ပါ့မယ်"

ဒရိုင်ဘာကြီးဆီက ဆေးအိတ်ကို ပြန်ယူပြီး အိမ်ရှေ့တံခါးပေါက်မှာ ရပ်သည်။ ကားသံကြားကတည်းက အိမ်ဖော်မိန်းကလေးသည် သော့ကို ပြေးယူခဲ့ဟန်တူသည်။ တိုးဝင်း တံခါးဝရောက်ချိန်တွင် သော့ဖွင့်နှင့်နေပြီ။ သူ အိမ်ထဲဝင်လိုက်သည့်အချိန်မှာပင် ဧည့်ခန်းနှင့်အတွင်းခန်းကို ကာထားသော ခန်းဆီးလှပ်သွားသည်။ ထို့နောက် သင်းသင်း ထွက်လာသည်။ ပြုံး၍ နှုတ်ဆက်သည်။ သူ ရင်ခုန်သွားခြင်း မရှိသော်လည်း သူတို့နှစ်ယောက်ကြားမှာ ဆက်နွယ်ပတ်သက်မှု တစ်ခုရှိကြောင်း အလိုလို သတိရနေသဖြင့် ပုံမှန်ဆက်ဆံ၍ မရဘဲ ဖြစ်နေ၏။

"ဒေါ်ဒေါ်မြင့် ဘာဖြစ်လို့လဲ"

ဟု သူမေးသည်။

"သွေးနည်းနည်း တက်သလား မသိဘူး"

ပြောပြီး ဒေါ်မြင့်မြင့် အခန်းသို့ ဦးဆောင်ခေါ်သွားသည်။



ဒေါ်မြင့်မြင့်သည် ခုတင်ပေါ်မှာ ခေါင်းအုံးတွေ ခုမှီ၍ လှဲနေသည်။ မြင်လိုက်ရုံနှင့် ဒီလောက်ကြီးဖြစ်တာ မဟုတ်ကြောင်း သိလိုက်၏။ ဝတ္တရား အတိုင်း. . .

"ဒေါ်ဒေါ် ဘာဖြစ်လို့လဲ"

ဟု မေးသည်။ ဒေါ်ဒေါ်မြင့်က ချက်ချင်းမဖြေသေးဘဲ. . .

"သမီးရေ. . ကုလားထိုင်လေး ချပေးပါဦး"

တိုးဝင်းထိုင်ပြီး ဒေါ်မြင့်မြင့် လက်ကိုကိုင်ပြီး စမ်းသည်။

"နေရထိုင်ရတာ မအီမသာနဲ့ကွယ်"

"မူးတူးတူး၊ မောတောတော၊ နုံးတုံးတုံးပေါ့ ဟုတ်လား ဒေါ်ဒေါ်"

သူ့စိတ်ထဲကတော့ ဒါဟာ တစ်ချက်ရှိလိုက်တာပဲဟု သတ်မှတ်ပြီး သူ့ဘာသာ ကျေနပ်သွား၏။ ဒေါ်ဒေါ်မြင့်ကတော့ သူ့စကားကို အတည်ယူ၍. . .

"ဟုတ်တယ်ကွယ် နည်းနည်းကြည့်ပေးပါဦး"

ပြောပြီး တစ်ဆက်တည်း သင်သင်ဘက် လှည့်၍. . .

"သမီးရေ. . . ဟိုဟာလေး ယူခဲ့ပါ"

သင်းသင်းက ဗီရိုထဲက ဘူးတစ်ခု ထုတ်ယူလာပြီး တိုးဝင်းကို ပေးသည်။ ဘူးပေါ်က ပုံကိုကြည့်ကတည်းက သိလိုက်၏။ နောက်ဆုံးပေါ် သွေးပေါင်ချိန်တိုင်း ကိရိယာ ဖြစ်၏။ သြော်. . . ဒါကြောင့်လို့ သွေးတက်ချင်ယောင် ဆောင်တာကိုး။

ကိရိယာလေးကို ဘူးထဲမှ ထုတ်သည်။ အသင့်ပါလာသော ဓာတ်ခဲထည့်ပြီး တပ်စရာရှိတာတွေ တပ်သည်။ ပိတ်စကို ဒေါ်မြင့်မြင့် လက်မောင်းမှာ ပတ်လိုက်သည်။ ခလုတ်နှိပ်သည်။ ဘောလုံးကလေးကို ညှစ်ပြီး ဖိအားပေးသည်။ နားကြ ဖိထောက်ပြီး နားထောင်စရာမလို။ ဒစ်ဂျစ်တယ်ဒိုင်ခွက်မှာ နံပါတ်ကလေးတွေ ပေါ်လာသည်။ နှစ်ရာကျော်ထိ နှိပ်ပြီးမှ ပြန်လျှော့လိုက်သည်။ ဘိတ်တိမြည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်တွေ ပြန်လျှော့လာ၏။ ဖိအားအမှန်ရောက်သောအခါ အချက်ပေးသံ ထွက်လာပြီး ဒိုင်ခွက်ပေါ်မှာ သွေးဖိအားနှင့် နှလုံးခုန်နှုန်းတို့ တစ်လှည့်စီ ပေါ်လာသည်။

သွေးက ပုံမှန်ထက်နည်းနည်းလေးပိုနေရုံသာ ရှိ၏။ ပုံမှန်ပဲလို့တောင် ပြော၍ရသည်။

"ကောင်းပါတယ် ဒေါ်ဒေါ်၊ ခုရက်ပိုင်း ရာသီဥတု လို့ ဖြစ်ပါလိမ့်မယ်"

"အားနည်းလို့များလား မသိဘူး"

ဆိုပြီး ခုတင်ဘေး စားပွဲပုလေးပေါ်သို့ မျက်စိကစားလိုက်သည်။ ပယ်ရင်ထုပ် ဗိုက် အကြောဆေးကတ်ကို မြင်ရ၏။ တိုးဝင်းက အလိုက်သိစွာ. . .

"အိုင်ဗီဒလေး ဘာလေး သွင်းချင်သွင်းပါလား"

"အေးကွယ်၊ ကောင်းသားပဲ"

တစ်ခါသုံး ပိုးသတ်ပြီးသား ပလတ်စတစ်ဆေးထိုးပြွန် ရှိနေသဖြင့် အပ်ပြုတ်ဖို့ မလိုတော့ဘဲ အဆင်သင့် ဆေးသွင်းပေးလိုက်နိုင်သည်။ ရွှေရွှေတို့ အဘွားကို ဂလူးကို့စ်လေးတစ်လုံး ဖျစ်ဖျစ်မြည်အောင် သွင်းပေးခဲ့ရသည်ကို သတိရမိ၏။

သင်သင်က အကြောပေါ်အောင် ဒေါ်ဒေါ်မြင့်၏ လက်မောင်းကို ဖိကိုင်ပေးသည်။ သင်သင့် လက်ချောင်းကလေးများမှာ သွယ်သွယ်လှလှကလေးတွေ၊ မွေးညင်းစိမ်းစိမ်းတွေက ဝါဝင်းသော လက်ချောင်းကလေးတွေပေါ်မှာ ရှည်လျားစွာ လဲလျောင်းနေကြသည်။ ဆေးခန်းမှာ လူနာတွေ ဆေးသွင်းလျှင်လည်း ရွှေရွှေက လူနာလက်မောင်းကို ကိုင်ပေးနေကျ။ ရွှေရွှေ၏ လက်ဖမိုးပေါ်မှာတော့ လက်တစ်ဆစ်ခန့် အမာရွတ်ကလေးတစ်ခု ရှိ၏။

ဆေးသွင်းပြီးနောက် ဒေါ်ဒေါ်မြင့်က တိုးဝင်းတို့အိမ်အကြောင်း မေးသည်။ အမေတို့ အမေတို့ နေကောင်းကြရဲ့လား၊ မတွေ့တာ တစ်လနီးပါးကြာပြီ တစ်ရက်



ာက် ကားလွှတ်ပြီး မင်းအမေကို ခေါ်ဦးမှ စသည်ဖြင့် စကားအမျှင်မပြတ်နိုင်သဖြင့် သင်သင်က. . .

"ကိုတိုးက ဆေးခန်းသွားရဦးမယ် မေမေ"

ဟု သတိပေးသည်။

"ဟဲ့. . . ဟုတ်ပါရဲ့၊ ထမင်းကျွေးတော့လေ၊ ပြင်ပြီးပြီလား"

"ပြင်နိုင်းထားပါတယ်၊ ခုလောက်ဆို အဆင်သင့် ဖြစ်နေပါပြီ"

"ကဲ. . . မောင်တိုးဝင်း ထမင်းစားလိုက်ဦး"

"ကျွန်တော် မစားတော့ပါဘူး ဒေါ်ဒေါ်"

"အို. . . မဟုတ်တာ ဆာနေမှာပေါ့။ စားသွား၊ ဆေးခန်းကို ကားနဲ့လိုက်ပို့ ပဲဟာ မိပါတယ်"

"ဟုတ်သားပဲ ကိုတိုး၊ စားသွားပါ၊ ဟိုမှာ ပြင်လို့တောင် ပြီးနေပြီ"

အိမ်ဖော်မိန်းကလေး အခန်းဝမှာ ရပ်ပြီး. . .

"ထမင်းပွဲပြင်ပြီးပါပြီ"

ဟု လာပြောသည်။

"ကဲ. . . လာ ကိုတိုး"

တိုးဝင်းသည် တုံ့တုံ့ဆိုင်းဆိုင်း လုပ်ရင်းက ထမင်းစားခန်းဆီ လိုက်သွားရသည်။ ထမင်းပွဲမှာ ကျကျနနပြင်ဆင်ထားသည်။ ဟင်းတွေကလည်း ကကတစ်ပေါင်း၊ ကြက်အသည်းအမြစ်၊ ပုစွန်တုပ်ချဉ်သုပ်၊ အစိမ်းကြော်၊ ကြာဆံဟင်းခါးသည်ဖြင့် မြိုင်ဆိုင်လှသည်။

တကယ်တော့ သူ တော်တော်ဆာနေပြီ။ အိမ်မှာလည်း ဒီလိုဟင်းကောင်းမျိုး စားရဖို့ မလွယ်။ စိတ်က မစားချင်လှသော်လည်း ဗိုက်ကတော့ ဟင်းတွေမြင်ရုံနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပို၍ ဆာလာသည်။ စားပွဲမှာ ဝင်ထိုင်သည်။ သင်သင်က ထမင်းအုပ်ထဲက ထမင်း ခပ်ပြီး ပန်းကန်ထဲ ထည့်ပေးသည်။ တိုးဝင်း လက်ဆေးသည်။ ညှော်သည်တို့ ထုံး အတိုင်း ဟင်းခွက်ကို အရင်မနှိုက်ဘဲ ကြာဆံဟင်းခါးတစ်ဇွန်း ခပ်သောက်သည်။

"ကိုတိုး. . . ဝအောင်စားနော်"

သင်သင်က ပြောပြောဆိုဆို ကကတစ်ပေါင်း ခပ်ထည့်ပေး၏။

"သင်သင်ကော စားပြီးပြီလား"

"မစားသေးဘူး ကိုတိုး၊ စောစောလေးကပဲ ကော်ဖီနဲ့ မုန့်စားထားလို့"

ဗိုက်ကဆာ၊ ဟင်းကကောင်း၊ ဆန်ကကောင်းသဖြင့် အိမ်မှာလို အားရပါးရ စားလိုက်ချင်သော်လည်း ဟန်လုပ်၍ ကိုယ့်ကနန်း ဆိတ်ကနန်း လုပ်နေရသည်။ ဒါ တောင်မှ ထမင်းတစ်ပန်းကန် အကုန်မြန်သည် ထင်ရ၏။

"ထမင်းထည့်ဦး"

သင်သင်က ထမင်းအုပ်ကို ယူ၍ခပ်သည်။

"တော်ပါပြီ"

"အို. . . မဟုတ်တာ၊ စားတာဖြင့် ဘာမှမရှိသေးဘူး"

သင်သင်က ထမင်းအတင်းထည့်ပေးသည်။ တကယ်တော့ တိုးဝင်းကလည်း နည်းနည်းလောက်တော့ ထပ်စားချင်နေသေးသည်။ အင်းလေ အိမ်တိုင်ရာရောက် ဆေးလာကုပေးရတာပဲ။ ဒီလောက်တော့ စားသင့်ပါတယ်ဟု တွေးလိုက်သည်။ သင် သင်ကလည်း ဟင်းတွေ ပန်းကန်ထဲကို မပြတ်ထည့်ပေးနေသည်။ ဒုတိယပန်းကန် ကုန်တော့ တော်သင့်ပြီဟု ဆုံးဖြတ်လိုက်သည်။ တကယ်စားမည်ဆိုလျှင် နောက် တစ်ပန်းကန် အသာလေး စားနိုင်သေးသည်။

ထမင်းပွဲ လက်စသတ်တော့ ရှောက်ပျော်သီးတွေ ရောက်လာသည်။ ရေခဲ



သေတ္တာထဲက ထုတ်လာသဖြင့် အေးစက်ချိုမြနေ၏။ တစ်ကိုက်ကိုက်လိုက်သည့် အချိန်တွင် မဆီမဆိုင် ညီဖြစ်သူ တိုးမင်း၏အပြုံးကို သွားမြင်ယောင်မိ၏။ သည်ချောင်းထဲ နင်သလိုလို ဖြစ်သွားသည်။ ထို့ကြောင့် လီမွန်ဘာလီရည်နှင့် မျှော ချလိုက်ရ၏။

ဆေးခန်းသွားဖို့ အချိန်တန်ပြီ။ နည်းနည်းတောင် နောက်ကျနေပြီ ထင်၏။ ထို့ကြောင့် ဒေါ်မြင့်မြင့်ကို သွားနှုတ်ဆက်သည်။ ဒေါ်မြင့်မြင့်က. . .

"အေးကွယ် ခုလို လာကြည့်ပေးတာ ကျေးဇူးပါပဲ သားရယ်။ သြော် ဒါနဲ့. . ."

ခုတင်ဘေး စားပွဲပုလေးပေါ်မှာ ရှိနေသေးသော သွေးပေါင်ချိန်တိုင်း ကိရိယာလေးကို လှမ်းယူ၍. . .

"ဗိုလ်ချုပ်ဈေးမှာ တွေ့လို့လေ၊ မင်းနှမ သင်သင်က မင်းကို လက်ဆောင် ပေးရင် ကောင်းမယ်လို့ အကြံပေးတာနဲ့ ဝယ်ခဲ့တာ"

တိုးဝင်း ရုတ်တရက် အံ့သြသွားသည်။ ပြီးမှ. . . .

"ဟာ. . . နေပါစေ၊ ကျွန်တော် မလိုချင်ပါဘူး"

"မဟုတ်တာကွယ်၊ ဒေါ်ဒေါ်တို့က စေတနာနဲ့"

"ကျွန်တော့်မှာ ဘီပီကတ်ရှိပြီးသားပဲ၊ ဒါက သိပ်နုတယ်၊ အိမ်သုံးပဲ ကောင်း တယ်"

"အို. . . မင်းနှမက သတိတရ ဝယ်ပေးတဲ့ဟာကို"

"ဟုတ်တယ် ကိုတိုးရဲ့၊ မေမေ့ကို တကူးတက လာလာကြည့်ပေးနေရတာ အားနာဖို့တောင် ကောင်းတယ်၊ ပြီးတော့ သင်သင်ကလည်း ခဏခဏချွချာနေတာ အကြောင်းရှိရင် ကိုတိုးကိုပဲ ဒုက္ခပေးနေရတာ မဟုတ်လား။ အဲဒါနဲ့ သင်သင်လည်း ကိုတိုးကို ကျေးဇူးဆပ်ဖို့ စိတ်ကူးရတာနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ. . . သမီး၊ မောင်တိုးဝင်းကတော့ ထုံးစံအတိုင်း အားနာပြီ ငြင်းနေမှာ... ကားပေါ်သာ သွားတင်ထားလိုက်ပေတော့"

အခန်းထဲမှ ထွက်လာပြီးနောက် သင်သက်က ကားနားထိ ဘူးကို ကိုင်ပြီ... လိုက်လာသည်။

"ကိုတိုးကလည်း တစ်ယောက်ယောက် နေမကောင်းလို့ခေါ်မှပဲ လာတော့... တယ်၊ တစ်ခါတစ်လေ အေးအေးဆေးဆေး လာလည်ပါဦးလား"

"မအားလို့ပါ"

"ဆေးခန်းက တော်တော်အောင်မြင်တယ်ဆို"

"အသင့်အတင့်လောက်ပါပဲ"

"အောင်မြင်မှာပဲ၊ ကိုတိုး ဆေးကုပုံက သိပ်သေချာတာ"

ဒီတစ်ခါတော့ သင်သင်က ကားတံခါး ဖွင့်ပေး၏။ သူ ဝင်ထိုင်လိုက်ပြီးနောက် သွေးဖိအားတိုင်း ကိရိယာဘူးကို သူ့ဆီ လှမ်းပေးပြီး. . . .

"ကားပေါ်မှာလည်း မထားခဲ့နဲ့ဦးနော်"

ဟု ပြုံး၍ နှုတ်ဆက်ရင်း ပြောသည်။ တိုးဝင်းသည် မျက်မမြင်တစ်ယောက် မခြင်မစမ်းနှင့် ရမ်းသမ်းပြုံးသည့်မျိုးဖြင့် ပြန်ပြုံးပြလိုက်၏။

ဒီသွေးဖိအားတိုင်း ကိရိယာသစ်ကို မင်္ဂလာဈေးက ဆေးပစ္စည်းဆိုင်မှာ တွေ့ကတည်းက သူ သဘောကျနေခဲ့သည်။ လုပ်ရကိုင်ရတာ အလွန်အဆင်ပြေသည်။ သားလည်း သားနားသည်။ သူ့ဆေးခန်းမှာသာ သုံးလိုက်ရလျှင် လူနာတွေ အလွန်အထင်ကြီးကြမည်။ မသိတဲ့လူဆို ဒီဆရာဝန်က ကွန်ပျူတာနဲ့ ကုတာလို့တောင် ပြောချင်ပြောကြမည်။ သို့ရာတွင် သူတို့ပေးလိုက်တာကိုတော့ ဆေးခန်းမှာ သုံးဖို့ စည်းရွယ်။ အိမ်မှာ သိမ်းထားလိုက်ရုံသာ ရှိမည်။



ဒေါ်ဒေါ်မြင့်တို့မှာ သားအမိ နှစ်ယောက်တည်းသာ ရှိ၏။ တိုးဝင်းတို့ အတိုင်းအတာအရ ကြည့်မည်ဆိုလျှင် ချမ်းသာသည်ဟု ဆိုနိုင်သည်။ သူတို့နေသော တစ်ထပ်တိုက်ကလေးကဖဲ ခုနစ်သိန်း၊ ရှစ်သိန်းမက တန်မည်။ ဒီ့ထက်ပိုချင်သာ ပိုနိုင်သည်။ အတွင်းပစ္စည်း ဘယ်လောက်ရှိမှန်း မသိ။ အေးအေးဆေးဆေး ထိုင်စားနေနိုင်ပုံကို ကြည့်လျှင် မနည်းရှိသည်ဟု ခန့်မှန်းနိုင်သည်။ ဒေါ်မြင့်မြင့်သည် တစ်ခါတလေ ကြုံကြိုက်သည့်အခါ စီန်ရွှေပွဲစားလုပ်တတ်သည်။ သူ ပွဲစားလုပ်ပုံက ရောင်းသူဝယ်သူကြားမှာ စပ်ပေးခြင်းမျိုးမဟုတ်။ ဈေးသက်သက်သာသာ ရနိုင်မည့် ပစ္စည်းမျိုးလာပြလျှင် ဝယ်ထားလိုက်ပြီ ကြိုက်ဈေးရလျှင် ပြန်ထုတ်ခြင်းဖြစ်၏။ ဒီလိုလုပ်ခြင်းဖြင့်လည်း စိုစိုပိုပို ရတတ်သေးသည်။

တိုးဝင်းတို့အမေနှင့် ဒေါ်မြင့်မြင့်တို့သည် အလွန်ခင်မင်ကြသည်။ ဘယ်လောက်ထိ ခင်မင်သလဲဆိုလျှင် အမေငွေလိုသည့်အခါတိုင်း ဒေါ်မြင့်မြင့်က ဘယ်တော့မှ မငြင်းဘဲ ထုတ်ချေးတတ်သည်အထိပင်။ ထုတ်ချေးသည့်အခါတိုင်းလည်း. . .

"အေးအေးဆေးဆေးသာ သုံးနော်၊ အဆင်ပြေမှ ပြန်ပေးသိလား၊ မြင့်တို့မှာလည်း မိတ်ဆွေချင်း ကူညီနိုင်တုန်း ကူညီရတာ။ ဘာမှ အားမနာနဲ့"

ဟု ဒေါ်မြင့်မြင့်က ပြောတတ်သည်။ အဆင်ပြေမှ ပြန်ပေးဆိုသော စကားအရ အမေ့မှာ အဆင်မပြေသဖြင့် ပြန်မပေးနိုင်တာက များသည်။ ဒေါ်မြင့်မြင့်က ဘာမှမပြော။ လိုသမျှသာ ထုတ်ပေးနေသည်။ ဘာကြောင့် ဒီလောက် လိုက်လျောနေသလဲ။

အမေက လူကဲခတ် သိပ်ကောင်းသည်။ ဒေါ်ဒေါ်မြင့်တို့မှာ ပစ္စည်းရှိသည်၊ ဂုဏ်ရှိသည်။ တစ်ခုပဲ လိုသည်။ အားကိုးစရာ မားမားမတ်မတ် ရပ်တည်နိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်။ ဘယ်လို ယောက်ျားမျိုးလဲ။ ရိုးသားရမည်။ ပညာတတ်ရမည်။ ဂုဏ်သိက္ခာရှိရမည်။ ဒေါ်မြင့်မြင့်မှာ မူးတူးတူးမောတောတော နုံးတုံးတုံးဆိုသော ရောဂါရှိသည်။ အမီးသင်သင်က နည်းနည်း ချူချာသည်။ ဒီတော့ ဆရာဝန်တစ်ယောက် ဖြစ်လျှင် ပိုကောင်းမည်။

ထိုအချက်တွေ အားလုံးနှင့် တိုးဝင်းက ကိုက်ညီသည်။ အမေသည် ဒေါ်မြင့်မြင့်ကို မသိမသာ စကားတောက်ကြည့်သည်။ ဒေါ်မြင့်မြင့်၏ တုန့်ပြန်မှုက အားရစရာ။

လူယော်ချင်း အဆင်ပြေသွားမည်ဆိုလျှင် ဝမ်းမြောက်ဝမ်းသာ သဘောတူမည့် အရိပ်လက္ခဏာပြသည်။

သင်သင်သည် သူဌေးသမီးဖြစ်၏။ လှလည်း လှသည်။ မိဘချင်းလည်း သဘောမျှကြသည်။ ဒါဆို ဘာလိုသေးသလဲ။ လိုသည်။ သိပ်လိုသည်။ အရေးအကြီးဆုံးအရာ လိုသည်။ အချစ်ပင် ဖြစ်၏။ သင်သင်ကို သူ ချစ်ကြည့်လို့မရ။ ဒါတော့ ဘယ်လိုမှ မတတ်နိုင်။

အချစ်ဆိုသည်မှာ သိပ္ပံပညာနှင့် ဖန်တီးတည်ဆောက်၍ မရနိုင်သောအရာများတွင် နောက်ဆုံးကျန်ရှိမည့်အရာ ဖြစ်၏။ ဒါဝင်၏ အီဗော်လူးရှင်းနားရီး သီအိုရီအရ အဆင့်ဆင့် တိုးတက်ဖြစ်ပေါ်လာသောအရာလည်း မဟုတ်။ အိုင်စတိုင်း၏ ရီလေတီဗီတီ သီအိုရီနှင့်လည်း အကျုံးမဝင်။ အချစ်မှာ သီးခြားသီအိုရီ ရှိ၏။ ထိုသီအိုရီမှာလည်း လူအများအားလုံး သဘောတူညီစွာ လိုက်နာကြသည့် သီအိုရီလည်းမဟုတ်။ လူတစ်ယောက်တွင် အချစ်နှင့်ပတ်သက်၍ ကိုယ်ပိုင် သီအိုရီတစ်ခုစီ ရှိနေခြင်းပင် ဖြစ်၏။ တစ်သီးပုဂ္ဂလ သီအိုရီဟု ဆိုနိုင်သည်။

တိုးဝင်းအနေဖြင့် သင်သင့်အပေါ် ချစ်ကြည့်လို့ မရနိုင်သည့် အကြောင်း



တစ်ခု ရှိသေးသည်။ သူ ကြိုက်နှစ်သက်မည့် မိန်းကလေးကို သူဘာသာသူ ရှာဖွေတွေ့ရှိလိုသည်။ လူကြီးတွေက ဒါကြိုက်လားဟု ပြတာကို ခေါင်းညိတ်လက်ခံလိုစိတ်မရှိ။ တိုးဝင်းသည် ကျောက်မျက်ရတနာတစ်ခုကို ဆိုင်ပေါ်က အဆင်သင့် ဝယ်ယူလိုသူမဟုတ်။ မြေကြီးထဲမှ ကိုယ်တိုင်တူးဖော်ပြီး ကိုယ်တိုင် သွေးယူလိုသူသာ ဖြစ်၏။

နောက်ပြီး သူတို့လုပ်သည့် နည်းလမ်းကြီးကိုလည်း သဘောမကျ။ ငွေတွေလိုသလောက် ထုတ်ချေး။ ပြန်မဆပ်နိုင်မှန်းလည်း သိသည်။ နောက်တော့ ထိုအချက်ကို မလွန်ဆန်နိုင်တော့ဘဲ သူတို့အလိုကျ လိုက်လျောရဖို့ စီစဉ်ခြင်းပင်ဖြစ်၏။ ဒီနည်းလမ်းမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည့် ဗိုမင်းဟောင်းနွမ်းနေသော နည်းလမ်းကြီးသာ ဖြစ်သည်။ ယခုအချိန်မှာ ခေတ်မမီတော့။

သို့ရာတွင် ခုကာလမှာ ခေတ်ဟောင်း ပြန်ဆိုသီချင်းတွေ ခေတ်စားနေတာကိုတော့ တိုးဝင်း သတိမမူမိသေးချေ။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



"ရွှေရွှေ နေ့ခင်းဘက်ကို ဘာအလုပ်လုပ်သေးလဲ"

ဒေါက်တာတိုးဝင်းက မေးသည်။

"ဘာမှ မလုပ်ပါဘူး ဆရာ"

"ဟုတ်လား၊ ဆေးခန်းကရတဲ့ လခနှစ်ရာနဲ့ ဘယ်လိုလုပ်နေသလဲ။ လောက်ကော လောက်ရဲ့လား"

"လောက်ပါတယ် ဆရာ"

ဒေါက်တာတိုးဝင်း အံ့သြသွားသည်။

"ဘယ်လိုများ စားသောက်နေလို့လဲ"

"ဒေါ်ငွေယုံတို့ဆီမှာ ထမင်းလခပေးစားတာပေါ့။ တစ်လ တစ်ရာငါးဆယ် ပေးရတယ်။ သူတို့ကလည်း ကျွန်မမို့လို့ ဒီလောက်ပဲ ယူတာပါ။ ကျွန်မကလည်း ထမင်းဟင်းချက်တာတို့ဘာတို့ ကူလုပ်ပေးတာပဲ။ ဆွေမျိုးသားချင်းလို ဖြစ်နေပြီကိုး ဆရာရဲ့"



"ဒီတော့ ပိုတဲ့ ငါးဆယ်နဲ့ကော ဘယ်လိုလုပ်သုံးတာလဲ"

"ဘာသုံးစရာ ရှိလို့လဲ ဆရာရဲ့၊ တစ်ခါတလေ မုန့်လေးဘာလေး ဝယ်စား တာလောက်ပဲ ရှိတာပဲ၊ အဝတ်အစားလည်း သိပ်မလိုပါဘူး၊ နောက်ပြီး. . ."

"နောက်ပြီး ဘာဖြစ်သလဲ"

ရွှေရွှေက ခပ်ဆိုင်းဆိုင်းနေပြီးမှ. . .

"ကျွန်မ တခြားအလုပ်လုပ်လည်း ဘာလုပ်လို့ ရမလဲ၊ ဈေးရောင်းလို့ပဲ ရမယ်၊ မနက်ဈေးရောင်းပြီး ညကျတော့ ဆေးခန်းမှာလုပ်ရင် ဆေးခန်းသိက္ခာကျမှာပေါ့"

ဆေးခန်းကို ငဲ့နေရသဖြင့် တခြားအလုပ်မလုပ်နိုင်။ ဝင်ငွေ လျော့သည်။ ထို့ကြောင့် လခတိုးပေးပါဟု ဆိုလိုသလား တွေးမိသေးသည်။ မဖြစ်နိုင်။ ရွှေရွှေသည် ဒီလိုစိတ်ထားမျိုး ရှိသူတစ်ယောက်မဟုတ်။ ဆေးခန်းအပေါ်မှာ တကယ်ကို စေတနာ ထားခြင်းသာ ဖြစ်ရမည်။

ဒေါက်တာတိုးဝင်းအနေဖြင့် ရွှေရွှေကို လခတိုးပေးနိုင်သောအင်အား မရှိ သေး။ သို့ရာတွင် ဘောနပ်စ်သဘောမျိုးတော့ ပေးသင့်သည်ဟု ယူဆ၏။

ရွှေရွှေမှာ အဝတ်အစားကောင်းကောင်းမရှိ။ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်း ရှင်း နေတတ်ခြင်း၊ နဂိုရုပ်ရည်ကလေးကလည်း ရှိနေခြင်းကြောင့်သာ အဝတ်အစား နွမ်းပါးမှုက မပေါ်လွင်ခြင်းဖြစ်၏။ ဆေးခန်းကောင်တာထိုင်သူ တစ်ယောက်အနေ ဖြင့် အဝတ်အစားအတော်အသင့်တော့ ကောင်းဖို့ လိုသည်ဟု သဘောရသည်။

အကျီစလေး ဘာလေး ဝယ်ပေးဦးမှ။ ဒါဆို တစ်မျိုးများ ထင်သွားမလား မဆိုင်ပါဘူး။ ဆရာသမားတစ်ယောက်အနေနဲ့ တပည့်ကို ဆုချတဲ့သဘော

သို့တိုင်အောင် မိန်းကလေးအကျီစ သူ မဝယ်တတ်။ ဘယ်လိုအဆင် ဘယ် လိုအသားက ဘယ်ဈေးရှိမှန်းလည်း မသိ။ မိန်းကလေး တစ်ဝက်ဘာ ဘယ်နှစ်ကိုက်

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ရမှန်းလည်း မသိ။ ညီမမြင့်မြင့်ငြိမ်းကို ဝယ်ခိုင်းလျှင်တော့ ရသည်။ သို့ရာတွင် ဘယ်သူ့အတွက်လဲ၊ ဇကန္တ သင်သင့်ကို လက်ဆောင်ပေးမလို့ ထင်တယ်၊ ကိုယ့် ညီမလေးကျတော့ ဝယ်ပေးဖို့ သတိမရဘူးဆိုပြီး စကားနာထိုးတာ ခံ ဖွယ် ရှိ၏။

တစ်ရက်မှာ မြင့်မြင့်ငြိမ်း ဝတ်ထားသည့် အင်္ကျီစလေးကို မြင်ပြီး အတော် သဘောကျမိ၏။ မေးရမှာ ခက်နေသည်။ ဖျတ်ခနဲ အကြံတစ်ခုရသဖြင့်. . .

"ဟော့. . . အိမ်နေရင်းဝတ်တဲ့အင်္ကျီက ကောင်းလှချည်လား၊ ဒါ ဘာအသား ခေါ်သလဲ၊ ဘယ်လောက်ပေးရသလဲ"

ဟု ခပ်ထန်ထန် မေးလိုက်သည်။ ပြီးမှ ဟင်. . . ဒီလောက် ဈေးကြီးတာကို အိမ်နေရင်း ဝတ်ရသလား၊ နင့်ကိုယ်နင် သူဌေးသမီးများ ထင်နေသလား အာညာ နှင့် ဆူလိုက်မည်ဟု စိတ်ကူးထားသည်။ သို့ရာတွင် မြင့်မြင့်ငြိမ်းက. . .

"ဒါ တရုတ်ပိတ်စပါ အစ်ကိုရ၊ တစ်ကိုက်မှ နှစ်ဆယ့်ရှစ်ကျပ်ပဲ ပေးရတာ"

ဟု ပြန်ပြောသည်။

"ဩော်. . . ဟုတ်လား၊ မသိပါဘူး၊ ငါက အကောင်းစားလားလို့"

အရှက်ပြေ ပြောလိုက်ရသည်။ ဘာပဲဖြစ်ဖြစ် သိချင်တာတော့ သိလိုက်ရပြီ။ မင်္ဂလာဈေးမှာ ဆေးသွားဝယ်ရင်း အထည်ဆိုင်တစ်ဆိုင်ဝင်ပြီး ဈေးမေးသည်။ သုံးဆယ့်နှစ်ကျပ်ဟု ဆိုသည်။ သူ့ညီမပြောတုန်းက နှစ်ဆယ့်ရှစ်ကျပ်ပါ။ နှစ်ဆယ့် ရှစ်ကျပ်ရမလားဟု မေးသည်။ မရဘူး၊ ဈေးတွေ တက်နေတယ်။ တစ်ကျပ်လျှော့ပေး မယ်၊ သူ့ပုံစံကိုကြည့်၍ ဆိုင်ရှင်က အချဉ်ပဲဆိုတာသိပြီး အပိုင်ထုခြင်း ဖြစ်၏။ သူလည်း ထပ်၍ မဆစ်တတ်တော့သဖြင့် သုံးဆယ့်တစ်ကျပ်နှင့်ပင် နှစ်ကိုက် ဝယ်လိုက်သည်။ တစ်ဝတ်စာ ဘယ်လောက်ဝယ်ရမှန်း မသိသဖြင့် တစ်ကိုက်စီ ဝယ်သည်။



ပိတ်စတွေ ရွှေရွှေအားပေးဖို့ကျပြန်တော့လည်း အခက်အခဲ တွေ့ရပြန်သည်။ သူသည် မိန်းကလေးတစ်ယောက်ကို အင်္ကျီစတွေ ဘာတွေ ဝယ်ပေးတာမျိုး တစ်ခါ မှ မလုပ်ဖူးခဲ့။ သူ့ညီမကိုပင် ကိုယ်တိုင်ဝယ်မပေးခဲ့။ ပိုက်ဆံသာ ပေးလိုက်ခြင်း ဖြစ်၏။

ထို့ကြောင့် သူသည် ဆေးခန်းရောက်ရောက်ချင်း မပေးဖြစ်သေးဘဲ လူနာတွေ သာ ဆက်တိုက်ကြည့်နေမိသည်။ အလုပ်လုပ်နေသော်လည်း စိတ်ထဲက စနောင့် နင်း ဖြစ်နေ၏။ ပိတ်စကို စိတ်စွဲနေသဖြင့် အမျိုးသမီး လူနာတစ်ယောက်လာလျှင် ဘာအင်္ကျီပိတ်ဝတ်စထားသလဲဟု ဂရုစိုက် ကြည့်နေမိပြန်သည်။ ဒီလိုနှင့် လူနာ တွေ ကုန်သလောက်ရှိပြီ။ ဆေးခန်းပိတ်ချိန် နီးလာလေ စိတ်က ဂနာမငြိမ် ဖြစ်လာ လေပင်။

ရွှေရွှေကတော့ ဘာမှမသိ။ စာရင်းတွေ ပေါင်းသည်။ ငွေရေတွက်သည်။ သိမ်းစရာရှိတာ သိမ်းသည်။ ပြီးတော့ ဒေါက်တာတိုးဝင်း အတွင်းခန်းထဲက ထွက် အလာကို စောင့်နေသည်။

ဒေါက်တာတိုးဝင်းသည် သူ့ပစ္စည်း ကိရိယာတွေကို အချိန်ဆွဲ၍ သိမ်းနေ သည်။ ပစ္စည်းက ဘာမှ များများစားစားမရှိ။ ဒါကိုပင် တစ်ခုစီတစ်ခုစီ အသေး အမွှားလေးကအစ သပ်သပ်ရပ်ရပ် စီထည့်နေမိ၏။ စိတ်ထဲမှာလည်း အမျိုးမျိုး တွက်နေသည်။ ပိတ်စထုပ်ကို ရော့ဆိုပြီး တစ်ခါတည်း လစ်ထွက်ရ ကောင်းမလား ဒါကျတော့လည်း ကလေးကလား ဆန်လွန်းသည်။ ဆရာဝန်တစ်ယောက်လုံး လုပ်နေပြီး ကလေးတစ်ယောက်လို လုပ်နေဖို့ မသင့်။ ရှုပ်ပါတယ်။ ပေးမနေတော့ဘူး မြင့်မြင့်ငြိမ်းကိုပဲ ပေးလိုက်တော့မယ်ဟု စိတ်ကူးပြန်သည်။ ဟာ. . . ဒါ ဘာဖြစ် နေတာလဲ၊ ကိုယ့်အလုပ်သမားတစ်ယောက်ကို ချီးမြှင့်တာပဲဟာ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆေးအိတ်ကို တစ်ဘက်ဆွဲ၊ ပိတ်စထုပ်ကို တစ်ဘက်က ကိုင်ပြီး အပြင်ထွက်လာသည်။ သူ့ပုံစံမှာ တစ်ခါမှ စင်မြင့်ပေါ် မတက်ဖူးသူတစ်ယောက် တက်ပြီး ဆုချီးမြှင့်ရသလို ဖြစ်နေ၏။

ရွှေရွှေက သူ့ကို စာရင်းစာအုပ်ပြသည်။ ဘာမှ သေသေချာချာ မကြည့်ဘဲ ခေါင်းညိတ်ပြသည်။ ပိုက်ဆံအပ်တော့လည်း မရေမတွက်ဘဲ ယူလိုက်သည်။ တစ်ဘက်က လက်ဆွဲအိတ် ဆွဲထားသဖြင့် လက်မအား။ ပိတ်စထုပ်ကို စားပွဲပေါ်တင်ပြီး ပိုက်ဆံကို ယူရသည်။ ထို့ကြောင့် အလိုက်သင့် အဆင်ပြေသွားသည်။

"ရွှေရွှေ အဲဒါယူလိုက်"

ဒေါက်တာတိုးဝင်းက အထုပ်ကို လက်ညှိုးထိုး၍ ပြောသည်။ ရွှေရွှေက ရုတ်တရက် နားမလည်ဘဲ အထုပ်ကို ဟကြည့်သည်။ အင်္ကျီစလေးတွေ တွေ့သည်။ တစ်ခုက အဝါပွင့်။ တစ်ခုက အပြာမှာ အဖြူပြောက်ကလေးတွေ။ ရွှေရွှေက သူ့အတွက်ဟု မထင်။

"ခန်းဆီးလဲမလို့လား ဆရာ"

"မဟုတ်ဘူး၊ ရွှေရွှေအတွက်"

ရွှေရွှေ ဖျတ်ခနဲကြည့်သည်။

"ဆေးခန်းထိုင်တဲ့လူဆိုတာ နည်းနည်းတော့ သပ်သပ်ရပ်ရပ်ရှိမှ"

ဟု ဒေါက်တာတိုးဝင်းက အလုပ်ရှင်ဟန်ပြန်ဖမ်းပြီး ပြောလိုက်၏။ ရွှေရွှေက သူ့အင်္ကျီကို မသိမသာ ငုံ့ကြည့်သည်။ ဟုတ်သားပဲ။ နည်းနည်းတောင် အရောင်လွင့်နေပြီ။ ဘယ်လောက်ပေးရသလဲ မသိ။ လခထဲက ဖြတ်မလား။

"ကျွန်မမှာ. . ."

"မဟုတ်ဘူး လက်ဆောင်ပေးတာ"



ဟု ဒေါက်တာ တိုးဝင်းက ပြောပြီး ခပ်သုတ်သုတ်ထွက်သွားသည်။

* * * * *

ရွှေရွှေသည် အင်္ကျီစတွေကို အမြန်ဆုံးချုပ်ပြီး ဝတ်လာခဲ့သည်။ မိန်းကလေး ပီပီ အင်္ကျီအသစ်အဆန်းကလေး ဝတ်ချင်တာလည်းပါသည်။ ဆေးခန်းထိုင်တဲ့လူ သပ်သပ်ရပ်ရပ်ရှိမှဟု ဒေါက်တာတိုးဝင်း ပြောခဲ့သည့်အကြောင်းလည်းပါသည်။

ဒေါက်တာတိုးဝင်းသည် ရွှေရွှေကို ကြည့်ပြီး တစ်ချက်တွေခနဲ ဖြစ်သွားသေး၏။ ရွှေရွှေသည် နဂိုရှိသူဖြစ်မှန်းတွေ့လိုက်ရသောကြောင့်ပင် ဖြစ်၏။ ရွှေရွှေတို့လို အဆင့်အတန်းထဲက တချို့မိန်းကလေးတွေ အင်္ကျီအသစ်ဝတ်လာလျှင် အတော်ကြည့်ရဆိုးတတ်သည်။ လူနှင့်အဝတ်အစား တခြားစီဖြစ်နေတတ်သည်။ ရွှေရွှေကတော့ ဒီလိုမဟုတ်။ အင်္ကျီအသစ်နှင့် အလွန်လိုက်ဖက်သည်။ သူ့အလှက ပို၍ ပေါ်လွင်လာသည်။

ဒေါက်တိုးဝင်းစိတ်ထဲတွင် ရွှေရွှေကို သင်သင်နှင့် နှိုင်းယှဉ်ကြည့်လိုက်မိ၏။ အကယ်၍ ရွှေရွှေသည် သင်သင်ကဲ့သို့ သူဌေးသမီးတစ်ဦးဖြစ်ခဲ့လျှင် ဆေးတက္ကသိုလ်တွေ ဘာတွေရောက်ပြီး ဆရာဝန်တောင် ဖြစ်ကောင်းဖြစ်နိုင်သည်။ သူနှင့်တောင် အတန်းတစ်တန်းတည်း ဖြစ်ချင်ဖြစ်နေဦးမည်။ ဒါတောလည်း မဟုတ်သေး။ ရွှေရွှေက သူ့ထက် အနည်းဆုံးငါးနှစ်လောက် ငယ်မည်။ ဒီတော့ တစ်တန်းတည်းတော့ မဖြစ်နိုင်။

"ဆရာ ကျွန်မ မှာလိုက်တာ ပါလား"

ဟု ရွှေရွှေက မေးတော့မှ သူ့အတွေးကို ဖြိုးရှာလာသဖြင့် လုန်းစကားအဝတ်တွေ ရုတ်သလို အပြေးအလွှား ရုပ်သိမ်းလိုက်ရသည်။

"ဟင်. . . ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အနာဂျက်ဆင်လေ ဆရာ၊ ကုန်ခါနီးလို့ ယူခဲ့ပါဦးလို့ ဆရာ့ကို မှာလိုက်တာ"

"အော် . . . ပါတယ်၊ ပါတယ်"

သူ့ ဆေးအိတ်ထဲက ဆေးပုလင်းကို ထုတ်ပေးလိုက်သည်။

အတွင်းခန်းထဲဝင်။ ဆေးအိတ်ထဲက နားကြပ်၊ ဘီပီကတ်၊ ဆေးထိုးကိရိယာတွေ ထုတ်သည်။ ရွှေရွှေက ရေနွေးတည်ထားနှင့်ပြီးဖြစ်သဖြင့် ဆေးထိုးပိုက်နှင့် အပ်တွေကို ထည့်ပြုတ်ထားလိုက်သည်။

သူ့စိတ်ထဲ၌ ထူးထူးဆန်းဆန်း ဆန္ဒတစ်ခု ဖြစ်ပေါ်လာသည်။ အပြင်ခန်းကို ပြန်ထွက်ပြီး ရွှေရွှေကို တစ်ခါ ထပ်ကြည့်လိုခြင်းပင် ဖြစ်သည်။ အမှန်အားဖြင့် ဤဆေးခန်းသည် သူ့ဆေးခန်းဖြစ်၍ အပြင်ထွက်လိုထွက်၊ ဝင်လိုဝင် ကြိုက်သလို ပြုနိုင်သည်။ သို့တိုင်အောင် ဒီနေ့ကျမှ ကိုယ့်ဆေးခန်းထဲမှာ အနေကြပ်ရခြင်းသည် အတော်ကြောင်တောင်တောင်နိုင်သည်။ ရွှေရွှေ ခဏလာဦးလို့ လှမ်းခေါ် လျှင်တောင် ရနိုင်လျက်သားနဲ့။ သို့ရာတွင် မခေါ်ဖြစ်။

ထိုစဉ်မှာပင် ရွှေရွှေ အခန်းထဲသို့ ဝင်လာသည်။ သူ့ဆန္ဒပြည့်ဝသွားသော်လည်း ရွှေရွှေပြောသည့်စကားကြောင့် ဆရာဝန်တစ်ယောက်၏ နိုးကြားဖျတ်လတ်မှုက ချက်ချင်းဝင်လာသည်။

"ဆရာ၊ လက်မှာ ဒဏ်ရာရလာတဲ့ လူတစ်ယောက်"

"ခေါ်ခဲ့လေ၊ မြန်မြန်ခေါ်ခဲ့"

လူငယ်နှစ်ယောက် ဝင်လာသည်။ တစ်ဆယ့်ခုနစ်နှစ်၊ တစ်ဆယ့်ရှစ်နှစ်လောက်သာ ရှိကြဦးမည်။ တစ်ယောက်က စွပ်ကျယ်လက်ပြတ်နှင့်။ တစ်ယောက်က အင်္ကျီမပါ။ သူ့ဘယ်လက်မောင်းပေါ်မှာ အဝတ်တစ်စဖြင့် စည်းနှောင်ထားသည်။ အဝတ်စသည် မူလက ဘာအရောင်မှန်း မသိနိုင်လောက်အောင် သွေးတွေနှင့် စိုရွှဲနေသည်။



"ဘာဖြစ်လာတာလဲ"

"ဓားခုတ်မိလို့ ဆရာ"

"ရန်ဖြစ်တာလား"

ရာဇဝတ်မှုကြောင့် ဖြစ်လာသည့် ဒဏ်ရာဒဏ်ချက်များဆိုလျှင် အလွန်သတိထားရသည်။

"မဟုတ်ပါဘူး၊ သိုင်းကစားရင်းက မတော်တဆ ဖြစ်တာပါ"

အဖော်ပါလာသော ကောင်လေးက တော်တော်လေးရှည်တဲ့ ဆရာဝန်ပဲ ဒဏ်ရာကြည့်မှာ ကြည့်တာမဟုတ်ဘူးဟူသော သဘောဖြင့် စိတ်မရှည်သလို ကြည့်သည်။

ဒေါက်တာကိုးဝင်းက ပတ်တီးကို ဖြေလိုက်၏။ ဒဏ်ရာပေါ်မှာ သွေးတွေ ခဲပြီး ပိတ်နေသည်။ သွေးတိတ်စပြုပြီဖြစ်၍ သိပ်တော့ ကိစ္စမရှိ။ ခြောက်ခဲနေသော သွေးစတွေကို ဆေးကြောရှင်းလင်းလိုက်တော့မှ ဒဏ်ရာကို ကောင်းကောင်းမြင်ရသည်။ နှစ်လက်မလောက်ရှည်သည်။ အနက်က လေးပုံတစ်ပုံနီးပါး ရှိမည်။ နည်းနည်းနက်သည်။ သို့ရာတွင် အသားများသော နေရာကို ထိခြင်းဖြစ်၍ အရိုးအကြောတို့ကို ထိခိုက်မှု မရှိ။

"ချုပ်ရမယ်"

"ဟုတ်ကဲ့"

လေးချက်လောက်တော့ ချုပ်ရမည်ဟု ခန့်မှန်းသည်။ လေးချက်ဆို [illegible] ကောင်လေး ခံနိုင်ပါ့မလား။ ထုံဆေးပေးလျှင် ထုံဆေးဖိုး ပိုက်ဆံ [illegible] မနာအောင် ချုပ်ပေးမယ်၊ ထုံဆေးဖိုးတော့ ပေးရမယ်နော်ဟု ပြော [illegible] မျက်နှာပူဖို့ ကောင်းသည်။ မနာချင်ရင် ပိုက်ဆံပေးဟု တောင်း [illegible] ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မလဲ။ လက်ဖက်ရည်ဆိုင်မှာလို ရှုံးရှုံးလား ရှယ်လားမေးရတာမျိုး မဟုတ်။ ထို့ကြောင့် ထုံးစံအတိုင်း. . .

"နည်းနည်းတော့ နာမယ်နော်၊ ဖြစ်မလား"

ဟု မေးလိုက်သည်။ ထိုအခါ တချို့ဆိုလျှင် ထုံဆေးနဲ့ချုပ်လို့ မရဘူးလား ဆရာဟု မေးတတ်သည်။ ဒီတော့ ရပါတယ်၊ ထုံဆေးက နည်းနည်းရှားနေလို့ဟု အရိပ်အမြွက်ပြောရသည်။ ခုကောင်လေးကတော့ ထုံဆေးဖိုးလည်း တတ်နိုင်ဟန် မတူ။

"ရပါတယ် ဆရာ"

ဟု ခပ်အေးအေး ပြောသည်။ ကြည့်ရတာတော့ သတ္တိကောင်းပုံ ရ၏။ ဒဏ်ရာရလာသည့်အတွက် ထိတ်လန့်ခြင်း၊ မျက်နှာပျက်ခြင်း မရှိ။ ဒေါက်တာတိုးဝင်းသည် ဒဏ်ရာချုပ်ဖို့ ပြင်ဆင်ရင်း ကလေးဆေးရုံကြီးမှာ အလုပ်သင်အဖြစ် ဆောင်ရွက်ခဲ့တုန်းက အကြောင်းကို သတိရမိ၏။

ထုံဆေး ရှားပါးမှုကြောင့် အရေးကြီးသော ခွဲစိတ်မှုများအတွက်သာ သုံးနိုင်သည်။ သာမန်ခွဲစိတ်မှုဖြစ်သော အကျိတ်အဖု ခွဲတာတို့၊ အသေးစား ထိခိုက်မှုတွေ ချုပ်တာတို့ဆိုလျှင် အစိမ်းပင်လုပ်ရလေ့ ရှိသည်။ ကလေးတွေဆိုတော့ ဟန်မဆောင်တတ်။ ထွန့်ထွန့်လူးအောင် ရုန်းကန်အော်ဟစ်ကြသည်။ ဒါမျိုးတစ်ခါ ဆောင်ရွက်ပြီးတိုင်း စိတ်မောလူမော ဖြစ်ရ၏။ အသေးအဖွဲ့ ကိစ္စဆိုလျှင် သူတို့လို အလုပ်သင်ဆရာဝန်တွေကို အလေ့အကျင့်ရအောင် လုပ်ခိုင်းလေ့ရှိသည်။ တချို့က လက်မရဲဘဲ တွန့်ဆုတ်တွန့်ဆုတ်လုပ်နေသဖြင့် ပိုကြာပြီး ပိုနာရတာတွေ ရှိ၏။ ဆေးရုံကို တိုင်ကပ်နာရီတွေ၊ လေအေးစက်တွေ လှူမယ့်အစား ထုံဆေးတွေ လှူကြရင် ကောင်းမယ်လို့ မကြာမကြာ တွေးမိ၏။



"ကဲ. . . စကြရအောင်၊ ညီလေးက လက်ကို မြဲမြဲကိုင်ပေးထား"

ဟု အဖော်ပါလာသူ လူငယ်ကို ပြောသည်။ ဒဏ်ရာမှာ ဆေးကြောလိုက်သဖြင့် ဟိတ်နေသော သွေးခဲတွေ စင်သွားပြီး သွေးနည်းနည်း ပြန်စို့လာသည်။ ချုပ်သည့်အခါမှာလည်း သွေးထွက်နိုင်သဖြင့်. . .

"ရွှေရွှေက သွေးတွေသုတ်ပေး"

ဟု ခိုင်းသည်။ ပြီးမှ ရွှေရွှေလုပ်ရဲပါ့မလားဟု တစ်ချက်ကြည့်သည်။ ရွှေရွှေကတော့ ဂွမ်းစကို ညှပ်နှင့်ကိုင်၍ အဆင်သင့် စောင့်နေပြီ။

ကောင်လေးသည် အတော်သတ္တိကောင်း၏။ တစ်ချက်မှ ညည်းညူခြင်း မရှိ။ ...နီးကလေးတစ်ယောက် ရှိနေသောကြောင့် ကျိတ်ခံနေခြင်းလည်း ဖြစ်ကောင်းဖြစ်...ည်။ အရေပြားကို အပ်နှင့် ထိုးဖောက်သည့်အခါမှာတော့ ဆတ်ခနဲ မသိမသာ ...န့်သွားတတ်၏။ ရွှေရွှေက ထွက်လာသော သွေးများကို ဂွမ်းစနှင့် တို့တို့ပေးသည်။ ...စ်ခါတစ်ခါ ဒေါက်တာတိုးဝင်းနှင့် ရွှေရွှေတို့ လက်ချင်း ထိမိကြသည်။ ပခုံးချင်း ...ိုက်မိကြသည်။ သို့ရာတွင် ဒေါက်တာတိုးဝင်း ဒါတွေ သတိမပြုမိ။ သူ့အာရုံမှာ ...ဏ်ရာပေါ်မှာသာ စူးစိုက်နေ၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ညဘက် ကားလိုက်ရသည်မှာ လွယ်လှသည်မဟုတ်ချေ။ လိုင်းချိန် ကုန်ပြီး နောက် အောက်ဆိုက်ခေါ် ကြားကားဆွဲရာတွင် အောင်မောင်း စပယ်ယာအဖြစ် လိုက်နေသည်။

သူသည် စပယ်ယာလိုင်စင်ရပြီးသော်လည်း လိုင်းပေါ် ချက်ချင်း တန်းတက်ခွင့် မရသေး။ အရန်အဖြစ်ပဲ ရှိသေးသည်။ လိုက်နေကျ စပယ်ယာတွေထဲက နေ မကောင်း၍၊ ကိစ္စရှိ၍ မလိုက်နိုင်သောအခါကျမှ သူတို့လို အရန်တွေ တက်လိုက်ခွင့် ရသည်။ သူတို့သည် နေ့စဉ် ဂိတ်ကို သွားစောင့်ကြရသည်။ စပယ်ယာလိုသည့်ကား ရှိလျှင် အလှည့်ကျ တက်ခွင့်ရသည်။ တစ်ပတ်မှာ နှစ်ရက်၊ သုံးရက်တော့ ဒါမျိုး လိုက်ခွင့် ရတတ်၏။

အောင်မောင်းအနေဖြင့် ငွေများများရအောင် ရှာဖို့လိုသည်။ သူ အလုပ်ကြိုး စားကြောင်း ပြနိုင်မှ ရွှေရွှေနှင့် အမြန်နီးစပ်မည်ဖြစ်၏။ ရသည့်ငွေထဲက အိမ်ကို လည်း ခွဲပေး၊ သူလည်းသုံး၊ ပိုတာကို ရွှေရွှေဆီမှာ စုထားမည်။ ဒါမှ မင်္ဂလာဆောင်



စရိတ်ရမည်။ ထို့ကြောင့် ညဘက် အောက်ဆိုက်ကားလိုက်သည့်အလုပ်ကို ဖိဖိ စီးစီးလုပ်နေခြင်း ဖြစ်၏။

ဒီနေ့တော့ စထွက်ကတည်းက ပြဿနာနှင့် စသည်။ ဖတ်စ်ဂိတ်ခေါ် ပထမ ဆုံးထွက်ရမည့်အလှည့်ကို လုရာမှ ငြိခဲ့ခြင်းဖြစ်၏။ ကြားကားဆွဲရာတွင် လိုင်းကား လို ဂိတ်မှူးတွေဘာတွေ အတည်တကျမရှိ။ အရင်ရောက်သည့်ကားက အရင်ထွက် နောက်ကားက လူစောင့်ရင်းနေခဲ့။ ပြီး နောက်ကလိုက်၊ လမ်းကျမှ ကျော်တက်ချင် ကျော်တက်။

တစ်ခါတလေ ရှေ့ကား လူအတော်အသင့်ရပါလျက် မထွက်သေးဘဲ လူ စောင့်ခြင်း၊ နောက်ကားလူ မစောင့်ဘဲ ရှေ့ကားနှင့် ရှေ့ဆင့်နောက်ဆင့် လိုက် ထွက်ခြင်းမျိုးရှိလျှင် ငြိကြပြီ။ 'ဖိုက်'သည်ဟု သူတို့ခေါ်သည်။ ကားချင်းပြိုင်မောင်း ရင်း တစ်လှည့်တစ်ပြန်စီ ကျော်တက်ကြခြင်း ဖြစ်၏။ တစ်ခါတလေ မှတ်တိုင်မှာ တစ်စင်းရှေ့က တစ်စင်းက ကန့်လန့်ထိုးခံပြီး ရပ်ရာမှ ရန်ဖြစ်ပြီး ရိုက်ကြနှက်ကြ သည်လည်း ရှိ၏။

ဒီနေ့အဖြစ်ကတော့ သူတို့ကားက ဂိတ်ကို အရင်ဝင်သည်။ ကားပြန်ကွေ့ဖို့ အတွက် ရှေ့လမ်းချိုးထိ ဆက်မောင်းသည်။ နောက်မှ ကပ်ဝင်လာသည့်ကားက ဂိတ်နားမှာပင် ကတ်သီးကတ်သတ်ကွေ့ပြီး ဂိတ်ထိုးထားလိုက်၏။

“ဘယ်လိုလုပ်တာလဲ၊ ကျုပ်တို့ အရင်ဝင်တာပဲ”

ဟု သူတို့ကားယာဉ်မောင်း ကိုမောင်လှက လှမ်းအော်သည်။ ကိုမောင်လှ စိတ်ဆတ်ကြောင်း သိသဖြင့် ဟိုဘက်ကားက ဆောဒက မတက်ရဲ။ အောင်မောင်း ကို ဖြုတာလည်း ပါသည်။ အောင်မောင်း လက်မြန်တာ သူတို့သိ၏။ ထို့ကြောင့် .

“မောင်ရင်တို့ အရင်ထွက်လေ၊ ရပါတယ်”

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခရီးသည် လေးငါးယောက်ရသောအခါ သူတို့ကား ထွက်လာသည်။ ခေ
တိုင်သုံးတောင်လောက်အရောက်မှာ နောက်ကားထွက်လိုက်လာ၏။

"ကိုမောင်လှ၊ ပါကင်လိုက်လာပြီ"

ဟု အောင်မောင်းက သတိပေးသည်။

BURMESE CLASSIC .com

"အောင်မောင်းရေ တစ်တိုင်ချင်း ဖိုက်မယ်ဟေ့"

ကိုမောင်လှ အော်ပြောသည်။ ပညာချင်းပြိုင်ရတော့မည်။ နောက်ကားက ပါကင် ဒီဇယ်အင်ဂျင်ဖြစ်၍ စက်ကားကောင်းသည်။ သူတို့ကား ရိုးရိုး ချက်ဗလက် ခေတ်ဆီအင်ဂျင်။ သို့ရာတွင် ကိုမောင်လှက ကျွမ်းသည်။

တစ်တိုင်ချင်း ဖိုက်တယ်ဆိုသည်မှာ ကားတစ်စင်းနှင့်တစ်စင်း မှတ်တိုင်တစ်တိုင်အတွင်းမှာ ရှေ့ဆင့်နောက်ဆင့် ပြိုင်မောင်းကြခြင်း ဖြစ်၏။ သူက ကျော်လိုက် ကိုယ်က ကျော်လိုက်။ ဒီနေရာမှာ ဒရိုင်ဘာ၏ပညာက အရေးကြီးသည်။ လူများ များရှိမည့် မှတ်တိုင်ကို တွက်ချက်၍ အရင်ဦးအောင် ဝင်တင်နိုင်ဖို့ လိုသည်။

စပယ်ယာလည်း လျင်ရသည်။ နောက်ကားဘယ်နေရာ ရောက်နေပြီ ဆိုတာကို မပြတ် သတင်းပို့နေရသည်။ မှတ်တိုင်ရောက်ရန် ခရီးသည်တွေ အမြန်ဆင်း အမြန်တက်နိုင်အောင် ကြိုတင်လမ်းရှင်းထားခြင်း၊ သတိပေးနှိုးဆော်ထားခြင်းဖြင့် မှတ်တိုင်မှာရပ်သည့် အချိန်ကို ချုံ့ပစ်နိုင်ရသည်။

ဆင်းမည့် ခရီးသည်က တောင်းတွေ ပလုံးတွေပါလာလျှင် ကိုယ်ကဦးအောင် သယ်ချပေးရသည်။ ကလေးပါလာလည်း ပွေ့ချီချပေးရသည်။ ဆင်းမည့်သူက လူငယ်ဆိုလျှင် ခြေထောက်မြေမကျမီ "ဆွဲဆရာရေ" ဟူသော စကားလုံး၏ အတိုကောက်ဖြစ်သော 'ဆွေ့'ဆိုတာကို အချိန်ကိုက်အော်ရသည်။ ဒါမှ ခရီးသည်လည်း အောက်ရောက်၊ ကားလည်းထွက် အံကိုက်ကျသည်။

…ာမှမတတ်နိုင်ဘူး

ကိုမောင်လှနှင့် အောင်မောင်းက အလွန်အပေးအယူ မျှသည်။ ဒီနေ့ အော်ဒါ …ိုက်သည့် ကောင်လေး ပါမလာသဖြင့် သူတစ်ယောက်တည်းပင် နောက်ကားကြည့် …ီးသည်ခေါ်၊ အချက်ပေး စသည်ဖြင့် နိုင်နင်းအောင် လုပ်နေရ၏။ ကားမရပ်မီ …ရှေ့ပေါက်က ခုန်ဆင်း၊ ခရီးသည်တွေကို တွန်းထိုးတင်၊ နောက်ကားကြည့်။ နောက် …ပေါက်က ခုန်ဆင်း၊ ရှေ့ပေါက်ပြန်တက်။ ကျွမ်းဘားကစားသလို ကြည့်လို့တော… …ကောင်းသေးသည်။

ကိုမောင်လှက ဒီပိုကီစွတွေမှာ ကျွမ်းပြီးသား။ လူများတတ်သည့် မှတ်တိုင် …းရောက်လျှင် နောက်ကားကို မြှူ၍ မခံချင်အောင် စသည်။ နောက်ကားက …တ်တိုင်သတိမပြုမိဘဲ ကျော်တက်ဖို့သာ ကြိုးစားတော့သည်။ မှတ်တိုင်နားရောက် …နီးတွင် ကိုမောင်လှက အသာလျှော့၍ နောက်ကားကို ကျော်တက်စေသည်။ …ားချင်းယှဉ်မိမှ တစ်ချက်လောက် ကာထားလိုက်ပြီး မှတ်တိုင်မှာ ခွင်တိရပ်သည်။ …တ်ဘက်ကားမှာ ကျော်တက်ရင်း အရှိန်ပြီး ရှေ့မှတ်တိုင်ရှေ့ ခပ်ဝေးဝေးမှာ သွားရပ် …၏။ ခရီးသည်မှာ နီးရာကားတက်စမြဲဖြစ်၍ သူတို့ကားသာ လူရလိုက်သည်။

ထို့နောက် ရှေ့ကားကို အသာလွှတ်ပေးပြီးနောက်က ကပ်လိုက်ပြန်သည်။ ရှေ့ကားသည် ပါကင်ကားဖြစ်၍ အတော်ဆွဲသည်။ သို့ရာတွင် ကိုမောင်လှက …သမ္မာရှိသူဖြစ်၍ မျက်ခြည်မပြတ်အောင် လိုက်နိုင်သည်။ မှတ်တိုင်တစ်ခုမှာ …အတင်းဝင်လု၍ ရပ်မလိုလုပ်သည်။ ရှေ့ကကားက ဦးအောင်ဝင်ထိုးပြီး ကားမင်း… …ည်းနည်းရမ်း၍ ကာထားသည်။

တကယ်တော့ ဟိုကား မရပ်မနေရအောင် လုပ်ခြင်းသာ ဖြစ်၏။ … …ယ့်ကတော့ လိုက်မရပ်ဘဲ အရှိန်လျှော့ရုံသာ ဘီးလိမ့်၍ ထားလိုက်သည်။ ဆင်းမည့် …ခရီးသည်က လူငယ်နှစ်ယောက် ဖြစ်၍ ခုန်ဆင်းသွားသည်။ ဒီတော့မှ ဂီယာန်ပါ…

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကို ဘန်းထိုးပြီး ဝေါခနဲ ထွက်လာခဲ့သည်။ ထိုမှတ်တိုင်မှာ လူပါးသော မှတ်တိုင
သာဖြစ်၍ အရေးမကြီး။ ရှေ့က လမ်းချင်းဆုံသည့် မှတ်တိုင်ကသာ အရေးပါသည်
ထိုမှတ်တိုင်သို့ ဦးအောင်သွားပြီး လူတင်လိုက်သည်။

ဤသို့ဖြင့် ကိုမောင်လှက တစ်ဘက်ကားကို ရှေ့ကမြှုလိုက်၊ နောက်က လို
ပြီး မောင်းထုတ်လိုက်လုပ်ရင်း ပညာပြလာခဲ့ရာ သူတို့ကားကသာ လူရပြီး တစ်ဘ
ကားက လူသိပ်မရ။ တကယ်တော့ ဒီလိုကားချင်းပြိုင်မောင်းတာ နှစ်စင်းလ
နာသည်။ ခရီးသည်က နှစ်စင်းမျှသွားသည်။ တစ်စင်းပြီးမှ တစ်စင်းထွက်လှ
ခရီးသည် ပိုရသည်။ သို့ရာတွင် မခံချင်စိတ် ဝင်လာပြီဆိုလျှင် ဘာမှဂရုမစိုက်တော့

ဟိုဘက်ဂိတ်ရောက်တော့. . .

"ဘယ်လိုလဲ အဆင်းကျရင် ဖိုက်ဦးမလား"

ဟု ကိုမောင်လှက လှမ်းအော်သည်။ တစ်ဘက် ကားမောင်းသူက လှ
သွား၏။

"ကိုမောင်လှ သွားနှင့်လေ၊ အေးအေးဆေးမှ လိုက်ခဲ့မယ်"

ကားအထွက်တွင် အောင်မောင်းက. . .

"ဘယ်လိုလဲဟေ့၊ ပါကင်ကို ဘာထင်သလဲလို့ မအော်တော့ဘူးလား"

ဟု နောက်ကားကို လှမ်းရီလိုက်သည်။ နောက်ကား စပယ်ယာက အောင
သက်သက်ရယ်ရင်း ကျန်ခဲ့သည်။ ကားသမားတွေ ဒီလိုပဲ ဖြစ်၏။ တစ်ခါတစ်ခ
မခံချင်စိတ်ဖြင့် ကုတ်ဆွဲဂေါက်ဆွဲဖြစ်တတ်သော်လည်း ပြီးတော့လည်း အငြိ
အတေးမထားတတ်ကြ။ များသောအားဖြင့် လူချင်းရန်ဖြစ်တာထက် ကားချင်းရ
ဖြစ်တာက ပိုများသည်။ ကားချင်းပြိုင်နေသည့်အချိန်မှာ ရန်သူပဲ။ ပြီးတော့လည်း
လက်ဖက်ရည်ဆိုင်အတူတူ ထိုင်ချင်ထိုင်ကြသည်။ တရားခွင်မှာ တစ်ဖက်နှင့်တစ

BURMESE CLASSIC .com



က် သဲကြီးမဲကြီး တိုက်ကြခိုက်ကြ၊ ထေ့ကြငေါ့ကြပြီး တရားရုံးထဲကထွက်တော့
ည့်ပင်းဖက်လာကြသည့် ရှေ့နေတွေနှင့် အတူတူပဲ ဖြစ်၏။

အဆင်းမှာတော့ ကားချင်းပြိုင်စရာ မရှိသဖြင့် မှန်မှန်ပင်မောင်းရင်း လူရ
လောက် တင်လာခဲ့သည်။ ခုလို လိုင်းဖြတ်ချိန်နှင့် အောက်ဆိုက်စချိန်.စပ်ကူးမတ
းမှာ ဆွဲရတာ အတော်ပြဿနာရှုပ်သည်။ ခရီးသည်တချို့က ရပ်တတ်သည်။
ား၁ ပိုတောင်းလျှင်. . .

"ဘာဖအောက်ဆိုက်လဲ၊ ဘယ်အချိန်ရှိသေးလို့လဲ"

ဆိုပြီး ပြဿနာရှာသည်။ ထိုအခါ. . .

"ဆီက အပြင်က ဝယ်ထည့်ရလို့ပါ"

ဟု အကြောင်းပြရ၏။ ထိုအခါကျတော့လည်း. . .

"ဒါက ကားသမားပါကွ ဆီဈေးက ပြန်ကျသွားပြီပဲကွ"

"မင်းတို့က တစ်ခေါက်တည်းနဲ့ တစ်သက်စာ လိုချင်လို့ ဘယ်ရမလဲ၊ ခရီး
ည်တွေကိုလည်း ညှာဦးမှာပေါ့၊ ဘယ်သူမဆို အိမ်စောစောပြန်ချင်တာပဲ၊ မတတ်
ာလို့ နောက်ကျပြန်ရတာ၊ တစ်နေ့တစ်နေ့ ရှာသမျှ ကားသမားလုပ်ကျွေးဖို့ ကျ
နေတာပဲ"

ဒါမျိုးကို တတ်နိုင်သလောက် သည်းခံရသည်။ ခရီးသည်တွေဘက်မှာလည်း
ူတို့ပြဿနာနှင့် သူတို့အသီးသီး ရှိနေကြသည်။ ဒါကို အပြစ်ပြောလို့မရ။ အောင
ာင်းသည် ကားစပယ်ယာလုပ်လျှင် တစ်ဘက်က သတ္တိရှိပြီး တစ်ဘက်က စိတ
ည်သည်းခံတတ်ရကြောင်း အတွေ့အကြုံအရ ကောင်းကောင်းသိသည်။ လူ
င့်သည့်အခါ ကားပြတ်နေသဖြင့် ရသမျှ ခရီးသည် သိမ်းကျုံးပြီး
ည့်အခါ တစ်ယောက်တစ်ပေါက် မကျေမနပ် ပြောတာကို
ဆာင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ သူတစ်ယောက်တည်း ဖြစ်သဖြင့် ရှေ့ရော နောက်ရော အပြေးအလွှာ တာဝန်ယူရသည်။ စပယ်ယာတွေမှာ အရေးအကြီးဆုံးက မှတ်တိုင်တစ်တိုင်မှာ ဘယ်နှစ်ယောက် တက်သလဲဆိုတာ သိဖို့ပင် ဖြစ်၏။

နောက်တစ်ခုက ကားခပေးပြီးသူနှင့် မပေးရသေးသူ ခွဲခြားမှတ်မိဖို့ ဖြစ် လူတစ်ဦးချင်း လိုက်မှတ်ဖို့တော့ မလွယ်။ သို့တိုင်အောင် အတွေ့အကြုံရင့်လာ အလိုလို ခွဲခြားသိလာ၏။ ဒါတောင် အမှားအယွင်းကတော့ ရှိသေးသည်။

တစ်ခါတလေကျတော့ ဉာဏ်ကူရသည်။

"နောက်ပေါက်က ငါးယောက်တတ်တယ်နော်၊ သုံးယောက်ပဲ ပိုက်ဆံပေး သေးတယ်၊ လူမှတ်မိတယ်နော်၊ လက်တို့တောင်းမှ စိတ်မဆိုးနဲ့"

ဟု ဖြီးတန်ဖြီးရသည်။ တချို့လူတွေ ကားခ မပေးချင်သဖြင့် လူကြား အဘင်းတိုးဝင်ပြီး ချောင်မှာ ကပ်ပုန်းနေတတ်သည်။ တချို့ကျတော့ သိပ်ဟန်ဆော ကောင်းသည်။ အပေါက်ဝမှာပင် ခပ်တည်တည် ရပ်နေတတ်၏။ လက်ကမ်းလိုက် မေ့နေသလိုလုပ်ပြီး ထုတ်ပေးတတ်၏။ တကယ်ပေးပြီးသူကို သွားလက်မတို့မိ အရေးကြီးသည်။ လူအများထဲမှာ သူ့တစ်ယောက်မှ မသက်သာသည့် သဘောဖြ သွား၍ သိပ်စိတ်ဆိုးတတ်သည်။ တချို့က ပေးပြီးပြီလေကွာဆိုတာလောက်နှင့် ပြီး သည်။ တချို့ကျတော့. .

"မင်း စပယ်ယာလုပ်တာ ဘယ်လောက်ကြာပြီလဲ။ ဒါလေးတောင် မသိဘူး လား၊ ကားခလေး တစ်ကျပ်နှစ်ကျပ်လောက်နဲ့ လိမ်မယ့်ကောင်မှတ်လို့လား"

စသည်ဖြင့် ဖိဟောက်တော့သည်။ ဒါဆိုလျှင် ဆောရီးဗျာ ဆောရီးဗျာဆို ပြီး ငုံ့ခံရတတ်၏။

အမူးသမားတစ်ယောက် ကားပေါ် တက်လာသည်။ သူ တက်လာကတည်းက



တစ်ကားလုံး ဟောင်သွားသည်။ မိန်းကလေးတွေ နှာခေါင်းရှုံ့ပြီး ဝေးရာသို့ ရွှေ့ရပ် ကြသည်။

"အစ်ကိုကြီး မော်ဇော်ယာဉ်ခလေး"

အောင်မောင်းက တောင်းသည်။

"ဘာ. . . ကားခ၊ မရှိဘူး၊ ပိုက်ဆံကုန်သွားပြီ"

အောင်မောင်း နည်းနည်း စိတ်တိုသွားသည်။ လူပုံက စုတ်စုတ်ပြတ်ပြတ် မဟုတ်။ မူးလာသဖြင့် ရစ်ချင်သည့်သဘော။ လက်ထဲမှာတော့ စီးကရက် တစ်လိပ် ညှပ်လျက်။

"ဒါဆိုလည်း နောက်ကားစီးဗျာ"

"ဘာ. . . ဘာလို့စီးရမှာလဲ"

"ခင်ဗျား အရက်တော့ သောက်နိုင်တယ်၊ လက်ထဲမှာလည်း စီးကရက်နဲ့ ကားခကျတော့ မပေးချင်ဘူး"

"မပေးဘူးကွာ၊ ဘာလု ချင်လဲ"

အောင်မောင်းလက်က ဆတ်ခနဲ ဖြစ်သွားပြီးမှ စိတ်ကို ချုပ်တည်းထားလိုက် ရသည်။ အရင်ကလိုသာဆို ခွပ်ခွပ်ဆို နှစ်ချက်လောက် ဆင့်သွင်းလိုက်ပြီးပြီ။ ခုတော့ စိတ်ကို ထိန်းရမည်ဟု ရွှေရွှေက မှာထားတာ သတိရလိုက်မိလို့သာ။

အမူးသမား၏ အင်္ကျီအိတ်ကို သူကြည့်သည်။ အိတ်ထဲက စွန်းထွက်နေသော စီးကရက်တစ်လိပ်ကို တွေ့၏။ သူက စီးကရက်ကို ဖျတ်ခနဲ ဆွဲထုတ်ပြီး. . .

"ကားခ မပေးနိုင်ရင် စီးကရက်ပေး"

ဟု ပြောလိုက်၏။ အမူးသမား ရုတ်တရက် ကြောင်သွားသည်။ ပြီးမှ. . .

"ဘား . . မင်း ငါ့အိတ်ကို နှိုက်တယ်၊ မင်း ခါးပိုက်နှိုက် အိတ်ထဲနှိုက် တယ်၊ ရဲစခန်းကို မောင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ."

အောင်မောင်းလက်က ဟိုလူ့အင်္ကျီစကို ကိုင်လိုက်ပြီ။ ကိုမောင်လှက ကားကို ထိုးရပ်ပြီး ဘာဖြစ်တာလဲဟေ့ဟု လှမ်းအော်မေးသည်။ ထိုအချိန်မှာ ကားပေါ်ပါလာသော လူကြီးတစ်ယောက်က ဟေ့. . . လွှန်မယ် ဟုပြောပြီး အောင်မောင်း၏လက်ကို ဆွဲဖယ်သည်။ သူက အမူးသမားကို ပြောသည်။

"ခင်ဗျားအိတ်ကို သူက ခါးပိုက်နှိုက်တယ်လို့ ဆိုရအောင် ခင်ဗျားမှာ ပိုက်ဆံမရှိဘဲ"

"ဘာလို့ မရှိရမှာလဲ၊ ဒီမှာတွေ့လား"

ဆိုပြီး အမူးသမားက ရှပ်အင်္ကျီအိတ်ထဲမှ ပိုက်ဆံအချို့ကို ထုတ်ပြသည်။ ဆယ်တန်နှင့် ကျပ်တန်များ။ လူကြီးက. . .

"ဒါနဲ့ ခုနပြောတော့ ကားခပေးစရာ ပိုက်ဆံမပါဘူးဆို"

အမူးသမား ရှက်သွားသည်။ ဘေးလူတွေကလည်း ဝိုင်းကြည့်နေကြသည်။ ထို့ကြောင့် ဟင်း. . . တော်တော်လူပါးဝတယ်၊ လူကို ဘာအောက်မေ့လို့လဲဟု ရေရွတ်ရင်း ကားပေါ်မှ ဆင်းသည်။ အောင်မောင်းက သူ့လက်မောင်းကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ရာ. . .

"မင်းကို ဘာလုပ်လို့လဲကွ"

"ဘာမှမဟုတ်ဘူး၊ ခင်ဗျား စီးကရက် ပြန်ပေးမလို့၊ ရော့. . ."

ဆိုပြီး အောင်မောင်းက စီးကရက်ကို အိတ်ထဲပြန်ထည့်ပေးလိုက်၏။

* * * * *

ရွှေရွှေနှင့် မတွေ့တာ သုံးရက်လောက်ရှိပြီ။ သူလိုက်နေကျကား ရှပ်ကျိုးသွားသဖြင့် တစ်ချိန်လုံး ဝိုင်းကူလုပ်နေရသည်။ ညကလည်း ညဉ့်နက်မှ ပြီးသဖြင့်



ကားပေါ်မှာပင် အိပ်လိုက်သည်။ ခုမနက်အပြန်မှာ ရွှေရွှေဆီ တန်းဝင်လာခဲ့သည်။ အိမ်မှာ ရွှေရွှေမရှိ။ ဒေါ်ငွေယုံနိုင်းလိုက်သဖြင့် ဈေးသွားသည်ဟု ဆို၏။

"ဈေးကြီးလား၊ ဈေးလေးလား"

"ဈေးကြီးသွားတာ"

"သေလိုက်ပါတော့၊ ခုပဲ ဈေးရှေ့က ဖြတ်လာတာ"

"စောင့်နေပေါ့ဟ"

"မစောင့်ဘူးဗျာ၊ လိုက်သွားမယ်"

"အမယ်လေးလေ၊ အဖြစ်သည်းနေလိုက်တာ၊ တအောင့်လေး ထိုင်စောင့်ရမှာတောင် မစောင့်ချင်တော့ဘူးလား"

"ဟာ. . . စောင့်နေရတာက လိုက်သွားရတာထက် ပိုပင်ပန်းတယ်ဗျ"

ဆိုပြီး ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ ဈေးက ရှေ့ဘတ်စ်ကား သုံးမှတ်တိုင်စာလောက် ဝေးသည်။ ကားစောင့်မနေတော့ဘဲ လျှောက်လာ၏။ လမ်းကူးမှ ဘတ်စ်ကားလာလည်း တားစီးလိုက်မည်။ သူက ကားစပယ်ယာဖြစ်သဖြင့် လိုင်းထဲက ဘယ်ကားမဆို အလကားစီးလို့ ရသည်။ မှတ်တိုင်မဟုတ်သည်း လက်တားပြီး တက်စီးလို့ရသည်။

မှတ်တိုင်တစ်တိုင်စာလောက် လျှောက်လာပြီးနောက် ကားသံကြားသဖြင့် လှည့်ကြည့်သည်။ ဖိုက်တူးဆဲဗင်းဖိုက် ဖြစ်၏။ သူတို့လောကမှာ ဘတ်စ်ကားတွေကို အင်္ဂလိပ်လို နံပါတ်အတိုင်း ခေါ်လေ့ရှိသည်။ သူက လက်တားလိုက်သော ကားက အရှိန်လျှော့ပေးသည်။ အောင်မောင်းက ကျွမ်းကျင်စွာ ခုန်တက်လိုက်၏။ ကားသမားချင်းတွေ့လျှင် နှုတ်ဆက်သည့် ထုံးစံအတိုင်း ဘယ်နှစ်ခေါက်ရှိပြီလဲဟု ဒရိုင်ဘာကို မေးသည်။ သုံးခေါက်အတက်ပဲဟု ပြန်ပြောသည်။ ကျွန်တော် ဈေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းမယ်ဟု ပြောသည်။ ဈေးရှေ့တည့်တည့်မှာ မှတ်တိုင်မရှိ။ ကားက ဈေးရှေ့ အရောက်တွင် အရှိန်လျှော့ပေးသည်။ အောင်မောင်းက အလိုက်သင့် ကိုယ်ကို လွှဲပြီး ခုန်ဆင်းလိုက်သည်။

ဈေးထဲမှာ ရွှေရွှေ့ကို ရှာမတွေ့။ ထို့ကြောင့် အပြင်တန်းဘက် ထွက်ရှာသည်။ ဈေးအပြင်တန်းမှာ ပျံကျဈေးသည်တွေသာ ဖြစ်၏။ လမ်းဘေးမှာပဲ ခင်းပြီး ရောင်းကြခြင်း ဖြစ်သည်။ များသောအားဖြင့်တော့ ရန်ကုန်အနီးအစပ် ရွာများမှ လာရောင်းသော ဟင်းသီးဟင်းရွက်၊ ငါးစိုငါးခြောက်သည်များ။ ဒီအသည်တွေက ပေါပေါနှင့် ရောင်းကြသည်။ ရွှေရွှေဆို ဒီမှာ ဝယ်မှာပဲ။

ရွှေရွှေ့ကို ရုတ်တရက် မမြင်ဘဲ ကျော်ထွက်သွားသေးသည်။ နောက်က မြင်ရခြင်းလည်း ဖြစ်၊ ရွှေရွှေ ဝတ်နေကျအကျီလည်း မဟုတ်သဖြင့် ချက်ချင်း မမှတ်မိခြင်း ဖြစ်၏။ ရွှေရွှေက ကြာဆံသုတ်စားနေသည်။ အောင်မောင်းက ဘေးမှာ ဝင်ထိုင်ရင်း. . .

"ငါ လိုက်ရှာလိုက်ရတာဟာ၊ နင်က ဒီမှာ အပြတ်ဝါးနေတာကိုး"

ရွှေရွှေ လှည့်ကြည့်သည်။ ပါးစပ်ထဲမှာ ကြာဆံသုတ်ဝါးလျက် တန်းလန်းမို့ စကားမပြောနိုင်သေးဘဲ ပန်းကန်ကို ထိုးပေးပြီး အင်းဟု အသံပြုသည်။

"အေးဟာ ငါလည်း ခပ်ဆာဆာပဲ"

ဆိုပြီး တစ်ပွဲမှာလိုက်သည်။ ကြာဆံသုတ်တစ်ပွဲမှာ နည်းနည်းကလေး။ အောင်မောင်းအဖို့တော့ သုံးလေးလုပ်စာပဲ ရှိ၏။ ကောင်းလည်း သိပ်မကောင်း။ ကြက်သွန်ဝေးလို့ သခွားသီးဖတ်တောင် မပါ။ ဆီချက်ဆိုတာတော့ တွေးကြည့်လျှင်တောင် ဇော်ကားရာကျမည်။ ကြာဆံကိုပဲ ငန်ပြာရည်နှင့်လူးပြီး အချဉ်ရည် ဆမ်းစားခြင်းမျှသာ ဖြစ်လေ၏။



ကြာဆံတစ်ပွဲကို အောင်မောင်းစားတာ တစ်မိနစ်တောင် မကြာ။

"ဘယ်လောက်လဲ"

"နှစ်ကျပ်"

"နှစ်ပွဲကိုလား"

ခေါင်းညိတ်ပြသည်။ ရွှေရွှေက ငါပေးပါ့မယ်ဟု ပြောသေးသည်။ အောင်မောင်းက ငါ့မှာရှိပါတယ်ဆိုပြီး ပေးလိုက်သည်။ ဈေးတန်းထဲက ထွက်အလာတွင် အောင်မောင်း ခြင်းတောင်းကို ဆွဲယူလိုက်သည်။

"အသုတ်ကလည်း တစ်စက်မှ မကောင်းဘူး"

အောင်မောင်းက ပြောသည်။

"ကောင်းမလားဟ၊ တစ်ကျပ်တန်ပဲဟာ။ ကောင်းကောင်းစားချင်ရင် နှစ်ကျပ်တန် ခေါက်ဆွဲသုတ်စားရမှာပေါ့။ ဒါတောင် ဆာလွန်းလို့ စွန့်စွန့်စားစား စားလိုက်ရတာ"

"နင်ကလည်း သိပ်ကပ်စေးနဲ့တာပဲ"

"ဟ. . . ဗိုက်ဆာလို့ စားတာဟ၊ အရသာခံချင်လို့ မဟုတ်ဘူး"

"စားမှတော့ အရသာလည်း ရှိချင်တာပေါ့"

"နင် ဒီလိုအချိုးမျိုးနဲ့ဆို ခက်ဦးမယ်"

အောင်မောင်းတို့ ကားလိုက်ပြီဆိုလျှင် ကောင်းကောင်းလေး စားရလေ့ရှိ၏။ ထို့ကြောင့် သူ့ပါးစပ် လူပါးဝချင်နေသည်။ အင်း. . . ရွှေရွှေက ကပ်စေးနဲတာ တော့ အတူတူနေကြရင် အခြောက်ရချည်သေးရဲ့။ အို. . . ဘာပဲပြောပြော ရွှေရွှေ နဲ့ အတူတူနေရလို့ကတော့ ဟင်းမပါဘဲ စားရစား၊ ရ၊ အဲ. . ဟင်း လုံးဝမပါတဲ့တော့ မဟုတ်ဘူးပေါ့။ တစ်ပတ်တစ်ခါလောက်တော့ ဟင်းကောင်းကောင်းလေး ချက်နိုင် ရမှာပဲဟု စိတ်ကူးထဲမှာ ဈေးဆစ်နေမိ၏။

www.burmeseclassic.com



ကားမှတ်တိုင်နားရောက်လာသဖြင့် . . .

"ကားနဲ့ ပြန်မလားဟေ့"

ဟု အောင်မောင်းက မေးသည်။

"ဟာ မပြန်ပါဘူး၊ ပိုက်ဆံကုန်တယ်"

"အမယ်၊ ငါပါဟ၊ ဘယ်ကားစီးစီး ပိုက်ဆံမပေးရပါဘူး"

"ဒါဆိုလည်း စီးပေါ့"

ဆိုက်လာသော ဘတ်စ်ကားတစ်စီးပေါ် တက်သည်။ ရှေ့ပိုင်းမှာ အကူ စပယ်ယာလေးမှာ အောင်မောင်းနှင့်အတူ လိုက်ဖူးသည်။ စပယ်ယာ အတတ်ပညာ သင်ပေးခဲ့ဖူးသည်။ ထို့ကြောင့် အောင်မောင်းကို တလေးတစားဖြင့် . . .

"ဟော . . . အစ်ကို၊ ကားမထွက်ဘူးလား"

ဟု နှုတ်ဆက်သည်။ ကားဒရိုင်ဘာကလည်း နောက်ကြည့်မှန်ချပ်မှ မြင် သဖြင့် . . .

"ဟေ့ . . . အောင်မောင်း၊ ကားမထွက်ဘူးလား"

"ဒီလိုပဲပေါ့ဗျာ"

အောင်မောင်းသည် သူ့အရှိန်အဝါဖြင့် ကားအလကား စီးရသောကြောင့် တစ်ကြောင်း၊ ရွှေရွှေနှင့် တွဲလာသည်ကို အသိအမှတ်ပြု ခံရသောကြောင့် တစ်ကြောင်း ဂုဏ်ယူကျေနပ်နေမိ၏။ ထို့မျှမက ကားဒရိုင်ဘာက အောင်မောင်းတို့ ရပ်ကွက်အဝင် လမ်းထိပ်တည့်တည့်တွင် မှတ်တိုင်မဟုတ်ဘဲ ရပ်ပေးလိုက်သေး သည်။

ရပ်ကွက်ဝင်ခါစတွင် ရွှေရွှေက အောင်မောင်းကိုင်လာသော ခြင်းတောင်းကို ပြန်တောင်းသည်။



"ရပါတယ်၊ အိမ်ထိ လိုက်ပို့မှာပေါ့။ ဘာလဲ နင်က ရှက်နေလို့လား"

အောင်မောင်းက မေးသဖြင့် . . .

"မရှက်ပါဘူး။ ရှက်စရာလည်း မလိုပါဘူး။ ငါက နင့်အတွက်ပြောတာ"

"ငါ့အတွက်"

"အေးလေ၊ ဘေးလူတွေက နင့်ကို ပြောကြမှာပေါ့၊ ခုကတည်းကဆိုပြီး"

အောင်မောင်း ခဏတွေနေပြီး သဘောပေါက်သွားသည်။

"ဟားဟား၊ ငါက နင့်ကို ခုတည်းက ကြောက်နေရပြီလို့ ပြောကြမှာ စိုးလို့ပေါ့ လေ၊ ခြင်းခတောင်းဆွဲပေးမှ သိမှာမဟုတ်ပါဘူး ရွှေရွှေရာ၊ ငါ နင့်ကို ကြောက်ရတာ ရပ်ကွက်တိုင်းအသိ၊ ကလေးကအစ သိတယ်။ ငါကလေ . . . ငါက . . . နင်ခြင်းတောင်း ဆွဲပေးဖို့ ရှက်တတ်တဲ့ ကောင် မကဘူး၊ ဖိနပ်ကိုင်ပေးရမှာလည်း မရှက်ပါဘူး"

"ဟယ် . . . နင်ကလည်း"

"ငါ တကယ်ပြောတာ ရွှေရွှေ နင် မယုံဘူးလား"

သူတို့ကိုမြင်သော ရပ်ကွက်ထဲက လူတချို့က လှမ်းစကြသည်။

"ရွှေရွှေတို့များ တယ်ဘုန်းကံကြီးပါလားဟေ့"

ရွှေရွှေက ရှက်မိသေးသည်။ အောင်မောင်းကတော့ ရွှေရွှေ ခြင်းတောင်း ဆွဲပြီး နောက်ကလိုက်ရတာ ဂုဏ်တောင် ယူမိသေး၏။

"ကဲ . . . နင်ဟိုဘက်ခန်းကို ခြင်းတောင်းယူသွား၊ ဒီဘက်ကိုလည်း မလာနဲ့ နော်၊ ငါ အဝတ်အစားလဲမလို့"

အိမ်နားအရောက်တွင် ရွှေရွှေက ပြောသည်။

"လဲမနေပါနဲ့ဟာ၊ ဒီအင်္ကျီလေးနဲ့ နင်နဲ့သိပ်လိုက်တာပဲ၊ တကယ်ပြောတာ ပါ၊ နင်လေ . . . နင် ဒီနေ့ အရမ်းလှတာပဲ"

လှတယ်ပြောသဖြင့် ရွှေရွှေအနေရခက်သွားသည်။ ပြီးတော့ လှတာနဲ့ ပြော

www.burmeseclassic.com

www.burmeseclassic.com



မိန်း။

"ငှါးတာငါ ဝယ်နိုင်တော မဟုတ်ပါဘူး၊ ဆရာဝယ်ပေးတာ"

ဟုဆိုသော ဧရရှုတ်သံသဲ့သဲ့ အောင်မောင်းထံမှ ထွက်ပေါ်လာသည်။ ရွှေခြင်းတောင်းကို တစ်ဘက်ခန်းသို့ ယူမသွားသေးဘဲ ရွှေရွှေ့အခန်းရှေ့ ကပြင်မှာ ချလိုက်သည်။ သူ့မျက်နှာက နည်းနည်းတင်းမာနေသည်။

"သူပေးတိုင်း နင် ဝတ်ရမှာလား"

"ဘာဖြစ်သလဲဟာ၊ ဒါများ. . ."

"အကျီလေး ဝယ်ပေးလိုက်၊ ဟိုဟာလေး ဝယ်ပေးလိုက်၊ အဲဒီက စတာပဲ မဟုတ်လား။ နင် မကြားဖူးဘူးလား၊ နင် ဒီလောက်တော့ သိဖို့ကောင်းတယ်"

ရွှေရွှေသည် စိတ်မဆိုးချင်တော့။ အောင်မောင်း သူ့ကိုချစ်လို့ သဝန်တိုတာပဲဟု နားလည်လိုက်သည်။

"အောင်မောင်းရာ ဒီလောက်ထိ လိုက်စဉ်းစားမနေပါနဲ့။ နင် ဒီလောက်တောင် စိတ်မချရင် တစ်ရက်လောက် ဆေးခန်းကို လာခဲ့၊ ဆရာနဲ့ နင့်ကို မိတ်ဆက်ပေးမယ်။ ဒါ ကျွန်မရည်းစားပဲလို့ ပြောမယ်ဟာ။ ဒါဆို နင်ကျေနပ်ရောပေါ့"

"ငါ မလာချင်ပါဘူး"

တစ်ခါက ဆရာဝန်ကို သူ ပခုံးစောင်းနှင့် ဝင်တိုက်ခဲ့သဖြင့် မျက်နှာချင်းဆိုင်ရမှာကို မျက်နှာပူနေသည်။ ထို့ကြောင့်ပင် တစ်ခါတစ်လေ ရွှေရွှေရှိရာ ဆေးခန်းကို သွားချင်ပါလျက် မသွားဖြစ်ဘဲ ရှိခဲ့သည်။

"နင် ငါ့ကို စိတ်ချစမ်းပါဟာ"

ရွှေရွှေက ပြောသည်။ အောင်မောင်းက တံတွေးမျိုချလိုက်သည်။

"တကယ်တော့ ငါလည်း နင့်ကို အကျီလေး ဘာလေး ဝယ်ပေးမလို့ပါပဲ။ ပိုက်ဆံစုထားတာ ငါးဆယ်တောင် ရပြီ၊ နင်က ဘယ်လိုဟာမျိုးကြိုက်မှန်းမသိလို့



နင့်ကို ပိုက်ဆံပဲပေးပြီး နင့်ဘာသာဝယ်ဖို့ ပြောမလို့"

အောင်မောင်းက အကျီအိတ်ထဲမှ ဆယ့်ငါးကျပ်တန်နှင့် ဆယ်တန်များကို ထုတ်ပြီး ကိုင်ထားလိုက်သည်။ ရွှေရွှေသည် အောင်မောင်းကို သနားသွား၏။ သူ့စိတ်ထဲ မခံချိမခံသာ ဖြစ်နေမှာကို နားလည်သည်။ သို့ရာတွင် ဒီကိစ္စလောက်ကို သိပ်ဇာချဲ့နေဖို့ မလိုဟု သူထင်သည်။

"ကဲပါဟာ အခု ငါလည်း အကျီအသစ်ဝတ်ရတယ်၊ နင်လည်း ပိုက်ဆံ အကုန်သက်သာသွားတယ်၊ ပြီးရောပေါ့။ ငါတို့ အခုအချိန်မှာ သိပ်သုံးလို့ဖြုန်းလို့ မဖြစ်သေးဘူး။ ခုကတည်းက ချွေချွေတာတာနဲ့ စုမှ ဆောင်းမှာ။ ဒါမှ မြန်မြန်နီးစပ်မှာ မဟုတ်လား။ အဲဒီပိုက်ဆံကိုလည်း စုထားလိုက်ပေါ့"

အောင်မောင်း စိတ်သက်သာသွားပြီ။ အရေးကြီးတာက ရွှေရွှေ့အတွက် သူ ကြိုးစားတာ အသိအမှတ်ပြုခံရဖို့ ဖြစ်၏။ ထို့ကြောင့်. . . .

"အေး. . . ငါလည်း အဲဒါပြောမလို၊ ဒီနေ့ကစပြီး ငါ ပိုက်ဆံစုမယ်ရော့. . ."

ဆိုပြီး ငွေငါးဆယ် ရွှေရွှေ့ကို ပေးသည်။

"ဒါက. . ."

"နင်ယူထားတာ၊ ငါ့လက်ထဲမှာဆိုရင် သုံးမိလိမ့်မယ်။ နောက်ကိုလည်း နင့်ဆီမှာပဲ လာလာအပ်ထားမယ်"

အောင်မောင်းက ရွှေရွှေ လက်ထဲကို ငွေစက္ကူများ ထိုးထည့်ပေးပြီး တစ်လက်တည်း ရွှေရွှေ့လက်ကို အုပ်၍ ဆုပ်ကိုင်ထားလိုက်သည်။ ရွှေရွှေက ခေါင်းငုံ့နေပြီးမှ အသာရုန်းသည်။

"ဟိုဘက်ခန်းက မြင်သွားဦးမယ်ဟယ်. . ."

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်တစ်ယောက်အဖို့ ရှက်စရာအကောင်းဆုံးမှာ ကိုယ်ကုနေသည့် လူန
သေဆုံးသွားခြင်းပင် ဖြစ်သည်ဟု ထင်ခဲ့သည်။ တကယ်တော့ ထိုအချက်သည
ဘာမှမဆန်း။ ဆရာဝန်ဖြစ်လာလျှင် မလွှဲမသွေ ကြုံရမည့်ကိစ္စသာ ဖြစ်၏။ ဆေးတ
သက်ကြာလာသည်နှင့်အမျှ လက်လွှတ်ဆုံးရှုံးရသော လူနာဦးရေ ပိုမိုများပြားလာ
မည်မှာ ရှောင်လွှဲ၍မရချေ။ လူနာမှန်သမျှ တစ်ယောက်မျှ မသေအောင် ကုပေ
နိုင်သည့် ဆရာဝန်ဟူ၍လည်း တစ်ခါမှ မပေါ်ဖူးသေး။ ဇီဝကတောင် ဒီလောက်
မစွမ်းခဲ့။

တကယ် ရှက်ဖို့ကောင်းတာက ဆရာဝန်ကိုယ်တိုင် ဖျားနာခြင်းပင် ဖြစ်၏။
ဆရာဝန်ဆိုတာလည်း ခါတ်လေးပါးနဲ့ ဖွဲ့စည်းထားတာပဲ။ တကယ်ဆိုလျှင် သူတို့
ကတောင် ရောဂါဖြစ်ဖို့ ပိုနီးစပ်သေးသည်။ ရောဂါအမျိုးမျိုးရှိသော လူနာတွေ နှင့်
အမြဲလိုလို လက်ပွန်းတတီးနေနေရတာ မဟုတ်လား။ ပြီးတော့လည်း ဆေး
တက္ကသိုလ်တက်ခွင့်ရဖို့ အရည်အချင်းမှာ စာမေးပွဲအောင်မှတ် အများဆုံးရခြင်းကို



ာ ပခုံနထား၍ကြည့်သည်။ ဒေါင်ဒေါင်မြည် ကျန်းမာသူတစ်ယောက် ဟုတ်
ာတ်ဆိုတာကို ကြည့်ခဲ့သည် မဟုတ်။

လူအများစုကတော့ ဒါကို နားမလည်ကြ။ ဆရာဝန်တစ်ယောက် နေမကောင်း
ာတွေ့လျှင် အလို ဆရာဝန်လည်း ဖျားတတ်သကိုးဟု အံ့ဩချင်တတ်ကြသည်။
ာဂါဆိုသည်မှာ ဆရာဝန်မို့ အချင်းချင်းတွေ မျက်နှာနာနေတာပဲ ဆိုပြီး အားနာ
းနာနှင့် ရှောင်ကွင်းသွားလိမ့်မည် မဟုတ်ကြောင်း သိကြဖို့ ကောင်းပါသည်။

တစ်နေ့က ညနေဆေးခန်းက ပြန်လာကတည်းက ဖြစ်ချင်နေသည်။ ခေါင်း
က်ပြီး ခြေထောက်တွေ ညောင်းညာနေ၏။ အလုပ်ပင်ပန်းနေလို့ပဲလေဆိုပြီး
ပ်လိုက်သည်။ မနက်ကျတော့ လူက မလန်းဆန်း။ ခေါင်းတွေလည်း အုံခဲနေ
ည်။ တစ်နေ့လုံး ချမ်းစိမ့်စိမ့် ဖြစ်နေ၏။ ညနေကျတော့ မျက်လုံးတွေ ပူလာ
ည်။ ဆေးခန်းအပြန် အိမ်ရောက်တော့ နှာရည်ယိုလာ၏။ အဖျားသွေးလည်း ရှိ
ာသည်။

တကယ်ဆိုလျှင် ထိုစဉ်ကတည်းက ဖိဖိစီးစီးလှဲလိုက်ဖို့ ကောင်းသည်။ များ
သာအားဖြင့် ဆရာဝန်များသည် ဖျားမှာနာမှာ သိပ်ကြောက်သည်။ သူများကို
လျှင်သာ ဆေးကို အပျော့အားမှဝ၍ ချင့်ချင့်ချိန်ချိန် ပေးချင်ပေးမည်။ ကိုယ့်
ာသာကျတော့ နည်းနည်းဖြစ်တာနှင့် ဆေးပြင်းတွေသောက်ပြီး တစ်ခါတည်း
ပြတ်ကုပစ်တတ်ကြ၏။

တိုးဝင်းသည် မနေ့ညက သူဖျားတော့မည်ဖြစ်ကြောင်း သိသည်။ တတ်သရ
ဲဖြစ်၊ ကလိုရမ်ဖြစ်ဖြစ် သောက်တော့မည် စိတ်ကူးမိသေး၏။ သို့ရာတွင် ...
ဆးတွေ ဈေးကြီးသည်။ ပြီးတော့ ဆေးဝတ်လည်အောင် အနည်းဆုံး ... သော
သာက်ရမည်။ ဒါကို နှမြောပြီး ပါရာစီတမောနှင့် အာမီတွမ်...ပြီး အိပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ကိုယ့်ရောဂါတောင် ကိုယ်မသဒ္ဓါတဲ့ကောင် မနက်ကျတော့ အိပ်ရာကတောင် မထနိုင်တော့။ တုံးကနဲနေအောင် ဖျားနေပြီဖြစ်၏။ မနက်ပိုင်း သမဆေးခန်းကို မသွားနိုင်တော့။

ညနေ ဆေးခန်းကတော့ မသွားလို့မဖြစ်။ မနေ့ကမှစပြီး ပင်နယ်စလင် ထိုးသူတစ်ယောက် ရှိနေသည်။ စထရက်တိုမိုင်စင် ထိုးရမည်လူလည်း ရှိသည်။ ချုပ်ရိုးဖြေပေးရမည့် လူနာတစ်ယောက်လည်း ချိန်းထားသေးသည်။ မသွားလို့မဖြစ်ဟူ၍သာ ဆိုရမည်။ လူက ခေါင်းတောင်မထူချင်။

ဆရာဝန် ဖြစ်ရတာများ လုံးဝမစားသာပါကလား။ ဖျားတာတောင် ငြိမ်နှင့်ဖျားခွင့်မရ။ လူနာဖျားတော့ ဆရာဝန်ကို အားကိုးနိုင်သည်။ ဆရာဝန်ကိုယ်တိုင်ဖျားတော့ ဘယ်သူ့သွား အားကိုးရမတုံး။ ကိုယ့်ဟာကိုယ်သာ အားကိုးပေတော့ပေါ့။ လောကမှာ ဆရာဝန်ရယ်လို့သာ ရှိသည်။ တပည့်ဝန်ရယ်လို့မှ မရှိဘဲကိုး။

အိမ်က လူတွေကလည်း ဘာမှ လုပ်ပေးနိုင်သည်မဟုတ်။ အမေကတော့ သူ နိုးချိန်တန်လို့ အိပ်ရာက မထသဖြင့် အိပ်ခန်းထဲဝင်လာပြီး မေးသည်။ နဖူးကို စမ်းကြည့်ပြီး..

"ဟယ်...ကိုယ်တွေ ချစ်ချစ်တောက် ပူနေပါလား"

ဟု ပြောသည်။ ထို့နောက်...

"ဘာဆေးသောက်... အဲ..."

ဆိုပြီး ဆက်မပြောတော့။ အစကတော့ အမေနှင့်သားဆိုသော စိတ်ဖြင့် ပြောမလို့ပဲ။ နောက်မှ သားက ဆရာဝန်တစ်ယောက်လုံးပါလားဟု သတိရလိုက်ဟန်တူ၏။ ဘာပဲဖြစ်ဖြစ် အမေက နဖူးလေးစမ်းလိုက်တာကိုပင် သူ သိပ်အရသာရှိသွားသည်။ အားပေးစကားတစ်ခုခု ဆက်ပြောစေချင်သည်။ သို့ရာတွင် အမေက



ပြောတော့။ အနှောင့်အယှက် မပေးလိုဟန်ဖြင့် အခန်းထဲမှ အသာထွက်သွား၏။ သူ ဝမ်းနည်းသလို ဖြစ်သွားသည်။ ဆရာဝန်တွေ ဖျားလျှင် သူများထက် ပိုပြီး အားငယ်တတ်လေသလား မသိ။

ခဏအကြာတွင် မောင်တိုးဝင်း နေမကောင်းလို့တဲ့ဟု ပြောလိုက်သော အမေ့အသံကြားရသည်။ ဘယ်သူ့ကို ပြောနေမှန်းမသိ။ အဖေ သို့မဟုတ် အစ်မကို ပြောနေခြင်း ဖြစ်မည်။

"အေး... ဟိုနေ့က ချွေးတွေသံတွေနဲ့ အပြင်က ပြန်လာပြီး ရေတန်းချိုးလို့ ဒါ ပြောဦးမလို့ပဲ။ နောက်တော့ သူက ဆရာဝန်ပဲလေ။ ပိုနားလည်မှာပေါ့ ဆိုပြီး မပြောတာ"

အဖေ့အသံ ခပ်အုပ်အုပ်ကို ကြားရသည်။ ဆရာဝန်မို့ ပိုနားလည်သတဲ့ ဟားဟားဆိုပြီး စိတ်ထဲက ရယ်လိုက်သည်။ ထိုစဉ် ညီမလေး၏ အသံခပ်စူးစူး ထွက်ပေါ်လာ၏။

"ဆရာဝန်ကိုယ်တိုင် ဖျားနေတယ်ဆိုတော့ ဟားဟား ဟိုတစ်ခါတွေ့တဲ့ လျှက်စားရောင်းတဲ့လူလို ဖြစ်နေပြီ။ လက်တွေ့ပျောက် ငါးမိနစ်အတွင်း ချောင်းဆိုးပျောက်သွားစေရမယ် အဟွတ် အဟွတ် ဆိုတာလိုပေါ့"

သူ ဒေါသ ဖြစ်သွား၏။ ဘယ့်နှယ် လူတစ်ယောက်လုံး ဖျားနေတာ လှောင်ရာမှတ်လို့။ သေသေချာချာ စဉ်းစားကြည့်တော့လည်း ညီမလေး ပြောတာ မှတ်နေသား။ နေမကောင်းလို့ လာကုသည့် လူနာကို စမ်းသပ်နေသော ဆရာဝန်က နှာရည်တနွဲ့ရွဲ့ မျက်လုံးနီနီ ချောင်းတဟွတ်ဟွတ်ဆိုလျှင် လူနာက ဘယ်လို ယုံစားနိုင်ပါတော့မလဲ။ ညနေကျလျှင် ဆေးခန်းကို သွားဖြစ်အောင် သွားမည် အားခဲထားသော စိတ်ကလေးက လျော့ကျချင်သလိုလို ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်တိုးဝင်း အိပ်နေလား"

အခန်းဝမှ ရပ်ပြီး ခပ်တိုးတိုးခေါ်နေသော အစ်မအသံ ကြားသဖြင့်. . .

"ဘာလဲ • အစ်မ"

ဟု ထူးလိုက်သည်။

"ဆန်ပြုတ်သောက်မလား၊ အစ်မပြုတ်လိုက်မယ်"

"ဟင့်အင်း. . ."

ဘာမှ စားချင်စိတ်မရှိ။ ကော်ဖီပူပူ သောက်လိုက်ရင် ကောင်းမယ်
တွေးမိသဖြင့်. . .

"ကိုးလင်း ရှိလား"

"မရှိဘူး၊ ဘာနိုင်းမလို့လဲ"

"ကော်ဖီဝယ်ခိုင်းမလို့"

"တိုးမင်းတော့ ရှိတယ်"

"နေပါစေတော့"

တိုးမင်းကို သိပ်မခိုင်း . ။ တော်ကြာ ကျူရှင်ဆရာတစ်ယောက်လုံးက ခို
လေးဆွဲပြီး ကော်ဖီဝယ်ထွက်ရတာ သိက္ခာကျတယ် ထင်နေဦးမယ်။ ညီမလေး
တော့လည်း ကောင်လေးတွေ တရုံးရုံးရှိသော လက်ဖက်ရည်ဆိုင်ကို သွားနိုင်
မသင့်တော်။

သူက နေပါစေတော့ဟု ပြောလိုက်သော်လည်း အတန်ကြာတော့ အစ်မ
အခန်းထဲ ဝင်လာသည်။

"မောင်တိုးဝင်း ထ၊ ကော်ဖီ သောက်လိုက်ဦး"

သူ ခြင်ထောင်အပြင် ထွက်လိုက်သည်။ အစ်မက စာရေးစားပွဲပေါ် ကော်
ပန်းကန်နှင့် မုန့်ပန်းကန်ကို တင်သည်။



"အဖတ်ကလေးပါ စားရအောင် ပေါင်မုန့်ထောပတ်သုတ်ပါ ဝယ်လာခဲ့တယ်"

"ဘယ်သူ သွားဝယ်တာလဲ"

"အစ်မပဲ သွားလိုက်တယ်"

"အစ်မကလည်း. . .

"နင်ဆာနေမှာ စိုးလို့ပါဟယ်"

တိုးဝင်းက စားပွဲမှာ ထိုင်၍ ပေါင်မုန့်ထောပတ်သုတ်ကို စားမည်ပြုပြီးမှ. . .

"ပိုက်ဆံ ဘယ်သူပေးလဲ"

"အစ်မမှာ ရှိပါတယ်"

"ဟာ. . . မဟုတ်တာ"

ဆိုပြီး သူ့ ရှပ်အင်္ကျီချိတ်ထားရာသို့ ထသွားသည်။

"စားမှာ စားစမ်းပါဟာ"

သူက ငါးကျပ်တန်တစ်ရွက် ထုတ်ပေးသည်။

"ရေနွေးသောက်မလား"

"နေပါစေတော့ အစ်မ၊ ရေအေးအေး တစ်ပုလင်းလောက်သာ ယူလာပေး

မုန့်စား၊ ကော်ဖီသောက်ပြီးနောက် ဆေးနှစ်မျိုးလောက် ဆက်သောက်ခ
လိုက်သည်။ ပြီးတော့ အိပ်ရာထဲ ပြန်လှဲနေလိုက်၏။ ခဏအကြာတွင် မှေးခန
တစ်ချက် အိပ်ပျော်သွားသည်။ တစ်ပိုင်းတစ်စ အိပ်မက်တွေ မက်သည်။ ထိုအထဲ
တွင် ရွှေရွှေက သူ့နဖူးကို စမ်းကြည့်ပြီး ဆရာကိုယ်တွေ သိပ်ပူတာပဲဟု
လည်း ပါသည်။ ဖျတ်ခနဲ နိုးလာတော့ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေသည်။

ချွေးသုတ်ပြီး အင်္ကျီလဲသည်။ မနက်ကလောက်တော့
လူကတော့ မလန်းသေး။ ညနေ ဆေးခန်း သွားနိုင်လောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ရ၏။ အိပ်ရာပေါ်မှာ ခပ်မှိုမှိုလှဲထိုင်ရင်း စာအုပ်တစ်အုပ် ဖတ်နေလိုက်သည်။ အေဂျေခရိုနင်၏ စီတာဒယ်ကို မောင်ထွန်းသူ မြန်မာပြန်သည့် ရဲတိုက်ဆိုသော စာအုပ်ဖြစ်၏။

အလုပ်သင်ဆရာဝန်ဘဝက ဦးမြသိန်း ပေးဖတ်သဖြင့် မူရင်း အင်္ဂလိပ် စာအုပ်ကို ဖတ်ခဲ့ဖူးသည်။ ထိုစဉ်ကတည်းက တော်တော် ကြိုက်ခဲ့သည်။ ခု မြန်မာ လို ဖတ်ရတော့ ပိုပြီးအရသာတွေ့သည်။ ဆရာဝန်ပီသသော ဆရာဝန်၊ လူပီသသော လူ၊ လောဘစိတ်နှင့် ဆရာဝန်စိတ် လွန်ဆွဲမှု။ ထိုစာအုပ်ထဲမှ ဒေါက်တာအင်ဒရူ မေဆင်၏ စကားလေးတစ်ခုကို သိပ်သဘောကျသဖြင့် စာရွက်ပေါ်မှာ ရေးပြီး နံ ရံတွင် ကပ်ထားသည်။

"ဆေးကျမ်းစာအုပ်တွေထဲမှာ ရေးထားတာကို ငါ မယုံဘူး၊ နားကြပ်ကလာတဲ့ အသံကိုပဲ ငါယုံတယ်"

မှန်သည်။ တစ်ခါတစ်ရံ ဆေးကျမ်းထဲကအတိုင်း အတိအကျ သတ်မှတ်ယူ ကြည့်လို့ မရတာတွေရှိသည်။ ဆေးကျမ်းဆိုသည်မှာ ယေဘုယျသဘော ပြဋ္ဌာန်းထား မှုများသာ ဖြစ်၏။ ဆေးပညာအခြေခံများကို သင်ကြားပေးလိုက်ခြင်းသာ ဖြစ်၏။ တကယ့်လက်တွေ့တွင် ထိုအခြေခံများနှင့် မိမိ၏ အတွေ့အကြုံ၊ ကိုယ်ပိုင်ဉာဏ် ဖြင့် ဆင်ခြင်သုံးသပ်မှုတို့ကို ပေါင်းစပ်၍ ဆောင်ရွက်ရသည်။

စာဖတ်ရတာ ကောင်းသော်လည်း လူက ထိုင်းမှိုင်းနေသဖြင့် ခေါင်းနောက် လာသည်။ စာအုပ်ကိုခေါက်၍မှတ်ပြီး ဘေးမှာချသည်။ ခဏမှိန်းနေမည်ပြင်စဉ် အခန်းဝမှာ အမေလာရပ်ပြန်သည်။

"သားရေ. . . ဧည့်သည်ရောက်နေတယ်"

"ဘယ်သူလဲ၊ အေးဖေလား"



အေးဖေတို့ ရွှေထွန်းအောင်တို့ ဆိုလျှင်တော့ အခန်းထဲ တစ်ခါတည်း ဝင်လာမှာပဲဟု တစ်ဆက်တည်း တွေးသည်။

"မဟုတ်ဘူး၊ မမြင့်တို့ သားအမိပါ"

"ဟာ. . . နေမကောင်းဘူးလို့ မပြောဘူးလား"

အလိုမကျသံဖြင့် မေးသည်။

"ပြောပါတယ်၊ ဒါပေမယ့် တစ်ခါတလေ လာလည်တာဆိုတော့ ခဏတဖြုတ် လောက် ထွက်စကားပြောလိုက်ပါလားကွယ်"

"ဟာ. . . ကျွန်တော်မှ နေမကောင်းတာ။ တွေ့ချင်ရင် အခန်းထဲသာ လွှတ် လိုက်တော့"

ဆိုပြီး မျက်စိကို မှိတ်ထားလိုက်၏။ သူက ငေါ့လိုက်ခြင်း ဖြစ်သော်လည်း အမေက တကယ်ခေါ်သွင်းလာခဲ့သည်။ သူ စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ ထိုအခါ လူမမာနှင့် ပိုတူသွားလေသည်။ သူက အမေ့ကို မကျေမချမ်း တစ်ချက် ကြည့်လိုက်တာကို မသိယောင်ဆောင်ပြီး. . .

"ထိုင်လေ မမြင့်"

ကုလားထိုင် ယူပေးသည်။ အခန်းထဲမှာ ကုလားထိုင်တစ်လုံးသာ ရှိ၏။ ဒေါ်ဒေါ်မြင့် ကုလားထိုင်မှာထိုင်လျှင် သင်သင်က ဘယ်မှာထိုင်မလဲ။ ခုတင်စောင်း မှာ ထိုင်နိုင်းလျှင်တော့ ဒုက္ခပဲဟု တွေး၏။ တကယ်တမ်းကျတော့ ခုတင်စောင်းမှာ ထိုင်နေသူက အမေ ဖြစ်၏။ ဒေါ်ဒေါ်မြင့်က ကုလားထိုင်မှာ ထိုင်ပြီး သင်သင်က ကုလားထိုင်နောက်မှီကို လက်တစ်ဖက်ဖြင့် ကိုင်၍ ရပ်နေသည်။

"အေးကွယ်. . . ၊ ဒေါ်ဒေါ်တို့လည်း မရောက်တာကြာလို့ မငြိမ်းနဲ့ စကားလေး ဘာလေးပြောရအောင် လာခဲ့တာ။ မောင်တိုးဝင်း နေမကောင်းမှန်းသိရင် ဟောလစ် ကလေး ဝယ်လာခဲ့ရင် ကောင်းသားနော် သမီး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်မြင့်က တိုးဝင်းကို ပြောနေရင်းမှ စကားအဆုံးတွင် သင်သင့်ဘက် လှည့် တိုင်တည်လိုက်သည်။

"အခု ဝယ်နိုင်းလိုက်ရင် ရတာပဲ၊ ဈေးမှာဆို ရှိမှာပေါ့။ ကျွန်မ သွားဝယ်လိုက် မယ်လေ"

"အေးဟဲ့၊ ကောင်းသား"

"ဟာ. . . နေပါစေ၊ ကျွန်တော် ကောင်းနေပြီပဲ"

"မဟုတ်တာ"

"ကျွန်တော် ဟောလစ်မကြိုက်ဘူး"

ပြောပြီး သူ့စကား သူ အတော်သဘောကျသွားသည်။ သိပ်အဓိပ္ပာယ်ပါသည်။ ဝက်ဝုတ္တိအလင်္ကာမြောက်သည်။ ဟောလစ်မကြိုက်ဘူးဆိုသဖြင့် သူ့ဇွေးသမီးကို မကြိုက်ဘူးဟု သွယ်ဝိုက်၍ ပြောရာကျသည်။ ကောင်းလိုက်တဲ့ စကားလုံးကလေး။ သို့ရာတွင် ဒေါ်ဒေါ်မြင့်က ဒီလို သဘောမပေါက်။ ဘာပြန်ပြောသလဲဆိုတော့. . .

"ဟောလစ်မကြိုက်ရင် အိုဗာတင်းပေါ့ကွယ်"

မကြိုက်ဘူးဗျာ၊ မကြိုက်ဘူးဟု ပြောပြီး စောင်ခေါင်းမြီးခြုံ၍ နေလိုက်ချင် စိတ်ပင် ပေါက်လာသည်။ နှုတ်ကတော့. .

"ကျွန်တော် ဒါတွေ မကြိုက်လို့ပါ ဒေါ်ဒေါ်"

"ဝလုံးကိုခ်"

ဟု သင်သင်နှုတ်က ခပ်တိုးတိုး ရေရွတ်သည်။

"ဝလုံးကိုခ် အိမ်မှာရှိပါတယ်"

ဒီလိုနှင့် ကိစ္စပြတ်သွားသည်။ အမေနှင့် ဒေါ်ဒေါ်မြင့်တို့သည် တိုးဝင်းကို ရှေ့မှာထားပြီး တွေ့ရာလေးပါး ပြောနေကြပြန်၏။ သင်သင်ကတော့ ဟိုဟိုဒီဒီ ကြည့်နေ၏။



တိုးဝင်း၏ အခန်းသည် မသားနားလှချေ။ ပရိဘောဂပစ္စည်းလည်း များများ မရှိ။ ခုတင်က သုံးထပ်သားခင်း၊ ကွပ်ပျစ်သာ ဖြစ်၏။ ခုနစ်တန်း၊ ရှစ်တန်းလောက် ကတည်းက သုံးခဲ့သော စားပွဲဟောင်းကလေးနှင့် ကြိမ်ပြန်မထိုးနိုင်သဖြင့် သစ်သား ခင်းထားရသော ကုလားထိုင်တစ်လုံး။ ဗီရိုကတော့ ဟောင်းနွမ်းနေသော်လည်း နည်းနည်းကြီးသည်။ အထပ်လေးထပ်တွင် တစ်ထပ်သာ အဝတ်အစားထည့်သည်။ ကျန်သုံးထပ်ကတော့ ဆေးနှင့်ဆေးပစ္စည်းတွေ။

တိုးဝင်းအနေရခက်လာသည်။ မျက်စိမှိတ်ပြီး မှိန်းချင်ယောင်ဆောင်နေရ ကောင်းမလား။ ဒါဆိုရင် သင်သင်က သူ့ကို ခိုးကြည့်ကောင်း ကြည့်မည်။ ပြီးတော့ သူ့ရုပ်ရည်အကြောင်း စိတ်ထဲက ဝေဖန်သုံးသပ်လိမ့်မည်။ သူ နားရွက်နည်းနည်း ကားသည့်အကြောင်းကို ထည့်မစဉ်းစားဘဲနေမှာမဟုတ်ဘူးဟု တွေးမိပြီး မြင်ကွင်း စောင်းသွားအောင် ခေါင်းကို မသိမသာလှည့်လိုက်သည်။

ထိုစဉ် မြင့်မြင့်ငြိမ်း ဝင်လာပြီး သင်သင် ပြောစရာရှိလို့ ခဏဆိုပြီး ခေါ်သည်။ သင်သင်က. . .

"အပြင်ခဏ သွားဦးမယ် ကိုတိုး"

ဟု ပြောပြီး ပြုံး၍နှုတ်ဆက်သည်။ သင်သင့်အပြုံးတွင် ကြွင်နာမှုပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ရွှေရွှေ ဆီးယိုထိုးနေသည်။ ဆီးယိုထိုးနေသော်လည်း သကာရည်နှင့် အကောင်းစားမဟုတ်။ ထန်းလျက်ရည်နှင့် ထိုးခြင်းဖြစ်၏။ ကိုပြားကြီး လှည်းနှင့် ရောင်းဖို့အတွက် ထိုးပေးနေခြင်းပင်။ ခုလိုပင် ကိုပြားကြီးတို့၊ ဒေါ်ငွေယုံတို့ ကိစ္စကို ကူလုပ်ပေးလေ့ ရှိ၏။

သူသည် မီးမျှဉ်းမျှဉ်းပေးထားသော ထန်းလျက်ရည် ညောင်စေးကျမကျ သိရအောင် ယောက်မနှင့်မွှေပြီး ယောက်မကို မ,လိုက်သည်။ ထန်းလျက်ရည်တွေ ကြွက်မြီးတန်းသလို စီးကျသည်။

ထိုအခိုက် ဟိတ်ဆိုပြီး သူ့လက်မောင်းနှစ်ဖက်ကို နောက်ကနေ ဖမ်းဆုပ်ခြင်း ခံလိုက်ရသဖြင့် လန့်ပြီး ယောက်မကို လွှတ်ချလိုက်သည်။

"ဟဲ. . . ဟဲ၊ လန့်သွားသလား"

အောင်မောင်းက တဟဲဟဲရယ်ရင်း မေးလိုက်သည်။

"လန့်တာပေါ့၊ အသံမပေး ဘာမပေးနဲ့"



"ဟိတ်လို့ အော်လိုက်သားပဲ"

"နင် ဘာလို့ ဒီထဲ စွတ်ဝင်လာရသလဲ၊ ဒေါ်ငွေယုံတို့ မရှိဘူး"

"အေးလေ. . . သိသားပဲ၊ ကလေးတွေလည်း မရှိဘူး"

"ဘယ်သွားကုန်ကြလဲ"

"ငါ မုန့်ဖိုးတစ်မတ်ပေးပြီး သွားကစားခိုင်းထားတယ်"

"နင် တော်တော် အတင့်ရဲနေနော်၊ သွား. . . သွား အိမ်ရှေ့သွားနေ၊ ငါ အခု ပြီးတော့မှာ. . ."

"ဟာ. . . ဘာဖြစ်လဲ"

"ဟဲ့. . . မီးဖိုးထဲမှာ နှစ်ယောက်တည်း ဘယ်ကောင်းမလဲ၊ နေဒက်ပြီး ဒါ သူများအိမ်ခန်းဟ"

"အမယ်. . . ဒါများ အဆန်းလုပ်လို့ဟာ"

ရွှေရွှေက ဘာမှထပ်မပြောတော့။ ထန်းလျက်ရည်အိုးထဲ ကျသွားသော ယောက်မကို ပြန်ဆယ်၍ ဆက်မွှေသည်။ ထို့နောက် အိုးကို မီးပေါ်မှ ချသည်။ တကယ့်တကယ် ဆီးယိုအကောင်းစား ထိုးခြင်းမဟုတ်ဘဲ ရောင်းတမ်းဖြစ်၍ ဆီးသီး ခြောက်တွေ ထည့်ပြီး မွှေလိုက်သောအခါ ဆီးယိုဖြစ်သွားသည်။

"အင့် စားမလား"

ရွှေရွှေက ဆီးယိုအနည်းငယ်ကို ယောက်မနှင့် ကော်ပြီး အောင်မောင်းရှေ့ ထိုးပေးသည်။

"ဟင်. . . ငါ့ကို ကျွေးပုံကလည်း စတိုင်ပဲ့လိုက်တာဟာ။ ပန်းကန်လေး ဘာလေးနဲ့ ထည့်ကျွေးတာ မဟုတ်ဘူး"

"သူများပစ္စည်းဟဲ့. . . သိပ်ကြီးကျယ်မနေနဲ့၊ မစားချင်နေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှာပေါ့ဟ"

အောင်မောင်က ဆီးသီးသုံးလေးလုံး ယူစားသည်။

"ကောင်းတယ်ဟာ၊ နင်က ဘယ်နေရာဖြစ်ဖြစ် တော်တာပဲနော်"

"အသားလွတ်ကြီး မြှောက်မနေနဲ့"

"တကယ်ပြောတာ၊ ဒါကြောင့် ငါတို့အစ်မကတောင် ငါ့ကို နင် ရွှေရွှေ နဲ့တော့ သိပ်ကံကောင်းတယ်လို့ ပြောတာ"

ရွှေရွှေ ကျေနပ်ပြုံး ပြုံးသည်။ အောင်မောင်းက ငွေခြောက်ဆယ့်ငါးကျပ် ထုတ်ပေးပြီး...

"ရော့.. နင်စုထားဖို့"

"နင် သုံးဖို့ရော ရှိသေးရဲ့လား"

"ရှိပါတယ်၊ ငါ အခု သိပ်မသုံးဘူးဟ"

"နင့်အစ်မကိုကော မပေးဘူးလား"

"ပေးပါတယ်၊ အစ်မကိုယ်တိုင်က နင့်ဆီမှာ ပိုက်ဆံစုထားဖို့ အကြံပေးခဲ့တာ သူက နင့်ကို သိပ်သဘောကျနေတာဟ"

"နင် တော်တော် လိမ္မာနေတာပဲ။ ဒါနဲ့ အခုလို ပိုက်ဆံစုနေတာ နင် မစား ရက် မသောက်ရက်ဘဲ ကုတ်ကတ်ပြီး ဖုဒနေရတာလားဟင်"

တခြားလူဆိုလျှင်တော့ ဟုတ်တယ်၊ တစ်ခါတလေများ သိပ်ဆာနေတာတောင် တို့လက်ထပ်ဖို့စုရမယ့် ငွေကလေးထဲက လျော့သွားမှာစိုးလို့ အောင့်ပြီး အဆာခံနေ လိုက်ရတယ် စသည်ဖြင့် လွမ်းမလောက်အောင် ပြောကောင်း ပြောပေလိမ့်မည်။ အောင်မောင်းကတော့ ဒီလိုမဟုတ်။ အရိုးခံ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပင်။

"ဟာ... မဟုတ်ပါဘူး၊ ဘားသမားပဲဟာ ငတ်တယ်ဆိုတာ မရှိဘူး။ ဘား



လိုက်ရတဲ့နေ့ဆိုရင် စရိတ်ငြိမ်းစားသောက်ရတာဟ။ မနက်ဆို မုန့်ဟင်းခါး၊ ပေါက် စီ၊ လက်ဖက်ရည်၊ နေ့လယ်ကျတော့..."

စသဖြင့် အာပေါင်အာရင်းသန်သန် ပြောပြသည်။ ခုလို သူ့အလိုက်အထိုက် မပြောတတ်သည့်အတွက် ရွှေရွှေ မကျေမနပ်ဖြစ်ခြင်း မရှိ။ အောင်အောင်း၏ ရိုး ဂုဏ်အတွက်တောင် ဝမ်းသာမိသေးသည်။

"ဟော့... ရွှေရွှေ"

ဟု အောင်မောင်းခေါ်သည်။

"ဘာလဲ"

"ငါတို့စုထားတဲ့ ပိုက်ဆံထဲက နင် ထမီတစ်ထည်လောက် ဝယ်ဝတ်ပါလား၊ ကောင်းကောင်းလေးပေါ့"

"ဟာ... ဘာလုပ်ဖို့လဲ၊ ငါ့မှာ ရှိသားပဲ။ အဝတ်အစားဆိုတာ တော်ရုံတန် ရုံရှိရင် ပြီးတာပဲ"

"အေးလေ... နင့်သဘောပေါ့။ တကယ်တော့ နင်က ဘာမှမဝတ်လည်း လှတာပါပဲ"

"ဘာပြောတယ်"

"မဟုတ်ဘူးလေ၊ ဟိုဟာပါ ငါမပြောတတ်လို့ပါ။ ခုလို အိမ်ခနေရင်း အဝတ် အစားနဲ့လည်း လှတာပဲလို့ ပြောတာ"

ဆိုပြီး ရွှေရွှေကို စိန်းစိန်းကြည့်သည်။ ရွှေရွှေ အဘာန်ငယ် ရှက်သွားပြီး ခေါင်း ငုံ့လိုက်၏။ ထိုအခိုက် အောင်မောင်းက ရွှေရွှေလက်မောင်းနှစ်ဖက်ကို ဆွဲ ကိုင်၍ ပါးကို ရွှတ်ခနဲနမ်းပြီး ထပြေးသည်။

"ဟင်... နင်ယုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေရွှေက ယောက်မဆွဲပြီး ရှယ်လိုက်သည်။ ဘာမှတော့ မလုပ်ဖြစ်။ တကယ်တော့ အောင်မောင်း သူ့ကိုနမ်းလိမ့်မည်ဆိုတာ သူကြိုတင်ရိပ်မိပြီးသား။ ဒီနေ့ အောင်မောင်းကိုကြည့်ရတာ တစ်မျိုးဖြစ်နေသည်။ စိတ်လှုပ်ရှားဇနမှန်း သိသာ၏။ တစ်ခုခုကို လုပ်သင့် မလုပ်သင့် ချီတုံချတုံ ဖြစ်နေဟန် ပေါ်လွင်သည်။ ယောက်မကို ဆီးယိုတွေ ထိုးဆွလိုဆွ။ ဝါးထရံမှ စွန်းထွက်နေသော အစကလေးတွေ ချိုးလိုချိုး၊ ခဏခဏလည်း ရေထသောက်သည်။ ရွှေရွှေကိုယ်တိုင်ပင်လျှင် လက်နှီးစုတ်ကို အကြောင်းမဲ့သက်သက် သပ်သပ်ရပ်ရပ်ဖြစ်အောင် ခေါက်လိုက် ဖြန့်လိုက်နေခဲ့မိတာကလား။

* * * * *



လက်ထောက် သရာဝန်ရာထူးအတွက် စာမေးပွဲဖြေရသည်။ သူတို့အုပ်စုထဲက တိုးဝင်း၊ ရွှေထွန်းအောင်၊ ဆန်နီကျော်စိုးတို့ ဖြေကြသည်။ အေးဖေကတော့ မဖြေ။ သူက အချိန်မှန်မှန်လုပ်ရသော အလုပ်မျိုးကို ဝါသနာ မပါ။ ထို့ကြောင့် ဆေးခန်းတောင် မဖွင့်ခဲ့။ ကြုံလျှင်ကြုံသလို ဆေးကုး ဟိုသွားဒီသွား လွတ်လွတ်လပ်လပ်နေချင်သူ ဖြစ်၏။

အစိုးရ လုပ်ဝင်လုပ်လျှင် နယ်စွန်နယ်ဖျား သွားရဖို့များသည်။ စီးပွားရေးတွက်ခြေမကိုက်လှ။ သို့ရာတွင် ပညာတိုးသည်။ အတွေ့အကြုံရသည်၊ ဘွဲ့လွန်သင်တန်းတွေ တက်ဖို့ အခွင့်အရေးရှိသည်။ ပေါ်ရှယ်လစ် ဆရာဝန်ကြီး ဖြစ်နိုင်သည်။

ဂျီပီခေါ် အထွေထွေကုဆရာအဖြစ် အပြင်မှာနေလျှင် လောလောဆယ်တော့ ငွေကြေးပို၍ အဆင်ပြေသည်။ သို့ရာတွင် ပညာကတော့ သေသွားသည်။ ဖျားနာခြင်းစသော အသေးအဖွဲကလေးများသာ ကုသနေရသဖြင့် အလုပ်ခြင်း ဆေးပညာနှင့် တဖြည်းဖြည်း အလှမ်းဝေးသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်းသည် သူစာမေးပွဲ ဖြေနိုင်သည်ဟု ထင်သည်။ ထို့အတူ တခြားလူတွေသည်း ဖြေနိုင်မှာပဲဆိုတာ သိနေသည်။ ဆရာဝန်မှန်လျှင် ဉာဏ်ကောင်းကြသူတွေချည်း မဟုတ်လား။ ထို့ကြောင့်. . .

"မင်း ဖြေနိုင်တယ် မဟုတ်လား"

ဟု ရွှေထွန်းအောင်က မေးသောအခါ. . .

"မင်တို့လိုပဲပေါ့"

ဟူ၍သာ ပြန်ပြောခဲ့၏။

"တကယ်လို့ စာမေးပွဲအောင်ရင် အလုပ်ဝင်မှာလား"

ဆန်နီကျော်စိုးက မေးသည်။ သူ့မေးခွန်းမှာ အတော်ကြောင်တောင်တောင်နိုင်သည်ဟု ထင်စရာရှိသည်။ အလုပ်လုပ်ချင်လို့သာ စာမေးပွဲ ဝင်ဖြေတာပဲ မဟုတ်လား။ သို့တိုင်အောင် ကျန်သူများက ဆန်နီကျော်စိုးကို ကြောင်သည်ဟု မယူဆကြ။ သူတို့ကိုယ်တိုင်လည်း ဒီမေးခွန်းကို ကိုယ့်ဘာသာ ပြန်မေးနေကြသောကြောင့်ပင် ဖြစ်လေသည်။

"လုပ်တာတော့ လုပ်ရမှာပဲကွ"

ရွှေထွန်းအောင် ခပ်ဆိုင်းဆိုင်းဖြေသဖြင့် တိုးဝင်းက. . .

"ပုံနှိပ်စက်ကို ဘယ်သူလုပ်မလဲ"

"ငါ့အဖေလက်ထက်ကတည်းက စိတ်ချရတဲ့ တပည့်တစ်ယောက်တော့ ရှိတယ်။ သူ့ပဲ လွှဲခဲ့ရမှာပဲ၊ ဘာပဲဖြစ်ဖြစ် အိမ်စရိတ်တော့ ရမှာပါ။ ဒီလိုပဲ စွန့်စားရမှာပေါ့ကွာ၊ မင်းကော. . ."

"မင်းသိတဲ့အတိုင်းပဲလေ၊ တစ်အိမ်လုံး ငါ့ ဝင်ငွေကို မှီခိုနေရတာ၊ အလုပ်ကရရင် ဘယ်မှာကျမှန်း မသိသေးဘူး။ တချို့နေရာတွေကျတော့ ဆေးခန်းဖွင့်လို့



မရဘူးကွ။ ဒါဆို လခတစ်ခုပဲ အားကိုးရမှာပဲ။ အဲဒါနဲ့ ငါ့အိမ်ကို ဘယ်လိုထောက်ပံ့မလဲ။ အချို့နေရာတွေမှာ ရတဲ့လခနဲ့ ကိုယ့်နေစရိတ်၊ စားစရိတ်နဲ့တောင် အနိုင်နိုင်လို့ ပြောကြတယ်။ ငါကတော့ကွာ အငယ်တွေ ဘွဲ့ရပြီး အခြေအတကျလေးဖြစ်တဲ့ထိ ဒီမှာကုတ်ကပ်နေရမယ့် သဘောပါပဲ"

"ဒါဖြင့် မင်းဘာလို့ စာမေးပွဲ ဝင်ဖြေရတာလဲ"

"မသိဘူးကွ၊ မင်းတို့ဖြေမယ်ဆိုလို့ ဖြေဖြစ်သွားတာပဲ။ အတွေ့အကြုံလို့ပဲ သဘောထားရမှာပေါ့"

ဆန်နီကျော်စိုးက ဟက်ခနဲ ရယ်လိုက်ပြီး. . .

"မင်းတို့ကလည်း လျှောက်တွေးပြီး ပူနေလိုက်တာ၊ အလုပ်ပဲ ရပါစေဦး။ အခုလူသုံးရာ ခန့်မယ့်ဟာ လေးထောင်လောက် ဝင်ဖြေတာကိုလည်း ထည့်တွက်ဦး"

"အေးကွာ. . . ငါတို့ ဆေးကျောင်းရောက်ခါစတုန်းက စိတ်ကူးယဉ်ခဲ့ကြတာ မှတ်မိသေးလား။ ဆရာဝန်ဖြစ်ရင် မဖွံ့ဖြိုးသေးတဲ့ ဒေသတွေသွားပြီး စေတနာဆရာဝန်လုပ်မယ်ဆိုတာလေ။ ခု တကယ်တမ်းကျတော့ နောက်ငေးရာလေးတွေဖြစ်လာပြီ။ ဒါတောင် မိန်းမ မရကြသေးဘူး။ ပြီးတော့လည်း တောင်ပေါ်ပဲဖြစ်ဖြစ် ဝေးလံခေါင်ပါးတဲ့ဒေသပဲဖြစ်ဖြစ် သွားပါမယ်ဆိုတာတောင် သွားချင်တိုင်းသွားလို့မရဘူး။ အဲဒီသွားဖို့ကိုပဲ လူလေးထောင်လောက် စုပြုတိုးဝှေ့နေကြတယ်။ တကယ်တော့ ငါတို့ဆီက ဆရာဝန် မရှားပါဘူး၊ လူနာလည်း မရှားဘူး၊ ရှားနေတာက ဆရာဝန်နဲ့ လူနာ တွေ့ဆုံဖို့ အခွင့်အရေးပဲကွ"

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားပေါ်မှဆင်းပြီး အိမ်ဘက်သို့ လျှောက်အလာတွင် မျက်နှာချင်းဆိုင်ဘက်မှလာသော ဖင်မလီယာကားလေးကို မြင်လိုက်သည်။ ဒေါ်ဒေါ်မြင့်တို့ကားဖြစ်၏။ ကားပေါ်မှာ ဒရိုင်ဘာကြီးတစ်ယောက်သာ ပါသည်။ ဒေါ်ဒေါ်မြင့်တို့အိမ်ကို အမေသွားသဖြင့် ပြန်လိုက်ပို့ခြင်းဖြစ်မည်။ အမေသည် ခုတလော ဒေါ်ဒေါ်မြင့်တို့အိမ် မကြာမကြာ သွားတတ်သည်။ အမေ ဘာတွေ ကျိတ်ကြံနေသလဲမသိဘူးဟု စိတ်ထင့်သွားမိ၏။

အိမ်ကိုရောက်တော့ ဧည့်ခန်းထဲမှာ မြင့်မြင့်ငြိမ်းနှင့် အရင်တွေ့သည်။ မြင့်မြင့်ငြိမ်းက. . .

"ကိုကို့ အဆက်ကြီးက နေကောင်းလားလို့ မေးလိုက်သေးတယ်"

ဟု ပြောသည်။ ခါတိုင်းလို နင်နောက်ကို အဆက်ကြီးဆိုတဲ့စကား ဘယ်တော့မှမပြောနဲ့ဟု မဆူဖြစ်။

"နင် လိုက်သွားလား"



"အင်းပေါ့၊ အမေက မနက်ကတည်းက မှာလိုက်တာ။ ကျောင်းဆင်းရင် ဒေါ်ဒေါ်မြင့်တို့အိမ်ကို လာခဲ့လို့"

"ဘာကိစ္စ သွားတာလဲ"

"ဒီကိစ္စပေါ့"

မြင့်မြင့်ငြိမ်းက လက်ညှိုးနှင့်လက်မကိုဝိုင်းပြီး ပိုက်ဆံဆိုသည့် သင်္ကေတလုပ်ပြသည်။

"ပိုက်ဆံ. . . ဘယ်လိုဖြစ်ပြန်တာလဲ"

"မသိဘူးလေ၊ တော်တော်တော့ များတယ်။ သောင်းဂဏန်းပဲ"

အဝတ်အစားတောင် မလဲနိုင်တော့ဘဲ အမေတို့ အခန်းရှိရာကို တန်းသွားသည်။ အဆင်သင့်ပင် သံသေတ္တာထဲသို့ ငွေစက္ကူတွေ ထည့်သိမ်းနေသော အမေ့ကို တွေ့ရ၏။

"ဘာတွေ လုပ်လာပြန်ပြီလဲ အမေ"

အမေက လှည့်ကြည့်ပြီး ဩော်. . . ဟု တစ်ချက်ရေရွတ်သည်။ သူ့ဘာသာဘာပြောမည်၊ ဘာလုပ်မည်ဟု စီစဉ်အကွက်ချပြီးဟန်ဖြင့် ခပ်အေးအေး အမူအရာဖြင့် သံသေတ္တာကို ပတ်ပြီး သော့ခတ်သည်။ သော့ကို မွေ့ရာအောက် ထိုးထည့်လိုက်ပြီးမှ. . .

"ကိစ္စရှိလို့ပေါ့ သားရယ်"

ဟု ပြောသည်။

"ဘာကိစ္စလဲ"

"မင်းညီ မောင်တိုးမင်း သင်္ဘောလိုက်ဖို့ ကြိုးစားနေတာ သိတယ်မဟုတ်လား"

သူ ခေါင်းဆတ်ရုံ ဆတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကွယ်. . . ကိုယ်စားလှယ် တစ်ယောက်နဲ့ အဆက်အသွယ် ရသ
သူများဆိုရင် ငါးသောင်းလောက် ပေးရမယ်၊ သူကတော့ အဲဒီကိုယ်စားလှ
တပည့်ရင်းနဲ့ ဆက်ပြီးသွားတာဆိုတော့ သုံးသောင်းလောက်ပဲ ကျမယ်ဆိုတာ

"ဒေါ်ဒေါ်မြင့်တို့ဆီက သွားဆွဲခဲ့တာပေါ့"

"အင်း. . ."

"ကျွန်တော့်ကို ဘာလို့ ကြိုမပြောတာလဲ အမေ၊ အသိပေးဖို့ကောင်းတာ

"တော်ရုံတန်ရုံလောက်တော့ကွယ်၊ မင်းကို ခေါင်းရှုပ်မခံစေချင်လို့ပါ"

"ဒါ တော်ရုံတန်ရုံလား အမေ၊ သုံးသောင်းတောင်၊ အရင်ယူထားတာတွေ
လည်း မနည်းတော့ဘူး"

အမေ ပြုံးလိုက်သည်။ ဘယ်လိုအပြုံးလဲ ဝေခွဲရခက်၏။

"မပူပါနဲ့ကွယ်၊ အမေ ကြည့်လုပ်ပါမယ်"

"ဘယ်လိုကြည့်လုပ်မှာလဲ၊ အကြွေးတွေက များများလာပြီး နောက်
ပြန်မဆပ်နိုင်တဲ့အခါကျတော့ ကျွန်တော်. . . သူတို့. . . သိပ်ရှက်စရာ ကော
တာပဲ။ ကျွန်တော့်ကို ဗေးစာခံတစ်ယောက်လို လုပ်နေတာလား အမေ"

အမေက ဘာမှပြန်မပြော။ ဒါအမေ့ အကျင့်စရိုက်ပဲ။ လုပ်ချင်တာကို ပြ
အောင် ဇွတ်လုပ်သည်။ ဒါကို မကျေနပ်လို့ ပြောလာလျှင် ဂရုမစိုက်သလို တုံ
ပေ လုပ်နေလိုက်သည်။ အမေ့ဆီက စကားပြန်ဖို့ စောင့်နေလို့ အပိုပဲဆိုတာ
သဖြင့် သူပြောချင်တာကို တိုးဝင်း ဆက်ပြောသည်။

"ဒါပဲအမေ၊ အဲဒီပိုက်ဆံ ပြန်ပေးလိုက်ပါ။ ကျွန်တော် တာဝန်မယူနိုင်ဘူး
နောက်ကိုလည်း သူတို့ဆီက တစ်ပြားတစ်ချပ်မှ ထပ်မယူပါနဲ့တော့။ တိုးမင်းကို
လည်း ပြောလိုက်ပါ။ ပိုက်ဆံလိုရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာပါလို့။ ကျွန်တော်

မှမတတ်နိုင်ဘူး

ဘက်လုပ်ကျွေးနေတာနဲ့ပဲ ကျေနပ်ကြပါတော့။ ကျွန်တော့်ဘဝကို မစတေးပါ
ခနဲ့"

အမေ ဘာမှပြန်မပြောဘဲ စိုက်ကြည့်နေသည်။ တိုးဝင်းသည် စိတ်ပေါက်
ကိန္ဒင့် လျှောက်ပြောနေပြီးမှ ဟင်. . . ဒါအမေပါလားဟု သွားသတိရလိုက်
သည်။ အမေသည် အိမ်မှာ ဩဇာအာဏာအရှိဆုံး။ ခုအခါ တိုးဝင်းကို အားလုံးက
အားပေးနေကြသည့်တိုင် အမေ့အရှိန်အဝါက ရှိနေတုန်းပင် ဖြစ်၏။ ငယ်ငယ်
င်းက အမေ့ကို ကြောက်ခဲ့ရတာကိုလည်း ပြေး၍ သတိရလိုက်သည်။

ထိုအခါ အမေ့အပေါ် အလျှော့ပေးပြီး တောင်းပန်ချင်စိတ် ဖြစ်လာ၏။
ရာတွင် တောင်းပန်လို့ မဖြစ်သေး။ အမေ့ကို အလျှော့ပေးလိုက်လျှင် သူ့စီမံကိန်း
ဆက်ပြီး အကောင်အထည်ဖော်တော့မည်။ ဒီလောက်တော့ ဟန့်တားမှ ဖြစ်
ည်ဟု တွေးပြီး အမေ့မျက်လုံးများကို ဇွတ်လွှဲဖယ်၍ ထွက်လာခဲ့၏။

အိမ်မှာ ကြာကြာမနေချင်သဖြင့် ဆေးခန်းသို့ ခပ်စောစောပင် ထွက်လာခဲ့
သည်။ ဟိုရောက်တော့ ရွှေရွှေ မရောက်သေး။ ဆေးခန်းတံခါး သော့ခတ်ပျက်
အား တွေ့ရ၏။ သူ့မှာ သော့အပိုတစ်ချောင်း ရှိနေသော်လည်း စိတ်ထွေထွေနှင့်
က်လာခဲ့သဖြင့် အိမ်မှာ မေ့ကျန်ခဲ့သည်။

ထို့ကြောင့် လက်ဖက်ရည်ဆိုင်မှာ သွားထိုင်အချိန်ဖြုန်းနေပြီးမှ ပြန်လာသည်။
ိုအချိန်တွင် ရွှေရွှေက ဆေးခန်းဖွင့်ထားပြီးနေပြီ။ အိမ်မှာ အဆင်မပြေဖြစ်လာ
သာအရှိန်က မကုန်သေးသဖြင့် ရွှေရွှေကို ဟောက်မိသည်။

"ဆေးခန်းကို စောစောစီးစီး ဘာလို့ မဖွင့်ထားသလဲ၊ ငါရောက်နေတာ
ကြာလှပြီ။ တံခါးပိတ်ထားလို့ လက်ဖက်ရည်ဆိုင် သွားထိုင်နေရတယ်"

"ဟင်. . . ဟုတ်လား၊ ကျွန်မ. . . ကျွန်မ. . . ခါတိုင်းလို ဆရာ ငါးနာရီ
လောက်မှ ရောက်မယ်ထင်လို့ ငါးနာရီသာသာလောက်မှ လာဖွင့်တာပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေရွှေသည် အဆူမခံရဖူး ခံလိုက်ရသဖြင့် လန့်သွားဟန်တူ၏။ အသံတွေ တုန်ပြီး မျက်စိမျက်နှာပျက်နေသည်။ ဒီတော့မှ တိုးဝင်းလည်း သူက စောပြီးရောက်တာ သတိရသွားသည်။ ကိုယ့်ပြဿနာနှင့်ကိုယ် စိတ်တိုနေသဖြင့် ရွှေရွှေကို ဖိမဲမိကြောင်း သိလိုက်ပြီး. . . .

"ဟဲ. . . ဆောရီးပဲဟာ၊ ဟုတ်သားပဲ ဆရာက စောရောက်နေမိတာကိုး"

"နောက်နေ့ ကျွန်မ စောစောလာဖွင့်ပါ့မယ် ဆရာ"

"နေပါစေ ခါတိုင်းလိုပဲ ဖွင့်ပါ။ ဆရာလည်း ခါတိုင်းအချိန်ပဲ လာမှာပါပဲ"

အင်း. . . . သင်သင့်ကို သူ့အမေရှေ့မှာ ဒီလိုများ ဟောက်လိုက်မိရင် ဘယ်လိုများနေမလဲ မသိဘူးဆိုတာ အတွေးက ဘယ်လိုကဘယ်လို ဝင်လာမှန်းမသိ။

* * * * *

အိပ်ချင်စိတ် ခေါင်းပါးနေသဖြင့် အိမ်ရှေ့ကွက်လပ်ရှိ ခုံတန်းလျားလေးမှာ ထွက်ထိုင်နေသည်။ အိမ်မှာ မြေပိုကွက်လပ်ကလေးရှိနေတာ အတော်ကံကောင်းသွားသည်။ အဖေ့အတွက် စိုက်ပျိုးရေးလုပ်ဖို့ အဆင်ပြေသွားသည်။ ဒီခုံတန်းကလေးသည်လည်း အဖေပင် ပြုလုပ်ထားခြင်း ဖြစ်၏။

အဖေ့ဆီ စိတ်က ရောက်သွားသည်။ အဖေသည် တစ်ချိန်ကတော့ အရာရှိကြီးတစ်ယောက်ဖြစ်၏။ သူ့ရုံးမှာ သြဇာအာဏာအရှိဆုံး။ ရုံးခန်းကျယ်ကြီးနှင့် ဆုံလည်ကုလားထိုင်နှင့် ပြောင်လက်တောက်ပသော စားပွဲကြီးနှင့် ပန်ကာနှင့် လိုရာနှိုင်းဖို့ ရုံးလုလင်နှင့် သွားချင်သွားနိုင်ဖို့ ရုံးကားနှင့်။

အခုကျတော့ ပန်းခြံထဲမှာ တကုပ်ကုပ်လုပ်နေရုံသာ ရှိသည်။ သစ်ပင်တွေ အပေါ်မှာသာ သြဇာအာဏာရှိတော့သည်။ မေမာလျှင် ဒီခုံတန်းလျား ခနော်ခနဲ့



လေးမှာထိုင်၍ အပန်းဖြေရသည်။ အဖေ့အတွက် အိမ်ထောင်ဦးစီးဆိုသော သတ် ်ချက်မှာ သန်းခေါင်စာရင်းထဲမှာသာ ရှိတော့သည်။

•တကယ်တော့ အဖေသာ နေရာယူတတ်မည်ဆိုလျှင် ခုချိန်ထိ မိန့်မိန့်ကြီး နေလို့ရသည်။ သို့ရာတွင် အဖေက လူအေး။ အိမ်၏ စီမံခန့်ခွဲမှု အာဏာကို အမေ့ က်ထဲအပ်ပြီး သူကိုယ်တိုင် အမေ့လက်အောက်ခံအဖြစ် နေသည်။ အရင်ကမှ မှာ အာဏာရှိသေးသည်။ ခုကျတော့ ရုံးကလည်း အငြိမ်းစားယူ၊ အိမ်မှာလည်း သြဇာမရှိ။

အဖေ့မှာ အရင်လို အရာရှိကြီး ဂိုက်ဆိုက်မျိုးမရှိတော့။ အဖေ အများကြီး ပြောင်းလဲသွားသည်။ အပြင်အပ သိပ်မသွားတော့။ ဖါကလည်း ရုံးကားစီးနေကျ ူဖြစ်၍ ဘတ်စ်ကား တိုးစီးရသည့် ဒုက္ခကို မခံနိုင်သောကြောင့် ဖြစ်၏။ အရင်က အလွန်ပျော်တတ် ရွှင်တတ် နောက်တတ်သော်လည်း ခုကျတော့ တစ်ခါတလေကျမှ အမှုမဲ့၊ အမှတ်မဲ့ လွှတ်ခနဲ အပြောင်အပျက် စကားတစ်လုံးတလေ ထွက်လာ တတ်သည်။

အဖေ့မှာ မပြောင်းလဲသေးတာဆိုလို့ သပ်သပ်ရပ်ရပ် စည်းကမ်းတကျ နေထိုင် တတ်ခြင်းသာ ရှိတော့၏။ နောက်ပြီး ကောင်းကောင်းလေး စားချင်တတ်သော အကျင့်။ ခုနောက်ပိုင်း အိမ်မှာ ဟင်းကောင်းကောင်း မချက်နိုင်။ တစ်ခါတစ်ခါ အဖေ မျိုမကျတာ သိသာ၏။ သို့ရာတွင် အဖေက ဘာမှမပြော။

သီတင်းကျွတ်လို့ သီတတ်သည့် တပည့်ဟောင်းတွေက လာကန်တော့ပြီဆို လျှင် အဖေပျော်နေတတ်သည်။ ကန်တော့ခံရသော မုန့်ကောင်းကောင်းတွေ မ်ကျကျ တမြုံ့မြုံ့ဝါးနေသော အဖေ့မျက်နှာကို ခုတောင် မြင်ယောင်လာသည်။

အဖေသည် သူ့ဘဝ၏ အနာဂတ်ကို ဇနီး၊ သားသမီးများ လက်ထဲသို့ ကြည်ဖြူ စွာ ဝကွက်အပ်ထားခဲ့ပြီး ဖြစ်၏။ သားသမီးတွေ ကောင်းစားလျှင် သူလည်း ကောင်း

www.burmeseclassic.com



းေညှိုးဟျှ်သော စိတ်နှလုံးသွင်းထားသည်။ တိုးဝင်းသည် အဖေ့ကို စိတ်ချမ်း
အောင် ထားချင်သည်။ ကောင်းကောင်းနေ၊ ကောင်းကောင်းစားစေချင်သည်။

ဒါက သူ့အစွမ်းအစနှင့်တော့ ချက်ချင်း လက်ငင်းဖြစ်မလာနိုင်။ ဖြစ်ချင်
တော့ လွယ်သည်။ အမေသဘောကျသည့် သင်သင့်ကို လက်ထပ်လိုက်ရုံသာ ရှိ
အင်း. . . အဖေ မုန့်ကောင်းကောင်း စားရဖို့၊ ဟင်းကောင်းကောင်း စားရဖို့အတွ
ကိုယ်မကြိုက်တဲ့လူကို ယူရမယ်ဆိုတာကြီးကတော့ မဟုတ်သေးပါဘူး။

အင်း. . . အမေ၊ အမေ။ တစ်သက်လုံး မိသားစုကို စီမံချယ်လှယ်လာ
အမေ။ အရာရှိကြီး တစ်ယောက်လုံးဖြစ်တဲ့ အဖေ့ကိုတောင် ကောင်းကောင်း ထိ
ချုပ်လာတဲ့အမေ။ သားတစ်ယောက်မျှသာဖြစ်ပြီး ဘာမဟုတ်တဲ့ ဆရာဝန် ပေါ
ကလေး တစ်ယောက်ကိုမှ နိုင်အောင် မကိုင်နိုင်ရင် ရာဇဝင် ရိုင်းတော့မပေါ့ဟု အ
ထင်ပေလိမ့်မည်။ တကယ်လည်း တော့တော့ဆိုင်ဆိုင် တွေ့ကြပြီဆိုလျှင် အမေ့အ
မလွှမ်းမိုးနိုင်သေးတာ သေချာသည်။ အိမ်ရှင်မဆိုသော ရာထူးသည် ဘယ်တော့
အငြိမ်းစားယူလိုက်ရသည် ဟူ၍မရှိ။ အမေကလေး ဘယ်သောအခါမှ ထိုရာထူး
နှုတ်ထွက်လိမ့်မည် မဟုတ်။ အမေတစ်ယောက်လုံးဖြစ်နေသဖြင့် ဘယ်တော့မှလည်
အယုံအကြည်မရှိ၊ အဆိုတင်သွင်း၍ ရလိမ့်မည်မဟုတ်ပေ။

ကလောက်ခနဲ မြည်သွားသည်အသံကို ကြားရ၏။ ဝင်းတံခါး ချိတ်ဖြုတ်လို
သည့် အသံပင်ဖြစ်သည်။ တိုးမင်း တံခါးဖွင့်ပြီး ဝင်လာသည်။ ပုံစံကို ကြည့်
အရက်သောက်လာမှန်း သိလိုက်၏။ တိုးမင်း တစ်ခါတလေ အရက်သောက်လေ့
တာ သူသိသည်။ အမေသိလျှင်တော့ ဆူတတ်ပူတတ်၏။ တိုးဝင်းကတော့ မသိ
ယောင်ဆောင်နေလိုက်တတ်သည်။ သူလည်း ဘွဲ့တောင် ရပြီးနေပြီပဲ။ နေရာတက
လိုက်ပြောစရာ မလိုတော့ဟု သဘောထားလိုက်သည်။

မှမတတ်နိုင်ဘူး

တိုးဝင်းထိုင်နေသော နေရာကို ရွှေခန်းမီးရောင်က ကွက်တိကွက်ကျားသာ
ကျနေသဖြင့် တိုးမင်းက ရုတ်တရက် မမြင်ခဲ့ခြင်းဖြစ်၏။ အနားရောက်မှ မြင်
ည်။ သို့ရာတွင် မမြင်သလို မသိသလို လုပ်ပြီး ဆက်လျှောက်သွား၏။

အမေ ငွေသုံးသောင်းသွားချေးတာ တိုးမင်းသိမှာပဲ။ နေ့လယ်က အမေ့ကို
ပြောခဲ့ဆိုခဲ့တာလည်း သိချင်သိမှာပဲ။ ဒီကိစ္စ သူ ဘယ်လိုသဘောထားသလဲ
ချင်လာ၏။ ထို့ကြောင့်. . .

"တိုးမင်း"

ဟု လှမ်းခေါ်လိုက်သည်။ တိုးမင်းသည် သုံးထစ်ရှိသော အုတ်လှေကား၏
အမတစ်ထစ်ပေါ်သို့ ခြေလှမ်းတင်လိုက်ရာမှ တုံ့ခနဲရပ်ပြီး လှည့်ကြည့်သည်။

"အမေ ငွေသုံးသောင်း သွားချေးတာ မင်းသိလား"

ဟု တိုးဝင်းက မေးသည်။ တိုးမင်းက ခေါင်းဆတ်ရုံ ဆတ်ပြသည်။

"အဲဒီငွေတွေ ငါ ပြန်ပေးခိုင်းလိုက်တယ်"

"ကောင်းပါတယ်"

တိုးမင်းသည် လှေကားထစ်ပေါ် ခြေလှမ်းတင်ထားဆဲ၊ ကိုယ်ကို မလှည့်ဘဲ
ခေါင်းသာငဲ့၍ ပြောနေခြင်း ဖြစ်၏။

"အဲဒီငွေ မရရင် မဖြစ်ဘူးလား"

"ဖြစ်ပါတယ်"

တိုးဝင်း၏စိတ်ထဲမှာ တစ်မျိုးဖြစ်လာပြန်သည်။ ဒီငွေမရလို့ တိုးမင်း သဘော
လိုက်ဖြစ်လျှင် သူ့ကြောင့်ဆိုပြီး တိုးမင်းက သူ့အပေါ် စိတ်နာသွားနိုင်သည်
မျိုးလည်း မဖြစ်စေချင်။ ထိုအခိုက်အတန့်တွင် အို. . . နောက်မှ ဖြစ်ချင်တာ
ဖြစ်ဆိုသော စိတ်ပေါ်ပေါက်လာသဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်းကွာ အပြင်က မောမောနဲ့ ပြန်လာတာ၊ အဲဒါကွာ စိတ်အခန့်မသ ဘာနဲ့ ပြောလိုက်မိတယ်။ တကယ်တော့ ဒီငွေက မင်းသဘောလိုက်ဖို့ အရေးတ လိုနေတယ် မဟုတ်လား"

"မလိုပါဘူး သိပ်အရေးမကြီးပါဘူး"

တိုးမင်းသည် ထုံးစံအတိုင်း အရွဲ့တိုက်နေပြီဖြစ်ကြောင်း သိလိုက်၏။

"အဲဒီပိုက်ဆံ မင်းပေးစရာရှိတာ ပေးလိုက်လေ။ နောက်မှ အဆင်ပြေသ ပြန်ဆပ်တာပေါ့"

တိုးမင်းက ခုမှ ကိုယ်ကိုလှည့်ပြီး မျက်နှာချင်းဆိုင်သည်။ လှေကားပေ တင်ထားသော ခြေထောက်ကို မရုပ်သိမ်းဘဲ လှည့်လိုက်ခြင်း ဖြစ်သဖြင့် ခုချိန်မှ ဆိုခြေထောက်က နောက်မှာရောက်နေပြီး လှေကားထစ်ပေါ်မှ ပြန်ဆင်းဖို့ ဟန်ပြ သလို ဖြစ်နေ၏။

"အဲဒီငွေ သုံးသောင်းကို ကျွန်တော်ချေးခိုင်းတာ မဟုတ်ဘူး၊ ဥ.စ်မက တစ်ရက်မှာ သဘောကိစ္စမေးလို့ ပြောပြမိတာ။ ဒါကို အစ်မက အမေ့ကို ပြန်ပြေ လို့ အမေသိပြီး သူ့ဘာသာ သွားချေးတာ။ ကျွန်တော့်အနေနဲ့လည်း အိမ်အတွက် ထွက်ပေါက်ကလေး ဘာလေး ရမလားလို့ သဘောလိုက်ဖို့ စိတ်ကူးတာပဲ။ ဒီကိစ္စ ကြောင့် စိတ်မချမ်းမြေ့စရာတွေ ဖြစ်လာမယ်ဆိုရင်တော့ နေပါစေတော့။ သဘော မလိုက်ရလည်း အရေးမကြီးပါဘူး"

"ဒီလိုလည်း မဟုတ်သေးဘူးလေကွာ၊ ငါ ဆိုလိုတာက. . ."

"ရပါတယ်၊ ဒီအတွက် အစ်ကို ခေါင်းရှုပ်မခံပါနဲ့၊ ကျွန်တော့်ဘာသာ ဖြစ်တဲ့ နည်းနဲ့ ကြိုးစားပါ့မယ်။ အစကတည်းကလည်း ဘယ်သူ့မှ အကူအညီတောင်းဖို့ စိတ်ကူးရှိခဲ့တာ မဟုတ်ဘူး"



တိုးမင်းသည် မီးရောင်ကို ကျောပေးထားခြင်းဖြစ်သဖြင့် သူ့မျက်နှာကို ကောင်းကောင်း မမြင်သာ။ သို့တိုင်အောင် နှုတ်ခမ်းကို တင်းတင်းစေ့ထားမည် ဖြစ်ကြောင်း သေချာသည်။

"ကျွန်တော် အိပ်တော့မယ်"

တိုးမင်းက ပြောပြီး လှည့်ထွက်သည်။ တိုးဝင်းသည် တစ်စုံတစ်ခုကို လှမ်း ပြောဖို့ ကြိုးစားသည်။ ဘာပြောရမှန်းမသိ။ အမေသည် ငွေသုံးသောင်း ဘယ်နည်း နဲ့မှ ပြန်ပေးမှာမဟုတ်ကြောင်း စဉ်းစားမိလိုက်သဖြင့် စိတ်ကျဉ်းကျပ်သည့်ကြားက သက်သာရာရသလို ဖြစ်မိပြန်သည်။ ထိုငွေကိစ္စကို အမေနှင့် တိုးမင်းတို့ ဆက်ပြော ကြလိမ့်မည်။ သူကတော့ မသိချင်ယောင်ဘဲ ဆောင်နေရတော့မည်။ နောက်ဆုံးတော့ သူပဲ အလျှော့ပေးလိုက်ရတာပါပဲလား။ ဒါကို စောစောစီးစီးက နားလည်ထားဖို့ ကောင်းသည်။ ခုတော့ အမေနှင့် ပြဿနာဖြစ်ရတာ၊ တိုးမင်း၏ စိတ်ခုခြင်းခံရတာ သာ အဖတ်တင်သည်။

ခုလောက်ဆို ဒေါ်ဒေါ်မြင့် တစ်ယောက် အမေ့ကြွေးစာရင်းမှာ ငွေသုံး သောင်းကျပ်တိတိကို ထပ်မံရေးမှတ်ပြီး စုစုပေါင်း တင်ရှိငွေကို ပေါင်းကြည့်ရင်း ပီတိတွေ ဖြစ်နေပေတော့မည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်အားဖြင့်ဆိုလျှင် တိုးဝင်းသည် အရွဲ့တိုက်တတ်သူ တစ်ယောက် မဟုတ်ချေ။ အခုတော့ အမေနှင့် ဒေါ်ဒေါ်မြင့်တို့ ပူးပေါင်းကြံစည်မှုကို မကြည်မလင်ဖြစ်လာသဖြင့် အရွဲ့တိုက်ချင်စိတ်ပေါက်လာသည်။ အမေက ချမ်းသာသော မိန်းကလေးတစ်ယောက်ကို ယူစေချင်သည်။ ဒီတော့ သူက ဆင်းရဲသည့် မိန်းကလေးတစ်ယောက်ကို ကြိုက်ပစ်လိုက်မည်။ ဒါဆို သူတို့ အကြံအစည်တွေ ပျက်ပြီး ပက်လက်လန်ရော မဟုတ်ပေလား။ ကြိုက်ရမည့်သူကလည်း အထူး ရှာစရာမလို။ အနီးဆုံးနှင့် အသေချာဆုံး ရှိနေသည်။

ဒီလိုနှင့် စောစောစီးစီး ရေချိုး အဝတ်အစားသပ်သပ်ရပ်ရပ် ဝတ်ပြီး ဆေးခန်းကို ထွက်လာခဲ့သည်။ ကံကောင်းချင်တော့ ဘတ်စ်ကားကလည်း ဆီထည့်ပြီးဖြတ်ဆွဲသည့်ကားဖြစ်၍ လူချောင်သည်။ နေရာတွေ ဘာတွေရသည်။ ဇိမ်နှင့်ထိုင်လိုက်လာရင်းက စဉ်းစားကြည့်သည်။

ရွှေရွှေနှင့် ပတ်သက်၍ ရံဖန်ရံခါ စိတ်လှုပ်ရှားရှိခဲ့ကြောင်း ပထမဆုံးအကြိမ်



အဖြစ် သူ့ဘာသာ ဝန်ခံလိုက်သည်။ ရွှေရွှေသည် ဆင်းရဲခြင်း၊ ပညာသိပ်မတတ်ခြင်းတို့သာ ပြောစရာရှိ၏။ ရုပ်ကလေးက အဆင့်ရှိသည်။ ယဉ်ကျေးဖွယ်ရာသော ကိုယ်နှုတ်အမူအရာ ရှိသည်။

သူကသာ ကမ်းလှမ်းလျှင် ရွှေရွှေ ဝမ်းမြောက်ဝမ်းသာ လက်ခံမည် မုချ။ ဟုတ်မှဟုတ်ရဲ့လားဟု မယုံမရဲတောင် ဖြစ်သွားဦးမည်။

ဒီအကြောင်း အမေသိလျှင် ဆွေ့ဆွေ့ခုန်နေမည်။ ဒေါ်ဒေါ်မြင့်ကလည်း သွေးတွေ ဘာတွေ တက်သွားနိုင်သည်။ သင်သင်ကတော့ တော်တော်ဆွေးသွားရှာမှာပဲ။ သူ့အပေါ် သင်သင့်ဘက်က စိတ်ဝင်စားမှုရှိတာ သူရိပ်မိသည်။ သူ့ကိုကြည့်လျှင် အားကိုးမှုနှင့် ကြင်နာမှုရောယှက်သော မျက်လုံးများနှင့် ကြည့်တတ်သည်။ ကောင်မလေးကတော့ သနားစရာပဲ။

ကောင်းပြီ။ ဆက်ပြီးစဉ်းစားကြည့်၊ ရွှေရွှေကို လက်ထပ်မလား။ အမေကတော့ လုံးဝ သဘောတူမှာမဟုတ်။ စိတ်ကြီးသော အမေနှင့် ပြေလည်မှုရဖို့ မဖြစ်နိုင်။ အဖေကတော့ ဘာမှပြောမည်မဟုတ်။ စိတ်မကောင်းတော့ဖြစ်မည်။ တိုးမင်းက ခပ်လှောင်လှောင် ပြုံးချင်ပြုံးမည်။ အငယ်ကောင် တိုးလင်းကတော့ ဘာမှအလေးအနက်ထားမည်မဟုတ်။ မြင့်မြင့်ငြိမ်းသည် ယဉ်သင့်လူ လုံးလုံးဖြစ်သောကြောင့် ရွှေရွှေကို လုံးဝမကြည်ဖြူမှာ သေချာသည်။ အဖက်မတန်သလို ဆက်ဆံလိမ့်မည်။ အစ်မတစ်ယောက်က သူ့ကို နားလည်နိုင်သည်။ ပြီးတော့ ဒေါ်ဒေါ်မြင့် ဒေါသဖြစ်မည်။ သင်သင်က ရှက်ပြီး အဆိပ်သောက်တွေ ဘာတွေ ဖြစ်နိုင်သည်။ ထိုအခါ ဒေါ်ဒေါ်မြင့်သည် သဘောမကောင်းနိုင်တော့ဘဲ သူ့အကြွေးတွေ [illegible] ပြန်ဆပ်ဖို့ အကြပ်ကိုင်လာလိမ့်မည်။

သူ့အတွေးသည် ထိုနေရာအရောက်တွင် တွန့်ခနဲ ဖြစ်သွား[illegible] ဆင်းရသည်

www.burmeseclassic.com

www.burmeseclassic.com



မှတ်တိုင်နား နီးလာလေ မူလစိတ်ကူးတွေက လျော့ရိလျော့ရဲ ဖြစ်လာလေပင် ကားပေါ်မှ ဆင်းလိုက်သောအခါတွင်တော့ ထိုစိတ်ကူးများသည် သူနှင့်အတူ ပါမလာတော့ဘဲ ဘတ်စ်ကားနှင့်အတူ မှတ်တိုင်လွန်၍ ပါသွားခဲ့လေပြီ။

ခုချိန်မှာ သူ့ဆီ ကျန်ခဲ့တာကတော့ ရွှေရွှေအပေါ် စိတ်ကူးနှင့် ဖြစ်မှား သောကြောင့် မျက်နှာချင်းဆိုင်ရမှာ မဝံ့မရဲဖြစ်နေခြင်းပင်။ ကာယကံ၊ ဝစီကံ မပြောက်ဘဲ မနောကံလောက်ပဲဟု သဘောထားလို့ မရ။ တစ်ခါတစ်ရံ စိတ်ကူး သည် တရားခံ ဖြစ်သွားတတ်သည်။

သူ ကံကောင်းသွားသည်ဟု ဆိုရမည်။ ဆေးခန်းဖွင့်ထားပြီးဖြစ်သော်လည် ရွှေရွှေ့ကို မတွေ့ရ။ ဒေါ်ငွေယုံသာ ထိုင်နေတာ တွေ့ရသည်။

"ဘယ်လိုဖြစ်တာလဲ၊ ရွှေရွှေကော"

သူက နှုတ်ဆက်မေး မေးသည်။ ဒေါ်ငွေယုံက. . .

"ကိစ္စလေးတစ်ခုရှိလို့တဲ့ အဲဒါ ဆေးခန်းဖွင့်မထားရင် ဆရာဆူနေလိမ့်မယ် တဲ့။ အဲဒါ ကျွန်မကို ခဏစောင့်ပေးပါတဲ့ သူနည်းနည်း နောက်ကျမယ်"

"ဘယ်သွားတာတဲ့လဲ"

"မသိဘူးဆရာ၊ သူ့ကောင်လေးရဲ့. . ."

"ဗျာ. . . သူ့ကောင်လေး"

"ဟုတ်တယ်လေ၊ ဆရာမသိဘူးလား၊ အောင်မောင်းနဲ့ ရွှေရွှေနဲ့. . ."

ဆိုပြီး ထိုနှစ်ယောက်၏ ချစ်ကြောင်းကုန်စင်ကို ရှည်လျားစွာ လုံးစေ့ပတ် စေ့ ပြောပြလေတော့သည်။ တိုးဝင်းသည် ထိုဇာတ်လမ်းကို နားထောင်ရင်း နှမြောတသသလို ဖြစ်လိုက်၊ နောင်တရသလိုဖြစ်လိုက်၊ ရှက်သလို ဖြစ်လိုက် ရှိသည် ဒီကြားထဲက သူဖြစ်နေပုံကို ဒေါ်ငွေယုံ ရိပ်မိသွားမလားဟု စိုးရိမ်ရသေးသည်။



"သူတို့ အခု ငွေစုနေကြတယ်၊ လာမယ့် သီတင်းကျွတ်လောက် ယူဖြစ်ကြ မယ်ဆိုလားပဲ"

ဟု ဒေါ်ငွေယုံက ဇာတ်ကြောင်း အဆုံးသတ်လိုက်သည်။

"ကောင်းတာပေါ့၊ ဟုတ်တယ် ကောင်းတယ်"

ဟု သူ့စကား သူပြန်ထောက်ခံသည့် နောက်ဆက်တွဲဖြင့် ပြောလိုက်၏။

ဒေါ်ငွေယုံပြန်သွားတော့မှ သေချာစွာ ဆန်းစစ်ဝေဖန်ကြည့်သည်။ ထိုအခါ ကြက်သီးထချင်သွား၏။ ဘုရား. . . ဘုရား ကံကောင်းလို့ပါလား။ အရှက်ကွဲဖို့ လက်နှစ်လုံးလောက်သာ လိုတော့တာပါကလား။ တကယ်လို့များ ဒေါ်ငွေယုံနှင့် မတွေ့လျှင်. . .။ သူကလည်း မူလက စိတ်ကူးခဲ့သည့်အတိုင်း ရွှေရွှေ့ကို ဖွင့်ပြော လိုက်လျှင်. . .

"ကျွန်မမှာ ချစ်သူရှိပြီးသားပါ ဆရာ"

ဟု ပြန်ပြောလိမ့်မည်။ ပြီးတော့ မျက်နှာပူစရာဖြစ်လာသဖြင့် သူ့ဆေးခန်း မှာ အလုပ်လုပ်တော့မည် မဟုတ်။ မတော်တဆ ထိုအကြောင်းကို ဒေါ်ငွေယုံအား ပြောပြလိုက်ပါက သွားပြီ။ တစ်ရပ်ကွက်လုံး သိတော့မည်။ ဆရာဝန်က ရွှေရွှေ့ကို ရည်းစားစကားပြောလို့တဲ့။ ဟင်. . . ဟုတ်လား၊ ရွှေရွှေ့မှာ ရည်းစားရှိပြီးသားဟာကို မသိလို့ ဖြစ်မှာပေါ့။ အို. . . မသိဘဲနေပါ့မလား။ တမင်တကာ ဆရာဝန်ဆိုတဲ့ အရှိန်နဲ့ အနိုင်ကျင့်မလို့ပေါ့။ လူကြည့်တော့ ရိုးပုံရိုးလက်နဲ့ သူများရည်းစား လုရတယ်လို့။ တကယ်အတည်ကြံတာ မဟုတ်နိုင်ဘူး။ အချောင်ရမလားလို့ စမ်း တာ ထင်ပါရဲ့။ အမယ်လေး ငါတော့ ဒီဆရာဝန် ဆေးသွားမကုတော့ဘူး။ မအော် စမ်းသပ်ခန်းထဲမှာ ဖက်နမ်းနေရင် မခက်ပါလား။

တွေးကြည့်ရတာတောင် မျက်နှာတွေ ရှိန်းခနဲ၊ ဖိန်းခနဲ ဖြစ်လာရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲက ကလေးတွေကလည်း သူ့ကို ကျန်ရစ်ဆရာဝန်ကြီးဟေ့ ဆိုပြီး မကြား တကြား စချင်စလိမ့်မည်။ သိက္ခာလုံးလုံး မရှိတော့တဲ့အဖြစ်ကို ရောက်သွားတော့မှာပါလား။

သူသည် တစ်ခါမှလည်း ရည်းစားထားဖူးသူမဟုတ်။ ရည်းစားစကားလည်း ပြောတတ်သူမဟုတ်။ တကယ်လို့ ပြောဖြစ်ရင်တောင် ဘယ်က ဘယ်လို စပြောဖြစ်မည်မသိ။ အမှန်တော့ အမေတို့ကို ရွှဲချင်စိတ်နှင့် ခပ်ပေါက်ပေါက် စိတ်ကူးမိခြင်းသာ ဖြစ်သည်။ တကယ်ဖွင့်ပြောဖြစ်လိမ့်မည် မထင်။ ရွှေရွှေ့ကိုလည်း ငါတကယ်ချစ်မိတာ မဟုတ်နိုင်ပါဘူးလေဟု စိတ်ကို ဖြေသည်။

သို့တိုင်အောင် စိတ်ကူးယဉ်မိတာကတော့ အပြစ်တစ်ခုပဲဟု စွဲနေ၏။ ဒီအဖြစ်ကို ကြေအောင်လုပ်မှ ရွှေရွှေ့မျက်နှာ စေ့စေ့ကြည့်ရဲတော့မှာ အမှန်ပဲ။ ထိုအခါ သူ့အပြစ်များကို ကျေရာကျေကြောင်း နည်းလမ်းတွေ စဉ်းစားကြည့်သည်။ နောက်ဆုံးတွင် နည်းလမ်းတွေ့သည်။ ရွှေရွှေနှင့် အောင်မောင်းတို့၏ အချစ်ရေးတွင် အစွမ်းကုန် ဝင်ရောက်ကူညီပေးမည်ဟု ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်ပေသတည်း။

* * * * *



သူက အတတ်နိုင်ဆုံးကူညီမည်ဟု ဆုံးဖြတ်ခဲ့သော်လည်း သူ့အနေနှင့် ဘာမှ မကူရသေးခင် သူ့ကို အောင်မောင်းက ကူညီခဲ့ရသည့် ကိစ္စတစ်ခု ဖြစ်လာခဲ့လေ၏။

တစ်နေ့မှာ အောင်မောင်းစပယ်ယာလိုက်သည့်ကားကို တိုးဝင်းက တက်စီးသည်။ တိုးဝင်းသည် အောင်မောင်းနှင့်ရင်းနှီးလိုသော ဆန္ဒရှိ၏။ သို့ရာတွင် အောင်မောင်းက သူ့ကို နှစ်လိုဟန်မရှိလှကြောင်း ကြုံတွေ့ခဲ့ဖူးသဖြင့် တစ်ကြောင်း၊ ကား အလကား စီးလိုသောကြောင့် မျက်နှာချိုသွေးသည် ထင်မှာစိုးသောကြောင့် တစ်ကြောင်း ဖြူးပြုန့်တ်ဆက်ဖို့ မကြိုးစားတော့ဘဲ ကားခထုတ်ပေးလိုက်သည်။

အောင်မောင်းသည် တစ်ခါ ဆရာဝန်ကို အသား‌လွတ်ကြီး ပခုံးနှင့်ဝင်တိုက် ဖူးသဖြင့် အားနာနေသည်။ ကားခမယူဘဲ နေလိုက်ရကောင်းမလား စဉ်းစားနေ သည်။ အို. . . ဘာဆိုင်လို့လဲ၊ သူ့ဆေးခန်း ငါသွားကုလည်း အလကား ကုပေးမှာ မဟုတ်တာဟု တွေးပြီး ကားခယူထားလိုက်၏။

ကားက နည်းနည်းကြပ်သည်။ တိုးဝင်းမှာ အဘိုးကြီးတစ်ယောက်နှင့် ကပ်လျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ဟိုတွေးဒီတွေး လုပ်တတ်သည့်အကျင့် ရှိ၏။ ခုလည်း သူ့အစ်မအကြောင်း တွေးမိသည်။

အစ်မအတွက် အပ်ချုပ်စက်ကလေးတစ်လုံးတော့ ဝယ်ပေးခဲ့ပြီးပြီ၊ အိမ်ရှေ့မှာ အပ်ချုပ်ဆိုင်ကလေးဖွင့်ဖို့ စိတ်ကူးထားသော်လည်း မဖွင့်နိုင်သေး။ ဆိုင်ခန်းသေးသေးလေးအဖြစ်လောက် ဆောက်မှာကိုတောင် သုံးထောင်လောက် ကုန်မည်ဟု ဆိုသည်။ ထို့ကြောင့် ခဏဆိုင်းထားရသည်။ လောလောဆယ် အကြောင်းသိချင်းက လာအပ်သော အထည်များနှင့် ဈေးထဲက အပ်ချုပ်ဆိုင်မှ ခွဲအပ်သော အထည်များကို ချုပ်နေသည်။

အစ်မအနေဖြင့် အပ်ချုပ်ဆိုင် အတည်တကျ ထောင်နိုင်လျှင်တောင် တစ်ဝမ်းတစ်ခါး ဖူလုံရုံလောက်သာ ရှိမည်။ သူ့သားသမီးတွေ ရှေ့ရေးအတွက်တော့ အာမခံနိုင်ဖို့ မသေချာ။ ဒီတော့ ကလေးနှစ်ယောက် လူတစ်လုံး သူတစ်လုံးဖြစ်လာဖို့ တာဝန်မှာ တိုးဝင်း ပခုံးပေါ်ကိုသာ ရောက်လာဖို့ အလားအလာက သေချာသလောက် ရှိ၏။

သူသည် ဘတ်စ်ကားပေါ် လူတွေကြပ်နေသည့်ကြားထဲမှာဆိုတော့ မေ့နေပြီး ဟင်းခနဲ သက်ပြင်းတစ်ချက်ကို အသံထွက်အောင် ချလိုက်သည်။ သူ့ဘေးကပ်လျက်လူက ကြားသွားပြီး ဖျတ်ခနဲ လှည့်ကြည့်သည်။ မျက်လုံးချင်း ဆုံမိသည်။ ထိုလူ မျက်မှောင်တစ်ချက် ကုတ်၍ကြည့်ပြီး ဟိုဘက်နည်းနည်း တိုးသွားသည်။ ဘာသဘောမှန်း တိုးဝင်းမသိ။ ထိုစဉ် အောင်မောင်းသည် လူနှစ်ယောက်၊ သုံးယောက်ကို တိုးဖယ်ကာ တိုးဝင်းဘေး ဝင်ရပ်ပြီး စောစောကလူ လက်မောင်းကို ဖမ်းကိုင်၍. . .

"မင်း ဘာလုပ်တာလဲ"



"ဘာလုပ်လို့လဲကွ"

ဟိုလူက ပြောရင်း လက်ကိုရုန်းသည်။ အောင်မောင်းက မလွှတ်သေးဘဲ. . .

"မင်း ဒီဆရာ့ရဲ့အိတ်ကို ခွဲတယ်မဟုတ်လား"

ဆိုပြီး တိုးဝင်း သားရေလက်ဆွဲအိတ်ကို ညွှန်ပြသည်။ ထိုအခါကျမှ တိုးဝင်းသူ့ဆေးအိတ်ကို ငုံ့ကြည့်မိ၏။ အိတ်၏ဘေးအိတ်မှာ လက်ငါးလုံးစာလောက် ဓားနှင့်အခွဲခံထားရသည်။ အထဲက ဆေးထိုးပိုက်တွေထည့်သော အိတ်အငယ်လေး၏ လက်ကိုင်ကွင်းလေးမှာ အကွဲရာကြားမှာ ပြူထွက်နေ၏။ ထိုအိတ်ကလေးကို ပိုက်ဆံအိတ်မှတ်ပြီး ဆွဲထုတ်ခြင်း ဖြစ်မည်။

"မင်း လူကြည့်ပြောကွ၊ ဘာကောင်မှတ်လို့လဲ"

ဟိုလူ ခပ်တည်တည် ပြန်ဟောက်သည်။ သူနှင့်ကပ်လျက် လူတစ်ယောက်ကလည်း. . .

"ဟုတ်သားပဲ မသေချာဘဲနဲ့ မစွပ်စွဲပါနဲ့"

ဝင်ပြောသည်။ သူတို့ တစ်ဖွဲ့တည်းဆိုတာ အောင်မောင်း သတိထားလိုက်၏။

"ငါ စပယ်ယာကွ၊ ဒါမျိုးတွေ ရိုးနေပြီ။ မျက်နှာမြင်ရုံနဲ့ ဘယ်သူဘာလဲဆိုတာ သိတယ်။ ရဲစခန်းကိုမောင်း ဆရာရေ"

"မင်းက ဘာကောင်လဲ"

တစ်ယောက်က အနည်းငယ် လှုပ်ရှားလာသည်။ သို့ရာတွင် ခွပ်ခွပ်ဆိုပြီး အောင်မောင်းက ဦးအောင် ထိုးထည့်လိုက်ပြီးပြီ။ တစ်ပြိုင်တည်းလိုလိုမှာပင် နောက်တစ်ယောက်ကိုလည်း ခြေထောက်နှင့် ဆောင့်ကန်ပစ်လိုက်၏။ ခရီးသည်တွေလည်း ဝရုန်းသုန်းကား ဖြစ်ကုန်သည်။ ကိုမောင်လှက ကားကို ထိုးရပ်ပြီး ဂေါက်တံကို ဆွဲ၍ ဒရိုင်ဘာခန်းထဲမှ ကွေ့ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲဟေ့"

ဟိုလူနှစ်ယောက်ကလည်း အခြေအနေ မဟန်မှန်းသိသဖြင့် ကားပေါ်မှ ဆင်းလိုက်ကြသည်။ အထိုးခံရသူ၏ နှာခေါင်းမှာ သွေးတွေ အတော်များများ ယိုကျနေသည်။ နှာခေါင်းရိုးကျိုးသွားတာပဲဟု အရေးထဲမှာ တိုးဝင်းက ဆရာဝန် အမြင်ဖြင့် ကောက်ချက်ချလိုက်မိသေး၏။

အောင်မောင်းက ဆင်းလိုက်မည် ပြင်သည်။ ကိုမောင်လှက တစ်စုံတစ်ခုကို မြင်သဖြင့် အောင်မောင်းလက်ကို ဖမ်းဆွဲထားလိုက်သည်။ ဟိုလူနှစ်ယောက် အနက်မှ ဒဏ်ရာမရသူတစ်ယောက်၏ လက်ထဲတွင် လက်နက်တစ်ခုကို မြင်လိုက်သောကြောင့် ဖြစ်၏။ သုံးမြောင့်တံစဉ်းကို မြနေအောင် သွေးထားသော တစ်ထွာခန့် အသွားရှိ ဓားမြောင်တစ်ချောင်းပင်။

တစ်ချိန်လုံး အူကြောင်ကြောင်ဖြစ်နေသော တိုးဝင်းသည် ခုကျမှ ကျောထဲက စိမ့်သွား၏။ ဆေးရုံကြီး အရေးပေါ်ဌာနမှာ အလုပ်သင်အဖြစ် လုပ်ခဲ့တုန်းက ဒီလိုဓားမျိုးဖြင့် အထိုးခံရသူတွေကို တွေ့ဖူးသည်။ ကမျိုးဆို ဗိုက်လျက်တန်းလန်း ရောက်လာတာ။ အလုံးသေးသော်လည်း ထိရောက်မှုက ပြင်းထန်သည်။ သုံးမြောင့် ခလုံး အသွားထက်သဖြင့် နံရိုးကြားမှပင် အတွင်းသို့ နက်ရှိုင်းစွာ ဝင်သွားနိုင်သည်။

ခုန သူ့ဘာသာ အတွေးလွန်ပြီး သက်ပြင်းချလိုက်တာကို ဟိုလူက အိတ်ခွဲတာ သိသွားလို့ဟု ထင်သွားပြီး သူ့ကို စိုက်ကြည့်လိုက်ခြင်း ဖြစ်၏။ ဒီတုန်းကသာ နှုတ်ပိတ်သည့်အနေနှင့် သုံးမြောင့်ဓားမြောင်နှင့် ကပ်ထိုးလိုက်လျှင်. . .။

"တစ်ယောက်မှ ဆင်းမလာနဲ့နော်၊ အူထွက်သွားမယ်"

ဟိုလူက ဓားနှင့် တစ်ချက်ရမ်း၍ ဟန့်ရင်း သူ့အဖော်ကို ဆွဲခေါ်ပြီး လစ်ထွက်သွားသည်။



"ဒီကောင်တွေ တက်လာကတည်းက အကြောင်းသိလို့ စောင့်ကြည့်နေတာ"

တိုးဝင်းသည် သူ့အိတ်ကို ငေးငိုင်ကြည့်နေ၏။ ဆရာဝန်နှင့် တူအောင် လက်ဆွဲအိတ်ကောင်းကောင်းတော့ ကိုင်မှဆိုပြီး သုံးရာနှင့် ဖွတ်မှိုတ်ဝယ်ထားခဲ့ရသော အိတ်ကလေး၊ ခုတော့ ဓားခွဲရာကြီး ဖြစ်သွားပြီ။ ပြန်ချုပ်လျှင်ပင် ချုပ်ရိုးရာကြီး ကျန်ခဲ့တော့မည်။ ဒီချုပ်ရိုးရာကြီးသည် ဒီလိုတွေးမိရာမှ အောင်မောင်းကို ကျေးဇူးတင်စကား မပြောရသေးကြောင်း ရုတ်တရက် သတိရသွားသဖြင့်. . .

"ကျေးဇူးပဲဗျာ၊ လက်ဖက်ရည်လိုက်သောက်ပါလား"

သူက အားနာလက်စနှင့် ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။ အောင်မောင်း မရယ်ဘဲ မနေနိုင်သဖြင့် ဟဲခနဲ လုပ်လိုက်ပြီး. . .

"ကျွန်တော်က စပယ်ယာပဲဟာ၊ ဘယ်လိုလုပ် လိုက်လို့ရမှာလဲ"

"အဲ. . . ဟုတ်သားပဲ"

ဟု တိုးဝင်း ခပ်ရှက်ရှက်ပြောလိုက်၏။

* * * * *

"ဟုတ်တယ်ဆရာ၊ သူက အဲဒီလိုပဲ သိပ်စိတ်ဆတ်တာ၊ လက်လည်း မြန်တယ်။ ဘယ်တော့ ရန်ဖြစ်လာမလဲပဲ ပူနေရတာ"

ရွှေရွှေက ပြောရာ အောင်မောင်းက ဝင်၍. . .

"နင်ပြောထားလို့ ငါ ရန်မဖြစ်တာ ဘယ်လောက်ကြာပြီလဲ။ အခုဟာက ဟိုကောင်က ဆရာ့အိတ်ကို ခွဲနေတာဟာ။ ပြီးတော့ ငါမတီးရင် သူက တီးတော့မှာ ဦးအောင်လုပ်လိုက်ရတာ"

အောင်မောင်းနှင့် ရွှေရွှေတို့ကို တစ်ခုခုကျွေးမည်ဟု တိုးဝင်းက ချိန်းခဲ့သည်။ အေးအေးဆေးဆေးစားရင်း စကားပြောကြဖို့ ဖြစ်၏။ အောင်မောင်းနှင့်လည်း ရင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးနှီးဖြစ်အောင် ရွှေရွှေနှင့် အောင်မောင်းတို့ကိုလည်း အသိအမှတ်ပြုသည့် သဘောဖြစ်အောင် စီစဉ်ခြင်း ဖြစ်၏။ ထို့ကြောင့် ဈေးရှေ့က ခေါက်ဆွဲဆိုင်မှာ စားရင်း စကားပြောဖြစ်ကြသည်။

"ကိုအောင်မောင်းက ဆေးခန်းလည်း လာလေ့မရှိတော့ အရင်က ဘယ်သိမလဲ။ ဆေးခန်းလာဆို မလိုလောက်အောင် ကျန်းမာတယ် ထင်ပါရဲ့"

ဟု တိုးဝင်းက ပြောသည်။

"ကျွန်တော် အားနာလို့ မလာတာဆရာ"

"ဟင်. . . ဘာလို့ အားနာတာလဲ"

"ဟိုးအရင်တစ်ခါ ဆရာ့ကို ကျွန်တော် ပခုံးချင်း ဝင်တိုက်မိခဲ့လို့"

"ဟာ. . . ကိစ္စမရှိပါဘူး၊ မတော်တဆပဲဟာ"

"မတော်တဆ မဟုတ်ဘူးဆရာ၊ ကျွန်တော် တမင် ဝင်တိုက်တာ"

ဟု အောင်မောင်းက ပွင့်ပွင့်လင်းလင်း ပြောလိုက်၏။

"တမင် ဟုတ်လား၊ ဘာဖြစ်လို့"

ရွှေရွှေက အောင်မောင်းကို မသိမသာ မျက်လုံးပြူးပြသဖြင့်. . .

"ဘာရယ် မဟုတ်ပါဘူး၊ စိတ်ပေါက်ပေါက်နဲ့ လုပ်မိတာပါ။ ကျွန်တော် တောင်းပန်ပါတယ် ဆရာ"

"ဟာ. . . ရပါတယ်"

"ကျွန်တော် တစ်ခုပြောချင်သေးတယ်။ ကျွန်တော်က ဆရာ့ထက် အများကြီး ငယ်ပါတယ်။ ကျွန်တော်ကို ခင်ဗျားတွေ ကျွန်တော်တွေနဲ့ မပြောပါနဲ့၊ မင်းနဲ့ငါနဲ့ပဲ ပြောပါ"

တိုးဝင်းက ပြုံး၍. . . .



"ကောင်းပြီလေ၊ ပိုရင်းနှီးချင်တဲ့ သဘောပေါ့။ ကိုယ့်ကို အစ်ကိုတစ်ယောက်လို သဘောထားပါ၊ ဟုတ်လား"

"ကျွန်တော့်ကိုလည်း မတော်တာတွေ့ရင် ဆုံးမပါ ဆရာ"

"အောင်မာင်းက ဆုံးမဖို့ လိုမယ့်လူ ဟုတ်မယ် မထင်ပါဘူး"

"ရွှေရွှေကတော့ ကျွန်တော့်ကို အမြဲဆူပူကြိမ်းမောင်းနေတာပါပဲ"

တိုးဝင်းက ရယ်သည်။ ရွှေရွှေက. . .

"နင်ကလည်း အမြဲတမ်း ပြောစရာဖြစ်အောင် လုပ်တာကိုး"

"ဟာ. . . နင်တော့ ငါ့ဆို အပြစ်ချည်းပဲ မြင်နေတာပါ။ ငါ ဘာမှလုပ်ဘဲ အိပ်နေတာ တွေ့ရင်တောင် ဟောက်သံကျယ်တယ်ဆိုပြီး အပြစ်ပြောဦးမှာ"

သူတို့နှစ်ယောက် အပြန်အလှန် ပြောနေကြတာကို တိုးဝင်းက ပြုံး၍ကြည့်နေသည်။ ဒီနှစ်ယောက်မှာ ရွှေရွှေက ပို၍ ရင့်ကျက်မှုရှိကြောင်း ထင်ရှားသည်။ အောင်မောင်းသည် ရွှေရွှေလောက် လူကြီးမဆန်သော်လည်း ရိုးသားမှုရှိဟန်သေချာသည်။ သူတို့နှစ်ယောက် လိုက်လည်း လိုက်ဖက်သည်၊ အောင်မောင်းက အသားနည်းနည်း မည်းသော်လည်း ယောကျာ်းပီသသော ရုပ်ရည်ရှိသည်။ ရွှေရွှေက လှသည်။

"သီတင်းကျွတ်လောက် လက်ထပ်ကြမယ်ဆို၊ ဟုတ်လား"

တိုးဝင်းက မေးသည်။

"ကြိုးစားနေတာပဲ ဆရာ"

ဟု အောင်မောင်းက ပြော၏။

"ငွေတော်တော် စုမိနေပြီလား"

ရွှေရွှေက ရယ်၍. . .

www.burmeseclassic.com

www.burmeseclassic.com



“ရုံးမှာတက်ပြီး လက်မှတ်ထိုးဖို့လောက်တော့ ရပါပြီ”

အောင်မောင်း မခံချင် ဖြစ်သွားပြီး. .

“အမယ် ဟိုနေ့ကပဲ ခုနစ်ဆယ့်ငါးကျပ် ပေးထားသေးတယ် မဟုတ်လား”

“ဪ. . . ရွှေရွှေ့ဆီမှာ စုထားတာကိုး”

တိုးဝင်းက ဝင်ပြောရာ ရွှေရွှေက. . .

“ဟုတ်တယ်ဆရာ၊ သူ့ဆီမှာဆို သုံးပစ်မှာစိုးလို့”

“ကဲ. . . အဲဒါပဲကြည့်တော့ ဆရာ၊ ကျွန်တော့်ဆိုရင် ဘယ်တော့မှ အကောင်း မပြောဘူး။ ကျွန်တော်ကတော့ ရုပ်ရှင်လေး ဘာလေးကြည့်ချင်တာတောင် မကြည့်ဘဲ ပိုက်ဆံစုဖို့ လုပ်နေရတာ”

အောင်မောင်းက ကလေးတစ်ယောက် စိတ်ကောက်သွားသလို လေသံဖြင့် ပြောသည်။ တိုးဝင်းသည် သူတို့နှစ်ယောက်ကိုကြည့်ပြီး ကြည်နူးသွားမိ၏။ သူလည်း ဒီလိုဘဝအခြေနေမျိုးကြုံရင် ဘယ်လောက်ကောင်းလိုက်မလဲဟု အားကျသလို ဖြစ်လာ၏။

“ဆရာလည်း တတ်နိုင်သလောက် ကူညီပါ့မယ်။ လိုအပ်တာရှိရင် ပြောပေါ့”

ဟု ဆိုလိုက်၏။

* * * * *

ဘာမှမတတ်နိုင်ဘူး

အောင်မောင်းသည် စိတ်ဓာတ်တက်ကြွနေသည်။ အကြောင်းရင်း ပထမ အချက်က မကြာမီ သူ့မှာ ကားအပိုင်ရှိလာတော့မည် ဖြစ်သောကြောင့်ပင်။ ကား အပိုင်ဆိုသည်မှာ ကိုယ်ပိုင်ကားကို ဆိုလိုခြင်းမဟုတ်။ ပါမစ်နှင့် စပယ်ယာခေါ် အမြဲတမ်းလက်မှတ်ရောင်းအဖြစ် သူ့တက်လိုက်ဖို့ ကားတစ်စီး သတ်သတ်မှတ်မှတ် ရတော့မည်ကို ဆိုလိုရင်း ဖြစ်၏။

လူအများစုက စပယ်ယာအလုပ်ကို လွယ်လွယ်လေး ထင်ကြသည်။ ရှေ့ ပေါက်က ခုန်တက်လိုက်၊ နောက်ပေါက်က ခုန်တက်လိုက်၊ လက်မှတ်ကလေး ရောင်းလိုက်၊ ခရီးသည်တွေကို ပေါက်လိုက် ဘာမှခဲယဉ်းတာမဟုတ်။ ဒီလိုမြင်ကြ သည်။

တကယ်တော့ စပယ်ယာတစ်ယောက် ဖြစ်လာဖို့ ဖြတ်သန်းခဲ့ရသည့် ခရီး မှာ လွယ်လွယ်လေးမဟုတ်။ ကားသမားတွေနှင့် ပေါင်းရသည်။ သူတို့ခိုင်းတာ လုပ်ပေးရသည်။ ကားပြင်လျှင် မီးပြပေးရသည်။ ဆေးလိပ်၊ ကွမ်းယာ၊ လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ည် ဝယ်ပေးရသည်။ ညဘက်ကားပေါ်မှာ စောင့်အိပ်ပေးရသည်။

ဒီနောက်တော့မှ ညဘက်ကြားကားထွက်လျှင် 'ဘော်ဒါ'လိုက်ခွင့်ရသည်။ ပြီးမှ နေ့ဘက်လိုင်းချိန်မှာ ပညာသင်ရသည်။ သူတို့မှာလည်း အလုပ်သင်ကာလ ရှိ၏။ ခြောက်လ ဖြစ်သည်။ သင်္ဘောသားတွေ 'ဆီးဆားဗစ်' ယူသလို သူတို့လည်း 'ကားဆားဗစ်' ယူရသည်။ ဒါတွေပြီးမှ စပယ်ယာလိုင်စင်ရသည်။

စပယ်ယာလိုင်စင်ဆိုတာကလည်း လိုချင်တိုင်းရသည်မဟုတ်။ မထသ၏ ထောက်ခံမှုလိုသည်။ ဘတ်စ်ကားလိုင်းများမှာ ထုံးစံတစ်ခု ရှိသည်။ လိုင်းထဲမှာ အလုပ်လုပ်နေသူတို့၏ သား၊ တူ စသော ဆွေမျိုးသားချင်းများကို ဦးစားပေးခန့်ထား ခြင်း ဖြစ်၏။

ယင်းအစီအစဉ်သည် တချို့ရုံးတွေမှာလို အရာရှိတွေက ကိုယ့်ဆွေမျိုးကို ဦးစားပေးခန့်ထားသည့်သဘောမျိုး မဟုတ်။ လိုင်းအတွင်း လူစိမ်းဝင်လာလျှင် စည်းလုံးညီညွတ်မှု ပျက်ပြားမှာ စိုးသောကြောင့် တစ်ကြောင်း၊ လိုင်းအတွင်းရှိ အလုပ်သမားများအတွက် အခွင့်အရေးပေးလိုသောကြောင့် တစ်ကြောင်း အစဉ်အဆက် ထိန်းသိမ်းလာသည့် စည်းကမ်းသာ ဖြစ်၏။ ထို့ကြောင့် အောင်မောင်းတို့လို လူမျိုးမှာ လိုင်းအတွင်းရှိ စပယ်ယာ၊ ဒရိုင်ဘာကြီးများ ကျေနပ်အောင် အနာခံပေါင်းသင်းခဲ့ ရသည်။

လိုင်စင်ရပြီးတော့ ကားပေါ်တက်ရသည် မဟုတ်သေး။ ကားတစ်စီးစီးမှာ စပယ်ယာနေရာလွတ် မရှိသေးသမျှ ကြားဖောက်လိုက်ရင်း အလှည့်စောင့်ရသည်။

ခုတော့ အခွင့်အရေးတစ်ခု ပေါ်လာပြီ။ နေ့လယ်ကပဲ ကိုထွန်းမြင့်က ပြောသည်။ လိုင်းထဲကို လေလံဟီးနိုးတစ်စီး ဝင်လာစရာ ရှိသည်။ ကိုထွန်းမြင့်က မောင်းမည်။ ထိုကားမှာ အောင်မောင်း စပယ်ယာအဖြစ် တက်ခွင့်ရအောင် ပြောပေးမည်ဟု



ဆိုသည်။ ဒါဆိုလျှင် အလုပ်က အတည်တကျဖြစ်သွားပြီ။ ဝင်ငွေအတွက် မပူရ တော့။ အလုပ်ကို ကြိုးစားပြီး ရသမျှစုလျှင် သီတင်းကျွတ်မှာ ရွှေရွှေ နှင့် လက်ထပ်ဖို့ ကျိန်းသေပြီပေါ့။

ထို့ကြောင့် သူစိတ်ခတ်တက်ကြွနေခြင်း ဖြစ်၏။

နောက်တစ်ချက်ကတော့ ဒေါက်တာတိုးဝင်းနှင့် ရင်းနှီးခင်မင်ခွင့် ရခဲ့ခြင်း ကြောင့်ပင် ဖြစ်သည်။ ရွှေရွှေနှင့် ပတ်သက်၍ ဆရာဝန်အပေါ် သက်သာမကင်း ဖြစ်နေရသည်မှာ စိတ်ပင်ပန်းလှသည်။ ခုတော့ ဒေါက်တာတိုးဝင်း ကိုယ်တိုင်က သူတို့အချစ်ရေးမှာ အစွမ်းကုန် ကူညီမည်ဟု ဆိုသဖြင့် စိတ်ပူစရာ မရှိတော့။

ထို့အပြင် သူသည် ဒေါက်တာတိုးဝင်းအပေါ် အပြင်ပန်းအားဖြင့် ဝန်တို မုန်းတီးဖြစ်နေသော်လည်း စိတ်ထဲကတော့ ကျိတ်ပြီး ခင်မင်နေခဲ့မိသည်။ ဆရာ့လို ဂုဏ်သရေရှိ ဆရာဝန်တစ်ယောက်နှင့် မိတ်ဆွေဖြစ်ချင်နေသည်။ ခုတော့ သူဆန္ဒ ပြည့်ဝပြီ။

သူတို့လို ဆင်းရဲသားများအဖို့ စိတ်ပျော်လာသည့်အခါ လုပ်နိုင်သော ကိစ္စ ဟူ၍ သိပ်မများလှချေ။ ရုပ်ရှင်ကြည့်ချင်ကြည့်၊ ဗွီဒီယိုကြည့်ချင်ကြည့်၊ အရက် သောက်ချင်သောက်။ အောင်မောင်း ရုပ်ရှင်တွေ ဘာတွေလည်း မကြည့်ချင်။ အရက် သောက်ရကောင်းမလား။ မသောက်တာကြာပြီ။ ရွှေရွှေက မကြိုက်သဖြင့် မသောက် ခဲ့ရ။ ဒီနေ့တော့ သောက်ချင်စိတ်က တားမရအောင် ဖြစ်နေ၏။ သို့ဖြင့် ကိုခင် အောင်တို့ ဆိုက်ကားဂိတ်ကို လာခဲ့သည်။

ကိုခင်အောင်က ခရီးသည် သွားပို့နေသဖြင့် စောင့်နေရသေးသည်။ ပြန် ရောက်လာပြီး ဂိတ်မှာထိုင်နေသော အောင်မောင်းကို မြင်တော့. . .

"ဟေ့ကောင်လေး၊ ကားမလိုက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးသည်။ မောင်မောင်းက. . .

"လိုက်တယ်ဗျာ၊ ဂိတ်ဖြုတ်တာစောလို့"

ဆိုပြီး ကိုခင်အောင် ဆိုက်ကားပေါ်က မဆင်းခင် ရှေ့ခုံပေါ် တက်ထိုင်လိုက်ပြီး. . .

"ကိုခင်အောင်. . . အောက်ချိုင့်မောင်းဗျာ"

"ဘာ. . . ဘာလုပ်ဖို့လဲ"

အောင်မောင်းက လက်မကို ထောင်၍ ပါးစပ်နား တေ့ပြပြီး. . .

"နည်းနည်း သွားချရအောင်"

"ဟာ. . . မဖြစ်ဘူး၊ မင်းမှ သောက်လို့မရဘဲ"

"ရပါတယ်ဗျာ၊ ကျွန်တော် အရင်လို မဟုတ်ပါဘူး"

"မလုပ်ပါနဲ့ကွာ"

"လာပါဗျ၊ ခင်ဗျားကို ကျွန်တော်တိုက်ပါ့မယ်"

"မင်းတိုက်တာလည်း မသောက်ပါရစေနဲ့၊ မင်း မူးလာရင် ထိန်းရခက်လွန်းလို့"

"မူးအောင် မသောက်ပါဘူးဗျာ၊ နည်းနည်းပါးပါး စကားပြောကောင်းရုံလောက်ပဲလေ"

"မလိုက်ဘူးကွာ၊ မင်းကိုတော့ ငါလန့်တယ်"

"ခင်ဗျား တကယ်မလိုက်ဘူးလား"

"ဟင့်အင်း. . ."

"ဒါဆိုလည်း ကျွန်တော့်ဘာသာ သွားမယ်"

အောင်မောင်း ဆိုက်ကားပေါ်မှဆင်းပြီး ထွက်လာခဲ့သည်။

ဘာမှမတတ်နိုင်ဘူး

"ဟေ့ကောင်. . .၊ ခက်တာပဲ"

ဆိုသော ကိုခင်အောင့်အသံ ကြားရ၏။ ခဏကြာတော့ အောင်မောင်းဘေးကို ဆိုက်ကားလိမ့်လာပြီး. . .

"ဟေ့ကောင်. . . တက်"

အောင်မောင်းက ဟဲဟဲဆို ရယ်ပြီး ဆိုက်ကားပေါ် တက်ထိုင်သည်။

"ဒါပဲနော် ဟေ့ကောင်၊ မင်း တစ်စိတ်ထက် ပိုမသောက်ရဘူး"

"အေးပါဗျ"

ကိုခင်အောင်သည် ဆိုက်ကားနင်းလာရင်း ရွှေရွှေသာ သိရင်တော့ ငါ့ကို ဆဲတော့မှာပဲဟု တစ်ချိန်လုံး ညည်းလာသည်။ အောက်ချိုင့်ဟုခေါ်သော နေရာသို့ ရောက်လာ၏။ အစိုးရ အရက်ဆိုင်ကလေးတစ်ဆိုင်မှာ ထိုင်သည်။ ကိုခင်အောင် သောက်နေကျ ဒေါ်ချစ်ပုဆိုင် ဖြစ်၏။

"တစ်လုံးပေးပါ"

ဟု အောင်မောင်းက မှာသည်။

"ဟာ. . . တစ်လုံးတောင်လား"

"အင်းလေ၊ ကျွန်တော် တစ်စိတ်၊ ကျန်တာ ခင်ဗျားပေါ့"

ဆေးမြင်းခွာရွက်သုတ်၊ ဒညင်းသီး၊ ငါးရှဉ့်တို့ပါ မှာလိုက်သည်။ တကယ်တော့ ကိုခင်အောင်သည်လည်း အရက်သောက်ချင်နေသည်။ သူက ညနေတိုင်း နည်းနည်းတော့ လုပ်နေကျ။ ဒီနေ့တော့ ဆိုက်ကား ဆွဲမကောင်းရတဲ့ကြားထဲ ဓမ္မတိုင်က ကျိုးသေးသည်။ ညနေပိုင်း နန်းဆွဲသဲချောင်းတစ်စည်း လိုက်ပို့ရ၍ နည်းနည်းတော်သွားသည်။ ဒါတောင် အုံနာခ ဖယ်ပြီးလျှင် သူ့မိန်းမလက်ထဲပို့ဖို့သောက်သာ ကျန်သည်။ ဒီညနေတော့ တောသုံးကျပ်ဖိုးလောက်နဲ့ အာသာပြေရတော့မယ်

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးပူနေတုန်း အောင်မောင်းက လာခေါ်သဖြင့် အဆင်သင့်သွား၏။

အောင်မောင်းသည် အရက်သိပ်မသောက်တတ်သူတို့ ထုံးစံအတိုင်း ဇိမ်ဆွဲ၍ မသောက်နိုင်။ တစ်ခွက်ထည့်ပြီး ဂွပ်ခနဲ မျိုချ၊ ရေသောက်၊ အမြည်းစား။ ဒီတော့ ကိုခင်အောင်လည်း လိုက်မြန်ရတော့သည်။ အောင်မောင်း များများသောက်မည် စိုး၍ သူက ပို၍ စံချိန်ချိုးနေရသည်။ အောင်မောင်းတစ်ခွက် သူ နှစ်ခွက်နှုန်း ကျအောင် အရှိန်မြှင့်ရသည်။ ဒီလိုနှင့် ခဏတွင်းမှာပင် တစ်ပိုင်းကျော်မကျော် ကျိုးသွားသည်။ ပုံမှန်ထက် သောက်နှုန်းမြန်သဖြင့် ကိုခင်အောင်လည်း မှန်စပြုလာပြီ။

အောင်မောင်းကတော့ ဒီနေ့ တော်တော် ခံနိုင်ရည်ရှိနေ၏။ နှုတ်သွက်အာသွက်ဖြစ်ရုံလောက်သာ ရှိသေးသည်။ သူက ရွှေရွှေနှင့် သူနှင့်အကြောင်းကို အာပေါင်အာရင်းသန်သန် ကြွားနေသည်။ သူတို့ ငွေစုနေသည့်အကြောင်း၊ သီတင်းကျွတ်လျှင် လက်ထပ်မည့်အကြောင်း၊ ဒေါက်တာတိုးဝင်းလည်း ကူညီမည်ဟု ကတိပေးထားသည့်အကြောင်း. . .။

"မင်းဟာလည်း ကောင်းခန်းလည်း မပါဘူး"

ဟု ကိုခင်အောင်က စတင်ဝေဖန်သည်။

"ဘာ ကောင်းခန်းလဲဗျ"

"ဒီမှာ ဟေ့ကောင်၊ မင်း ရွှေရွှေ့ကို ဘယ်နှစ်ခါနမ်းပြီးပြီလဲ"

"ဟာ. . . သူက မလွယ်ဘူးဗျ"

"ညှံ့လိုက်တာ"

အောင်မောင်း မခံချင်ဖြစ်သွားပြီး. . .

"နှစ်ခါသုံးခါတော့ ရှိတာပေါ့"

"ဘာကို နမ်းတာလဲ"



"ပါးကိုပေါ့ဗျ"

". . . . . . . ."

"ခင်ဗျား တော်တော်ယုတ်တယ်။ ရွှေရွှေများ သွားစမ်းကြည့်ပါလား။ ပါးထက်ပိုင်းကျိုးသွားမယ်"

အဲဒါကြောင့် ညံ့တယ်လို့ ပြောတာပေါ့ကွ။ သီတင်းကျွတ်ရင်ပဲ လက်ထပ်ရတော့မယ်ဆို ခုထိ ကြောက်နေရတုန်းပဲဆိုရင် ဘယ်နိုပ်ပါ့မလဲ။ စဉ်းစားကြည့်စမ်း အောင်မောင်း၊ မင်းရဲ့ မင်္ဂလာဦးညကို တွေးကြည့်စမ်း၊ ဤပုံဆိုလျှင်ဖြင့် မိုးကြီးချုပ်လျှင် အသင်ခွေးကတက်တွင် အိပ်ရလတ္တံ့ ဟား. . . ဟား။ ဒေါ်ချစ်ပု တစ်ပိုင်းပေး"

"ဟာ. . ဘာလဲ ပြောတော့ ကျွန်တော့်ကို သိပ်မသောက်နဲ့ဆိုပြီး ခင်ဗျားက ထပ်မှာနေတယ်"

"တစ်လုံးမှာ မင်း တစ်စိတ်ဆိုင်တယ်၊ တစ်ပိုင်းဆိုတော့. . . အဲ. . . . ဘယ်လောက်လဲ၊ ခြောက်ပတ်ဆိုရင်. . . ဟာ မတွက်တတ်တော့ဘူး၊ မင်းနဲ့ငါ တစ်ဝက်စီကွာ"

အောင်မောင်းက ငြင်းမနေတော့။ အသစ်ရောက်လာသော တစ်ပိုင်းကို သူ တစ်ခွက် ကိုယ်တစ်ခွက် ထပ်သောက်ပြန်၏။ စကားလုံးတစ်လုံးကို ခံတွင်းတွေ့သွားလျှင် ထပ်ခါတလဲလဲ ပြောတတ်သော အမူးသမားတို့ ထုံးစံအတိုင်း ကိုခင်အောင်သည် အောင်မောင်း၏ ပေါင်ကို ပုတ်ပုတ်ပြီး ညံ့ပါ့ကွာ၊ ညံ့ပါကွာဟု မကြာခဏ ပြောနေသည်။ နောက်တော့ ခေါင်းငိုက်စိုက်ကျသွားရာ ပြန်မထူနိုင်တော့။

အောင်မောင်းက ငွေရှင်းပြီးနောက် ကိုခင်အောင်ကို တွဲခေါ်လာခဲ့သည်။ ကိုခင်အောင်သည် ဆိုက်ကားနင်းနိုင်စွမ်း မရှိတော့။ ထို့ကြောင့် သူတို့သည်ဆိုင်ကယ်ပြီး အောင်မောင်း နင်းရသည်။ ကိုခင်အောင်မှာ သီချင်းတွေ အော်ဆိုလာသည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



သီချင်းတွေက အဆုံးအစမရှိ။ စိတ်ကူးတည့်ရာ ဟိုတစ်ပုဒ် ဒီတစ်ပုဒ် လျှောက်ဆို နေခြင်းသာ ဖြစ်၏။

ကိုခင်အောင့်ကို အိမ်ထိ လိုက်ပို့ရသည်။ ကိုခင်အောင့် မိန်းမက ဆီးပြီး ဆူပွက်တော့သည်။ ကိုခင်အောင်ကား ဘာမှ ပြန်မပြောနိုင်တော့။ အိမ်ပေါ် လေးဖက်ထောက်ပြီး တက်သွား၏။ အောင်မောင်းလစ်ထွက်မည်ပြုပြီးမှ ဆိုက်ကား ကို သတိရသည်။

"အစ်မ ဆိုက်ကား ဘယ်လိုလုပ်ရမလဲ"

"အုံနာဆီ သွားပို့လိုက်ပေါ့၊ ခုနတောင် မရောက်သေးဘူးလားလို့ လာမေး သွားသေးတယ်"

ဆိုပြီး လှည့်ဝင်သွား၏။

"ဟို. . . အုံနာခ"

ဟု အောင်မောင်းက ပြောသော်လည်း နောက်ကျသွား၏။ ကိုခင်အောင့် မိန်းမက တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်ပြီ ဖြစ်၏။ အောင်မောင်း တံခါးကို ပုတ်ပြီး ခေါ်မည်ပြုသေးသည်။ အထဲက ဒုန်းခနဲအသံနှင့်အတူ ကိုခင်အောင်၏ အားခနဲ အော်လိုက်သောအသံ ကြားလိုက်ရသဖြင့် လစ်ပေးခဲ့ရသည်၊ အုံနာခကို သူပဲ စိုက်ရှင်းလိုက်ရလေတော့သည်။

ဒီလိုနှင့် အသုံးစရိတ်တွေ များသွားသည်။ ရွှေရွှေသာ သိလျှင် ပွက်ပေဦး တော့မည်။ ရွှေရွှေအကြောင်း စဉ်းစားမိရာမှ သီချင်းဆိုချင်စိတ် ပေါက်လာသည်။ ဘာ သီချင်းဆိုရမလဲ။ သူသည် ဘယ်သီချင်းမှ အစအဆုံး ရသည်မဟုတ်။ ဘာပဲ ဖြစ်ဖြစ် တစ်ပိုင်းတစ်စလောက်တော့ ဟစ်လိုက်ချင်သည်။ ကားဂိတ်လက်ဖက်ရည် ဆိုင်မှာ ခဏခဏဖွင့်သော သီချင်းတစ်ပုဒ်ကို သတိရလိုက်သည်။ ဆိုင်သလား မဆိုင် သလားတော့ မသိ။ သူရတာပဲ ဆိုရမည်။



"ရွက်ဝါကြွေ. . . နွေဦး. . ."

ဟု စကာရှိသေး မိုးစက်တွေ ကျလာလေတော့သည်။ မတတ်နိုင်။ ဆိုလက်စ နှင့်. . .

"လေရူးပွေစ ညနေဆည်းဆာ"

ထိုအချိန်တွင် ညကိုးနာရီသံချောင်းခေါက်သံ ကြားရသည်။

"ဥဩဆွေ နွေတေးရှင်ငှက် ပင်ကိုင်းထက်မှာ"

လေရောမိုးပါ သွန်ချလိုက်လေတော့သည်။ သူ့တစ်ကိုယ်လုံး ရွဲရွဲစိုသွားသည်။ လေကလည်း ဖွေ့သဖြင့် ချမ်းလာ၏။ အမူးတော့ မပြေတတ်သေး။ သူ့အခြေအနေမှာ သူမှန်းသူမှန်း မသိအောင် မူးနေတာလည်း မဟုတ်။ ပုံမှန်စိတ် အခြေအနေမျိုးလည်း မဟုတ်။ အရက်သောက်တတ်သူတို့သာ ခံစားဖူးသော စည်းစိမ်အရှိဆုံး အချိန် ကလေးပင် ဖြစ်၏။ ထိုအခါမျိုးတွင် စိတ်ကူးနှင့် လက်တွေ့သည် ခွဲခြား၍ မရဘဲ ထွေးရောယှက်တင် ဖြစ်နေတတ်၏။

သူသည် ပို၍ ချမ်းလာသဖြင့် တစ်ချက်တစ်ချက် တုန်တုန်သွားသည်။ သစ်သားချောင်းတွေ ရိုက်ထားသော တံတားရှည်ကလေးပေါ် လျှောက်နေမိကြောင်း သတိရလိုက်မိသည်။ ဒီလမ်းသည် သူတို့အိမ်ဘက်သွားသော လမ်းမဟုတ်။ သို့တိုင် အောင် လမ်းမှားနေတာလည်း မဟုတ်ဟု သူ ထင်သည်။

* * *

ရွှေရွှေသည် မှေးခနဲ အိပ်ပျော်စမှာပင် ဝေါခနဲ ရွာချလိုက်သောမိုးကြောင့် ဖျတ်ခနဲ ပြန်နိုးလာသည်။ မိုးမရွာဘဲ နေချည်းဖိပူနေတာ ဖြစ်၍ ခနဲတွေ [illegible] လိပ်တက်နေမှာ သေချာသည်။ မိုးများ ယိုမလား မသိဘူးဟု တွေးသည်။ [illegible] ခနိတွေက နှစ်မိုးရှိနေပြီ။ ဒီနှစ် အသစ်မမိုးဘဲ ပေါက်ပြဲနေသော [illegible] နေရာတွင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကြားထိုးတာလောက်ပဲ လုပ်ဖြစ်ခဲ့သည်။

ပြောရင်းဆိုရင်းပင် ကြမ်းပြင်ပေါ် မိုးယိုကျသည့်အသံ တောက်ခနဲ၊ တောက်ခနဲ ကြားရသည်။ လူးလဲထလိုက်ပြီး မီးခွက်ထွန်းလိုက်၏။ မိုးယိုသည့်နေရာကို ကြည့်သည်။ ခနိပျစ်ကို နည်းနည်းနေရာ ပြင်ရွှေ့ပေးသည်။ နောက်တစ်နေရာက ယိုပြန်သည်။ ထိုနေရာကတော့ ခေါင်ဘက်နီးသဖြင့် သူ လက်လှမ်းလို့ မမီတော့။ အိပ်ရာနှင့် နီးနေသဖြင့် အိပ်ရာကို နေရာရွှေ့လိုက်သည်။ ဇလုံလေး တစ်လုံးယူပြီး ရေကျရာ အောက်တည့်တည့်က ခံထားလိုက်သည်။ ဇလုံထဲ မိုးရေကျသံ တုံခနဲ တုံခနဲ မြည်နေသည်။

အိပ်ချင်စိတ်ပျောက်သွား၏။ ဟိုဘက်ခန်းကို နားစွင့်လိုက်တော့လည်း ဘာသံမှ မကြားရ။ အိပ်ကုန်ကြပြီ ထင်၏။ ခါတိုင်းက ဒေါ်ငွေယုံသမီးကလေးက သူနှင့်အတူ လာအိပ်ပေးသည်။ ဒီနေ့တော့ ကောင်မလေးလည်း မရှိ။ ဒေါ်ငွေယုံနှင့်အတူ အသုဘတစ်ခု၏ ရက်လည်ချက်ပြုတ်လုပ်ကိုင်ပေးရာသို့ လိုက်သွားသည်။ အိမ်မှာ ကိုပြားကြီးတို့ သားအဖတစ်တွေပဲ ကျန်၏။ သူတို့ကတော့ ထုံးစံအတိုင်း မောမောပန်းပန်းနှင့် တုံးနေအောင် အိပ်နေကြမှာ သေချာသည်။

မိုးက တော်တော်သည်းသည်။ လေကလည်း နည်းနည်းထန်သည်။ တစ်ချက်တစ်ချက်တွင် အိမ်ခေါင်မိုးကို လက်ဝါးကြီးနှင့် ရိုက်လိုက်သဖြင့် တဖြန်းဖြန်း မြည်သွားတတ်၏။ ရွှေရွှေသည် ကြောက်တတ်သူ မဟုတ်သော်လည်း နည်းနည်း ချောက်ချားသလို ဖြစ်မိ၏။

ထိုစဉ်မှာပင် ထရံကိုပုတ်သံလိုလို၊ ခေါ်သံလိုလို ကြားရ၏။ သူခိုးများ ကပ်သလားဟု ထိတ်ခနဲ ဖြစ်သွား၏။ ချီးချီးချွတ်ချွတ် ကြားရပြန်သည်။ အိမ်ရှေ့တံခါးဆီမှ ဖြစ်၏။ တံခါးကိုများ ဖွင့်ဖို့ ကြိုးစားနေသလား။ ရှီးရှီးဆိုသော အသံ ခပ်အုပ်အုပ် ကြားရ၏။ ရှီးရှီး မဟုတ်။ ရွှေရွှေဟု ခေါ်နေခြင်း ဖြစ်၏။



"ရွှေရွှေ ရွှေရွှေ"

ခပ်အုပ်အုပ် ခေါ်ပြီး တံခါးကို တစ်ချက်တစ်ချက် ခပ်ဖွဖွ ပုတ်သည်။ အောင်မောင်းအသံနှင့် တူသည်။ ရွှေရွှေ မီးခွက်ကိုင်ပြီး•တံခါးနား ကပ်သွားသည်။

"ဘယ်သူလဲ"

"ငါပါဟ၊ အောင်မောင်းပါ"

"ဟင် နင် ဘာလာလုပ်တာလဲ၊ ဒီအချိန်ကြီးကျမှ"

"မိုးမိလာလို့၊ တံခါးဖွင့်စမ်းပါ"

"နင်အိမ်ထဲဝင်လို့ ဘယ်ဖြစ်မလဲ၊ ပြန်တော့"

"ဖွင့်ပါဟာ၊ ငါ ချမ်းလှပြီ"

အောင်မောင်းအသံက တကယ်ပင် မေးချင်းရိုက်သည့် အသံပါနေသည်။ ရွှေရွှေ တံခါးဖွင့်ပေးလိုက်မိ၏။ အောင်မောင်း အိမ်ထဲ ဝင်လာသည်။ အရက်နံ့ ထောင်းခနဲ ရလိုက်သည်။

"ဟင်. . . နင်. . . နင်. . အရက်တွေ"

ရွှေရွှေ စကားမဆက်နိုင်ဘဲ တန့်သွားသည်။ အောင်မောင်းသည် ကျင်ငေါ်နှင့် အတို့ခံရသူလို တဆတ်ဆတ်တုန်နေသည်။ ရွှေရွှေ့စိတ်တွင် အဖေ့အကြောင်း အဘွား ပြောပြခဲ့ဖူးတာကို ဖျတ်ခနဲ သတိရလိုက်၏။ တစ်ရက်မှာ အဖေ အရက်မူးပြီး ပြန်လာသည်။ အမေက စိတ်ဆိုးပြီး တံခါးဖွင့်မပေး၊ အဖေသည် ခိုက်ခိုက်တုန် ချမ်းလှသော ဆောင်းညကြီးတွင် ဖိနပ်ချွတ်မှာ ပုဆိုးလေးခြုံပြီး အိပ်ရသည်။ မနက်ကျတော့ ကွေးကွေးလေး ပုံစံမပျက် အသက်ပျောက်နေသော အဖေ့ကို တွေ့ကြရ၏။

အောင်မောင်းကို နှင်ထုတ်လိုက်မည်ဟူသော စိတ်ကူးသည် ဒီ[illegible]ချွတ်မှ ထွက်နေသော မီးခိုးများလိုပင် လွင့်ပြယ်သွားရ၏။ အောင်မောင်း[illegible] ကိုယ်ပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ရေစက်များသည် ကြမ်းပြင်ပေါ်သို့ တတောက်တောက်ကျသည်။ သူသည် ဘာမှ မပြောဘဲ ရွှေရွှေကို စိုက်ကြည့်နေ၏။

ဒီဇယ်မီးခွက်မှ မီးညွန့်သည် တိုးဝှေ့ဝင်လာသော လေကြောင့် လူးလွန့် လှုပ်ရှားနေသည်။ မည်းနက်နေသော မှိုင်းခိုးများသည် ခေါင်မိုးဆီသို့ တလူလူ လွင့်တက်နေကြသည်။

မိုးသည် ကမ္ဘာကြီးတစ်ခုလုံးကို မျောပါသွားအောင် ရွာနေသလား ထင်ရ၏။ တကယ်တော့ မိုးသည် တစ်စုံတစ်ခု ဖြစ်ပွားစေရန် ရည်ရွယ်၍ ရွာနေခြင်း မဟုတ်။

မြစ်တွေ ရေလျှံအောင်၊ လယ်တွေ ရေမြှုပ်အောင်၊ မြေတွေ ပြိုကျအောင် ဟူသော ရည်မှန်းချက်နှင့် ရွာနေခြင်း မဟုတ် သဘာဝတရားအရ ရွာသင့်လို့ ရွာခြင်းသာ ဖြစ်၏။ ထို့ကြောင့် မိုးတွင် ဘာမှအပြစ်မရှိ။

* * * * *

မိုးစဲသွားသည်။ တံစက်မြိတ်မှ ရေစက်များကတော့ သစ်ရွက်များပေါ် ကျနေဆဲ ဖြစ်၍ တဖျောက်ဖျောက် မြည်နေ၏။ ထိုအသံများသည် အဝေးမှဟု ထင်နေရာမှ တဖြည်းဖြည်း ကျယ်လာပြီး ဖျတ်ခနဲ နိုးသွားသည်။ အောင်မောင်းသည် သူအိပ်နေကျ အိပ်ရာမဟုတ်မှန်း သိသဖြင့် ငေါက်ခနဲ ထထိုင်လိုက်သည်။

နှစ်ထပ် ထပ်ခြုံထားသော အညာစောင်နှင့် ဘာဘူစောင်တို့ ကွာကျသွားသည်။ သူ့ကိုယ်ပေါ်မှာ အင်္ကျီမရှိ။ ပုဆိုးကလည်း သူ့ပုဆိုးမဟုတ်။ အသစ်စက်စက် ပုဆိုးဖြစ်၏။ ညက သူ့အဝတ်တွေ ရေစိုနေသဖြင့် ရွှေရွှေက ဒီပုဆိုးနှင့် လဲခိုင်းခဲ့သည်။ ပြီးတော့။ ညက အဖြစ်အပျက်များကို ပြန်သတိရလာပြီး သူ့ကိုယ် တောင့်ခနဲ ဖြစ်သွား၏။ ရွှေရွှေ၊ ရွှေရွှေကော။



မီးဖိုခန်းဘက်မှ မီးရောင်မြင်သဖြင့် သူ ထသွားသည်။ ရွှေရွှေ မီးဖိုရှေ့မှာ ထိုင်နေသည်။ အောင်မောင်း၏ အဝတ်အစားများကို ခြောက်သွေ့သွားအောင် မီးကင်နေ၏။ အောင်မောင်း ဝင်လာသည်ကို သတိပြုမိသော်လည်း လှည့်မကြည့်။ အောင်မောင်းသည် ရွှေရွှေ့ဘေးမှာ ဆောင့်ကြောင့်ထိုင်လိုက်သည်။ ဘာမှမပြောရသေးဘဲ ရွှေရွှေကိုသာ ကြည့်နေ၏။ ရွှေရွှေမျက်နှာမှာ နည်းနည်းချောင်ကျနေသည်။ တစ်ညလုံး မအိပ်ဘဲ နေခဲ့တာ ဖြစ်ချင်ဖြစ်မည်။ မျက်နှာထားကိုတော့ အကဲခတ်လို့ မရ။

"ရွှေရွှေ"

ဟု အောင်မောင်းက ခေါ်လိုက်သည်။ ရွှေရွှေက လှည့်မကြည့်ဘဲ နေမြဲနေသည်။

"ငါ့ကို စိတ်ဆိုးနေလား"

အောင်မောင်းသည် ဒီလောက်ပဲ ပြောတတ်သည်။ ရွှေရွှေစိတ်ပြေအောင် ဘယ်လိုပြောရမည်မသိ။ အရင်ကဆိုလျှင်တော့ တဟဲဟဲ လုပ်နေလိုက်၊ ရွှေရွှေထုရင် နှက်ရင်လည်း ခံလိုက်၊ ဆူပူရင်လည်း တောင်းပန်လိုက်ရုံသာ ရှိ၏။ ခုကိစ္စကျတော့ ဘယ်လိုမှ မဖြေရှင်းတတ်။

"တကယ်တော့ဟာ ငါ"

ဆိုပြီး စကားလုံး ရှာမရသဖြင့် သူပြောတတ်သလို. . .

"ငါ ဒါမျိုး ဝါသနာပါတာ မဟုတ်ပါဘူးဟာ"

ဟု ပြောလိုက်၏။ ရွှေရွှေက ဆတ်ခနဲ လှည့်လိုက်သဖြင့် အောင်မောင်းသည် ... သွားသည်။ ရွှေရွှေက. . .

"ရော့ အင်္ကျီဝတ်ထား၊ အအေးမိနေလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ခြောက်သွားသော အောင်မောင်း၏အကျႌကို ပေးသည်။ အောင်မောင်း အကျႌဝတ်ပြီး. .

"နင် ငါ့ကို စိတ်မဆိုးဘူးပေါ့နော်"

"ခုကျမှ စိတ်ဆိုးနေတော့ကော ဘာထူးမှာလဲ"

အောင်မောင်းနည်းနည်း စိတ်သက်သာရာ ရသွားသည်။ ရွှေရွှေ့လက်ကလေးကို လှမ်းကိုင်မည်ပြုပြီးမှ ပြန်ရုပ်လိုက်သည်။

"ငါ ကောင်းပန်ပါတယ်ဟာ၊ ငါမှားတာပါ၊ ငါ သိပ်မှားသွားတယ်"

ရွှေရွှေက ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းသည်။

"နင်က အရက်မူးနေလို့ မှားတာ၊ ငါက. . . ငါကတော့ မမူးဘဲနဲ့ မှားတာ"

ရွှေရွှေ့အသံ တိမ်ဝင်သွားသည်။ မျက်ရည်ဝေ့ခနဲ ဝဲလာသည်။ အောင်မောင်းသည် ဆောင့်ကြောင့်ထိုင်နေရာမှ ဒူးထောက်ချလိုက်ပြီး. . . .

"ခုမှတော့ မထူးပါဘူး ရွှေရွှေရယ်၊ ငါတို့ယူလိုက်ကြပါစို့"

ပြောပြီး ရွှေရွှေ့ပခုံးပေါ် လက်တင်လိုက်၏။

"ဖြစ်မလားဟ၊ ဝါတွင်းကြီး"

"အေးလေ၊ သီတင်းကျွတ်ဖို့လည်း နှစ်လကျော်ကျော်လောက်ပဲ လိုတော့တာပါ၊ ငါလေ ငါ အရမ်းကြိုးစားပြီး အလုပ်လုပ်မယ်၊ နင့်အပေါ်မှာ ငါ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ နောက်ပြီး ငါ ဘယ်တော့မှ အရက်မသောက်တော့ဘူးလို့လည်း ကတိပေးပါတယ်ဟာ"

ရွှေရွှေသည် ဝဲလာသော မျက်ရည်ကို ကျမသွားအောင် ထိန်းထားသည်။ အောင်မောင်း၏ ရင်ခွင်မှာ မျက်နှာအပ်၍ ငိုချလိုက်ချင်သော ဆန္ဒကိုလည်း တားဆီးထားလိုက်၏။



မနက်လေးနာရီ သံချောင်းခေါက်သံ ကြားရသည်။

"ကဲ နင်သွားတော့လေ၊ တော်ကြာ ကိုပြားကြီးတို့ နိုးလာလို့ သိသွားရင် မကောင်းဘူး"

ရွှေရွှေက ပြောပြီး အောင်မောင်းလုံချည်ကို ပေးလိုက်သည်။ အောင်မောင်းက ဝတ်ထားသော လုံချည်နှင့် လဲမည်အပြု ရွှေရွှေက. . .

"လဲမနေနဲ့တော့၊ အဲဒီပုဆိုးပဲ ဝတ်သွားတော့"

"ဟင် အသစ်ကြီး"

"ဟုတ်တယ်၊ မင်္ဂလာဆောင်ကျရင် နင်ဝတ်ဖို့ ငါ ဝယ်ပြီး အဆင်သင့်ချုပ်ထားတာ၊ ခုတော့ မထူးတော့ပါဘူးဟာ"

အောင်မောင်းသည် သွားခါနီး ရွှေရွှေကို အားပေးစကားတစ်ခု ပြောလိုက်ချင်သည်။ သို့ရာတွင် ဘာပြောရမှန်း မသိ။ ရွှေရွှေ့ပါးကလေးကို နမ်းပြီး နှုတ်ဆက်ရကောင်းမလား စဉ်းစားသော်လည်း မနမ်းရဲ။ ခဏတွေ ရပ်နေပြီးမှ. . .

"ငါ နင့်ကို သိပ်ချစ်တယ်ဟာ၊ ငါသွားတော့မယ်"

ဆိုပြီး ထွက်သွား၏။

ရွှေရွှေသည် သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ ချလိုက်သည်။ မတင်မကျဖြစ်နေသော စိတ်များကို ထွက်သက်လေနှင့်အတူ ကုန်စင်အောင် ထုတ်ပစ်လိုက်သည့်ဟန်ပင် ဖြစ်၏။

လက်မထပ်ခင် ခုလိုဖြစ်ရတာ တော်တော်ရှက်ဖို့ ကောင်းသည်။ သို့ရာတွင် သူ၏ဘဝပေး အခြေအနေအရ ထိုကိစ္စအတွက် တသသ ဆွေးပြီး နောင်တရနေဖို့ အခွင့်အရေးမရှိ။ သူတို့လို လူတန်းစားအဖို့ အရာရာကို လက်တွေ့ကျသော ငွေးစားဆုံးဖြတ်မှ နေသာထိုင်သာ ရှိမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းသည် သူ့အပေါ်မှာ ဘယ်တော့မှ သစ္စာဖောက်မည်မဟုတ်။ သိတင်းကျွတ်လျှင် လက်ထပ်ကြမည်။ စုလို့ရသမျှ ငွေနှင့် မင်္ဂလာဆောင်ကို ချဲ့နိုင်သမျှ ချဲ့ရမည်။ ရှေ့ရေးကတော့ ပူစရာ မရှိ။ အောင်မောင်းအလုပ်က အတည်တကျ ဖြစ်တော့မည်။ ဒီလိုစဉ်းစားလိုက်သောအခါ အတော် စိတ်သက်သာရာ ရသွား၏။

မှန်သည်။ ဘယ်တော့မှ ပြန်မရနိုင်တော့သော အရာတစ်ခုအတွက် နှမြောဘသ ယူကျုံးမရ ဖြစ်နေလို့ကော ဘာထူးလာတော့မှာလဲ။ ပုဆိုးတစ်ထည်တောင်မှပဲ တစ်ခါဝတ်ပြီးလျှင် ဟသစ်ပြန်ဖြစ်မလာနိုင်တော့ဘူး မဟုတ်လား။

* * * * *

ဘာမှမတတ်နိုင်ဘူး

တိုးမင်း သင်္ဘောလိုက်ဖို့ဆိုပြီး ဒေါ်ဒေါ်မြင့်တို့ဆီက အမေသွားချေးထားသော ငွေသုံးသောင်းမှာ အလဟဿကုန်သွားခဲ့၏။ ဖြစ်ပုံက သင်္ဘောလိုက်ဖို့ လုပ်ပေးမည့် ကိုယ်စားလှယ်မှာ သူများဆိုလျှင် ငါးသောင်းခြောက်သောင်း ယူသည်။ စရန်တစ်ဝက် ပေးရသည်။ အလုပ်ရဖို့ လေယာဉ်လက်မှတ်ရောက်လာလျှင် ကျန်တစ်ဝက်ပေးရသည်။ ကိုယ့်ကျတော့ ဆက်သွယ်ပေးသူနှင့် ခင်လွန်းလို့ သုံးသောင်းနှင့်အပြီး လုပ်ပေးမည် ဖြစ်၍ စရန်တွေဘာတွေ လုပ်မနေနဲ့ တစ်ခါတည်း အကျေပေးဖို့ ပြောလာသည်။ ဒီတော့ ဟုတ်သားပဲဆိုပြီး ပေးလိုက်သည်။ လက်လွှန်သွားပြီးမှ ထိုကိုယ်စားလှယ်ဆိုသူမှာ အစစ်အမှန်မဟုတ်။ တိုးမင်းလို လူမျိုးဆယ်ယောက်လောက်ကို တစ်ပြိုင်တည်း လိမ်ပြီး ငွေသုံးသိန်းယူ၍ ကိုယ်ယောင်ဖျောက်သွားလေတော့သည်။

အစပိုင်းမှာ ထိုကိစ္စ တိုးဝင်း မသိအောင် ဖုံးဖိထားကြသည်။ နေ့[illegible]တော့ မကြာခဏဆိုသလို တိုးမင်း အရက်သောက်လာတာကို တိုးဝင်း သ[illegible]၏။ တိုးမင်း၏မျက်နှာမှာလည်း အမြဲလိုလို သုန်သုန်မှုန်မှုန် ဖြစ်[illegible] တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိစ္စအတွက် လိုသောငွေလည်း ရပြီဖြစ်လျက် ဘာကြောင့် စိတ်ညစ်ရသလဲ။ သူ့ကောင်မလေးနဲ့ အဆင်မပြေလို့များလားဟု တွေးမိ၏။ ထုံးစံအတိုင်း အိမ်က သတင်းစုံသိသော ညီမ မြင့်မြင့်ငြိမ်းကို အစ်အောက်မေးကြည့်မှ အကြောင်းစုံ သိရသည်။

အမေ့ကို ဖွင့်မေးတော့. . .

"ဒါတွေ တွေးပူမနေပါနဲ့သားရယ်၊ အမေ ကြည့်လုပ်ပါ့မယ်"

ဟု ဆိုသည်။ အမေ၏ ကြည့်လုပ်ပါ့မယ်ဆိုသော စကားသည် လန့်ဖို့ကောင်း၏။ နောက်နှစ်ပတ်လောက်နေတော့ အမေက ပြောလာသည်။

"သားရေ၊ တိုင်ပင်စရာလေး ရှိလို့ကွယ်။ ဒီလိုပါ၊ မမြင့်တို့က သူတို့အိမ်ရှေ့မှာ ဆေးခန်းလေးတစ်ခု ဖွင့်ချင်တယ်တဲ့၊ အဲဒါ သားလာထိုင်ပေးစေချင်တဲ့၊ စပ်တူ သဘောပေါ့ကွယ်"

ဒီတစ်ခါ အမေလှမ်းသည့် ခြေလှမ်းက တော်တော်ရဲတာပဲဟု စိတ်ထဲက ပြောသည်။ နှုတ်ကတော့. .

"ဘယ်ဖြစ်ပါ့မလဲ အမေ၊ ကျွန်တော့်ဟိုဆေးခန်းက သူ့မိတ်နဲ့သူ အဆင်ပြေနေတာ၊ ပိတ်ပစ်လို့ မဖြစ်ဘူး၊ သူတို့ဆီမှာဆို မိတ်အသစ်ရအောင် အစက ပြန်စရမှာပေါ့"

"သားဆေးခန်းက ဆင်းရဲသားရပ်ကွက်ဆိုတော့ တယ်အလုပ်မဖြစ်ပါဘူး၊ ဟိုမှာက လူကုံထံတွေကွဲ့၊ နာမည်လေး ရလိုက်ရင်း စားရောပဲ၊ အမေက အရှည်ကို ကြည့်ပြောနေတာ"

"အရှည်ဟုတ်လား၊ တစ်သက်လုံးအတွက် ဆိုပါတော့"

သူ အမေ့ကို ငေါ့ဖြစ်သွားသည်။ အမေက နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။ ဒီလောက်တော့ မဖြုံသေးဘူးဆိုသည့်သဘော။

"ဒါဆိုလည်း မနက်ပိုင်း ထိုင်ပါလား၊ အခုထိုင်နေတဲ့ သမဆေးခန်းက ထွက်



လိုက်ပေါ့"

"မဖြစ်ဘူး ကျွန်တော် စာချုပ်နဲ့လုပ်ရတာ"

"ဒါဆို နေ့လယ်ပိုင်းဆိုရင်ကော"

"ဆေးခန်းတစ်ခုကို နေ့လယ်ဖွင့်တော့ ဘယ်လူနာက နေပူကျဲကျဲမှာ လာပါ့မလဲ"

"လောလောဆယ်ကတော့ ကြော်ငြာတဲ့သဘောပဲပေါ့ သားရယ်၊ နောက် အဆင်ပြေတော့မှ ညနေပိုင်း ပြောင်းဖွင့်တာပေါ့"

အမေနဲ့ကတော့ ခုလို သံတမန်မန်ဆန်ဆန် အသုံးအနှုန်းမျိုးနှင့်ဆိုလျှင် ခါတိုင်းလိုပင် သူ အရှုံးပေးရလိမ့်မည်။ ထို့ကြောင့်. . .

"အမေ စဉ်းစားကြည့်ပါဦး၊ ကျွန်တော့်မှာ မနက်လည်း ဆေးခန်းထိုင်ရ ညလည်း ဆေးခန်းထိုင်ရ၊ နေ့လယ်ပိုင်းလေးပဲ ကိုယ်ရေးကိုယ်တာအတွက် အားလပ်ချိန်ရှိတယ်၊ အခုအချိန်ကလေးတောင် အလုပ်ထပ်လုပ်ရဦးမယ်ဆိုတော့ ဘာလဲ အမေ ကျွန်တော့်ကို တန်အောင် ခိုင်းနေတာလား"

သူ့စကားသည် ထိရောက်၏။ အမေ တွေခနဲ ဖြစ်သွားသည်။ တိုးဝင်းအတွက် ကျောင်းစရိတ်တွေ အများအပြား ကုန်ကျခဲ့ကြောင်း အမေ မကြာခဏ ပြောခဲ့သည့် ကိစ္စနှင့် ဆက်စပ်တွေးစရာ ဖြစ်သောကြောင့်ပင်။ သို့တိုင်အောင် အမေသည် လိုအပ်သည်ထက် ခဏမျှသာ ပို၍ ဆိုင်းငံ့သွားခြင်း ဖြစ်၏။ ချက်ချင်း မျက်နှာထား ပြင်လိုက်သည်။ ခပ်ပေါ့ပေါ့သဘောမျိုး ရယ်လိုက်ပြီး. . .

"သားအတွက် ပြောတာပါကွယ်၊ ငယ်တုန်းရွယ်တုန်း လုပ်နိုင်သလောက် ကြိုးစားဖို့ သား. . ."

"ကျွန်တော့်အတွက် ဘာမှ မလိုပါဘူး အမေ၊ ကျွန်တော် ဖြစ်သလို နေတတ် စားတတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ညီမလေးတွေအတွက်လည်း ပါတာပေါ့ကွယ်"

"မိသားစုအတွက် ဆိုပါတော့၊ အခုလည်း တတ်နိုင်သလောက် ရှာကျွေးနေတာပဲ မဟုတ်လား၊ ဝတ်နေကြလို့လား၊ ဒီမှာအမေ"

သူသည် စကားတစ်ခွန်းပြောဖို့ အားယူသည့်ဟန်ဖြင့် သက်ပြင်းကို တစ်ချက်ရှိုက်သွင်းလိုက်ပြီး. . .

"ကျွန်တော် ပညာကို ရင်းပြီးတော့ပဲ လုပ်ကျွေးနိုင်မယ်၊ ကိုယ်နဲ့ရင်းပြီးတော့ မလုပ်ကျွေးပါရစေနဲ့"

ထိုစကားလုံးသည် အမေ့ကို ခါခနဲ ဖြစ်သွားစေသည်။ တိုးဝင်းသည် အမေ့ကို တစ်ခါမှ ခုလောက် ထိထိမိုက်မိုက် ဖြစ်အောင် မပြောခဲ့ဖူးချေ။ အမေ့အပေါ် အသာစီးရလိုက်သဖြင့် သူ ကျေနပ်သလိုလို ဖြစ်သွားမိ၏။

"ဘယ်လိုပြောလိုက်တာလဲ သားရယ်၊ မင်းစကားက ရင့်သီးလိုက်တာ"

"ကန်တော့်စကား ရိုင်းသွားတာ ခွင့်လွှတ်ပါ အမေ၊ ဒါပေမယ့် ကျွန်တော် ဒီအတိုင်းပဲ ခံစားနေရတာတော့ အမှန်ပဲ"

အမေ့မျက်မှောက်မှ သူထွက်လာခဲ့သည်။ သူသည် အမေ့ကို အလဲထိုး အနိုင်ယူခဲ့ပြီလား။ အမေနှင့် ဒေါ်ဒေါ်မြင့်တို့ ဆင်ထားသော ထောင်ချောက်ကို ချိုးဖျက်ဖောက်ထွက်နိုင်ခဲ့ပြီလား။

သိပ်တော့ မထင်လှချေ။ အမေသည် သူ့ကို အနိုက်အတန့်အားဖြင့် အနိုင်ပေးလိုက်ခြင်းသာ ဖြစ်သည်။ အမေ့မှာ စိတ်ကူးထားသည့် တခြားနည်းဗျူဟာတွေ ရှိမှာသေချာသည်။ တကယ်တော့ သူ့အနေဖြင့် ဘယ်လိုမှ မယှဉ်နိုင်သော အခွင့်အရေးတစ်ရပ် အမေ့မှာ ရှိနေသည်။ ထိုအချက်ကား အမေဖြစ်နေခြင်းပင်တည်း။

* * * * *

တာမှမတတ်နိုင်ဘူး

အိမ်ရှေ့ကွက်လပ်မှာ ခုံတန်းလျားလေး ရိုက်ပေးထားသော အဖေ့ကို ကျေးဇူးတင်မိ၏။ အိပ်မပျော်သည့်အခါ တစ်ယောက်တည်း အေးအေးဆေးဆေး တွေးချင်နေချင်သည့်အခါ ဒီခုံတန်းကလေးမှာ လာထိုင်လေ့ ရှိသည်။

အမေ နောက်တစ်ဆင့် လှမ်းမည့်ခြေလှမ်း ဘယ်လိုရှိနိုင်သလဲဟု တွေးကြည့်သည်။ ပြောဖို့တော့ ခက်သည်။ ဘာပဲဖြစ်ဖြစ် အမေ့အနေနှင့် ပွင့်ပွင့်လင်းလင်း ထုတ်ဖော် တိုက်တွန်းလာမည့် ကာလကတော့ နီးကပ်နေပြီဆိုတာ သေချာသည်။ အရင်ဦးစွာ ဒေါ်ဒေါ်မြင့်တို့ ကျေးဇူးတွေ ဆပ်လို့ မကုန်အောင် များပြားနေကြောင်း ပြောမည်။ အိမ်၏ စီးပွားရေး အခြေအနေ ယိုင်ခဲ့ရသဖြင့် အကူအညီယူခဲ့ပုံတွေ ပြောမည်။ ညီ၊ ညီမများ၏ ရှေ့ရေးဆိုတာ ပြောမည်။ ပြီးတော့မှ သင်သင် ဘယ်လောက်လိမ္မာကြောင်း၊ ရိုးသားသိမ်မွေ့ကြောင်း၊ တိုးဝင်းအပေါ် သံယောဇဉ်ရှိရှာကြောင်း၊ ထို့ကြောင့် တိုးဝင်းနှင့် အလိုက်ဖက်ဆုံးမှာ သင်သင်မှတစ်ပါး အခြားမရှိပြီ ဖြစ်ကြောင်း. . .

လောကကြီးမှာ သိသိကြီးနဲ့ ခံလိုက်ရတာလောက် အခံရခက်တာ မရှိဘူးဟု သူ ထင်သည်။

"သားက ဒီရောက်နေတာကိုး"

အဖေ့အသံကြားသဖြင့် သူ လှည့်ကြည့်သည်။ အဖေက သူ့ဘေးမှာ ဝင်ထိုင်သည်။

"မအိပ်သေးဘူးလား အဖေ"

"အေးကွာ၊ မိုးလေးနည်းနည်း ပြတ်တာနဲ့ အိုက်လာတာပဲ၊ သားကော မအိပ်သေးဘူးလား၊ မနက်အစောကြီး ဆေးခန်းသွားရဦးမယ် မဟုတ်လား"

"မျက်စိကြောင်နေလို့ပါ အဖေရာ"

www.burmeseclassic.com

www.burmeseclassic.com



အဖေ ပြောစရာတစ်ခုခု ရှိလို့များလား အကဲခတ်ကြည့်သည်။ ဖြစ်နိုင်သည် တစ်ဆက်တည်းပင် အဖေ ဝတ်ထားသော စွပ်ကျယ်ကိုပါ သတိပြုမိ၏။ စွပ်ကျယ်က ဇာချို့နေရာတွေမှာ ပေါက်ပြဲ ပြဲနေပြီ။ မြို့ထဲရောက်မှ လေးထည်တစ်ရာ ငါးထည် တစ်ရာဆိုတာတွေ ဝယ်ခဲ့ဦးမှဟု စဉ်းစားသည်။

"မင်းအမေ တော်တော် စိတ်မကောင်း ဖြစ်နေတယ်ကွ"

ဟု အဖေက စကားစသည်။

"ကျွန်တော်လည်း လွှတ်ခနဲ ပြောလိုက်မိတယ်"

"အေးကွာ၊ မင်းတို့သားအမိကြားမှာ ဝင်ပြောရတာ သိပ်မကောင်းလှဘူး၊ တစ်ဘက်က သားဖြစ်နေတယ်။ တစ်ဘက်ကလည်း မယားဖြစ်နေတယ်။ အဲ တစ်ခုတော့ ပြောစရာ ရှိတယ်ကွ၊ အဖေဟာ မင်းကို မမွေးခင်ကတည်းက မင်းအမေကို ချစ်ခဲ့တာဆိုတဲ့ အချက်ကတော့ သား မငြင်းနိုင်ဘူးဟေ့"

အဖေက ရယ်သည်။ အဖေ ခုလို စကားလုံးလှလှသုံးပြီး မပြောတာ ကြာပြီ။ ထို့ကြောင့် ရှေ့ဆက်ပြောမည့်စကားများမှာ ပို၍ ပြောင်မြောက်တော့မည် ဖြစ်ကြောင်း သိလိုက်၏။

"မင်းအမေကို စိတ်မဆိုးသင့်ပါဘူးကွာ"

ဟု အဖေ အစချီသည်။

"စိတ်ဆိုးတယ်ရယ်လို့တော့ မဟုတ်ပါဘူး"

"အေးလေ၊ နည်းနည်းတော့ ကသိကအောက် ဖြစ်ရတာပေါ့၊ ကဲကွာ အဖေ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ မင်းအမေက သားကို မမြင့်ရဲ့သမီးနဲ့ နေရာချထားပေးချင်နေတယ်၊ ဒါကို မင်းက မကျေမနပ် ဖြစ်နေတယ်၊ ဒီလို မဟုတ်လား"

"ကျွန်တော်မှ သင်သင့်ကို မချစ်နိုင်တာပဲ အဖေရာ"



"ဘာဖြစ်လို့ မချစ်နိုင်တာလဲ"

"ဟာ ဒါတော့ ဘယ်လိုလုပ်ပြောမလဲ"

"သားတို့ ခေတ်လူငယ်တွေရဲ့ ထုံးစံအတိုင်း မိဘက သဘောတူထားတာဆိုရင် ဆန့်ကျင်ရမယ်ဆိုတဲ့ အစွဲအလမ်းများ ဖြစ်နေသလားလို့"

"မဆိုင်တာပဲ အဖေရာ"

"မဆိုင်ဘူး မပြောနဲ့ကွ၊ သေသေချာချာ ပြန်စဉ်းစားဦး၊ လူ့ဘဝကိုက လွယ်လွယ်ရတာဆိုရင် တန်ဖိုးမထားတတ်တဲ့ သဘောရှိတယ်"

"အဖေကလည်း"

"နောက်တစ်ချက် စဉ်းစားစရာ ရှိသေးတယ်၊ မင်းအမေနဲ့ မမြင့်တို့က မင်းတို့နှစ်ယောက်ကို နေရာချထားပေးဖို့ နည်းအမျိုးမျိုးနဲ့ သွေးဆောင်နေကြတယ်၊ လူငယ်ပီပီ ကိုယ့်အိမ်ထောင်ဘက်ကို လွတ်လွတ်လပ်လပ် ရှာချင်တဲ့လူအဖို့ မနှစ်မြို့စရာပဲပေါ့။ လူကြီးတွေ လုပ်တာကို မကျေနပ်ရာကနေ ဆက်စပ်ပတ်သက်နေတဲ့ သင်သင့်ကိုပါ မုန်းနေမိတာလားလို့"

"သူ့ကို ကျွန်တော် မမုန်းပါဘူး၊ ချစ်လို့ မရတာပါ"

"အေး ချစ်လို့မရဘူးဆိုတာကတော့ မတတ်နိုင်ဘူးပေါ့ကွာ၊ အချစ်ဆိုတာမျိုးကလည်း ဥပဒေတစ်ရပ် ပြဋ္ဌာန်းလို့မှ မရဘဲကလား"

အဖေက ပြောပြီး အသံမထွက်ဘဲ ရယ်နေသည်။ တိုးဝင်းက. . .

"ဟုတ်တယ် အဖေ၊ ဥပဒေထုတ်ပြီး မချစ်မနေရဆိုရင်တောင် ကျွန်တော် သူ့ကို မချစ်နိုင်ဘူး"

"ဟုတ်လိုက်လေ သားရယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိသကွ၊ တကယ် ချစ်ပြီ ဆိုရင်လည်း တားရင်တောင် ရမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သားအဖနှစ်ယောက် တစ်ယောက်စကား တစ်ယောက်သဘောကျပြီး ရယ်ကြသည်။ အဖေသည် ခုလို အပြောင်အပျက် မပြောဖြစ်တာ ကြာပြီ။ သူတို့ စကားဝိုင်းသည် ပေ့ါပေ့ါပါးပါး ပြန်ဖြစ်သွားသည်။ သို့ရာတွင် ထိုအနောက်အပြောင် စကားတို့သည် အငြီးပြေမျှသာ ဖြစ်ကြောင်း နှစ်ယောက်စလုံး သိကြ၏။ အဖေသည် အသက်ကြီးလာလို့လား မသိ၊ ရယ်လိုက်လျှင် မျက်ရည်ထွက်လာတတ်သည်။ မျက်ရည်စများကို စွပ်ကျယ်လက်ဖျားနှင့် တို့သုတ်လိုက်ပြီး. . .

"အဖေ တစ်ခုပြောချင်တယ်ကွာ၊ သားအနေနဲ့ မမြင့်တို့အပေါ်မှာ မြင်တဲ့ အမြင်က နည်းနည်း လွဲနေသလားလို့"

"ဘယ်လိုလွဲတာလဲ"

"သူတို့က သားကို သမက်ဖမ်းချင်နေတယ်လို့"

မဟုတ်ဘူးလားဆိုသော အကြည့်ဖြင့် တိုးဝင်းက ကြည့်သည်။ အဖေက နားလည်သည်။

"ဟုတ်ပါတယ်၊ သမက်ဖမ်းချင်တယ်ဆိုတာ မှန်တယ်။ သမီးရှင်တစ်ယောက် အဖို့ ရိုးသားတဲ့လူကို သမက်ဖမ်းရမှာက သူတို့ရဲ့ တာဝန်ပဲကွ"

တိုးဝင်းက ပြုံးလိုက်၏။

"ဒါပေမယ့် သူတို့က သားကို မတရားဖမ်းတာ မဟုတ်ဘူးနော်၊ ရိုးရိုးသား သား ဖမ်းတာ"

"ရိုးရိုးသားသား"

တိုးဝင်းက ပဲ့တင်ထပ် ရေရွတ်သည်။

"ဒီလိုလေ၊ မမြင့်က သားကို သမက်တော်ချင်မနေတာဟာ ဆရာဝန်မို့လို့ ဆိုတဲ့ အချက်က အဓိက မဟုတ်ဘူး၊ အေးလေ ဆရာဝန်မို့လို့ ပိုပြီး သဘောကျတယ်



ဆိုတာတော့ ပါတာပေ့ါလေ၊ တကယ့်အဓိကအချက်က ငါ့သားရဲ့ ရိုးသားမှုကို သဘောကျလို့ပဲ၊ မင်းကို ခိုင်းစားချင်တဲ့ သဘော မဟုတ်ပါဘူးကွာ၊ သမက်ကို မှီပြီး စီးပွားရှာစားချင်တယ်ဆိုရင် မင်းလို ဆရာဝန်လောက်ကို ဘယ်စိတ်ကူးမလဲကွ ဒီခေတ်မှာ ဆရာဝန်တွေက စားသာတော့တာမှ မဟုတ်ဘဲ၊ နောက်ပြီး မင်းနောက်မှာ မိသားစု တစ်ပြုံကြီး ရှိနေတယ်ဆိုတာလည်း သူတို့အသိပဲ မဟုတ်လား။ စီးပွားရေး တွက်တွက်ရင် မကိုက်ဘူးပေ့ါကွာ၊ နောက်တစ်ခု သင်သင်ဆိုတာကလည်း သူ့ ရုပ်ရည်နဲ့ ယောကျ်ားတစ်ယောက် ခေါင်းခေါက်ယူနိုင်ပါတယ်ကွ၊ သားအပေါ် သံယောဇဉ် ရှိနေရှာလို့သာ"

"ဘာလဲ အဖေကပါ သဘောတူနေပြီပေ့ါ"

"အဖေက သားကြိုက်တဲ့ မိန်းကလေးကိုမှ သဘောတူမှာပါ"

"အမေကတော့ မယူလို့မဖြစ်အောင် အကြပ်ကိုင်ဖို့ ကြိုးစားနေတာပဲ အဖေရဲ"

"ဘာလဲ ပိုက်ဆံတွေ ချေးထားတဲ့ကိစ္စလား၊ ဒါတော့ ဘာမှမဆိုင်ဘူးကွ တကယ်လိုအပ်လို့ ချေးတာပဲ၊ သားဆေးကျောင်းမတက်ခင်ကတည်းက ချေးခဲ့ရတာ ကွ၊ မမြင့်တို့ကလည်း မိတ်ဆွေချင်း ကူညီတဲ့အနေနဲ့ ချေးခဲ့တာပဲ၊ ဒီငွေကိစ္စကို အကြောင်းပြုပြီး-မင်းကို အကြွေးနဲ့ သိမ်းမယ်လို့ ရည်ရွယ်တာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ဒီအကြွေးကိစ္စက ထည့်တွက်စရာ အချက်တစ်ခုတော့ ဖြစ် နေတာ အမှန်ပဲ မဟုတ်လား"

"မဟုတ်ဘူး သား။ တကယ်လို့ ဒီအကြွေးတွေ မဆပ်မဖြစ် ဆပ်ရတော့မယ် ဆိုရင် ဒီအိမ်ကို ရောင်းပြီး ဆပ်လိုက်မယ်၊ သားတို့ကိစ္စနဲ့ ဘယ်လိုမှ မပတ်သက်စေ ရဘူး၊ အေးကွာ၊ ဒါတွေ ပူမနေပါနဲ့၊ အရေးမကြီးပါဘူး"

ဒါဆိုလျှင် အရေးကြီးတာကို အဖေ ဆက်ပြောစရာ ရှိသေးပုံ ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"သားအနေနဲ့ မင်းအမေကို ငွေမက်တယ်လို့များ ထင်နေသလား"

တိုးဝင်းမဖြေ။ အဖေကပဲ. .

"မထင်နဲ့သား၊ မင်းအမေက ငွေလုံးဝ မက်တဲ့ မိန်းမ မဟုတ်ဘူးဆိုတာ အဖေ ကောင်းကောင်းသိတယ်၊ အဖေ ပင်စင်မယူခင်တုန်းက အဖေ့ရာထူးဟာ သိပ်စားလို့ ကောင်းတဲ့နေရာပေါ့။ ကိုယ်ကတောင် တောင်းစရာ မလိုဘူး ပေးချင်တဲ့လူတွေက တန်းစီနေတာ၊ အဖေက မစားတော့ မင်းအမေက တစ်ဆင့် ချဉ်းကပ်ဖို့ ကြိုးစားကြတယ်။ အဲဒီတုန်းကသာ မင်းအမေက ငွေကို မက်မောခဲ့ရင် ဘာပြောကောင်းမလဲ သားရယ်၊ တိုက်နဲ့ကားနဲ့ ကောင်းကောင်းဖြစ်တာပေါ့၊ ဒါပေမယ့် မင်းအမေက ခါးခါးသီးသီး ငြင်းခဲ့တယ်၊ အဖေ့ဂုဏ်သိက္ခာကို လုံးဝ မထိပါးအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့တယ်၊ အဲဒီအတွက် မင်းအမေကို အဖေတစ်သက်လုံး ကျေးဇူးတင်လို့ဆုံးမှာ မဟုတ်ဘူး"

အဖေ့လေသံမှာ လျှောက်လဲချက်ပေးနေသလိုမျိုး ဖြစ်၏။ တိုးဝင်းသည် အဖေ စိတ်ချမ်းသာစေချင်သည်။ ထို့ကြောင့်. . .

"အမေ့ကို ကျွန်တော် နားလည်ပါ .ယ် အဖေရာ"

ဟု ပြောလိုက်သည်။

"အဖေ့ကိုရော"

"အဖေကဟော့ ဘာပြောစရာ ရှိသလဲ"

"အဖေက ဂုဏ်သိက္ခာကို ထိန်းသိမ်းခဲ့လို့ မချမ်းသာခဲ့ဘူး၊ ဒီတော့ ခုချိန်မှာ မိသားစုစီးပွားရေး ပြဿနာပေါ် ရတယ်၊ အဖေဟာ ကိုယ်နာမည်ကောင်းရဖို့အတွက် မိသားစုကောင်းစားရေးကို မကြည့်ဘဲ တစ်ကိုယ်ကောင်း ဆန်ခဲ့သလိုများ ဖြစ်နေသလားကွာ"



ခြ
"ဟာဗျ ဗကလဲ"
သည် ရုံ
"အေးေ ေမကတော့ ရိုးသားခဲ့မိပြီ၊ ခုမှတော့ ဘာမှမတတ်နိုင်တော့ဘူး"
သာ

တိုးဝ တော်တော်စိတ်မကောင်း ဖြစ်သွား၏။ အဖေသည် အသက်အရွယ်ကြီးလာ၍ စိတ်ကျလာဟန် တူသည်။ မိသားစုကို ဦးဆောင်နိုင်စွမ်း မရှိတော့သောကြောင့် အားငယ်လာပုံ ရသည်။ သူ အလွန်မြတ်နိုးခဲ့သော ရိုးဂုဏ်ကိုပင် သံသယဖြစ်လာခဲ့ပြီ။ မဟုတ်သေးဘူး အဖေ၊ ရိုးသားမှုဆိုတာ ဘယ်အရာနဲ့မှ အပေးအယူလုပ်လို့ မရဘူး၊ ဘယ်အရာနဲ့မှ အစားထိုးလို့ မရဘူး၊ အဖေ ရိုးသားခဲ့တဲ့အတွက် ကျွန်တော်တို့ မချမ်းသာပေမယ့် ဂုဏ်ယူပါတယ် အဖေဟု ပြောပြီး အဖေ့ကို အားပေးလိုက်ချင်သည်။

သို့ရာတွင် ပြောခွင့်မရလိုက်။ အဖေသည် သူ့နားမှာ မရှိတော့။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်မြင့်တို့အိမ်မှာ ဖွင့်မည့်ဆေးခန်းမှာထိုင်ဖို့ ဆုံးဖြတ်လိုက်ပြီဟု တိုးဝင်းက ကြော်ငြာလိုက်သည်။ ဒီလောက်စောစောစီးစီး အဆင်ပြေမှု ရလိမ့်မည်ဟု ထင်မထားခဲ့သောကြောင့် အမေ အံ့ဩလိုတောင် ဖြစ်သွား၏။ အပြင်းအထန် ခုခံလိမ့်မည်ဟု ကျိန်းသေတွက်ထားသောနေရာတွင် ရန်သူတစ်ယောက်မှ ရှာမတွေ့သော အခါ ဇဝေဇဝါနှင့် သံသယစိတ် ဖြစ်ပေါ်လာသည့်သဘောမျိုးပင် ဖြစ်၏။

ထို့အတွက် တိုးဝင်းသည် စိတ်ထဲက ကျေနပ်သလို ဖြစ်မိသည်။ ကိုယ့်ကို အနိုင်ရသွားသူတစ်ယောက် စိတ်ဖြောင့်ဖြောင့် မပျော်နိုင်တာကို ကျိတ်ပြီး ဝမ်းသာရသည့်အရာမျိုးကို ရှုံးဖူးသူတိုင်း သိလိမ့်မည်ဟု သူ ထင်၏။

တိုးဝင်းသည် အမေနှင့် စကားပြောပြီးနောက် သူ့အခြေအနေကို ဆန်းစစ်ကြည့်သည်။ အမေက သူ့ကို အတင်းအကြပ်လုပ်နေခြင်း မဟုတ်သော်လည်း အမေ၏ ထိုးစစ်ကို ကြာကြာတောင့်ခံနိုင်မည်မဟုတ်မှန်း သူ သိသည်။ သူ့မှာ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်သော အင်အား မရှိ။ ထောက်ထားငဲ့ကွက်စရာ အချက်တွေ



ရှိနေသည်။ တခြားဟာတွေ ဖယ်ထားဦး အဖေ့တစ်ယောက်ကိုပဲ ထည့်စဉ်းစားကြည့်။

အဖေသည် ရိုးသားမှုကို ရှေ့ထားတင်ခဲ့မိသဖြင့် မိသားစု စီးပွားရေး ချို့တဲ့ခဲ့ရသည်ဟူသော အစွဲအလမ်း ဖြစ်ပေါ်နေသည်။ ထိုအစွဲအလမ်းကို ချေဖျက်ပစ်ရမည်။ အဖေ ရိုးသားခဲ့တာ မှန်ကန်ကြောင်း သက်သေပြရမည်။ အဖေ့ရိုးသားမှုကြောင့် သားဖြစ်သူ မိမိမှာ အကျိုးခံစားမှု ဖြစ်ပေါ်စေခဲ့သည်။ အဖေ၏ ထိုဂုဏ်ပုဒ်ကို ယုံကြည်သောကြောင့်သာ မိမိကို ချမ်းသာကြွယ်ဝသူများက သမက်တော်ချင်နေခြင်း ဖြစ်သည်။ ဤအချက်ကို ထင်ရှားစေလျှင် အဖေ၏ ရိုးသားမှုကို ဂုဏ်ပြုရာ ရောက်လိမ့်မည်ဟု ထင်၏။

ဒေါ်ဒေါ်မြင့်တို့နှင့် ပတ်သက်၍ အဖေပြောခဲ့သမျှမှာ အမှန်တွေချည်း ဖြစ်၏။ ဒေါ်ဒေါ်မြင့်သည် သူ့အပေါ် ရိုးရိုးသားသား သဘောကျခြင်းသာ ဖြစ်၏။ သူတို့ အခြေအနေ တောင့်တင်းပုံနှင့် သင်သင်၏ ရုပ်ရည်မျိုးနှင့်ဆိုလျှင် သဘောကျ ပတိန်ဖြစ်ဖြစ်၊ လေယာဉ်မှူးဖြစ်ဖြစ် ချမ်းသာကြွယ်ဝသော လုပ်ငန်းရှင်ကလေးတစ် ယောက်ဖြစ်ဖြစ် အသာလေး ရနိုင်သည်။ ဒီကြားထဲက သူ့ကိုမှ ပြင်းပြင်းပြပြ လိုလား နေသည်မှာ အဖေ့သားမို့လိုပဲ။ နောက်ပြီး သူကိုယ်တိုင်၏ ကံတရားကြောင့်ပဲ။ ကုသိုလ်ကံသည် တစ်သက်မှ တစ်ကြိမ်သာ တံခါးခေါက်တယ်လို့ ဆိုစကားရှိတာပဲ။

ခက်နေတာ တစ်ခုက အချစ်ဖြစ်၏။ သူသည် တစ်ခါမှ ချစ်ခဲ့ဖူးသည် မဟုတ်။ အချစ်ဆိုတာ ဘယ်လိုနေသလဲ သူမသိ။ ရင်ခုန်တာပေါ့ဟုဆိုလျှင်သည် သူ့အဖို့ အချစ်ဆိုတာ စာမေးပွဲကို ခေါ်တာပဲဟု ဆိုရမလို ဖြစ်နေသည်။ [illegible] တစ်ယောက်နှင့် ပတ်သက်၍ စိတ်လှုပ်ရှားမိတာတော့ တစ်ခါရှိသည်။ [illegible] ပတ်သက်၍ ဒါလည်း တကယ်ချစ်တာ မဟုတ်ဟု သူ ထင်သည်။ [illegible] ဝင်စားသလို ဖြစ်မိ. . .။

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဟုတ်ပြီ။ အချစ်ဆိုတာ အနေနီးရာက စတာပဲ။ ကြည့်လေ လမ်းမှာ သွားရင်းလာရင်း မိန်းမချောလေးတွေ အများကြီး တွေ့ဖူးတာကပဲ။ ချစ်မိတဲ့စိတ် ဘယ်မှာပေါ်လာလို့လဲ။ နီးနီးကပ်ကပ်နေတာ ကြာတော့မှသာ တဖြည်းဖြည်း သံယောဇဉ်တွယ်လာရာက အချစ်ဖြစ်လာတာ နေမှာ။

ဒီလိုနှင့် ဒေါ်ဒေါ်မြင့်တို့အိမ်မှာ ဖွင့်သည့် ဆေးခန်းထိုင်ဖြစ်သွားသည်။ သူက သဘောတူလိုက်သည်နှင့် ဆေးခန်းသည် အံ့သြစရာ ကောင်းလောက်အောင် လျင်မြန်စွာ ဆောက်လုပ်ပြီးစီးသွားသည်။ ဆေးဝါးပစ္စည်းကိရိယာ အပြည့်အစုံ။ အားလုံး အကောင်းစားတွေချည်း။ တစ်ခါက သူတို့ တိုးဝင်းကို လက်ဆောင်ပေးခဲ့သော နောက်ဆုံးပေါ် သွေးပေါင်ချိန်တိုင်း ကိရိယာလေးသည်လည်း ဒီဆေးခန်း အတွက် ဖြစ်လာခဲ့ပြီ။

အင်္ဂတေကျောက်ပြား မိုးထားပြီး အထဲက မျက်နှာကျက်လည်း ပါသေးသည်။ အကာက ကွန်ကရစ်၊ အခင်းက သမံတလင်း။ သစ်ရိုင်းပျဉ် အစပ်စပ်နှင့် အဖာဖာနှင့် အမိုးက အထပ်သားမျှသာ ဖြစ်သော သူက ဆေးခန်းလေးနှင့် ယှဉ်လိုက်လျှင် ရွှေရွှေနှင့် သင်သင်တို့ ကွာသလိုပင် ကွာသည်။

အမေနှင့် ဒေါ်ဒေါ်မြင့်တို့ စီစဉ်ထားပုံကလည်း ပီပြင်သည်။ ဆေးခန်းနာမည်ကို တိုးဦးဆေးကုခန်းဟု နာမည်ပေးထားသည်။ သင်သင်၏ နာမည်အပြည့်အစုံမှာ သင်သင်ဦး ဖြစ်၏။ နောက်ပြီး သင်သင့်ကိုလည်း အိမ်မှာ အလုပ်မရှိဘဲနေလျှင် စိတ်လေမှာစိုးလို့ဆိုကာ တိုးဝင်း၏ လက်ထောက်အဖြစ် ခန့်ထားလေသည်။

တကယ်တမ်းကျတော့ ဆေးခန်းကို လူနာ သိပ်မလာချေ။ ဒါလည်း မထူးဆန်းလှ။ ထိုရပ်ကွက်မှာ အမေပြောသလို လူကုံထံရပ်ကွက်ဖြစ်၍ အိမ်တိုင်းမှာ မိသားစုဆရာဝန်ရှိပြီးသား။ ထို့အပြင် တိုးဝင်းလို ဘွဲ့လေးစာလုံးသုံးလုံးလောက်နှင့် ဆရာဝန်



ပေါက်စကို ဘယ်သူကမှ အထင်ကြီး အဖက်လုပ်ကြမည် မဟုတ်။ (အမှန်အားဖြင့် သူ့ဘွဲ့မှာ အမ်ဘီဘီအက်စ်ဟူ၍ လေလုံးဖြစ်၏။ သို့ရာတွင် ဘီနှစ်လုံး ထပ်သွားသဖြင့် အက္ခရာအားဖြင့် သုံးလုံးသာ ရှိ၏။)

တစ်နေ့လျှင် လူနာလေးငါးဦးထက် ပို၍မလာ။ လာသူတွေကလည်း သာမန်အသေးအဖွဲ့ကလေးလောက်ကိုသာ လာကုခြင်း ဖြစ်၏။ များသောအားဖြင့် ရပ်ကွက်တွင်းရှိ အလုပ်လုပ်သော ဒရိုင်ဘာ၊ ထမင်းချက်၊ အိမ်ဖော် စသူတို့သာ ဖြစ်လေ၏။

များစွာသောအခါတို့မှာတော့ သူတို့မှာ ဘာအလုပ်မှ မရှိဘဲ အားလပ်နေတတ်သည်။ တစ်ယောက် စာအုပ်တစ်အုပ်စီ ဖတ်ချင်ဖတ်၊ သို့တည်းမဟုတ် ရောက်တတ်ရာရာ စကားတွေပြောရုံလောက်သာ ဖြစ်၏။

သင်သင်သည် ဆေးခန်းမှာ ထိုင်ရခြင်းဖြစ်သောကြောင့် အိမ်နေရင်း အဝတ်အစားကို မဝတ်သင့်ဟု ယူဆဟန်တူသည်။ ထူးထွေဆန်းပြားသည့် ပုံစံများ မဟုတ်ဘဲ ခပ်ရိုးရိုးဝတ်စားတတ်သည့်တိုင် ပိတ်စတွေကတော့ တန်ဖိုးမနည်းလှကြောင်း သတိပြုမိ၏။ သင်သင့်အဖို့ ထသွားလာသွားဝတ်သည့် အဆင့်လောက်တော့ ရှိလိမ့်မည်။ ဒါကိုက တော်တော် သားနားနေပြီ။ သင်သင်သည် အတော်အသင့် ပြင်ဆင်ထားသည့်အခါ နဂိုထက်ပင် ပို၍ ကြည့်ကောင်းလာကြောင်း တိုးဝင်းမျက်မြင်ပင် ဖြစ်၏။

နောက်တစ်ခုက ရေမွှေး။ သင်သင်သုံးသော ရေမွှေးသည် ဘာအမျိုးအစားမှန်း မသိသော်လည်း တော်တော်ဆွဲဆောင်မှု ရှိကြောင်း သေချာ၏။ ဆေးခန်းထဲတွင် တစ်ချက် တစ်ချက် ဝေ့ပျံ့ထွက်လာသော ရေမွှေးနံ့ကြောင့် တိုးဝင်းစိတ်ထဲ [illegible] ကြီး ဖြစ်ဖြစ်သွားရသည်။

သို့ရာတွင် ဒါရေမွှေးက မွှေးတာပဲ၊ ဒီရေမွှေးကို အဝတ်သွေ့ [illegible] ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဆာရီမှာ ဆွတ်ထားရင်းလည်း ဒီလိုပဲ မွှေးမှာပဲဟု တွေးမိတာတော့ ဘာမှ မတတ်နိုင်။ အင်းအပုပ်ကောင် ရုပ်ဆောင်ထားတာကပဲဟု ဆက်မတွေးဖြစ်အောင်တော့ ထိန်းထားနိုင်သည်။

ဒီလိုနှင့် သူသည် မနက်ပိုင်း၌ အကောင်းစား ဆေးဝါး၊ ပစ္စည်းကိရိယာ အပြည့်အစုံရှိသော ဆေးခန်းတွင် အပရိက ရောဂါကလေးများကို ကု၊ ညနေကျတော့ စျေးခပ်ပေါပေါဆေးဝါးများဖြင့် အပြင်းဖျားသော လူနာများကို ကုရင်း ထိုနှစ်နေရာကို ကတ္တခြားတတ်သည့် အလေ့အကျင့် ရလာသည်။

မနက်ဆိုလျှင် တိုးဝင်းကို ကားနှင့် လာခေါ်သည်။ ကားက အရင် ဖင်မလီယာကား မဟုတ်တော့။ စပရင်တာကား ခဲပုပ်ရောင်လေး ဖြစ်နေပြီ။ ဆေးခန်းထိုင်ချိန်က မနက် ရှစ်နာရီမှ တစ်ဆယ့်တစ်နာရီထိဖြစ်၏။ ဒါကလည်း တိုးဝင်းကို သင်သင်တို့အိမ်မှာ ထမင်းစားဖြစ်အောင် ချိန်ကိုက်ထားခြင်း ဖြစ်၏။

ထို့ကြောင့် တိုးဝင်းသည် သင်သင်တို့အိမ်မှာ နေ့စဉ် ထမင်းသွားစားသည့်သဘော ဖြစ်နေ၏။ ဟင်းတွေကတော့ အလှူမှာတောင် ဒီလောက် စုံလိမ့်မည် မဟုတ်။ ထမင်းစားပြီး အချိုပွဲကလည်း တစ်နေ့တစ်မျိုး မထပ်စေရ။ ဒူးရင်းယို၊ ဖွံ့ပလွံသီးစသော ရှားရှားပါးပါးတွေ။ တစ်ခါတလေ ပူတင်းတို့၊ အိုက်စကရင်တို့ ပါလာသည်။

တိုးဝင်းသည် ကားကလေးနှင့် ငြိမ့်ငြိမ့်ကလေး သွားရသည့်အရသာ၊ စားကောင်းသောက်ဖွယ်များကို မြိုးမြိုးမြက်မြက်ကလေး စားရသည့်အရသာကို သာယာစ ပြုလာသည်။ ဒါကြောင့်လည်း ချမ်းသာချင်ကြတာကိုးဟု တွေးမိသည်။ ညနေဘက် သူ့အိမ်မှာ စားရသောအခါတိုင်း စားနေကျ ထမင်းဟင်းများကို မြိုမကျနိုင်သလို ဖြစ်လာ၏။ ဒီလိုဆိုရင်ဖြင့် ညနေစာပါ ကောင်းကောင်းစားရအောင် သင်သင်တို့ ဆေးခ[illegible]မှာ ညနေဘက်ပါ သွားထိုင်ရမလို ဖြစ်နေပြီ။



ဤသို့ဖြင့် အမေ၏ စိမ်ကိန်းမှာ အောင်မြင်ဖို့ တည်းတည်းလေးသာ လိုတော့သည်။ တိုးဝင်းက သင်သင့်အပေါ် ချစ်စိတ်ကလေး ဝင်လာလျှင် ကိစ္စပြတ်ပေတော့မည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်းက ရယ်ပြီး. . .

"ကြဲကြဲဖန်ဖန်ကွာ၊ ငိုတာကို ဝါသနာ ပါရတယ်လို့"

ဟု ပြောသည်။ ရွှေရွှေက. . .

"ဟုတ်တယ် ဆရာရဲ့၊ ဒေါ်ငွေယုံကြီးက သိပ်ရယ်ရတာ၊ ရပ်ကွက်ထဲက ဘယ်သူ့အသုဘဖြစ်ဖြစ် ဝင်ငိုတာပဲ၊ တစ်ခုတော့ ကောင်းတယ်၊ ဆွေမရှိ မျိုးမရှိတဲ့ သူသေရင် ခြောက်ကပ်ကပ်မဖြစ်တော့ဘူး၊ သူရှိတော့ ပွဲစည်တာပေါ့"

"ဒေါ်ငွေယုံကြီးက ခင်ဖို့ ကောင်းပါတယ်"

"ဟုတ်တယ် ဆရာ၊ ကျွန်မကိုလည်း သူပဲ သားသမီးလို စောင့်ရှောက်ခဲ့တာ"

ဆေးခန်းမှာ လူနာပြတ်သွားခိုက် စကားပြောဖြစ်ကြခြင်း ဖြစ်၏။ ခုတလော ဒေါက်တာတိုးဝင်း နည်းနည်း နှုတ်သွက်လျှာသွက် ဖြစ်နေသည်။ စိုစိုပြည်ပြည်လည်း ဖြစ်လာသည်။ ရွှေရွှေကတောင်. . .

"ဆရာ ခုတလော ဝလာသလိုပဲ"



ဟု ပြောသေးသည်။ တိုးဝင်းသည် မနက်က သင်သင်တို့အိမ်မှာစားခဲ့ရသော ကိတ်မုန့်တစ်လုံးနီးပါးရှိသည့် ဝက်စတူးအတုံးကြီးကို မြင်ယောင်လိုက်မိ၏။ တိုးဝင်းက ဝက်သားကြိုက်တတ်မှန်း သိ၍ ဒေါ်စော်မြင့် ဝက်ကို တစ်နေ့တစ်မျိုး မရိုးရအောင် ချက်ကျွေးနေသည်။ သူသည် ဝက်သားတုံးကြီးကို အာရုံထဲမှ ကြိုးစား၍ ဖျောက်ဖျက်လိုက်ပြီး. .

"ဒါနဲ့ အောင်မောင်းတစ်ယောက် ပျောက်ချက်သား ကောင်းလှချည့်လား ရွှေရွှေကိုတောင် ဆေးခန်းပိတ်ချိန် လာမကြိုတာ တစ်ပတ်လောက် ရှိနေပြီ"

"ဟုတ်တယ်ဆရာ၊ သူ အလုပ်များနေလို့ ညဘက် ကားလိုက်နေတယ်လေ အပြန်နောက်ကျတယ်"

"သိပ်ကြိုးစားနေတယ်ပေါ့၊ ငွေများများစုနိုင်မှ မြန်မြန်နီးမယ်ဆိုပြီးတော့ ဟုတ်လား"

ရွှေရွှေက ရှက်စနိုးပြုံး၍. . .

"ဟုတ်တယ် ဆရာ"

"သူ ပါမစ်နှင့် စပယ်ယာဖြစ်ဖို့ကကော"

"ဖြစ်တော့မှာဆရာ၊ လဆန်းရင် လိုင်းထဲဝင်လာမယ့် ကားမှာ တက်ရတော့မယ်"

"ဒါဆို ပိုအဆင်ပြေလာတော့မှာပေါ့"

"ဟုတ်တယ် ဆရာ၊ တချို့က ကားစပယ်ယာဆိုရင် ခပ်စုတ်စုတ်လို့ ထင်ကြတာ၊ လူတွေကြားထဲ အမြဲတိုးဝှေ့ပြီး နေရတော့လည်း ဘယ်သားနားနိုင်ပါ့မလဲ ဆရာ ရဲ့၊ လူမျိုးစုံနဲ့ ဆက်ဆံနေရတာ၊ ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့လည်း ဘယ်ရှိမလဲ။ ဒါပေမယ့် သူတို့ဝင်ငွေက တော်ရုံတန်ရုံ လခစားထက် အများကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ သုံးလေးဆယ်ဆိုတာ အောက်ထစ်ပဲ၊ တစ်ခါတလေ ဂိတ်ထွက်ကောင်းတဲ့အခါ ခုနစ်ဆယ်၊ ရှစ်ဆယ်ရတယ်"

ရွှေရွှေက အောင်မောင်းအတွက် ဂုဏ်ယူပြီး ပြောနေသည်။ ကြွားသလို ဖြစ်နေသော်လည်း ဆက်မပြောဘဲ မနေနိုင်။

"အဲဒါ လိမ်လိမ်မာမာနဲ့ နေတတ်ရင် တကယ် စုမိဆောင်းမိတာ ဆရာ။ တချို့ဆိုရင် အိမ်တွေဘာတွေတောင် ဆောက်နိုင်တယ်။ အခု အောင်မောင်းလိုက်မယ့် ကားပိုင်ရှင် ဦးဟန်ခင်ဆိုတာ အရင်က စပယ်ယာပေါ့။ ကြိုးစားလို့ ဒရိုင်ဘာဖြစ်လာတာ။ ခုကျတော့ သူ့မိန်းမက လက်ကောက် တံတောင်ဆစ်လောက် ရောက်တယ်တဲ့"

ရွှေရွှေသည် သူ့ရှေ့ရေးအတွက် အားရကျေနပ်နေပုံ ရ၏။ သူ့အဖို့ စပယ်ယာကတော်ဖြစ်လျှင် အတော် ဖူလုံပြီဖြစ်၏။ ထိုမှတစ်ဆင့် တက်ပြီး ဒရိုင်ဘာကတော်။ နောက်တော့ အုံနာကတော်။ အောင်မောင်းရှာသော ငွေကို ချွေချွေတာတာ သုံးပြီး ပိုတာကို ကျစ်ကျစ်လျစ်လျစ် စုဆောင်းမည်။ ရွှေလေးဘာလေး ဝယ်မည်။ အိမ်ဆိုင်ကလေး တည်ပြီး တစ်ဖက်တစ်ဖမ်းက ဝင်ငွေရှာမည် စသည်ဖြင့် စိတ်ကူးနေပေလိမ့်မည်။

ကလင်ကလင်ဆိုသော ဘဲလ်တီးသံ ကြားရပြီး ဆေးခန်းရှေ့မှာ ဆိုက်ကားထိုးရပ်လိုက်သော ကိုခင်အောင်ကို မြင်လိုက်ရသည်။ ကိုခင်အောင် ဆေးခန်းထဲ ခပ်သုတ်သုတ် ဝင်လာသည်။

"ဆရာ. . . အဲ. . . ရွှေရွှေ မြန်မြန်လိုက်ခဲ့ပါ"

ဟု ပြူးပြူးပျာပျာ ပြောသည်။

"ဘယ်ကိုလဲ"



"ဆေးရုံ"

"ဘာ ဆေးရုံ"

"အောင်မောဖ်း ဘာဖြစ်လို့လဲ"

ဟု ရွှေရွှေက ဖြတ်မေးလိုက်သည်။

"ခား. . . ခား. . . ခားထိုးခံရလို့"

"ဘာ. . ."

"ဟင်. . . ဆရာ"

ရွှေရွှေ တိုးဝင်းလက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ တိုးဝင်းကိုယ်တိုင်ပင် ရုတ်တရက် ဘာလုပ်ရမှန်း မသိ ဖြစ်သွား၏။ စက္ကန့်ပိုင်းကြာမှ-

"ငါတို့လိုက်သွားမှ ဖြစ်မယ်"

ဆိုပြီး သူ့ဆေးအိတ်ထဲကို ပစ္စည်းတွေ ထည့်သည်။ သူ စမ်းသပ်ခန်းထဲက ပြန်ထွက်လာတော့ ဆေးပုလင်းတွေ ဗီရိုထဲ ထည့်နေသော ရွှေရွှေကို တွေ့သည်။

"ရွှေရွှေ၊ အဲဒါတွေ သိမ်းမနေနဲ့တော့၊ သွားကြမယ်"

ကိုခင်အောင့်ဆိုက်ကားနှင့်ပင် ကားငှားလို့ရမည့် နေရာသို့ လာခဲ့ကြသည်။ လမ်းရောက်မှ. . .

"ဘယ်လိုဖြစ်တာလဲ"

ဟု မေးရသည်။ ကိုခင်အောင်က. . .

"ကျွန်တော်လည်း သေသေချာချာ မသိဘူး၊ ဘတ်စ်ကား တစ်စီးက ဂိတ်ကို လာပြောသွားတာ၊ ကားပေါ်က အဆင်းမှာ ခားနဲ့ထိုးပြီး ထွက်ပြေးသွားကြတာ"

ကားတစ်စီးငှားပြီး ဆေးရုံကြီး အရေးပေါ်ဌာနသို့ သွားသည်။ ဘာဝန်ကျဆရာဝန်က ခွဲခန်းဆီ ညွှန်သည်။ အရေးပေါ်ခွဲခန်းသို့ သွားသည်။ ခွဲခန်းရှေ့မှာ

www.burmeseclassic.com



ဒရိုင်ဘာ ကိုမောင်လှကို တွေ့သည်။ စိုးရိမ်ကြီးစွာသော အမူအရာနှင့်။ တိုးဝင်းက ဘာမှမေးမနေတော့ဘဲ ခွဲခန်းထဲ ဝင်သွားသည်။ ရွှေရွှေက လိုက်ဝင်မည်ပြုပြီးမှ ကျန်ရစ်ခဲ့သည်။

ခွဲခန်းထဲ ဝင်လိုက်ပြီးနောက် သူ့ခြေလှမ်း တုံ့ခနဲ ဖြစ်သွား၏။ အောင်မောင်းသည် ခွဲစိတ်ခုံပေါ်မှာ ရောက်နေသည်။ သွေးသွင်းထားရသည်။ ရက်စပရေတာခေါ် အသက်ရှူစက် တပ်ထားရသည်။ ထိုအချက်များက စိုးရိမ်ဖွယ်ရာ အခြေအနေကို ပြနေသည်။

တိုးဝင်သည် ခွဲခန်းတွင်းမှ ဆရာဝန်များအား သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။ အောင်မောင်းကို သူ့ညီဟု ပြောသည်။ ခွဲစိတ်ဆရာဝန်က. . .

"အခြေအနေပြောဖို့ မလွယ်ဘူး၊ လစ်ဗာထိသွားတယ် ထင်တယ်"

အသည်းကို ထိမိသည်ဟု ပြောသည်။ အောင်မောင်း၏ ခေါင်းရင်းမှာ ရပ်နေသော မေ့ဆေးဆရာဝန်က. . .

"ဘီပီသိပ်ကျနေတယ်၊ ခွဲလို့ မဖြစ်သေးဘူး၊ ပြန်တက်အောင် လုပ်ရမယ်"

တိုးဝင်းက အောင်မောင်း၏ ဒဏ်ရာကို ကြည့်လိုက်သည်။ သွေးသိပ်မထွက်။ သို့ရာတွင် အောင်မောင်း၏ ပင်ကိုအသားရောင် ညိုမှိုင်းမှိုင်း မဟုတ်ဘဲ မီးခိုးဖျော့ဖျော့ ဖြစ်နေသဖြင့် ကိုယ်တွင်း သွေးယိုနေကြောင်း သိသာသည်။

ဒဏ်ရာအဝမှာ သိပ်မကြီးလှ။ လက်သန်းတစ်ချောင်းဝင်စားလောက်ပင် မရှိ။ ဒါဆိုလျှင် ဟိုအရင်တစ်ခါ ဘတ်စ်ကားပေါ်မှာ ပြဿနာဖြစ်တုန်းက ခါးပိုက်နှိုက်တွေကိုင်သော သုံးမြှောင့်စားမြှောင်ကို ဖျတ်ခနဲ သတိရလိုက်သည်။

သူသည် ခွဲစိတ်ဆရာဝန်နှင့် မေ့ဆေးဆရာဝန်တို့၏ မျက်နှာများကို တစ်လှည့်ကြည့်လိုက်သည်။ ထိတ်ခနဲ ဖြစ်သွား၏။ ဆရာဝန်အချင်းချင်းသာ နားလည်နိုင်



သော မျက်လုံးများ။ အောင်မောင်းကို ကြည့်လိုက်ပြန်သည်။ အောင်မောင်း၏ လက်ကလေးများ ဆတ်ခနဲ ဆတ်ခနဲ တုန်နေသည်။ သူ မျက်နှာ လွှဲလိုက်၏။

ခွဲခန်းအပြင်သို့ ထွက်လာသည်။ ရွှေရွှေက သူ့ဆီ ခြေတစ်လှမ်း လှမ်းပြီးမှ တုံ့ခနဲ ရပ်သည်။ သူ့မျက်နှာကို စိုက်ကြည့်သည်။ ရွှေရွှေ၏ မျက်နှာ ကွက်ခနဲ ညိုသွားသည်။ ဆရာဝန်တစ်ယောက်နှင့် နီးနီးကပ်ကပ် နေခဲ့ရသဖြင့် သူ့မျက်နှာ အဓိပ္ပါယ် အကဲကို ရွှေရွှေ ရိပ်မိသွားပြီ။

ရွှေရွှေမျက်ရည်ဝဲကျလာသည်။ ကိုမောင်လှက ရွှေရွှေ့လက်မောင်းကို ဖမ်းကိုင်ပြီး ထိန်းထားလိုက်သည်။ ဒေါက်တာတိုးဝင်းသည် ရွှေရွှေ့ပခုံးပေါ်သို့ လက်ဘင်ဖက် တင်လိုက်သည်။

* * * * *

အောင်မောင်း၏ ဈာပနတွင် တစ်ရပ်ကွက်လုံးက ဝိုင်းဝန်းကူညီကြသည်။ ရွှေရွှေသည် လူးလိမ့်ငိုကြွေးခြင်း မရှိ။ သူ့ကိုယ်သူ တည်တည်ငြိမ်ငြိမ်ဖြစ်အောင် အတတ်နိုင်ဆုံး ထိန်းထားသည်။ သို့ရာတွင် သူ့ရင်ထဲမှာ ပြင်းထန်စွာ ခံစားနေရကြောင်း သိသာ၏။ ခုလို အတွင်းကျိတ်ခံစားရတာက ပိုပြီး ထိနိုက်သည်။ အချိန်မရွေး တုံးခနဲ လဲကျသွားနိုင်သည်။ ထို့ကြောင့် တိုးဝင်းက သူ့ကို မျက်ခြည်မပြတ် ကြည့်နေရသည်။

ဒေါ်ငွေယုံသည် ရင်ဘတ်စည်တီးအော်ဟစ်ငိုကြွေးနေသည်။ ရွှေရွှေ ပြောသလို ငိုတာ ဝါသနာပါသဖြင့် ငိုနေခြင်းမဟုတ်။ တကယ် ထိနိုက် ကြေကွဲနေခြင်း ဖြစ်၏။ သူသည် ရွှေရွှေ့အတွက်ပါ နှစ်ဆတိုး၍ ငိုကြွေးပေးနေသကဲ့သို့ ရှိသည်။

ရွှေရွှေစိတ်ဓာတ် ခိုင်မာပုံကို သူ အံ့ဩသည်။ ရက်လည်ပြီး နောက်တစ်နေ့မှာပင် ဆေးခန်းကို အလုပ်လာဆင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ လာရတာလဲ ရွှေရွှေရယ်၊ အေးအေးဆေးဆေး နားနေရောပေါ့"

"အိမ်မှာနေရင် သူ့အကြောင်း မတွေးဘဲ နေနိုင်မှာ မဟုတ်ဘူး ဆရာ"

ဟု ပြန်ပြောသည်။

ရွှေရွှေသည် ရွှင်ရွှင်ပျပျ မရှိလှသော်လည်း တတ်နိုင်သမျှ တည်တည်ငြိမ်ငြိမ် ဖြစ်အောင် ကြိုးစားသည်။ အပူရုပ်ဖြင့် ငေးငေးငိုင်ငိုင် မနေဘဲ လုပ်စရာရှိတာကို ဆက်လုပ်သည်။ ရွှေရွှေကို သူ မချီးကျူးမလေးစားဘဲ မနေနိုင်။

အောင်မောင်း သေဆုံးရခြင်းမှာ သူ့အပြစ်မကင်းဟု တိုးဝင်း ခံစားနေရသည်။ တစ်ခါက သူ့ကြောင့် အောင်မောင်းနှင့် ခါးပိုက်နှိုက်များ ထိုးကြ၊ ကြိတ်ကြ ဖြစ်ခဲ့သည်။ ထို့ကြောင့် ခါးပိုက်နှိုက်များက အငြိုးထား အတေးထားပြီး ချက်ကောင်းစောင့်၍ လက်စားချေခဲ့ကြခြင်း ဖြစ်လေသည်။

ရွှေရွှေနှင့် ပတ်သက်သော လူနှစ်ယောက် သေဆုံးခဲ့ရာတွင် နှစ်ယောက်စလုံး မိမိပယောဂ အထိုက်အလျောက် မကင်းခဲ့ဟု တိုးဝင်း ထင်သည်။ ထို့ကြောင့် ရွှေရွှေကို စောင့်ရှောက်ရမည့် ဝတ္တရားရှိသည်ဟု ယူဆသည်။ ထိုအခါ တစ်ခါက ရွှေရွှေအပေါ် ထားခဲ့မိဖူးသော တွယ်တာစိတ်ကလေး တစ်ဖန် ပြန်လည်လှုပ်လှုပ်လာသည်။

သို့ရာတွင် ရွှေရွှေသည် အောင်မောင်းကလွဲလို့ ဒီတစ်သက်မှာ ဘယ်သူ့ကိုမှ မချစ်နိုင်တော့ပြီ။ အောင်မောင်းနေရာတွင် ဘယ်သူ့ကိုမှ အစားထိုး၍ ရနိုင်မည် မဟုတ်မှန်း သူ သိသည်။ အောင်မောင်းသည် ရွှေရွှေ၏ နှလုံးသားထဲတွင် ထာဝရ ရှိနေပြီး နောက်ထပ်ဝင်ရောက်လာဖို့ ကြိုးစားသူ မှန်သမျှကို တွန်းထိုးမောင်းနှင် ပယ်ထုတ်ပစ်နေမည်သာ ဖြစ်၏။

ရွှေရွှေကို နှမအရင်းကလေးတစ်ယောက်လို စောင့်ရှောက်သွားရုံမှတစ်ပါး အခြား မရှိ။

*****



တစ်ဘက်တွင် သင်သင်နှင့် ရင်းနှီးမှု ပိုမိုလာသည်။ နီးနီးစပ်စပ်နေကြသည့် သူတို့အကြောင်း ပိုသိလာရ၏။ ဝေါဝေါမြင့်သည် သူထင်သလို ကြွားကြွားဝါဝါ နေတတ်သော မိန်းမကြီး မဟုတ်။ သဘောကောင်းပြီး လူတစ်ဖက်သားကို ကူညီတတ်သည်။ သင်သင်သည် သူဌေးသမီးဆိုပြီး ထောင်ထောင်လွှားလွှား မနေတတ်။ အဝတ် အစားကအစ ရိုးရိုးလေးသာ ဝတ်စားနေထိုင်သည်။ သင်သင်၏ ရိုးသားဖြူစင်သော စိတ်ထားကို ဆေးခန်းမှာ တွဲလုပ်ရသည့်အခါကျမှ သိရသည်။ အထူးသဖြင့် မိန်း အပေါ် သင်သင်သံယောဇဉ်ကြီးရှာသည့် အကြောင်း။

တိုးဝင်းသည် သူချစ်ကို ရရှိနေပြီ ဖြစ်၏။ ထိုအချစ်ကို လက်ခံအသိအမှတ်ပြု လိုက်လျှင် ကိစ္စပြီးနေပြီ။ အချစ်ဆိုတာ ဘာလဲဟု ရှာဖွေနေဖို့ အချိန်မဟုတ်[illegible] ဟု သူ ထင်သည်။ စာအုပ်တွေထဲမှာ အချစ်နှင့် ပတ်သက်၍ အဓိပ္ပာယ်[illegible] ဖတ်ဖူးသည်။ တစ်ယောက်နှင့်တစ်ယောက် အဆိုအမိန့်ချင်း မတူ[illegible] ကိုယ်ဆွဲပြောနေကြခြင်းသာ ဖြစ်၏။ အလွန် တိကျပါသည်ဆို[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့် ဆေးပညာမှာပင် ဆရာဝန်တစ်ဦးနှင့်တစ်ဦး အယူအဆ မတူတာတွေ ရှိသည်။ အမည်မဖော်နိုင်သော ရောဂါတွေ ရှိနေသေးသည်။

ဒီတော့ သူ့အနေနှင့် အချစ်ဆိုတာ အမုန်းမဟုတ်ဘူးဟု သတ်မှတ်လိုက်တာ အကောင်းဆုံး ဖြစ်၏။ သင်သင့်ကို သူ မမုန်းချေ။

သို့ဖြင့် တစ်နေ့သောအခါ သင်သင့်ကို သူပြောသည်။

"သင်သင်တို့ အိမ်မှာချည်းပဲ ထမင်းစားဖြစ်နေတယ်။ သင်သင့်ကိုတော့ တစ်ခါမှ ပြန်မကျွေးရသေးဘူး၊ ဒီနေ့ မနက်စာ ကိုယ်တစ်နေရာရာမှာ ကျွေးပါရစေ"

ထိုစကားကို ကြားသောအခါ အေးအေးဆေးဆေး နေတတ်သော သင်သင် ပင်လျှင် ပျာပျာသလဲ ဖြစ်သွား၏။ အံ့ဩဝမ်းသာသွားပုံမှာ ထင်ရှားသည်။

"ခဏနော် ကိုတိုး၊ မေမေ့ကိုပြောလိုက်ဦးမယ်"

သင်သင် ဒေါ်ဒေါ်မြင့်ဆီမှာ ခွင့်သွားတောင်းတာ တော်တော်ကြာသည်။ ဒေါ်ဒေါ်မြင့်က ခွင့်မပြုလို့ ကြာနေတာတော့ မဖြစ်နိုင်။ တစ်ခါတည်း ရေချိုး၊ အဝတ်အစားလဲ၊ ဖြီးလိမ်းပြင်ဆင်နေသောကြောင့်ပင် ဖြစ်လေသည်။ သင်သင်ရောက်လာသည်။ ပြင်ဆင်ထားပုံမှာ တော်တော်သားသားနားနား လုပ်လာကြောင်း သိသာ၏။ အဝတ်အစားတွေက သူနှင့် လိုက်ဖက်သည့်အပြင် သူ့အလှကို ပိုမိုပေါ်လွင်အောင် ပံ့ပိုးနေသည်။ သင်သင်ရုပ်ရှင်မင်းသမီး လုပ်ရင်တောင် ရနိုင်တယ်ဟု တိုးဝင်း တွေးမိသည်။ လှပသော မိန်းကလေးတစ်ယောက်နှင့် တွဲသွားရသော အရသာကို ပထမဆုံးအကြိမ် ခံစားရသည်။

"သင်သင် ဘယ်မှာစားချင်သလဲ"

ဟု သူ မေးသည်။

"ကိုတိုး ကြိုက်တဲ့ဆီ သွားပါ"



ကားကို မြေဥယျာဉ်သို့ မောင်းခိုင်းလိုက်သည်။ တကယ်လည်း သားသားနားနား နေရာဆိုလို့ ဒီနေရာတစ်နေရာပဲ တိုးဝင်းရောက်ဖူးသည်။ သူငယ်ချင်း တစ်ယောက်က ခေါ်သွားသောကြောင့် ဖြစ်၏။ ဟိုရောက်တော့လည်း သင်သင်က ကိုတိုး စားချင်တာပဲ မှာပါဟု ပြောပြန်သည်။ တိုးဝင်းသည် သိပ်မှာတတ်သည်မဟုတ်။ အစိမ်းကြော်တို့၊ ကုန်းဘောင်ကြီးကြော်တို့လောက်သာ သိသူဖြစ်၏။ ကြားဖူးနားဝ တော့ ရှိသည်။ နောက်တော့ စားစရာ စာရင်းကြည့်ပြီး စိတ်ကူးတည့်ရာ ဟင်းသုံးမျိုး မှာလိုက်သည်။

တကယ်တော့ စားတာသောက်တာ အဓိကမဟုတ်။ ပြောစရာရှိတာ ပြောဖို့သာ အရေးကြီးသည်။ များများပြောစရာလည်း မရှိ။ ရှည်ရှည်ဝေးဝေး ရှင်းပြနေစရာလည်း မလို၊ တစ်ခွန်းတည်းပဲ။

"သင်သင့်ကို ကိုယ် လက်ထပ်ချင်တယ်"

သင်သင့်မျက်နှာပေါ်မှာ အံ့ဩဝမ်းသာသည့် အရိပ်အရောင်တွေ တဖျပ်ဖျပ် ပေါ်လာသည်။ ထို့နောက် သင်သင် ခေါင်းငုံ့သွားသည်။

"မေမေ့ကို လာပြောပေါ့"

ဟူ၍သာ ဆိုသည်။

တိုးဝင်း၏ တာဝန်ပိုင်းက ဒီလောက်သာ ဖြစ်၏။ ကျန်သည့်အပိုင်းကို အမေတို့ ဒေါ်ဒေါ်မြတို့က လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားလိမ့်မည်။ အမေတို့အလုပ်တွေ ရှုပ်ကုန်သည်။ ဒေါ်ဒေါ်မြင့်က စေ့စပ်ကြောင်းလမ်းရမည့် နေ့ကောင်းရက်သာ ရွေးဖို့ သူတို့မိသားစု ပေဒင်ဆရာနှင့် တွက်ချက်သည်။ အမေကတော့ သိပ်အချိန်မဆိုင်းချင်။ တိုးဝင်းက စိတ်မချရ။ မတော်တဆ စိတ်ပြောင်းသွားမှာစိုး ခက်မည်။

တိုးဝင်းအနေနှင့်တော့ ဘာမှ ပင်ပန်းပန်းပန်း လုပ်စရာမရှိ။ အမေတို့ စီစဉ်

www.burmeseclassic.com

www.burmeseclassic.com



သည့်အတိုင်း အလိုက်သင့် နေသွားရုံသာ ဖြစ်၏။ တစ်ခုပဲ အခက်အခဲရှိသည်။ စေ့စပ်ကြောင်းလမ်းဖို့ သဘောတူပြီးသားသည့် မိန်းကလေးတစ်ယောက်နှင့် ဘယ်လို နေထိုင်ပြောဆိုဆက်ဆံရမှန်း မသိခြင်းပင် ဖြစ်၏။

*****



ရွှေရွှေဆေးခန်းကို မလာတာ သုံးရက်လောက် ရှိပြီ။ နည်းနည်း နေမကောင်း လို့ဟု ဒေါ်ငွေယုံ့သားကို ပြောခိုင်းလိုက်သည်။ နည်းနည်းတော့ ထူးခြားသည် ထင်မိ၏။ နေမကောင်းဘူးဆိုလျှင် ဆေးခန်းကို လာဖို့ လိုတာပေါ့။ စမ်းသပ်ကြည့်ပြီး ဆေးသောက်တန် သောက်၊ ဆေးထိုးတန်ထိုး လုပ်သင့်သည်။ မှတ်မှတ်ရရ ဆေးခန်းမှာ အလုပ်ဝင်ပြီးကတည်းက ရွှေရွှေ ဖျားတယ်နာတယ်ဆိုတာ တစ်ခါမှ မတွေ့ခဲ့ဖူး။ ခုရက်ပိုင်း ရွှေရွှေ နည်းနည်း ပိန်သွားတာကိုတော့ သတိထားခဲ့မိသည်။ အောင်မောင်းနှင့် ပတ်သက်၍ ကျိတ်မှိတ်ခံစားခဲ့ရသော ဒဏ်တွေ ခံရတာ ဖြစ်နိုင်သည်

သို့ဖြင့် ရွှေရွှေ့အိမ်သို့ သူ လာခဲ့သည်။ ဒေါ်ငွေယုံဆီ အရင်ဝင်သည်။ သူ့ကို မြင်သောအခါ ဒေါ်ငွေယုံ့က ပျာပျာသလဲကြိုဆိုသည်။ တစ်ပြိုင်တည်းတွင် တစ်ချက် အပြစ်ရှိနေသူတစ်ယောက်၏ ဖော်ရွေခြင်းမျိုးကိုလည်း ထူးခြားစွာ တွေ့နေသည်။

ရွှေရွှေ့အခန်းကို ဝင်လိုက်သည်။ ရွှေရွှေသည် ဖျာပေါ်မှာ လဲနေတာ သူ့ကို မြင်တော့ ထထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လှဲနေလေ ရွှေရွှေ၊ ဆရာ့ကို အားမနာနဲ့"

ဟု သူ ပြောလိုက်၏။

"ဘာဖြစ်တာလဲ"

ဆက်မေးသည်။

"နည်းနည်းမူးလို့ပါ၊ အားနည်းတယ် ထင်တာပဲ"

"ဆေးခန်းကို လာရောပေါ့၊ အားဆေးလေး ဘာလေး ထိုးရတာပေါ့၊ ဘာလဲ၊ အလကား ဆေးထိုးရမှာ အားနာလို့လား"

တိုးဝင်းက နောက်လိုက်သည်။ ရွှေရွှေက ပြုံးရုံသာ ပြုံးသည်။ ရွှေရွှေ့ကို ကြည့်ရတာ တစ်မျိုး ထူးခြားနေသည်ဟု ထင်၏။ မျက်နှာက ချောင်ကျနေသည်။ တိုးဝင်းက ဒေါ်ငွေယုံကို တစ်ချက်ကြည့်လိုက်သည်။ ဒေါ်ငွေယုံမှာ မနေတတ်မထိုင်တတ်ဖြစ်ပြီး ယောင်တောင်တောင် ဖြစ်နေ၏။ တိုးဝင်းနှင့်လည်း မျက်လုံးချင်း မဆုံမိအောင် ကြိုးစားလွှဲဖယ်နေသည်။

တိုးဝင်း၏ စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွား၏။ သူသည် စပယ်ရှယ်လစ် ဆရာဝန်ကြီးတွေလို အသားအရေကို ကြည့်ရုံဖြင့် ဘာဖြစ်တာပဲဟု ဒက်ခနဲ ပြောနိုင်သူ မဟုတ်သော်လည်း ဆရာဝန်တို့မှာသာရှိသော ထူးခြားသည့် အမြင့်အာရုံတစ်ခုကြောင့် တစ်စုံတစ်ခုကို သိရှိလိုက်သလို ခံစားရသည်။

ရွှေရွှေ့ကို စမ်းသပ်ကြည့်ပြီး. . .

"သွေးအားနည်းတာပါ"

ဟုပြော၍ အကြောဆေးတစ်လုံး သွင်းပေးသည်။ သောက်ဆေးတွေ ပေးသည်။

"အေးအေးဆေးဆေး အိမ်မှာပဲ နားနေဦးပေါ့၊ နက်ဖြန် ဆရာတစ်ခေါက် လာကြည့်ဦးမယ်"



သူတို့နှစ်ယောက် မျက်လုံးချင်း ဆုံမိကြသည်။ ထိုအခါ ရွှေရွှေဘာဖြစ်နေကြောင်းကို တိုးဝင်းသိလိုက်ရလေသည်။ ဒီလို သူသိသွားကြောင့်လည်း ရွှေရွှေက ရိုပ်မိသည်။

"ဆရာ"

ရွှေရွှေက ခေါ်လိုက်သည်။ တိုးဝင်းက ရွှေရွှေ့ကို ကြင်နာစွာ ကြည့်သည်။

"ဆရာ့ကို ကျွန်မ အားကိုးပါတယ် ဆရာ"

သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ သူ ခေါင်းတစ်ချက် ဆတ်လိုက်၏။

ရွှေရွှေ့ဆီမှ ပြန်ထွက်လာတော့ ဒေါ်ငွေယုံက လမ်းပေါ်အထိ မရဲတရဲ လိုက်လာသည်။ တိုးဝင်းက. . .

"ဒေါ်ငွေယုံ"

"ရှင်. . . ဆရာ"

"ရွှေရွှေ ဘာဖြစ်နေတယ်ဆိုတာ သိတယ် မဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာ"

"ရွှေရွှေ့ကို မျက်ခြည်မပြတ် ဂရုစိုက်ပါ၊ ဘာတစ်ခုမှ မဟုတ်တာတွေ မလုပ်ပါစေနဲ့။ မြန်မာဆေးတွေလည်း မတိုက်ပါနဲ့၊ ကျွန်တော်ပြောတာ နားလည်တယ် မဟုတ်လား"

"ဟုတ်"

"နောက်ပြီး ဒီအကြောင်း ဘယ်သူမှ မသိပါစေနဲ့"

"မသိစေရပါဘူး ဆရာ၊ ကိုပြားကြီးကိုတောင် မပြောပါဘူး"

"ကောင်းပြီ၊ ကျွန်တော် နက်ဖြန်တစ်ခေါက်လာမယ်"

သူ လှည့်ပြီး ခြေတစ်လှမ်း အလှမ်းတွင်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ"

ဒေါ်ငွေယုံက ခေါ်သည်။ သူ လှည့်ကြည့်သည်။

"ကံဆိုးမလေးကို ကယ်ပါဦး ဆရာရယ်"

ဒေါ်ငွေယုံ ငိုသည်။ တိုးဝင်း ရင်ထဲမှာ ဆူဝေလာသည်။

*****



BURMESE CLASSIC .com

တိုးဝင်း၏ ဦးခေါင်းသည် လူတကာ ဝိုင်းကန်ထားသော ဘောလုံးတစ်လုံးလို ထူပူနေသည်။ ဘောလုံးက အထဲမှာ လေပဲ ရှိသည်။ မခံနိုင်လျှင် ပေါက်ကွဲသွား... သာ။ သူ့ဦးခေါင်းကတော့ ပေါက်ကွဲလို့လည်း မရ။ အထဲမှာ ဦးနှောက်ရှိနေသည်။ ထို့ကြောင့် အတွေး ရှိနေသည်။ တွေးမိပြန်တော့လည်း ပို၍ နာကျင်ကိုက်ခဲလာသည်။

အကယ်၍သာ ရွှေရွှေ မဟုတ်ဘူးဆိုလျှင်တော့ ပြဿနာ သိပ်မရှိ။ သ... ကရုဏာသက်ရုံနှင့် ပြီးနိုင်သည်။ ခုကျတော့. . .

သူသည် တစ်စုံတစ်ယောက်ကို ဖွင့်ဟ တိုင်ပင်ချင်သည်။ အေးဖေကို သွား... သတိရသည်။

အေးဖေ၏ အခန်းက အိမ်ဘေးရှိ ကားဂိုဒေါင်ဟောင်းမှာ ဖြစ်၏။ ... သည် သူ့အိပ်ခန်းဖြစ်သလို ဆေးခန်းလည်း ဖြစ်၏။ သူ့အိပ်သော ... လူနာတွေကို စမ်းသပ်လေ့ ရှိသည်။

အေးဖေ အပြင်သွားနေသဖြင့် ထိုင်စောင့်ရသေးသည်။ ... သူ၏ ... သီးသုတ်ပျာ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . သူဌေးလောင်းပါလား"

ဟု နှုတ်ဆက်သည်။

"မင်း ဘယ်သွားနေတာလဲ"

"ဟာ ငါ့မိတ်ဆွေဆိုက်ကားဆရာ တစ်ယောက်ကွာ။ မွေးကျွတ်နာ ဖြစ်ရာက အသည်းမိပြီး မန်းဝင်နေတာ၊ အိမ်လာခဲ့လို့ပြောတာ မရဘူး၊ ပေပြီး ဆိုက်ကား ဆက်နင်းနေလို့ ဂိတ်အထိ လိုက်သွားပြီး ခွဲပစ်ခဲ့ရတယ်"

အေးဖေက ပန်းကန်ပြား ဝဲ့ကို စားပွဲပေါ်တင်ပြီး အိပ်ရာပေါ် ပက်လက်လှန်လှဲချလိုက်သည်။

"တဲ့. . . ဆိုစမ်း၊ မင်း မင်္ဂလာဆောင်မှာ သတို့သား အရံလုပ်ပေးရမလား၊ ငါ့မှာတော့ အဝတ်အစား ကောင်းကောင်း မရှိဘူး၊ မင်း ချုပ်ပေးရမယ်"

"ငါ မင်းကို အရေးကြီးတဲ့ကိစ္စတစ်ခု တိုင်ပင်ချင်လို့"

အေးဖေက တိုးဝင်းကို ကြည့်ပြီး တကယ် အရေးကြီးမှန်း သိသွားသဖြင့် လှဲနေရာမှ ထထိုင်သည်။

"ဘာဖြစ်လို့လဲ"

တိုးဝင်းက ရွှေရွှေအကြောင်း ပြောပြသည်။ ရွှေရွှေအဘွား သေဆုံးရခြင်းမှာ သူ ပေါ့လျော့မှု ဖြစ်နိုင်ကြောင်းလည်း ပါသည်။ သူနှင့် ပတ်သက်၍ ဖြစ်ခဲ့ရသော အရေးအခင်းတစ်ခုကို အကြောင်းပြု၍ အောင်မောင်း သေဆုံးခဲ့ရပုံနှင့် ရွှေရွှေ အားကိုးရာမဲ့နေပုံ ပြောပြပြီး. . .

"အဲဒီမိန်းကလေးကို ငါ သနားတယ်ကွာ"

"သနားတယ် ဟုတ်လား၊ အဲဒါ ဘာဖြစ်လဲ"

"မဟုတ်သေးဘူးကွာ၊ ငါ. . ."



တိုးဝင်းက ဆက်မပြောဘဲ ရပ်နေသည်။ အေးဖေက. .

"လူတစ်ယောက်ကို သနားတယ်ဆိုတာ လွယ်လွယ်လေးပဲကွ၊ ဒါပေမယ့် အသနားခံရတဲ့လူအဖို့တော့ ဘာမှ အကျိုးမရှိဘူး၊ သူများသနားတာ ခံလိုက်ရလို့ သိက္ခာကျသွားတာပဲ ရှိတယ်၊ သူများကို သနားလိုက်တဲ့အတွက် ကိုယ်က အဲဒီလူထက် မြင့်တဲ့အနေအထားမှာ ရှိတယ်လို့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလို့ ရတာပေါ့။ တကယ်တော့ လူတစ်ဖက်သားကို သနားတယ်၊ သနားတယ်လို့ ခဏခဏ ပြောတတ်တဲ့ လူဟာ တကယ် စာနာထောက်ထားတတ်လို့ မဟုတ်ဘူး။ ကိုယ် စိတ်ချမ်းသာရာ ရဖို့ တစ်ဖက်သားကို ခုတုံးလုပ်ပြီး စော်ကားနေတာနဲ့ အတူတူပဲ"

"မင်းကလည်း စွတ်ပြောနေတာပဲ၊ ငါ့စကား မဆုံးသေးဘူး"

"ဒါဆိုလည်း ပြောကွာ"

တိုးဝင်းက ခဏဆိုင်းပြီးမှ. . .

"သူ့မှာ ကိုယ်ဝန်ရှိနေပြီကွ"

"ဘာ မင်း. . . မင်း. . . တော်တော်ယုတ်မာတဲ့ ကောင်ပါလား၊ ဆင်းရဲတဲ့ မိန်းကလေးတစ်ယောက်ကို လွန်လွန်ကျူးကျူး ဖြင်ပြီးမှ သူဌေးသမီးကို ယူတော့မယ်ပေါ့"

"ဟာ မဟုတ်သေးဘူး၊ မဟုတ်ဘူး။ ငါနဲ့ဖြစ်တာ မဟုတ်ဘူး၊ အောင်မောင်းနဲ့ သေသွားတဲ့ အောင်မောင်းနဲ့"

"ဒီတော့. . ."

ဟု ဆိုပြီး အေးဖေက တိုးဝင်း ဆက်ပြောမည့် စကားကို စိတ်ဝင်စားစွာ စောင့်ဆိုင်းနေသည်။

"ငါ သူ့ကိုတာဝန်ယူချင်တယ်၊ ငါ သူ့ကို လက်ထပ်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆုံးဖြတ်ပြီးပြီလား"

"စိတ်ထဲမှာတော့ ဆုံးဖြတ်ပြီးပြီ၊ တကယ် လက်တွေ့လုပ်ဖို့ကျတော့ ငါ့မှာ ထောက်ထားစရာတွေ အများကြီး ဖြစ်နေတယ်။ ငါ့မိသားစု၊ ပြီးတော့ သင်သင်နဲ့ ကိစ္စ. . .၊ အဲဒါ. . . ."

သက်ပြင်းတစ်ချက် ရှိုက်ပြီး. . .

"ငါလုပ်တာ မှန်တယ်လို့ တစ်ယောက်ယောက်က ထောက်ခံစေချင်တယ်၊ အဲဒါ ဆိုရင် ငါ လုပ်ရဲမှာပဲ"

အေးဖေက တိုးဝင်းကို စိုက်ကြည့်ပြီး. . .

"ငါ ထောက်ခံတယ်၊ မင်း ဆုံးဖြတ်တာ မှန်တယ်"

"ကျေးဇူးပဲကွာ"

အတော်ကြာအောင် ဘာမှမပြောဖြစ်ကြ။

"ငါ ပြန်မယ်ကွာ"

တိုးဝင်း ထရပ်လိုက်သည်။ အေးဖေက လက်ကမ်းပေးသည်။ တိုးဝင်းက အေးဖေလက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ သူငယ်ချင်း နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေသည်

"မင်းကို ငါ လေးစားပါတယ် သူငယ်ချင်း"

အေးဖေက ပြောသည်။ တိုးဝင်း ပြုံးလိုက်၏။ ထို့နောက် အခန်းထဲက ထွက်သွားသည်။ အေးဖေသည် ဟက်ခနဲ တစ်ချက် ရယ်လိုက်ပြီး. . .

"တော်တော်ကြောင်တဲ့ကောင်၊ ငါ့လိုပဲ"

ဟု ရေရွတ်လိုက်၏။

* * * * *



သစ်သားတံတားလမ်းကလေးပေါ်မှာ လျှောက်လာရင်း ပထမဆုံးအကြိမ် ညကြီးမင်းကြီးမှာ ရွှေရွှေတို့ အိမ်သွားခဲ့ပုံကို သတိရသည်။ တံတားပေါက် ကျွံကျသဖြင့် အောင်မောင်းက သူ့အပြစ် မဟုတ်ပါဘဲနှင့် 'ကန်တော့ ဆရာ' ဟု ပြောခဲ့တာလည်း အမှတ်ထင်ထင်။ ရွှေရွှေ့အဘွား၏ အသုဘ၊ အော်ကြီးဟစ်ကျယ် ငိုကြွေးနေသော ဒေါ်ငွေယုံ၊ ဆရာ လာပြီလေ ထကြည့်ပါဦးဆိုသော အသံ။ သူ့ကို ပန်းချင်းဝင်တိုက်သော အောင်မောင်း။ ခါးပိုက်နှိုက်များ။ သုံးမြှောင့်ခါးမြှောင်။ အသည်းကို ထိသွားတယ်။ ကျွန်မ ဆရာ့ကို အားကိုးပါတယ် ဆရာဆိုသော ရွှေရွှေ့အသံ။ တံတားမှာ နိုက်ထားသော သစ်သားချောင်းကလေးများသည် ထိုအဖြစ်အပျက်များလိုပင် တရိပ်ရိပ် ကျန်ရစ်ခဲ့သည်။

ရွှေရွှေတို့အိမ်ရှေ့မှာ ရပ်လိုက်သည်။ ဒေါ်ငွေယုံတို့ကို မတွေ့ရ။ အိမ်ကလေးသည် ဒေါက်တာ တိုးဝင်းကို မမှိတ်မသုန် စိုက်ကြည့်နေသလား ထင်ရ၏။ ရွှေရွှေ အခန်းဘက်သို့ ဝင်လာခဲ့သည်။ ရွှေရွှေသည် သူ့ကို မြင်သောအခါ ပြုံးပြ နှုတ်ဆက်ပြီး ဖျာစုတ်ကလေး ခင်းပေးသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းရဲ့လား ရွှေရွှေ"

"တော်တော် နေသာသွားပါပြီ ဆရာ။ မနက်ဖြန်ဆိုရင် ဆေးခန်းကို လာနိုင်မှာပါ"

"အို . . မလာနဲ့ဦး၊ နားနေဦး"

ရွှေရွှေသည် အတော်လေး ထူထူထောင်ထောင် ဖြစ်နေပြီ။ သူ့ရှေ့မှာမို့ ဟန်ဆောင်ထားသလားတော့ မသိ။ ရွှေရွှေ့ကို သွေးပေါင်ချိန် တိုင်းသည်။ ဆေးထိုးပေးသည်။ ထိုကိစ္စများကို လိုအပ်သည်ထက် ပို၍ အချိန်ဆွဲပြီး လုပ်နေမိသည်။ ထို့နောက် သူသည် ဘာမှမပြောဘဲ အတော်ကြာအောင် ထိုင်နေသည်။ ရွှေရွှေကလည်း ဘာမှမပြော။ ပြောစရာရှိသော ကိစ္စကိုတော့ ပြောကို ပြောရပေမည်။ သို့ရာတွင် သူ နှုတ်ဆွံ့နေသည်။ အမေက ဘာပြောမလဲ။ အဖေကကော။ ဒေါ်ဒေါ်မြင့် ဘာဖြစ်သွားမလဲ။ သင်သင် ဘယ်လောက် ရှက်လိုက်မလဲဆိုသော အတွေးတွေကို နောက်ဆုံးအကြိမ်အဖြစ် အပြီးအပြတ် မောင်းနှင်ထုတ်ပစ်လိုက်သည်။

BURMESE CLASSIC .com

"ရွှေရွှေ"

ဟု သူ ခေါ်သည်။ ဆရာဆိုပြီး မော့ကြည့်သည်။ ရွှေရွှေ့မျက်လုံးများက သူ့ကို စကားတွေ ဆက်ပြောဖြစ်စေသည်။

"ရွှေရွှေ ဘာဖြစ်နေတယ်ဆိုတာ ဆရာ သိတယ်"

ရွှေရွှေ ခေါင်းငုံ့သွား၏။

"ရွှေရွှေ အန္တရာယ်မကင်းတာတွေတော့ မလုပ်စေချင်ဘူး"

ဖျတ်ခနဲ ကြည့်သည်။

"ရွှေရွှေ့ကို ဆရာစောင့်ရှောက်မယ်။ ရွှေရွှေ့ကလေးကို ဆရာ တာဝန်ယူမယ်"

"ရှင်"

"ဟုတ်တယ်၊ ရွှေရွှေ့ကို ဆရာ လက်ထပ်မယ်"

ရွှေရွှေ ခေါင်းက ခါခနဲ ဖြစ်သွားသည်။



"မဖြစ်နိုင်ပါဘူး ဆရာ၊ ကျွန်မအတွက် ဆရာ အနစ်နာခံစရာ မလိုပါဘူး"

ကိုးဝင်း ဘာမှပြန်မပြောဘဲ ရွှေရွှေ့ကိုသာ ငေးကြည့်နေသည်။

"အခုလို ဖြစ်ရတဲ့အတွက် ကျွန်မ မရှက်ပါဘူး၊ ကျွန်မနဲ့ အောင်မောင်း အကြောင်းကို လူတိုင်း သိပါတယ်၊ ဒီကလေးဟာ အောင်မောင်းကလေး ဆိုတာလည်း လူတိုင်း သိပါတယ်။ ဒီကလေးကို ကျွန်မ မွေးမှာပါ၊ အောင်မောင်းရဲ့ကိုယ်စား ကျွန်မ ချစ်ရမယ့်ကလေးပါ ဆရာ"

ရွှေရွှေ့မျက်လုံးတွေ ဝိုးခနဲ ဖြစ်သွား၏။ ချက်ချင်းပြန်တင်း၍ ဘဲကြိတ်လိုက်သည်။

"ကျွန်မတို့ရပ်ကွက်ထဲမှာ ကျွန်မကို ဘယ်သူကမှ ကဲ့ရဲ့ရှုတ်ချနေကြမှာ မဟုတ်ပါဘူး၊ အဲဒီအတွက်လည်း ကျွန်မ မပူပါဘူး၊ ကျွန်မ စိုးရိမ်တာက ဒီကလေး တစ်ခုခု ဖြစ်သွားမှာကိုပါပဲ၊ ကျွန်မ ကလေးလေးကို ချောချောမောမော မွေးဖွားနိုင်အောင် ကူညီဖို့ ဆရာ့ကို အားကိုးပါရစေလို့ ပြောခဲ့တာပါ ဆရာ၊ ကျွန်မကို စောင့်ရှောက်တာဝန်ယူဖို့ ပြောတာ မဟုတ်ပါဘူး"

ကိုးဝင်း၏ တစ်ကိုယ်လုံး ရှိန်းခနဲ ဖြစ်သွားသည်။ သနားတယ်ဆိုတာ ကိုယ်စိတ်ချမ်းသာရာရဖို့ တစ်ဖက်သားကို ခုတုံးလုပ်ပြီး စော်ကားနေတာနဲ့ အတူတူပဲ ဆိုသော အေးဖေ၏ စကားကို သတိရလိုက်သည်။

တကယ်တော့ သူ သနားရမည့်သူမှာ ရွှေရွှေလည်း မဟုတ်၊ အောင်မောင်းလည်း မဟုတ်၊ သင်သင်လည်း မဟုတ်၊ အဖေလည်း မဟုတ်၊ အမေလည်း မဟုတ်၊ ဒေါ်ဒေါ်မြင့်လည်း မဟုတ်၊ ကိုပြားကြီးလည်း မဟုတ်၊ ဒေါ်ငွေယုံလည်း မဟုတ်၊ ကိုခင်အောင်လည်း မဟုတ်။ သူ အမှန်တကယ် သနားရမည့်သူကား . . ။ သူ့ရှေ့က ဝါးထရံကို ပွန်တစ်ချပ်ဟု ထင်မြင်လာမိသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



တကယ့်မှန်အစစ်ထဲမှာကျတော့ သူသည် ခန့်ညားချောမောနေလေသည်။ ကရစ်ကတ်ခန်းမရှိ သတို့သား သတို့သမီးတို့ စောင့်ဆိုင်းနားနေခန်းအတွင်းရှိ မှန်ကြီးထဲတွင် သူ့ကိုယ်သူ ကြည့်နေသည်။ ရှပ်အင်္ကျီအဖြူ၊ တိုက်ပုံအဝါနု၊ လွန်းတစ်ရာချိတ်ပုဆိုး ရွှေဖလားရောင်နှင့်။

သင်သင်သည် အရုပ်ကလေး တစ်ရုပ်လို လှပနေသည်။ သင်သင့်ရုပ်ရည်မှာ ပြင်လိုက်ဆင်လိုက်တိုင်း ပိုပိုလှလာသော ရုပ်မျိုး ဖြစ်၏။ သင်သင်က သူ့ကို ကြည့်ပြီး ပြုံးပြသည်။ သင်သင့်အပြုံးကို သူ သဘောကျသည်။ ဇဝေဇဝါ စိတ်များကို လွင့်စဉ်စေနိုင်သော အပြုံး။ ထိုအပြုံးကိုသာ သူ့တစ်သက်လုံး အားကိုးသွားရဖွယ် ရှိ၏။

"မင်္ဂလာအချိန် ကျရောက်ပြီမို့ သတို့သား၊ သတို့သမီးမောင်နှံ ရွှေလက်တွဲလျက် မင်္ဂလာစင်မြင့်ပေါ်သို့ ကြွရောက်ပါရန် ဖိတ်ခေါ် ပန်ကြားအပ်ပါတယ် ခင်ဗျား"

အခမ်းအနားမှူးက ကြေညာသည်။ သူတို့နှစ်ယောက် လက်ချင်း ချိတ်လိုက်



ကြ၏။ ခြေလှမ်းကို ဖြည်းဖြည်းလှမ်းနော်။ သီချင်းနဲ့ ကွက်တိကျအောင် လျှောက်ဟု တစ်စုံတစ်ယောက်က ပြောသည်။ အခါတော်ပေး သီချင်းတီးလုံး စသည်။

တိုးဝင်းသည် စတင်လျှောက်သည်။ ထိုခြေလှမ်းတစ်လှမ်းတိုင်း တစ်လှမ်းတိုင်းသည် နောက်ပြန်ဆုတ်ဖို့ မရသော ခြေလှမ်းများဖြစ်သည်။ အစမ်းလေ့ကျင့်ခွင့် မရှိသော ခြေလှမ်းများ ဖြစ်သည်။ သို့ရာတွင် သူတို့ လျှောက်လှမ်းနေကြပြီ။

မည်သည့် အဆိုတော် ဆိုနေမှန်း မသိသော အခါတော်ပေး သီချင်းနှင့်အတူ သူတို့ လျှောက်နေကြသည်။ ဧည့်သည်တွေ ထိုင်နေသော စားပွဲတန်းများကို ဖြတ်ကျော်သည်။ တစ်နေရာတွင် သူ့မျက်လုံးများ၏ ထောင့်စွန်းမှ တစ်စုံတစ်ရာကို မြင်လိုက်သည်။ ခပ်ကုပ်ကုပ်ကလေး ထိုင်နေသော ဒေါ်ငွေယုံ။ အနေရခက်နေသော ကိုပြားကြီး။ ပြီးတော့ ဣန္ဒြေရရ ထိုင်နေသော ရွှေရွှေ။

ရွှေရွှေသည် ကိုယ်ဝန်ဆောင် အင်္ကျီလေးကို ဝတ်ထား၏။ တိုးဝင်းကို ကြည့်၍ ကြည်လင်စွာ ပြုံးပြသည်။ လေးစားပါတယ် ရွှေရွှေ၊ မင်းရဲ့သတ္တိ၊ မင်းရဲ့စိတ်ဓာတ်၊ မင်းရဲ့ ဂုဏ်သိက္ခာကို ဆရာ လေးစားပါတယ်ဟု ရေရွတ်သည်။

ထိုစားပွဲကို ကျော်လာခဲ့၏။ တိုးဝင်းသည် နောက်ပြန် လှည့်မကြည့်မိအောင် စိတ်ကို ထိန်းချုပ်ထားလိုက်သည်။ တစ်သက်မှာ ဒီတစ်ခါလောက်တော့ဖြင့် ပြတ်သား ၊ သင့်သည်ဟု ထင်သောကြောင့်ပင် ဖြစ်လေသည်။

မင်းလူ

၁၂-၁၁-၈၉

BURMESE CLASSIC .com
www.burmeseclassic.com